www.burmeseclassic.com

# ဝင်းကြွယ်

## ဘွဲ့ထူးခံ အညာတာရ

ချင်းယုန်၏ ဇွ့ကျင်းဝုဂ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်ဝင်းကြွယ်

# ဘွဲ့ထူးခံအညတရ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၃၉၁၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၃၂၁၁၀၇
၂၀၀၈ - ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး-၁၀၀၀/-ကျပ်။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး-ပုံနှိပ်တိုက်)
9 (H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုး ရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

# အပြေးအလွှား

ကြူးယန် ...

ကြူးယန်ဆိုသည်မှာ လူတစ်ယောက်၏အမည် မဟုတ်ပါချေ။

စားသောက်ဆိုင် တစ်ဆိုင်၏အမည်လည်း မဟုတ်ပါ။

ယင်းမှာ ...

လူအများအပြားနှင့် စားသောက်ဆိုင်အများအပြား ရှိသော မြို့ကလေးတစ်မြို့၏ အမည်ပင်ဖြစ်သည်။

နံနက်လင်းစ နှင်းမှုန်များအောက်ဝယ် လုပ်ငန်းခွင်သွားကြသော အလုပ်သမားများ၊ ကုန်သည်ပွဲစားများနှင့် အခြား လူသွားလာများဖြင့် စည်ကားစပြုနေပြီ ဖြစ်ပေသည်။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖပ်ဖြူရောင်ရှိသော အပြာရောင်အဝတ်အစားနွမ်းနွမ်း ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် မြို့အဝင်လမ်းမအတိုင်း ခပ်သုတ်သုတ် လျှောက်လာနေ၏။

လူရွယ်ခန္ဓာကိုယ်မှာ သန်မာတောင့်တင်းကာ ကျစ်လစ်နေ၏။

မျက်နှာမှာ ယောကျ်ားပီသသူတစ်ယောက်၏ အသွင်မျိုးရှိ၏။

သို့သော် ...

နွမ်းလျသော အဝတ်အစား၊ ခရီးဝေးမှ လာခဲ့ရခြင်းဖြစ်ပုံရသောကြောင့် သူ၏အသွင်မှာ အလုပ်ကြမ်းသမားတစ်ယောက်အသွင်မျိုး ဖြစ်နေသည်။

လူရွယ်သည် ခပ်သုတ်သုတ်လျှောက်လာသည်။

ထိုသို့ရှိစဉ် ...

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ စားသောက်ဆိုင်များဆီမှ ထွက်ပေါ်လာသော ဟင်းရနံ့များကို ရှူရှိုက်လိုက်မိသည်။

လူရွယ် ခြေလှမ်းတုံ့ခနဲရပ်ကာ ဝမ်းဗိုက်အား လက်ဖြင့်ပွတ်သပ်လိုက်၏။

ဟင်းရနံ့များကြောင့် သူ၏ဝမ်းဗိုက်သည် တကြုတ်ကြုတ်ဖြင့် ဆာလောင်လာသည်။



သူသည် အစာမစားဘဲ ခရီးဆက်ခဲ့သည်မှာ နှစ်ရက်ခန့်ရှိပြီ မဟုတ်ပါလား။

လူရွယ်က သူနှင့်အနီးဆုံးရှိသော စားသောက်ဆိုင်အား တစ်ချက်ငဲ့ကြည့်လိုက်၏။

ထို့နောက် ...

တုံ့ဆိုင်းခြင်းမရှိဘဲ ခပ်သွက်သွက်လှမ်းသွားသည်။

လူရွယ်လှမ်းသွားသော စားသောက်ဆိုင်၏အမည်မှာ 'ရွှေဧည့်သည်'ဟူ၍ ဖြစ်ပေသည်။

✦ ✤ ✦

'ရွှေဧည့်သည်'စားသောက်ဆိုင် ...

ရွှေဧည့်သည်စားသောက်ဆိုင်သည် ကြူးယန်မြို့ရှိ စားသောက်ဆိုင်များအနက် ခေါက်ဆွဲပြုတ်ဖြင့် နာမည်ကြီးသော စားသောက်ဆိုင်ပင် ဖြစ်သည်။

စားသောက်ဆိုင်ထဲ၌ လူအနည်းငယ်သာ စားသောက်နေကြသည်။

နံနက်လင်းချိန်ဖြစ်၍ လူပါးနေခြင်း ဖြစ်သည်။

www.burmeseclassic.com



ဆိုင်လုလင်များသည် စားသောက်မည့်လူများ ရောက်ရှိလာပါက ကြိုဆိုရန် အသင့်ရှိနေကြသည်။

ထိုသို့ရှိစဉ် ...

စားသောက်ဆိုင်အတွင်းသို့ နွမ်းလျသည့် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာသည်။

ဆိုင်လုလင်များ မျက်မှောင်ကြုတ်သွားကြ၏။

သူတို့၏ မျက်နှာပေါ်ဝယ် အထင်အမြင်သေးသည့် အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

သို့သော် ...

လူရွယ်သည် ငွေမရှိဘဲနှင့် ဆိုင်အတွင်းသို့ မျက်နှာပြောင်တိုက်၍ ဝင်လာမည်မဟုတ်ဟု ယူစကာ ...

"ကြွပါ ... အစ်ကိုလေး ကြွပါ"

ဆိုင်လုလင်တစ်ယောက်က စိတ်မပါတပါဖြင့် ကြိုဆိုလိုက်လေသည်။

တစ်ဆက်တည်းမှာပင် လူရွယ်အား စားပွဲလွတ်တစ်လုံးသို့ ခေါ်ဆောင်သွားပြီး ...

"ဘာများ သုံးဆောင်မလဲခင်ဗျာ"



ဟု မေးလိုက်သည်။

လူရွယ်က တစ်ချက်ပြုံးလိုက်ပြီး ...

"အရက်တစ်အိုး၊ အသားဟင်းတစ်ပွဲ၊ ခေါက်ဆွဲပြုတ်သုံးပန်းကန် ယူခဲ့ပါ"

ဟု မှာကြားလိုက်သည်။

သူ၏မှာကြားမှုကြောင့် ဆိုင်လုလင် အံ့သြသွားရလေတော့သည်။

သို့သော် ...

သူသည် ပျာပျာသလဲပင် လူရွယ်မှာကြားထားသော အစားအစာများကို သွားရောက်ယူငင်လာလေသည်။

အရက်နံ့နှင့် အမဲသားဟင်းနံ့များသည် နှာခေါင်းဝမှတစ်ဆင့် သူ၏ဝမ်းဗိုက်ကို လာရောက်ကလိနေကြသည်။

စားသောက်စရာများ မြင်ကာမှ ပို၍ ဆာလောင်လာလေသည်။

အမှန်တော့ ...

အရက်နှင့်အသားဟင်းလျာများ မစားသောက်ရသည်မှာ အချိန်ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

စားပွဲပေါ်တွင် အသင့်ရှိနေပြီဖြစ်သော ဟင်းလျာများနှင့် ခေါက်ဆွဲပန်းကန်များမှာ အငွေ့တထောင်းထောင်းထနေ၏။

www.burmeseclassic.com



လူရွယ်က ထွေထွေထူးထူး စဉ်းစားခြင်းမပြုတော့ပါ။

ခေါင်းငုံ့၍ စားသောက်ဖွယ်ရာများကို အားပါးတရ စားသောက်နေတော့၏။

အရက်တစ်အိုး၊ ခေါက်ဆွဲသုံးပန်းကန်၊ အမဲသားဟင်းတစ်ပွဲ ကုန်ဆုံးသွားတော့မှ လူရွယ်က ဝမ်းဗိုက်ကိုပွတ်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခုမှ နေသာထိုင်သာရှိသွားသည်။

သို့သော် ...

ရုတ်တရက် လူရွယ်၏မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။

ယခု ...

သူသည် စားသောက်ပြီးသွားပြီ ဖြစ်သည်။

သို့သော် ...

စားသောက်ဖွယ်ရာများအတွက် ငွေရှင်းပေးရန် သူ့အိတ်ထဲ၌ ကြေးပြားတစ်ပြားသာ ရှိနေပါသည်။

ကြေးပြားတစ်ပြား၏ တန်ဖိုးသည် ပေါက်စီအလွတ်တစ်လုံး ဖိုးမျှပင် မရှိပါချေ။

လူရွယ် ခေါင်းကုတ်လိုက်မိသည်။



သူ၏နဖူးပေါ်တွင် ချွေးများ အနည်းငယ်စို့လာသည်ကို ခံစားလိုက်ရသည်။

စားသောက်ခငွေ မည်သို့ရှင်းရမည်ကို မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

“ဒုက္ခပါပဲ ... ဘယ်လိုလုပ်ရမလဲ”

သူက တီးတိုးညည်းညူလိုက်သည်။

ထိုစဉ်မှာပင် ...

စားသောက်ဆိုင်အတွင်းသို့ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးသည် ချောမောလှပပြီး အသက်တစ်ဆယ့်ရှစ်နှစ်ဝန်းကျင်မျှသာ ရှိပေဦးမည်။

သူမ၏မျက်နှာသည် ရှင်းသန့်ကာ မြင်တွေ့ရသူတိုင်း၏ ရင်ကို အေးမြသွားစေနိုင်သော အလှပိုင်ရှင်လေးပင် ဖြစ်သည်။

တခဏအတွင်းပင် စားသောက်ဆိုင်အတွင်းရှိ လူအားလုံး၏ မျက်လုံးများသည် ထိုမိန်းကလေးထံသို့ စုပြုံရောက်ရှိသွားကြသည်။

ထိုအဖြစ်အပျက်ကိုကြည့်ပြီး လူရွယ်၏မျက်လုံးအစုံပင်လက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်းရှိလူအများ စိတ်အာရုံပြောင်းလဲသွားသည့် ယခုလို အချိန်မျိုးတွင် သူသည် စားသောက်ဆိုင်အတွင်းမှ ပြေးထွက်သွားရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော် ...

သူ၏စားပွဲအနီးရှိ အခြားစားပွဲတစ်ခုတွင် ထိုင်နေကြသော အဘိုးအိုနှစ်ယောက်၏ စကားပြောသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ထို့ကြောင့် ...

လူရွှယ်က ဆိုင်ထဲမှပြေးထွက်သွားရန် မဖြစ်နိုင်တော့ပါ။

ပြေးထွက်သွားရန် စိတ်ကူးကိုလည်း ပယ်ဖျက်လိုက်ပါသည်။

အကြောင်းမှာ ...

သူသည် အဘိုးအိုနှစ်ယောက်၏ စကားသံကို စိတ်ဝင်စား သွားခြင်းကြောင့်ပင် ဖြစ်ပါသည်။

✧ ✤ ✧

လူရွှယ်၏ တစ်ဖက်စားပွဲတွင် အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုနှင့် မီးခိုးရောင်အင်္ကျီရှည် ဝတ်ဆင်ထားသော အဘိုးအိုနှစ်ယောက်တို့ ထိုင်နေကြသည်။



ထိုအဘိုးအိုနှစ်ယောက် ပြောနေသောစကားသံကို ပီပြင်စွာ ကြားရစေရန် လူရွှယ်က သေချာစွာ နားစွင့်နေလိုက်သည်။

ယခုအချိန်တွင်မူ အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး ကလည်း လူရွှယ်နှင့်မလှမ်းမကမ်း စားပွဲတွင် ဝင်ရောက်ထိုင်ချလိုက် ပြီး စားသောက်ဖွယ်ရာများကို မှာကြားနေ၏။

တစ်ဖက်စားပွဲတွင်ရှိသော အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"မိတ်ဆွေကြီး ... အခု တစ်လောမှာ ဘယ်လိုထူးဆန်းတဲ့ အဖြစ်အပျက်တွေ ဖြစ်ပေါ်နေတယ်ဆိုတာ မိတ်ဆွေကြီး သိပြီးပြီ လား"

မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုက ခေါင်းခါယမ်းပြ လိုက်၏။

ထို့နောက် ...

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုအား စူးစိုက်ကြည့် လိုက်ပြီး ...

"တစ်ခုခုတော့ ထူးခြားနေတာ အမှန်ပဲဗျ၊ ဒါပေမယ့် ကျုပ်က သိပ်ပြီး မရှင်းလင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုကိုကြည့်ပြီး အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက ပြုံးလိုက်သည်။

"ခင်ဗျား သတိမထားမိလို့နေမှာပါ၊ အခု ကြူးယန်မြို့ထဲမှာ ဘယ်သူတွေ ရောက်နေတယ်ဆိုတာ ခင်ဗျားသိလား"

မီးခိုးရောင်ဝတ်ထားသော အဘိုးအိုက စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး ...

"ဟာ ... ဒီလောက်တော့ ကျုပ်လည်း သိပါတယ်ဗျာ၊ သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ သိုင်းအဖွဲ့အစည်းလေးခုက သိုင်းသမားအတော်များများ ရောက်နေကြတယ်ဗျ"

အဝါရောင်ဝတ်ထားသော အဘိုးအိုက ခေါင်းညိတ်လိုက်၏။ ထပ်ဆင့်၍လည်း မေးခွန်းထုတ်လိုက်သည်။

"သူတို့က ဘာကြောင့်ရောက်နေတာလဲ၊ ပြောစမ်းပါဦး"

မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် ...

မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"သိုင်းလောကမှာ သံမဏိဂေဟာ၊ ဘီလူးရဲတိုက်၊ ခရမ်းရောင်ခြံဝင်းနဲ့ ရွှေဓားစံအိမ်စတဲ့ သိုင်းအဖွဲ့အစည်းလေးခုဟာ သိုင်းလောကမှာ အရှိန်အဝါကျော်ကြားပြီး ဩဇာလွှမ်းမိုးနေတာကြာပြီ မဟုတ်လား၊ ဒီအဖွဲ့အစည်းလေးခုက သိုင်းလောကမှာ သူပထမ၊ ငါပထမနဲ့ အငြင်းအခုန်ဖြစ်ပြီး ပထမနေရာအတွက် ခေါင်းဆောင်လေးယောက် ယှဉ်ပြိုင်ကြတယ်မဟုတ်လား၊ ဒါကြောင့် သူတို့တပည့်တွေက ရောက်ရှိနေတာပေါ့"



အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက ...

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့တပည့်တွေက ဘာကြောင့် သိုင်းယှဉ်ပြိုင်တာ 'နှင်းမြူတောင်'ကို တက်မသွားကြတာလဲ၊ ဒါကို ကော ခင်ဗျားသိသလား"

ဟု မေးလိုက်သည်။

ဤတစ်ကြိမ်တွင်မူ ...

မီးခိုးရောင်ဝတ်ဆင်ထားသူ အဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး ...

"ဒါတော့ ကျုပ်လည်း မတွေးတတ်ဘူးဗျို့"

ဟု ပြောလိုက်လေသည်။

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုအား စေ့စေ့ကြည့်လိုက်ပြီး ...

"သူတို့က တောင်ပေါ်ကို တက်မသွားတာ အကြောင်းရှိတယ်"

ဟု ပြောလိုက်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ အဘိုးအိုမှာ မျက်မှောင်ကြုတ်သွားလေသည်။

တဖန် ...

နားမလည်နိုင်ဟန်ဖြင့် ...

"ဘယ်လို အကြောင်းများလဲ"

ဟု မေးလိုက်၏။

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက တည်ကြည်သော မျက်နှာထားဖြင့် ...

"သူတို့က တောင်ပေါ်ကိုသိပ်ပြီး တက်သွားချင်ကြတာပေါ့၊ ဒါပေမယ့် သူတို့ရဲ့ခေါင်းဆောင်တွေဆီက အချက်ပြမှုကို မရမချင်း တောင်ပေါ်ကို တက်မလိုက်ဝံ့ကြဘူးဗျ"

ဤတွင် ...

မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုက ကြားဖြတ်ပြီး ...



"ဒီလူလေးယောက် နှင်းမြုံတောင်ပေါ် တက်သွားကြတာ အခုဆို ခြောက်လတောင်ကျော်ခဲ့ပြီဗျ၊ သူတို့ရဲ့ ယှဉ်ပြိုင်ပွဲက မပြီးဆုံးသေးဘူးလား"

ဟု မေးလိုက်သည်။

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက ပြုံးလိုက်ပြီး ...

"သူတို့ဟာ ပြိုင်ဘက်ကင်းပြီး သိုင်းလောကပထမဘွဲ့ ရသင့်ရထိုက်သူတွေချည်းပဲ၊ သူတို့ရဲ့ ယှဉ်ပြိုင်ပွဲဟာ ခန့်မှန်းလို့မရအောင် ခက်ရှိုင်းတယ်၊ ဒါပေမယ့် ..."

မီးခိုးရောင် ဝတ်ဆင်ထားသော အဘိုးအိုက မျက်ခုံးကို ပင့်၍ ...

"ဒါပေမယ့် ဘာဖြစ်သလဲ"

ဟု မေးလိုက်သည်။

သူ၏လေသံမှာ စိတ်လှုပ်ရှားမှုကြောင့် ခပ်လောလော ဖြစ်နေ၏။

အဝါရောင်ဝတ်ဆင်ထားသော အဘိုးအိုက ...

"ဒါပေမယ့် သူတို့လေးယောက်ရဲ့ သိုင်းပညာဟာ သိပ်ပြီး အဆင့်မကွာလှဘူး၊ တကယ်တမ်းသာ ယှဉ်ပြိုင်တိုက်ခိုက်ကြမယ်ဆိုရင် သူတို့လေးယောက်စလုံး အသက်ရှင်ဖို့ မလွယ်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားအဆုံးဝယ် ...

"ဖြန်း ..."

မီးခိုးရောင်ဝတ်ဆင်ထားသော အဘိုးအိုက နဖူးကို လက်ဝါးဖြင့် ရိုက်လိုက်သည်။

သူသည် အဝါရောင်ဝတ်ဆင်ထားသော အဘိုးအို၏စကားကို အပြည့်အဝ ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ခင်ဗျားပြောတာ ဖြစ်နိုင်တယ်၊ တကယ်လို့သာ သူတို့လေးယောက်စလုံး သေဆုံးသွားရင် သိုင်းလောကမှာ ပြဿနာကြီးတစ်ရပ် ဖြစ်လာနိုင်တယ်"

အဝါရောင် ဝတ်ဆင်ထားသော အဘိုးအိုက နဖူးကိုကျုံ့ကာ အတန်ကြာအောင် စဉ်းစားနေသည်။

ထို့နောက် ...

တွေးတွေးဆဆဖြင့် ဖြည်းလေးစွာပြောလိုက်တော့၏။

"ကျုပ်ကလည်း ဒီလိုပဲ စဉ်းစားမိတယ်၊ တကယ်လို့များ သူတို့လေးယောက်စလုံး သေဆုံးသွားခဲ့ရင် ကျန်ရစ်ခဲ့တဲ့ အဖွဲ့သားတွေဟာ အချင်းချင်း တိုက်ခိုက်ကြတော့မှာပဲ၊ ဒီလိုဆိုရင်တော့ သိုင်းလောက သွေးချောင်းစီးပြီး မြင်မကောင်းရှုမကောင်းဖြစ်လာတော့မှာ အသေအချာပဲဗျာ"



သူ့စကားအား မီးခိုးရောင်ဝတ်ဆင်ထားသူ အဘိုးအို ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ဒီလိုသာ အဖွဲ့ကြီးလေးဖွဲ့စလုံး ယှဉ်ပြိုင်တိုက်ခိုက်ကြမယ်ဆိုရင် ..."

သူသည် စကားကို ခေတ္တရပ်နားလိုက်ပြီးမှ ...

"ခရမ်းရောင်ခြံဝင်းဟာ အရင်ဆုံး ပြိုကွဲသွားရတော့မှာပဲ"

ထိုစကားကြားလျှင် နားစွင့်နေသော လူရှုပ်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်စိမျက်နှာလည်း ပျက်သွားသည်။

သူက ထွက်သွားရန် မစဉ်းစားတော့ပါ။

အဘိုးအိုတို့ပြောမည့် စကားများကို ဆက်လက်နားစွင့်နေလိုက်လေသည်။

မီးခိုးရောင်ဝတ်ထားသော အဘိုးအိုက စကားဆက်လိုက်သည်။

"ခရမ်းရောင်ခြံဝင်းက လူတွေဟာ ထိပ်တန်း သိုင်းပညာတတ်မြောက်ထားတာ မှန်ပေမယ့် မိန်းမသားတွေချည်းဖြစ်နေတယ်၊ နောက်ပြီး သူတို့ဟာ အလွန်ကျစ်လစ်တောင့်တင်းတဲ့ ဘီလူးရဲတိုက်က အခင်လေးနဲ့သာ ယှဉ်ပြိုင်ရမယ်ဆိုရင် ကျိန်းသေ ရှုံးနိမ့်သွားမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားကြောင့် လူရွှယ်၏မျက်နှာပေါ်ဝယ် စိုးထိတ်သည့် အမူအရာများ ဖြစ်ပေါ်လာပြန်သည်။

သူက သက်ပြင်းတစ်ချက်ကိုလည်း မသိမသာ ချက်မိလိုက်လေသည်။

သူ၏ပုံဟန်မှာလည်း ချက်ချင်းပင် ငူငူငိုင်ငိုင် ဖြစ်သွားလေသည်။

ယင်းအချိန်မှာပင် ...

စားသောက်ဆိုင်အတွင်းသို့ အဝါရောင်ဝတ်ဆင်ထားသော လူလေးယောက် ဝင်ရောက်လာကြလေတော့သည်။

✧ ♣ ✧

ငူငူငိုင်ငိုင်ဖြစ်နေသောလူရွှယ်က အဝါရောင်ဝတ်ဆင်ထားသူလေးယောက်အား တွေ့မြင်လိုက်ရသည်နှင့် ချက်ချင်းပင် လှုပ်လှုပ်ရှားရှား ဖြစ်သွားမိသည်။

သူက ဦးခေါင်းကို စားပွဲအောက်သို့ စိုက်ချလိုက်သည်။

သူ၏ရင်ထဲမှာလည်း အဝါရောင်ဝတ်ဆင်ထားသူလေးယောက် မမြင်မတွေ့ပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းမိလေသည်။



အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်က လူရွှယ်အား သတိမထားမိကြပါချေ။

လူရွှယ်နှင့် လေးဝိုင်းခန့်ကွာသော စားပွဲလွတ်တစ်လုံးတွင် ဝင်ရောက်ထိုင်ချလိုက်ရင်း စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

လူရွှယ် ဂနာမငြိမ်ဖြစ်သွားသည်။

ဤပုံအတိုင်း ဆက်ပြီး မနေသာတော့ပါ။

သူက ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချလိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

ထို့နောက် ...

ဆိုင်အပြင်သို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်ထွက်သွားသည်။

သို့သော် ...

ဆိုင်လုလင်များက ချက်ချင်းပင် ဟန့်တားလာကြသည်။

"ဒီမှာ မိတ်ဆွေ ... စားသောက်ခ ကျသင့်ငွေပေးသွားပါဦး"

လူရွှယ် မျက်မှောင်ကြုတ်သွားသည်။

သူသည် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ကြည့်လိုက်လေသည်။

သူ့လက်ကို အိတ်ကပ်ထဲမှ ဆွဲထုတ်လိုက်သောအခါ ကြေးတစ်ပြားသာ ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်စိစိ သူ့အမူအရာကိုကြည့်ပြီး ဆိုင်လုလင်များက ရယ်မောလိုက်ကြသည်။

ထိုစဉ်မှာပင် …

'ခစ်'ခနဲ ရယ်သံတစ်ချက် ထွက်ပေါ်လာပြီး ချိုလွင်သော စကားသံတစ်သံကို ကြားလိုက်ရသည်။

"သူစားသွားတဲ့ဟန်ဖိုးကို ကျွန်မက ပေးမယ်ဆိုရင်ကော"

လုံးဝ မမျှော်လင့်သော စကားသံကြောင့် …

ဆိုင်လုလင်များ၏မျက်လုံးများ ပြူးကျယ်သွားတော့သည်။

သူတို့သည် အသံထွက်ပေါ်လာရာသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

ထိုအခါ …

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ပြုံးလျက် အနီးသို့ လျှောက်လာသည်ကို တွေ့လိုက်ရသည်။

ဆိုင်လုလင်များ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

မိန်းကလေးက ချစ်စဖွယ်ပြုံး၍ …

"ဘယ်လိုလဲ … သဘောတူတယ် မဟုတ်လား"

ဟု ချိုလွင်စွာ ထပ်မေးလိုက်သည်။



ဆိုင်လုလင်များက အားတုံ့အားနာဟန်ဖြင့် …

"အို … အားနာစရာပါလားဗျာ၊ အင်းလေ ခင်ဗျားပြောတာလဲ ဖြစ်နိုင်ပါတယ်"

ဟု ကျေနပ်သော လေသံဖြင့် ပြောလိုက်၏။

မိန်းကလေးက လူရွယ်စားသောက်ထားသည့် ကျသင့်ငွေကို ရှင်းပေးလိုက်၏။

ထို့နောက် …

လူရွယ် သက်ပြင်းတစ်ချက်ချလိုက်ပြီး မိန်းကလေးအား တစ်ချက်ကြည့်လိုက်သည်။

စင်စစ် ထိုမိန်းကလေးသည် သူ၏အခက်အခဲအား ဝင်ရောက်ဖြေရှင်းပေးသူ ကယ်တင်ရှင်မလေးပင် … ။

ထို့ကြောင့် …

သူက ဦးညွှတ်လိုက်ပြီး …

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားရဲ့ကျေးဇူးကို ကျုပ် တစ်ချိန်ချိန်မှာ ပြန်ဆပ်ပါ့မယ်"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ဆိုင်အတွင်းမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် …

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက် ..."

ကျယ်လောင်သော ဟန့်တားသံ တစ်ချက် ထွက်ပေါ်လာသည်။

အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်က လူရွှယ်အား တွေ့မြင်သွားပြီး ကမန်းကတန်း ဟန့်တားလာခြင်း ဖြစ်သည်။

လူရွှယ် စိတ်ပျက်သွားသည်။

သူသည် ခေါင်းခါယမ်းလိုက်ပြီး ...

"ကျုပ်ကတော့ ဒီဆိုင်ထဲက မထွက်သွားရဘဲ တစ်သက်လုံး နေသွားရတော့မယ် ထင်တယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

သူ၏ စိတ်ပျက်လက်ပျက်အမူအရာအား မြင်တွေ့လိုက်ရသော အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပြုံးလိုက်ပြန်သည်။

ထို့နောက် ...

သူမသည် လူရွှယ်အား စိုက်ကြည့်လိုက်ပြီး ...

ချိုအေးသောအသံဖြင့် ...

"သူတို့ ရှင့်ကို မနှောင့်ယှက်စေရပါဘူး၊ ရှင်သွားနိုင်ပါတယ်"

မိန်းကလေး၏စကားကြောင့် လူရွှယ် ကြောင်အမ်းအမ်းဖြစ်သွားသည်။



ထို့အတူ ...

အနီးသို့ ရောက်ရှိလာပြီဖြစ်သော အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်လည်း အံ့သြသွားကြသည်။

သူတို့သည် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ မိန်းကလေး ... ကျုပ်တို့ကိစ္စထဲ မင်း ဝင်မရှုပ်ရင် ကောင်းမယ်"

ဟု ဟောက်လိုက်၏။

သို့သော် ...

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ထိုစကားကို ဂရုမစိုက်ပါ။

သူမသည် လူရွှယ်အား ပြုံးပြပြီး ...

"ရှင် သွားစရာရှိတာ သွားတော့လေ"

ဟု ပြောလိုက်သည်။

မိန်းကလေး၏ မထိမဲ့မြင်အမူအရာကြောင့် အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက ဒေါသခြောင်းခြောင်းထွက်သွားသည်။

မိန်းကလေးကိုလည်း အော်ဟောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ … မင်း သေသွားချင်လို့လား"

လူရှယ် ငြိမ်မနေနိုင်တော့ပါ။

သူသည် အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

ထိုစဉ်မှာပင် …

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက လူရှယ်အနီးသို့ တိုးကပ်လာပြီး …

"ရှင်တို့ ယောက်ျားတွေက ရန်ဖြစ်ဖို့ပဲ စိတ်ကူးနေကြတာကိုး"

တဖျစ်တောက်တောက်ပြောရင်း လူရှယ်၏လက်ကို ဆတ်ခနဲ ဆွဲလိုက်၏။

ထို့နောက် …

"ဟူး …"

ကြမ်းပြင်ပေါ် ခြေတစ်ချက်စောင့်ကာ အနီးရှိပြတင်းပေါက်အပြင်သို့ ခုန်ထွက်သွားလေသည်။

"ဟင် …"

အမှတ်တမဲ့မို့ အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်မှာ မှင်သက်မိသလို ကြောင်အမ်းအမ်းဖြစ်သွားကြသည်။



အတန်ကြာမှ သတိဝင်လာကြပြီး ပြတင်းပေါက်အပြင်ဘက်သို့ ခုန်ထွက်လိုက်ကြသည်။

သို့သော် …

အပြင်ဘက်ရောက်သောအခါ လူရှယ်နှင့် မိန်းကလေးတို့၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်မှာ မကျေမနပ်ဖြစ်သွားကြသည်။

ခေါင်းဆောင်ဖြစ်သူက အံတင်းတင်းကြိတ်ကာ …

"တောက် … နောက်တစ်ခါတွေ့ရင်တော့ သေဖို့သာ ပြင်ထား"

ဟု ကြိမ်းဝါးလိုက်လေတော့သည်။

✧ ✤ ✧

ကြူးယန်မြို့ပြင်၏ ကြီးမားသောသစ်ပင်ကြီးတစ်ပင်အောက်တွင် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးက ထိုင်ချလိုက်သည်။

လူရှယ်မှာမူ ရပ်မြဲရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးမှာ အနည်းငယ် မောပန်းနေပြီ ဖြစ်သည်။

သို့သော် ...

လူရွယ်ကမူ မောပန်းခြင်း မရှိပါ။

သူက ကိုယ်ဖော့ပညာအစွမ်းကို ကိုယ်တွေ့ကြုံလိုက်ရသည်ဖြစ်၍ မိန်းကလေး အံ့သြသွားသည်။

နှုတ်မှလည်း ပြောမိသည်။

"ရှင့်ရဲ့ ကိုယ်ဖော့ပညာ ဒီလောက်တော်နေရဲ့သားနဲ့ ဟိုလူလေးယောက်ကို ဘာဖြစ်လို့ မတိုက်ခိုက်ရတာလဲ"

လူရွယ်က မိန်းကလေးအား တစ်ချက်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

သူ၏ ခံယူချက်ကိုလည်း အေးဆေးစွာ ရှင်းပြလိုက်လေသည်။

"ဖြစ်နိုင်ရင် ကျုပ်က ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူးဗျ"

မိန်းကလေးက "ခစ်"ခနဲ ရယ်မောလိုက်သည်။

လူရွယ်က မိန်းကလေးအား မျက်မှောင်ကြုတ်ကာ လှမ်းကြည့်လိုက်၏။

ထိုအခါမှ ...



ကြည်ရွှမ်းဝိုင်းစက်သော မျက်လုံး၊ နီထွေးသော နှုတ်ခမ်း၊ ဖြောင့်တန်းသောနှာတံများနှင့် မိန်းကလေး၏အလှအပကို တွေ့မြင်လိုက်ရလေသည်။

လူရွယ်၏မျက်နှာ နီမြန်းသွားသည်။

သူ၏ရင်တွင်းခွဲလည်း ဖော်မပြနိုင်သော ခံစားချက်တစ်မျိုး ဖြစ်ပေါ်လာလေသည်။

သူ ဖြစ်ပျက်နေပုံကိုကြည့်ပြီး မိန်းကလေးက ပြုံးလိုက်သည်။

ထို့နောက် ...

နှုတ်ခမ်းလေးကို ချစ်စဖွယ် ရှုပ်လိုက်ပြီး ...

"ရှင်က ဘာဖြစ်လို့ ဒါလောက်တောင် စိုက်ကြည့်နေရတာလဲ" ဟု မေးလိုက်သည်။

လူရွယ် ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

ခေါင်းငုံ့၍ ပါးစပ်ပိတ်ထားလိုက်တော့သည်။

သူ့ထံမှ မည်သည့်အဖြေမှ ထွက်မလာပါချေ။

မိန်းကလေးက အသာအယာ ပြုံးလိုက်ပြန်သည်။

သူ့အား မျက်လုံးတစ်ချက် စွေကြည့်လိုက်ပြီးမှ ...

"ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ခေါင်းမော့လာပြီး …

"ကောင်းစုဟန်ပါ"

ဟု ဖြေလိုက်၏။

မိန်းကလေးက ခေါင်းညိတ်လိုက်၏။

"ကျွန်မ မှတ်ထားပါ့မယ်"

သူမသည် စကားကို ခေတ္တရပ်နားလိုက်ပြီးမှ …

"ရှင့်အပေါ်မှာ ကျွန်မက ကျေးဇူးရှိတယ် မဟုတ်လား"

ဟု မေးလိုက်၏။

လူရွယ် (ဝါ) ကောင်းစုဟန်က တုံ့ဆိုင်းခြင်းမရှိဘဲ ခေါင်းညိတ်ပြလိုက်၏။

ဤတွင် …

မိန်းကလေးက ထပ်ဆင့် မေးခွန်းထုတ်လိုက်ပြန်တော့သည်။

"ဒါဆိုရင် ရှင်က ဘာဖြစ်လို့ ရှင့်အပေါ်မှာ ကျေးဇူးရှိတဲ့ လူတစ်ယောက်ရဲ့နာမည်ကို မမေးတာလဲ"

ထိုအခါမှ ကောင်းစုဟန် ပြုံးလိုက်သည်။

သူသည် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး …

"မိန်းကလေးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

ဟု မေးလိုက်၏။



သူ၏ ထိုအပြုအမူကြောင့် မိန်းကလေးက အားပါးတရပြုံးလိုက်ပြီး …

"မှတ်ထား ကျွန်မနာမည် 'ရှမ်းချင်း' လို့ ခေါ်တယ်"

ဟု ပြောလိုက်သည်။

ကောင်းစုဟန်က ခေါင်းညိတ်လိုက်ပြီး တလေးတစားပြောလိုက်သည်။

"ကျုပ် မှတ်ထားပါ့မယ်ဗျာ"

ထိုစဉ်မှာပင် …

အဝေးမှ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထို့အပြင် …

မြေကြီးကို တောင်ဝှေးနှင့်ထောက်၍လာနေသော အသံများကိုပါ [illegible] ကြားလိုက်ရသည်။

ထိုအသံများကို ကြားလိုက်ရသည်နှင့် ကောင်းစုဟန် မျက်နှာ [illegible]ခဲ့ ပျက်သွားသည်။

သူသည် ရှမ်းချင်းအား တစ်ချက်ကြည့်လိုက်ပြီး အလေးတ[illegible] [illegible]လိုက်တော့သည်။

"ဘဲ … ညီမ နောက်မှ တွေ့ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသွားသည်နှင့် ကောင်းစုဟန်၏ခန္ဓာကိုယ်သည် လျင်မြန်စွာဖြင့် တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

လျှပ်ပြက်သလို မြန်ဆန်လွန်းလှသော ထိုလူရွယ်၏ ကိုယ်ဖော့ပညာအစွမ်းကိုကြည့်ပြီး ရှမ်းချင်း အံ့အားသင့်သွားမိသည်။

သို့သော် ...

သူမက ချက်ချင်းပင် ပြုံးလိုက်သည်။

စင်စစ် သူမ၏အပြုံးတွင် လျှို့ဝှက်သောအဓိပ္ပာယ်များ ပါရှိနေသည်ဟု ထင်မှတ်လိုက်ရလေသည်။

✧ ✤ ✧

# ဒုတိယအကြိမ်

ကောင်းကင်ပေါ်တွင် ပုစွန်ဆီရောင် သမ်းနေသည်။

ရာသီဥတုမှာလည်း ကြည်ကြည်လင်လင် ရှိနေ၏။

နေဝန်းနီသည် အနောက်ဘက်သို့ ငုပ်လျှိုးစ ပြုနေပြီ ဖြစ်သည်။

မကြာမီ ...

အမှောင်ထုက တစ်စထက်တစ်စ ဝင်ရောက်လာသည်။

ပတ်ဝန်းကျင်အား တစ်ချက်မျှဝေ့ဝဲကြည့်ရှုပြီးနောက် ကောင်း[illegible]က သက်ပြင်းတစ်ချက် ချလိုက်သည်။

ယခုအခါတွင် ...

သူသည် ကြူးယန်မြို့နှင့် ဆယ်မိုင်ခန့်အကွာသို့ ရောက်ရှိ[illegible]ပြီ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ...

အဝေးမှ မီးရောင်လဲ့လဲ့ဖြင့် မြို့ကလေးတစ်မြို့အား တွေ့မြင်လိုက်ရသည်။

မည်သည့်နည်းနှင့်မဆို ယနေ့ညအဖို့ ထိုမြို့ငယ်တွင်ပင် အိပ်စက်အနားယူတော့မည် ဖြစ်သည်။

အမှန်တော့ သူသည် ဘစ်နေကုန် ပြေးလွှားလာခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေ၏။

ထို့ကြောင့် ...

သူ၏မျက်ခွံများသည် လေး၍လာလေသည်။

"အင်း ... ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဒီမှာပဲ အိပ်ရတော့မှာပဲ"

ယခုလို အခါမျိုးတွင် သူသည် မည်သည့် ပြဿနာများကိုမျှ စဉ်းစားခြင်းမပြုနိုင်တော့ပါ။

လောလောဆယ် အိပ်စရာနေရာအတွက်သာ စိုးရိမ်ပူပန်နေမိသည်။

သူ၏လက်ထဲတွင် ပိုက်ဆံဟူ၍ ကြေးပြားတစ်ပြားသာ ရှိသည်မဟုတ်ပါလား။

သို့ဖြင့် ...



မြို့ကလေးအနီးသို့ ရောက်ရှိလာသောအခါ သူ၏မျက်လုံးအစုံသည် ဝင်းလက်သွားသည်။

အကြောင်းမှာ ...

မြို့ပြင်တစ်နေရာတွင် ဘုံကျောင်းပျက်တစ်ခုအား တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဤတွင် ...

ကောင်းစုဟာန်က နှစ်မြိုက်စွာပြုံးလိုက်ပြီး ဘုံကျောင်းပျက်ထဲသို့ လှမ်းဝင်လိုက်လေတော့သည်။

✧ ♣ ✧

"တုံ ... တုံ ... တုံ ..."

အဝေးဆီမှ အုန်းမောင်းခေါက်သံ သုံးချက်မျှခေါက်ပြီးပြီ ဖြစ်သည်။

စင်စစ် ထိုဘုံကျောင်းငယ်တွင် အကာအရံမရှိပါချေ။

ပျက်စီးယိုယွင်းနေ၏။

သို့သော် ...

အမိုးနံရံ အနည်းငယ်မျှတော့ ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးလုံး ကောင်းစုဟာန်က ထိုနံရံအောက်တွင် အိပ်ပျော်လျှက်ရှိသည်။

ယခု ...

အုန်းမောင်းသံ့ချက်ခေါက်သံကို အဝေးဆီမှ သဲ့သဲ့ကြားလိုက်ရတော့မှ သူက အိပ်ရာမှ နိုးလာသည်။

သူက အတန်ကြာအောင် အိပ်စက်အနားယူခဲ့ရပြီး ဖြစ်သည်။

သူ၏ တစ်ကိုယ်လုံးတွင် တစ်နေ့လုံး ပြေးလွှားလာခဲ့ရသဖြင့် ကုန်ခမ်းသွားသော ခွန်အားများ ပြန်လည်ဝင်ရောက်လာသည်ဟု ခံစားလိုက်ရလေသည်။

သူက အပျင်းတစ်ချက်ဆန့်လိုက်ပြီး လူးလိမ့်၍ ထလိုက်၏။

မတ်တတ်ရပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ရုတ်တရက် ...

"ဟင် ..."

သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားတော့သည်။

အကြောင်းမှာ ...

ဘုံကျောင်းပျက်ရှိ ဆွေးမြေ့နေသောတိုင်များ၏ ခြေရင်းတွင် အဘိုးအိုသုံးယောက်က ငြိမ်သက်စွာထိုင်နေကြသည်။



သူတို့သည် တြိဂံပုံသဏ္ဍာန်ဖြင့် ကောင်းစုဟာန်အား ဝိုင်းရံ၍ ထိုင်နေကြခြင်းပင် ဖြစ်၏။

သူတို့၏ လက်ထဲတွင် သံမဏိတုတ်ရှည်များ ကိုယ်စီကိုင်ဆောင်ထားကြသည်။

အဘိုးအိုများကိုကြည့်ပြီး ကောင်းစုဟာန်က မျက်မှောင်ကြုတ်သွားမိသည်။

သူ၏ ရင်ထဲတွင် မေးခွန်းတစ်ခု ဖြတ်ခနဲ ပေါ်လာမိသည်။

ထိုအဘိုးအိုသုံးယောက်သည် သူအိပ်ပျော်နေသော အချိန်တွင် ညသည့်အကြောင်းကြောင့် တိုက်ခိုက်ခြင်းမပြုခဲ့ပါသနည်း။

အဖြေကလည်း ချက်ချင်းပင် ပေါ်ထွက်လာပြန်သည်။

အမှန်စင်စစ် ...

ထိုအဘိုးအိုများသည် 'သံမဏိဂေဟာ'ပိုင်ရှင်၏အကြောင်းကို သူ့အား မေးမြန်းရန်သာဖြစ်သည်ဟု သူက နားလည်လိုက်သည်။

ထို့ကြောင့် ...

ကောင်းစုဟာန်က ပြုံးလိုက်ပြီး ...

"ခင်ဗျားတို့ တစ်စုံတစ်ခု သိချင်ကြလို့ ကျုပ်ကို စောင့်နေကြတာပဲ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတစ်ချက်ခါယမ်းပြီးမှ ဆက်ပြောလိုက်သည်။

"ဒါပေမယ့် ခင်ဗျားတို့ ကျုပ်ကို ဘာမှမေးလို့ရမှာတော့ မဟုတ်ဘူး"

ထိုအခါ ...

အဘိုးအိုသုံးယောက်အနက် မျက်ခုံးမွေးဖြူဖွေးနေသော အဘိုးအိုက အေးစက်စွာဖြင့် ...

"ကျုပ်တို့က မင်းအိပ်ပျော်နေတာကို တစ်ချိန်လုံး သည်းခံပြီး စောင့်နေခဲ့ကြတာ"

သူ၏စကားမဆုံးခင်မှာပင် အရပ်ပုသောအဘိုးအိုက ကြားဖြတ်ပြီး ဝင်ပြောလိုက်ပြန်သည်။

"မင်းက နှင်းမြူတောင်ပေါ်က ဆင်းလာပြီးမှတော့ ကျုပ်တို့ကို တစ်ခုခု ပြောပြနိုင်ရမှာပေါ့"

ကောင်းစုဟာန် သက်ပြင်းချလိုက်၏။

သူက ခေါင်းတစ်ချက်ခါယမ်းကာ ...

"ကျုပ် ဘာမှမသိဘူးဗျ"

ဟု ပြောလိုက်၏။

ဤတွင် ...



တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော အဘိုးအိုက ဆတ်ခနဲ တော်တတ်ရပ်လိုက်ပြီး ...

"အခုဆိုမင်းဟာ အိပ်ရေးဝလောက်ပါပြီ၊ ဒီတစ်ခါထပ်ပြီး အိပ်ချင်ပါနဲ့တော့၊ ဒီတစ်ခါဆို မင်း ပြန်ပြီးနိုးလာနိုင်တော့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

ခြိမ်းခြောက်လိုက်သော စကားပင် ဖြစ်၏။

ကောင်းစုဟာန်က မဲ့ပြုံးပြုံးရင်း ...

"ကျုပ် ဘာမှ မသိဘူးဗျ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

အဘိုးအိုသုံးယောက်စလုံး ဒေါသထွက်သွားကြသည်။

ရုတ်တရက် ...

သူတို့၏ခန္ဓာကိုယ်များသည် ပေါ့ပါးစွာဖြင့် ကောင်းစုဟာန် ဆီသို့ ရိပ်ခနဲ ရောက်ရှိလာကြပြီး ...

"မင်း အသားနာချင်ပြီ ထင်တယ်"

"နှင်းမြူတောင်က အဖြစ်အပျက်ကို မင်း ပြောပြနိုင်ရမယ်"

"ကျုပ်တို့ကို လှည့်ပတ်ဖို့စိတ်မကူးနဲ့၊ အမှန်အတိုင်းပြော"

ဟု တစ်ယောက်တစ်ပေါက် ပြောဆိုလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန် စိတ်ရှုပ်သွားသည်။

သူ့ဘာ သက်ပြင်းတစ်ချက်ချရင်း ...

"တကယ်ပြောတာပါ၊ ကျုပ် ဘာတစ်ခုမှ တိတိကျကျ မသိဘူးဗျ"

ဟုလေသံအေးအေးဖြင့် ပြောလိုက်သည်။

အဘိုးအို သုံးယောက်စလုံး၏မျက်နှာ အေးစက်ခက်ထန်သွားကြသည်။

"မင်းက အသားနာချင်နေတာကိုး"

စကားဆုံးလျှင် လက်ထဲမှသံမဏိတုတ်ရှည်များဖြင့် တစ်ပြိုင်နက် တိုက်ခိုက်လာကြသည်။

သူတို့၏ တိုက်ခိုက်မှု အရှိန်အဟုန်မှာ အလွန်ပင် ပြင်းထန်လှပေသည်။

ကောင်းစုဟန် ရင်ထိတ်သွားကာ ကပျာကယာ နောက်ဆုတ်လိုက်သည်။

အဘိုးအိုသုံးယောက်က အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်မှာပင် ...

"ဝှစ် ..."



လေတိုးသံနှင့်အတူ အလင်းရောင်တစ်ချက် ဝင်းလက်သွားပြီး ရွှေနားကွပ်ထားသော သံမဏိတုတ်တံတစ်ချောင်းသည် အဘိုးအိုသုံးယောက်ရှေ့သို့ ကျရောက်လာသည်။

"ဟင် ..."

အဘိုးအိုသုံးယောက်စလုံး ထိတ်လန့်သွားကြလေသည်။

သူတို့သည် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ကြပြီး ကပျာကယာ နောက်သို့ဆုတ်သွားကြသည်။

သူတို့၏မျက်လုံးအစုံသည် ရွှေရောင်သံမဏိတုတ်တံအား ပြိုင်တူ လှမ်းကြည့်လိုက်ကြပြီးနောက် ...

ဘုံကျောင်းအပြင်ဘက်သို့ တစ်ဟုန်ထိုးပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

အဘိုးအိုသုံးယောက်၏ အပြုအမူ ပြောင်းလဲသွားခြင်းကိုကြည့်ပြီး ကောင်းစုဟန် အံ့အားသင့်သွားသည်။

ရင်ထဲ၌လည်း မေးခွန်းများစွာ ဖြစ်ပေါ်လာခဲ့သည်။

သူက သံမဏိတုတ်အား လှမ်းကြည့်လိုက်သည်။

ယင်းမှာ ရွှေနားကွပ်ထားပြီး ရွှေရောင်သမ်းနေသော သံမဏိတုတ်တံတစ်ချောင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်း ရွှေရောင်သံမဏိတုတ်တံလေးတွင် မည်သို့မျှ ထူးခြားမှု မရှိပါချေ။

သို့သော် ...

ဘုံကျောင်းပျက် အပြင်ဘက်မှ သစ်ပင်ပေါ်တွင် ထူးခြားမှု တစ်ခု ရှိနေသည်ကိုတော့ ကောင်းစုဟန်က ချက်ချင်း သတိထားမိ လိုက်သည်။

"ဘယ်သူလဲ ..."

ကောင်းစုဟန်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထိုတဒင်္ဂ အချိန်အတွင်းမှာပင် 'ခစ်'ခနဲ ရယ်မောသံတစ်ချက် ကြားလိုက်ရပြီး သစ်ပင်ပေါ်မှလူရိပ်တစ်ခုသည် အောက်ဘက်ခုန်ဆင်း လိုက်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားသည်ကို တွေ့လိုက်ရလေ သည်။

ပြေးလွှားသွားသော လူရိပ်ကိုမြင်ရသည်နှင့် ကောင်းစုဟန် နှုတ်ဖျားမှ ...

"ဟင် ... ရှမ်းချင်း"

ဟု လွှတ်ခနဲ ခေါ်မိလိုက်သည်။

ထို့နောက် ...



သူသည် ရွှေရောင်သံမဏိတုတ်တံအား ကောက်ယူလိုက်ပြီး ချက်ချင်း ပြေးလွှားလိုက်ပါသွားလေတော့သည်။

✧ ✤ ✧

အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးထား ပြီ ဖြစ်သည်။

ကောင်းစုဟန်က အတန်ငယ် ပြေးလွှားလာခဲ့သော်လည်း ရှမ်း ချင်း၏အရိပ်ယောင်မျှပင် မမြင်မတွေ့ရတော့ပါချေ။

ထို့အပြင် ...

အဘိုးအိုသုံးယောက်မှာလည်း ပျောက်ခြင်းမှ ပျောက်ဆုံးသွား ကြသည်။

ကောင်းစုဟန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြေးလွှားနေ သော ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

အမှန်တော့ ...

ရှမ်းချင်းသည် လျှို့ဝှက်သော မိန်းကလေးတစ်ဦး ဖြစ်သည်ဟု သူက နားလည်လိုက်လေသည်။

ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ခစ် ..."

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောင်းစုဟန်က နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိ၏။

သူ့နောက်နားတွင် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်က သူ့အား ပြုံး၍ ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ကောင်းစုဟန်နှုတ်ဖျားမှ လွှတ်ခနဲ ခေါ်လိုက်မိသည်။

"ရှမ်းချင်း ..."

ရှမ်းချင်း ပြုံးလိုက်သည်။

"ရှင် ကျွန်မနာမည်ကို မှတ်မိသေးတယ်နော်"

ကောင်းစုဟန်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ရှမ်းချင်းက ကောင်းစုဟန်၏လက်ထဲမှ ရွှေရောင်သံမဏိတုတ်တံအား ကြည့်လိုက်ပြီး ...

"ဒီ ... သံမဏိတုတ်တံရဲ့ အဓိပ္ပာယ်ဟာ ဘာလဲဆိုတာ ရှင်သိသလား"

ဟု မေးလိုက်သည်။

သူမ၏အမေးကြောင့် ကောင်းစုဟန် မျက်မှောင်ကြုတ်သွားလေသည်။



လက်ထဲမှ ရွှေရောင်သံမဏိတုတ်တံအား အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီးမှ နားမလည်စွာ ပြန်မေးလိုက်၏။

"ကျုပ် မသိဘူးဗျ"

ရှမ်းချင်းက လှပစွာပြုံးလိုက်ပြန်သည်။

"အဲဒါက သံမဏိဂေဟာရဲ့ အထိမ်းအမှတ် ရတနာတစ်ခုပဲ"

"ဟင် ..."

ထိုစကားကြောင့် ကောင်းစုဟန် အံ့သြသွားသည်။

မယုံမရဲဖြင့်လည်း မေးလိုက်မိ၏။

"ဒါ ... တကယ်ပဲလား"

ရှမ်းချင်း ခေါင်းညိတ်လိုက်ပြီး ...

"တကယ်ပေါ့ရှင့်၊ ဒါကြောင့် သံမဏိဂေဟာက သိုင်းဆရာ သုံးယောက် ထွက်ပြေးသွားကြတာပေါ့"

ဟု ရှင်းပြလိုက်၏။

ကောင်းစုဟန်က ယခုမှပင် အဘိုးအိုသုံးယောက် ထွက်ပြေး သွားရခြင်းအကြောင်းများကို နားလည်လိုက်လေသည်။

သူက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒါထက် ဒီပစ္စည်းက ညီမဆီမှာ ဘယ်လိုလုပ်ပြီး ရောက် နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

သူ့မေးခွန်းကြောင်း ရှမ်းချင်း၏မျက်နှာသည် ကွက်ခနဲပျက်သွားလေသည်။

သို့သော် ...

ချက်ချင်းပင် သူမက ပြုံးလိုက်ပြီး ...

"ကျွန်မကလည်း ကံကောင်းချင်လို့လား မသိဘူး၊ တစ်နေရာ ကောက်ရလာခဲ့တာရှင့်"

ဟု ဖြေလိုက်၏။

တစ်ဆက်တည်းပင် ...

သူမက စကားလမ်းကြောင်း လွှဲလိုက်သည်။

"ကဲ ... ဒါတွေထားလိုက်ပါတော့ရှင်၊ ဒါနဲ့ ရှင်က ဘယ်ကို သွားမလို့လဲ"

ကောင်းစုဟန်က ...

"နိုင်ဖုံးမြို့ပါ"

ဟု အဖြေပေးလိုက်သည်။

ထိုစကားကို ကြားသောအခါ ရှမ်းချင်း၏မျက်လုံးအစုံသည် ဝိုင်းစက်သွား၏။

"နိုင်ဖုံးမြို့ ဟုတ်လား"



ကောင်းစုဟန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရှမ်းချင်းက ...

"နိုင်ဖုံးမြို့ဆိုရင် အဝေးကြီး သွားရမှာပေါ့ရှင့်"

ကောင်းစုဟန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဘယ်လောက်ဝေးဝေး ကျုပ်ကတော့ ရောက်အောင်သွားရမှာပဲ"

ရှမ်းချင်း ပြုံးလိုက်သည်။

"ရှင့်မှာ ငွေမရှိဘဲ နိုင်ဖုံးမြို့ကိုရောက်အောင် ဘယ်လိုသွားမလဲ"

သူမ၏စကားကြောင့် ကောင်းစုဟန် တွေဝေသွားမိသည်မှန်ပေသည်။

သူ့တွင် ငွေကြေးဟူ၍ ကြေးပြားတစ်ပြားသာ ရှိပါသည်။

ထိုငွေဖြင့် ခရီးဆက်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပါချေ။

ကောင်းစုဟန်တွေးရင်း ရင်မောသွားမိသည်။

ထိုစဉ် ...

ရှမ်းချင်းက ရွှေရောင်သံမဏိဟုတ်တံလေးအား တစ်ချက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဒီရွှေရောင် သံမဏိတုတ်တံနဲ့ ရှင့်ကို တိုက်ခိုက်နေတဲ့ အဘိုးအို သုံးယောက်ကို ခြိမ်းခြောက်ခဲ့တယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ကောင်းစုဟာန် ခေါင်းညိတ်ပြလိုက်၏။

"ညီမက ဒီသံမဏိတုတ်တံကိုပစ်လွှင့်လိုက်တာ မဟုတ်လား"

ရှမ်းချင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့ရှင်"

ကောင်းစုဟာန်က ...

"ဒါဖြင့် ညီမပစ္စည်း ညီမပြန်ယူပါ"

သူသည် ရွှေရောင်သံမဏိတုတ်တံအား ရှမ်းချင်းထံသို့ ပြန်လည်ပေးရန် ဟန်ပြင်လိုက်သည်။

ရှမ်းချင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး"

ကောင်းစုဟာန် မျက်မှောင်ကြုတ်သွားသည်။

ရှမ်းချင်းကို နားမလည်နိုင်စွာဖြင့် ကြည့်လိုက်မိသည်။

ရှမ်းချင်းက ပြုံးလိုက်ပြီး ...

"အခု ဒီပစ္စည်းက ရှင့်လက်ထဲရောက်နေမှတော့ ရှင့်ပစ္စည်းဖြစ်ပြီပေါ့"



ဟု ပြောလာလေသည်။

ထိုစကားကို ကောင်းစုဟာန် လက်မခံနိုင်ပါချေ။

သူက သွက်လက်စွာ ငြင်းဆိုလိုက်မိ၏။

"ဟာဗျာ ... မဟုတ်နိုင်တာဘဲ"

ရှမ်းချင်း မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ... ရှင်က မလိုချင်လို့လား"

ကောင်းစုဟာန်က ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်ပစ္စည်းမှမဟုတ်တာ၊ ညီမကို ပြန်ပေးရမှာပေါ့"

ရှမ်းချင်းက ခေါင်းကို တွင်တွင်ခါယမ်း၍ ...

"ဟင့်အင်း ... ကျွန်မ လက်မခံဘူးဆိုရင်ကော"

ဟု ပြန်မေးလိုက်သည်။

ကောင်းစုဟာန်က ပြုံးလိုက်သည်။

ဆီလျော်သော အကြောင်းပြချက်တစ်ခုကိုလည်း တင်ပြလိုက်သည်။

"ညီမဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိခဲ့တယ် မဟုတ်လား၊ ဒါကြောင့် ကျုပ်က ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီပစ္စည်းကို ပြန်ပေးမယ်ဆိုရင်ကော ညီမ လက်ခံမလား"

ရှမ်းချင်း လုံးဝ သဘောမတူပါ။

www.burmeseclassic.com

www.burmeseclassic.com



အတင်းပင် ငြင်းနေ၏။

“လက်မခံနိုင်ဘူး”

ကောင်းစုဟာန် နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

သူက ခေါင်းကုတ်လိုက်ပြီး ...

“ဘာဖြစ်လို့လဲ ...”

ဟု မေးလိုက်သည်။

ရှမ်းချင်းက ပြုံးလိုက်ပြီး ...

“မလုံလောက်သေးလို့ပေါ့ရှင်”

ဟု ပြောလိုက်၏။

ကောင်းစုဟာန် အကျပ်ရိုက်သွားတော့သည်။

ဘာဆက်ပြောရမှန်း မသိအောင်ပင် ဖြစ်သွား၏။

သူသည် အတန်ကြာမျှ ငေးငိုင်နေပြီးမှ ...

“ကျုပ်က လောလောဆယ်မှာတော့ ဘာမှ မတတ်နိုင်သေးပါဘူးဗျာ၊ ဒီတော့ ဒီပစ္စည်းကိုပဲ ညီမ အရင်ယူထားလိုက်ပါဦး၊ နောက်တော့မှ ...”

ဤတွင် ရှမ်းချင်းက ကြားဖြတ်ပြောလိုက်သည်။

“ရှင်က ကျွန်မ ဘာကိုဆိုလိုတယ်ဆိုတာ နားမလည်နိုင်ဘဲ ဖြစ်နေတာကိုး”



ကောင်းစုဟာန်က နဝေတိမ်တောင် ဖြစ်သွားတော့သည်။

ရှမ်းချင်း ဘာကိုဆိုလိုမှန်း သူ သဘောမပေါက်ပါချေ။

ထို့ကြောင့် ...

“ညီမ ဘာကိုဆိုလိုတာလဲ”

ဟု မေးလိုက်သည်။

ရှမ်းချင်းက ရွှေရောင်သံမဏိတုတ်တံအား မေးငေါ့ပြလိုက်ပြီး ...

“ဒီသံမဏိတုတ်တံဟာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ရှင် သိသလား”

ကောင်းစုဟာန် ခေါင်းခါယမ်းလိုက်၏။

“မသိဘူး”

ရှမ်းချင်းက ကျေနပ်စွာ ပြုံးလိုက်သည်။

“ကျွန်မက ရှင့်ကို စားသောက်ခငွေကလေး စိုက်ပေးရုံနဲ့ သံမဏိတုတ်တံကို ပြန်ယူမယ်ဆိုရင် မတရားဘူး၊ ဒါပေမယ့် ...”

သူမသည် စကားကို ခေတ္တရပ်နားလိုက်ပြီး သူမ၏အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ်အား နှိုက်ယူလိုက်၏။

ထို့နောက် သူမသည် ထိုအထုပ်ကလေးအား ကောင်းစုဟာန်ထံသို့ ပစ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန် မျက်မှောင်ကြုတ်သွားကာ အထုပ်ကလေးအား ဖမ်းယူလိုက်၏။

တစ်ချက်တည်းပင် အထုပ်ကလေးအား ဖွင့်ကြည့်လိုက်သည်။

ထိုအခါ ...

ယင်းအထုပ်ကလေးထဲတွင် ရွှေတုံးကလေးများ အများအပြား ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုစဉ် ရှမ်းချင်းက ...

"အဲဒီအထုပ်ကလေးကို ရှင်က လက်ခံမယ်ဆိုရင်တော့ ကျွန်မ ရွှေရောင်သံမဏိတုတ်တံကို ပြန်ယူပါ့မယ်"

ဟု ပြောလာသည်။

ကောင်းစုဟန် သက်ပြင်းချလိုက်သည်။

ယခု ...

သူက အခြေအနေကို ကောင်းစွာနားလည်လိုက်ပြီ ဖြစ်သည်။

အမှန်တော့ ရှမ်းချင်းသည် သူ့အား ကူညီနေခြင်းသာဖြစ်သည် မဟုတ်ပါလား။

ထိုသို့ သိလိုက်ရသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် သူ၏မျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။

အမှန်စင်စစ် ...



သူ့အနေဖြင့် မိန်းကလေးတစ်ယောက်၏ အကူအညီကို ထပ်မံယူလိုတော့ပါ။

သူက ခေါင်းကိုတွင်တွင် ခါယမ်းလိုက်ပြီး ခါးသီးစွာ ငြင်းဆန်လိုက်၏။

"ကျုပ် လက်မခံနိုင်ဘူးဗျာ"

သူသည် ထိုသို့ပြောပြီးသည်နှင့် ရွှေရောင်သံမဏိတုတ်တံနှင့် အထုပ်ကလေးအား ရှမ်းချင်းထံသို့ ပြန်လည်ပစ်ပေးလိုက်တော့၏။

သို့သော် ...

ရှမ်းချင်းက ရွှေရောင်သံမဏိတုတ်တံကိုပင် ဖမ်းယူလိုက်၏။

ထို့ကြောင့် ...

အထုပ်ကလေးသည် မြေပေါ်သို့ပြုတ်ကျသွားလေတော့၏။

ကောင်းမုဟန် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ရှမ်းချင်းကို နားမလည်နိုင်စွာဖြင့် ငေးကြည့်နေမိသည်။

ရှမ်းချင်းက ချစ်စဖွယ်ပြုံးလိုက်ပြီး ကောင်းစုဟန့်ရှေ့မှ တဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

မမျှော်လင့်သော အပြုအမူကြောင့် ကောင်းစုဟန် အံ့သြသွားလေသည်။

ထိုအချိန်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချင်း၏ခန္ဓာကိုယ်သည် အဝေးဝေးသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

တစ်ဆက်တည်းမှာပင် သူမ၏ ချိုလွင်သော စကားသံသည် အဝေးမှ ခပ်သဲ့သဲ့ ပေါ် ထွက်လာသည်။

"ကျွန်မရဲ့အထုပ်ကလေး ကျန်ရစ်ခဲ့တယ်နော်၊ တော်ကြာ သူများကောက်ယူသွားရင်တော့ ရှင့် အပြစ်ပဲ"

ကောင်းစုဟန်က အထုပ်ကလေးအား ကောက်ယူလိုက်ပြီး ရှမ်းချင်းနောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ...

ရှမ်းချင်း၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ပါချေ။

✧ ✤ ✧

မွန်းတည့်ချိန်သို့ ရောက်လုပြီဖြစ်ပါသည်။

ကောင်းစုဟန် တစ်ယောက်ကတော့ မူလနေရာ၌ ရပ်တန့်နေဆဲပင် ရှိနေသေး၏။

သူသည် လက်ထဲမှ အထုပ်ကလေးအား ကြည့်လိုက်သည်။

အထုပ်ကလေးအတွင်းရှိ ရွှေစများသည် နိုင်ဖုံးမြို့သို့သွားရန် လုံလောက်သည်။



ဤသည်ကို သူ ကောင်းစွာသိထားသည်။

ထိုစဉ်မှာပင် ...

ကောင်းစုဟန်က တစ်စုံတစ်ခုကို သတိရလာပြန်သည်။

စင်စစ် ...

မည်သည့်နည်းနှင့်ဖြစ်စေ သူသည် အမြန်ဆုံး နိုင်ဖုံးမြို့သို့ သွားရောက်ရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ...

ခရီးစရိတ်အနေဖြင့် ရှမ်းချင်း၏ရွှေစကလေးများကို အသုံးပြုမည် ဆုံးဖြတ်လိုက်သည်။

သူ၏ရင်တွင်းမှမူ ...

"တစ်ချိန်ချိန်မှာတော့ ရှိသမျှ ကျေးဇူးတွေအားလုံးကို ပြန်ဆပ်ပါမယ် ရှမ်းချင်းရယ်"

ဟု တစ်ကိုယ်တည်း ကျိတ်၍ ရေရွတ်လိုက်မိ၏။

ထို့နောက် ...

မြို့ငယ်လေးသို့ သွားရာလမ်းအတိုင်း လျှောက်သွားတော့၏။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်များသူ

မြို့ကလေး ...

မြို့ကလေးသည် သေးငယ်နေသည်ဖြစ်သော်လည်း ကုန်သည်ပွဲစား ခရီးသွားများဖြင့် စည်ကားနေ၏။

အထူးသဖြင့် ...

ထိုမြို့ငယ်ကလေးတွင် လူအများ စည်ကားနေရခြင်းမှာ အကြောင်းတစ်ခုက ရှိနေသည်။

ယင်းအကြောင်းရင်းတစ်ခု ဆိုသည်မှာ တခြားမဟုတ်ပါချေ။

'တိမ်ပြာစားသောက်ဆိုင်'ကြောင့်ပင် ဖြစ်သည်။

**တိမ်ပြာစားသောက်ဆိုင်၏** ပန်းပေါင်းစုံအရက်နှင့် ဝက်သားပေါက်စီသည် အလွန်ပင် အရသာရှိသည်ဟု ကျော်ကြားနေသည်မဟုတ်ပါလား။



ထို့ကြောင့်လည်း ...

ထိုမြို့ငယ်လေးသို့ ရောက်ရှိလာကြသူများသည် တိမ်ပြာစားသောက်ဆိုင်သို့ မဝင်ရောက်ဘဲ မနေနိုင်ကြပါ။

နေ့စဉ်နေ့တိုင်း ဆိုသလိုပင် တိမ်ပြာစားတက်ဆိုင်သည် အမြဲတစေ လူစည်ကားနေတတ်ပေသည်။

✧ ✤ ✧

ယနေ့ ...

ယနေ့တွင်မူ အလွန်ထူးဆန်းနေ၏။

အမြဲတစေ လူစည်ကားနေတတ်သော တိမ်ပြာစားသောက်ဆိုင်အတွင်းတွင် စားသောက်နေသူ ဆယ့်လေးငါး ယောက်မှအပ မည်သူမျှမရှိပါ။

စားသောက်နေကြသူများအနက် အဖိုးတန်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်နှင့် ခန္ဓာကိုယ် ထွားကြိုင်းသန်မာသော လူနှစ်ယောက်က စားပွဲတစ်လုံးတွင်ထိုင်၍ စားသောက်နေကြသည်။

အခြားစားပွဲတစ်ခုတွင်မူ အနက်ရောင်ဝတ်ဆင်ထားသော လူလေးယောက်ခန့်က စားသောက်နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ...

ချောင်ကျကျ စားပွဲတစ်ခုတွင် ခါးကုန်းနေသော အဘိုးအို သုံးယောက်က ထိုင်နေကြသည်။

တိပ်ပြာစားသောက်ဆိုင်အတွင်းသို့ စားသောက်ရန် ဝင်ရောက်လာကြသူများသည် ထိုလူများကို တွေ့မြင်လိုက်ရသည်နှင့် ချာခနဲလှည့်ကာ ပြန်လည်ထွက်ခွာသွားကြတော့၏။

ဆိုင်ရှင်အနေဖြင့် တအံ့တသြဖြစ်နေမိတော့၏။

ထိုစားသောက်နေကြသော လူဆယ့်ငါးယောက်သည် မည်ကဲ့သို့သော လူစားမျိုးတွေ ဖြစ်နေသနည်း။

အဘယ်ကြောင့် ...

စားသောက်ရန် ရောက်ရှိလာကြသူများသည် ထိုလူများအား တွေ့မြင်လိုက်ရသည်နှင့် ဆိုင်တွင်းမှ ပြန်လည်ထွက်ခွာသွားကြပါသနည်း။

မည်သို့ဆိုစေ ...

စားသောက်ဆိုင်ပိုင်ရှင်ကမူ ထိုလူ ဆယ့်လေးငါးယောက်ကို ဂရုမစိုက်ဘဲ နောက်ထပ်စားသောက်ရန် ရောက်ရှိလာမည့်သူကိုသာ စောင့်မျှော်နေလေသည်။

ထိုစဉ်မှာပင် ...



ခရမ်းရောင်ဝတ်ဆင်ထားပြီး ဆံပင်များဖြူဖွေးနေသော အဘွားအိုတစ်ယောက်သည် ဆိုင်အတွင်းသို့ ဝင်ရောက်လာလေတော့သည်။

✧ ✤ ✧

နောက်ထပ် စားသောက်မည့်သူတစ်ဦး ရောက်လာသည်မို့ စားသောက်ဆိုင်ပိုင်ရှင်၏မျက်နှာသည် ပြုံးလျက်ရှိနေ၏။

သူသည် ဝင်ရောက်လာသော အဘွားအိုအား ပျာပျာသလဲကြိုလိုက်ပြီး နှုတ်ချိုပျူငှာစွာဖြင့် ...

"ဘာများ သုံးဆောင်ချင်ပါသလဲခင်ဗျာ"

ဟု မေးလိုက်သည်။

အဘွားအိုက မည်သူ့ကိုမျှမကြည့်ပါ။

အေးတိအေးစက် လေသံဖြင့် ...

"လူလေးယောက်စာ ခေါက်ဆွဲနဲ့ ပေါက်စီ"

ဟု မှာကြားလိုက်သည်။

ဆိုင်ရှင်၏မျက်လုံးများ ပြူးကျယ်သွားတော့သည်။

သူက မယုံကြည်နိုင်စွာဖြင့် အဘွားအိုအား ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အတွင်းသို့ တစ်ယောက်တည်းသာ ဝင်ရောက်လာခဲ့သော အဘွားအိုသည် ဤမျှ စားသောက်နိုင်ပါမည်လော။

သူ့ရင်ထဲ၌ မေးခွန်းများ ရှုပ်ထွေးသွားသည်။

ထိုစဉ် …

အဘွားအိုက …

"အားလုံးကို သေသေချာချာ ထုပ်ပေးပါ"

ဟု ပြောလာ၏။

ထိုအခါကျမှ ဆိုင်ရှင်က သဘောပေါက်သွားတော့သည်။

သူသည် ဆိုင်လုလင်များအား လှမ်းကြည့်လိုက်ပြီး သွက်လက်စွာ မှာကြားပေးလိုက်တော့၏။

"လူလေးယောက်စာ ခေါက်ဆွဲနဲ့ပေါက်စီ ထုပ်ပေးမယ်၊ အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်ပါ"

ဟု အမိန့်ပေးလိုက်သည်။

မကြာမီ …

အဘွားအိုမှာကြားထားသော စားသောက်ဖွယ်ရာများ ထုပ်ပိုးပြီး ရောက်ရှိလာသည်။

အဘွားအိုက ကျသင့်ငွေပေးချေကာ စားစာရာထုပ်များကို ယူဆောင်ကာ ဆိုင်ထဲမှ ထွက်ခွာသွားလေသည်။



ဤတွင် …

အနက်ရောင်ဝတ်ဆင်ထားသော လူရှစ်ယောက်အနက် လူတစ်ယောက်က …

"အဲဒီအဘွားကြီးက ခရမ်းရောင်ခြံဝင်းက အေးစိမ့်အဘွားအို ရန်းမဟုတ်လား"

လူတစ်ယောက်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"

ဤတွင် အခြားတစ်ယောက်က နားမလည်နိုင်စွာဖြင့် …

"အေးစိမ့်အဘွားအို စုရမ်းက သူတို့ခရမ်းရောင်ခြံဝင်း တည်နေရာကနေပြီး တစ်ဖဝါးမှ မခွာဘူးဆိုဗျ၊ အခု ဘာဖြစ်လို့ ဒီကို ရောက်လာခဲ့ရတာလဲ"

ဟု မေးလိုက်သည်။

ထိုလူများထဲတွင် ခေါင်းဆောင်ဖြစ်ဟန်ရှိသူက …

"အင်း … သူတို့ ခရမ်းရောင်ခြံဝင်းမှာ တစ်ခုခုဖြစ်နေတာတော့ သေချာတယ်"

ဟု စဉ်းစားချင့်ချိန်ကာ ပြောလာ၏။

ထိုစကားကို ကြားလိုက်ရသောအခါ သူတို့နှင့် မဝေးမကမ်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ထိုင်နေသော အဖိုးရှန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသည့် လူငယ် ပြုံးလိုက်သည်။

သူ၏နံဘေး၌ ထိုင်နေသော လူသန်ကြီးနှစ်ယောက်ကိုလည်း အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။

လူသန်ကြီး နှစ်ယောက်ကလည်း ပြန်လည်ပြုံးပြလိုက်ကြ၏။

သူတို့၏ မျက်နှာများပေါ်တွင် ကျေနပ်သောအရိပ်အယောင်များ ပေါ်လွင်နေသည်ဟု ခန့်မှန်း၍ရလေသည်။

ထိုစဉ်မှာပင် ...

အနက်ရောင်ဝတ်ဆင်ထားသော လူရှစ်ယောက်က ကျသင့်ငွေများကို ရှင်းပေးပြီးသည်နှင့် တစ်ပြိုင်နက် စားသောက်ဆိုင်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ထိုနည်းတူ ...

ချောင်ကျကျစားပွဲတွင် ထိုင်နေကြသော အဘိုးအိုသုံးယောက်မှာလည်း ဆိုင်တွင်းမှ ထွက်ခွာသွားကြတော့၏။

ဆိုင်ထဲတွင် လူရှင်းသလောက် ဖြစ်သွားသည်။

ထိုအခါကျမှ အဖိုးတန်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသောလူငယ်က စကားစလိုက်၏။



"သူတို့တွေ ဟိုအဘွားအိုနောက်ကို လိုက်သွားကြလိမ့်မယ်ဆင်တယ်"

လူသန်ကြီး နှစ်ယောက်အနက် တစ်ယောက်က ရိုသေစွာဖြင့် ...ွတ်လိုက်ပြီး ...

"ဟုတ်ပါတယ် သခင်လေး ... ကျွန်တော်တို့လည်း အချိန်မီ ...ိုက်သွားကြရင် ကောင်းမယ်"

ဟု အကြံပေးလာသည်။

အဖိုးတန် ပိုးဖဲအင်္ကျီဝတ်ဆင်ထားသော လူငယ်က အသာ...ယာ ပြုံးလိုက်သည်။

သူသည် ထိုလူသန်ကြီးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ ကျိစန်း ... မင်း နှင်းမြူတောင်ခြေမှာ ကျူပ် ဖေဖေကို ...ောင့်မျှော်နေတုန်းမှာ ကျူပ် အစီအစဉ်တစ်ခု လုပ်ထားခဲ့တယ်"

လူသန်ကြီးကျိစန်း မျက်မှောင်ကြုတ်သွား၏။

သူက နားမလည်နိုင်စွာဖြင့် ...

"ဘယ်လို အစီအစဉ်မျိုးလဲ သခင်လေး"

ဟု မေးလိုက်သည်။

အဖိုးတန်ပိုးဖဲအင်္ကျီဝတ်ဆင်ထားသော လူငယ်က တည်ကြည်သောမျက်နှာထားဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ အစီအစဉ်ကတော့ ကျုပ်တို့ဘီလူးရဲတိုက်နဲ့ အပြိုင်ဖြစ်တဲ့ သံမဏိဂေဟာ၊ ရွှေအားစံအိမ်နဲ့ ခရမ်းရောင်ခြံဝင်းတို့ကို ဖြိုခွင်းပစ်ဖို့ပဲ"

ဟု လေးနက်စွာ ပြောလာ၏။

အမှန်စင်စစ် ...

ထိုလူငယ်မှာ သိုင်းလောကထိပ်သီးအဖွဲ့ကြီးလေးခုတွင် တစ်ခုအပါအဝင်ဖြစ်သော ဘီလူးရဲတိုက်မှသခင်လေး ရန်ကျားထိုက်ပင် ဖြစ်သည်။

ထိုစကားကြားသောအခါ ကျိစန်း မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ထို့နောက် ...

ခေါင်းကို လေးပင်စွာခါယမ်းလိုက်ပြီး ...

"ဒီအဖွဲ့သုံးဖွဲ့ကို သွားရန်စရင် မှားမယ်ထင်တယ်၊ ကျွန်တော်တို့သခင်ကြီး သေဆုံးသွားပြီးတဲ့နောက် သူတို့တွေကို ဘယ်လိုလုပ်ပြီး ဖြိုခွဲနိုင်မှာလဲ၊ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေပါလိမ့်မယ်"

ဟု စိုးရိမ်ပူပန်သော လေသံဖြင့် ပြောလာလေသည်။

သူ၏ သတိပေးစကားအဆုံးဝယ် ...

"ဟား ... ဟား ... ဟား ..."



ရန်ကျားထိုက်က ကောက်ကာငင်ကာ ရယ်မောလိုက်လေသည်။

ကျိစန်း နားမလည်နိုင်ဟန်ဖြင့် သခင်လေးအား ငေးကြည့်နေမိသည်။

အတန်ကြာမှ ရန်ကျားထိုက်သည် ရယ်မောနေရာမှ ရပ်တန့်လိုက်သည်။

ထို့နောက် ...

ကျိစန်းအား အေးစက်စွာကြည့်လိုက်ပြီး ...

"ဒီမှာ ကျိစန်း ... မင်းက ကျုပ်ဖေဖေ သေသွားပြီလို့ ပြောတာ တကယ်ပဲ ဖြစ်နိုင်သလား"

ဟု မေးလိုက်သည်။

ကျိစန်း တုံ့ဆိုင်းခြင်းမရှိပါ။

ခေါင်းကို သွက်လက်စွာ ညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်"

ဟု မှတ်ချက်ပြုလိုက်၏။

ရန်ကျားထိုက်က မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် ...

အံတစ်ချက်ကြိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်း သေသေချာချာ မှတ်ထား၊ ကျုပ်ဖေဖေမရှိတော့ဘဲ သေဆုံးသွားပြီဆိုတာ တကယ်သေချာနေရင် ခရမ်းရောင်ခြံဝင်းရှင်၊ ရွှေအားဝှကျွန်းနဲ့ သံမဏိဂေဟာပိုင်ရှင် ရှမ်းရိုစင်းတို့လည်း မရှိနိုင်တော့ဘူးကွ"

"ဗျာ ..."

မမျှော်လင့်သောစကားကြောင့် ကျိဝန်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ရန်ကျားထိုက်အား တအံ့တသြဖြင့်ကြည့်ကာ ..

"ဒါ တကယ်ပဲလား၊ ဒီအတိုင်း ဖြစ်နိုင်ပါ့မလား သခင်လေး"

ဟု မယုံကြည်နိုင်စွာဖြင့် မေးလာသည်။

ရန်ကျားထိုက်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

သူက အနည်းငယ် စဉ်းစားလိုက်ပြီး သူ၏တွက်ဆချက်ကို ပြောပြလိုက်၏။

"ကျုပ် သေသေချာချာ စဉ်းစားပြီးပြီ၊ သူတို့လေးယောက်စလုံးသိုင်းလောက ပထမဘွဲ့လုရင်း သေဆုံးသွားတာပဲ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် နှင်းမြူတောင်ပေါ်က တစ်ယောက်လောက်တော့ ပြန်ဆင်းလာရမှာပေါ့"

ဤတွင် ...



ကျိစန်း၏မျက်လုံးများ ဝင်းလက်သွားသည်။

သူက ရန်ကျားထိုက်အား သေချာစွာကြည့်၍ ...

"နှင်းမြူတောင်ပေါ်က လူတစ်ယောက် ဆင်းလာခဲ့တယ်ဆိုတာ သခင်လေး သတိထားပါဦး"

ဟု ပြောလိုက်သည်။

ရန်ကျားထိုက်က ပြုံးလိုက်ပြီး ...

"မင်း ကျုပ်ကို သတိမေ့တတ်တဲ့ လူတစ်ယောက်လို့ ထင်နေသလား၊ ဒီ ထူးဆန်းတဲ့လူဟာ တစ်နေ့ ကျုပ်လက်ထဲရောက်လာမှာ အခု လောလောဆယ်မှာတော့"

သူသည် ပြောလက်စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

ထို့နောက် ...

မျက်နှာထားတင်းမာစွာဖြင့် ...

"အခုအချိန်မှာ ခရမ်းရောင်ခြံဝင်းဟာ ကျုပ်ရဲ့အကြီးအစည်ဖြစ်ပြီ ပြိုကွဲသွားပြီလို့ ကျုပ် ပြောရဲတယ်ဗျ"

ဟု ပြတ်သားစွာ ပြောလာ၏။

ယခုတစ်ကြိမ်တွင်မူ ...

ကျိစန်းသည် မည်သို့မျှ ပြန်မပြောတတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏သခင်လေးသည် ထူးခြားသောအကြောင်းရှိ၍သာ ဤသို့ ပြောရခြင်းဖြစ်သည်ကို နားလည်ထားပါသည်။

ထို့အပြင် ...

ခရမ်းရောင်ခြံဝင်းမှ တစ်ဖဝါးမခွာသော အေးစိမ့်အဘွားအို သည် ဤစားသောက်ဆိုင်သို့ ရောက်ရှိလာသည်ကို ထောက်ချင့်လျှင် သူ၏သခင်လေးပြောသည့်အတိုင်း ခရမ်းရောင်ခြံဝင်းသည် ပြိုကွဲသွား ပြီဆိုသည်မှာ ဖြစ်နိုင်ပါသည်။

အမှန်တကယ်တွင်လည်း ခရမ်းရောင်ခြံဝင်းမှာ ပြိုကွဲသွားပြီ ဖြစ်နေတော့သည်။

✧ ♣ ✧

စားသောက်ဆိုင်၏ အပြင်ဘက်လမ်းမပေါ်တွင် ခရမ်းရော အဝတ်အစားများ ဝတ်ဆင်ထားပြီး ဆံပင်များဖြူဖွေးနေသော အဘွ အိုသည် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနေသည်။

သူမက စားသောက်ဆိုင်မှ ထွက်လိုက်သည်နှင့် သူမ၏နော သို့ လူအများက ခြေရာခံလိုက်ပါလာမည်ကို ကြိုတင်သိရှိထားသ

ထို့ကြောင့် ...



သူမ၏နောက်မှ ခြေရာခံလိုက်လာကြသောလူများ မျက်ခြည် တ်သွားသည်ကို သတိပြုမိလိုက်လေသည်။

ဤတွင် ...

သူမက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

နောက်ယောင်ခံ လိုက်ပါလာသူများ မရှိတော့ပြီဖြစ်၍ လမ်း ဦးလေးတစ်ခုအတွင်းသို့ ချိုးဝင်လိုက်၏။

ရုတ်တရက် ...

သူမ၏မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်း ပျောက်ကွယ် သည်။

လှမ်းလက်စခြေလှမ်းများလည်း အလိုလို ရပ်တန့်သွားမိသည်။

အကြောင်းမှာ ...

ထိုလမ်းကျဉ်းကလေးထဲ၌ ဘွင် လူသုံးယောက်က ပိတ်ဆို့ရပ် နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

✧ ♣ ✧

လမ်းကလေးသည် အလွန်ပင် ကျဉ်းမြောင်းလှသည်ဖြစ်၏။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက်က ပိတ်ဆို့ရပ်တန့်ထားသောအခါ အဘွားအိုမှာ ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့ပါချေ။

ဤသို့ဆိုလျှင် ...

နောက်သို့ ပြန်လည်ဆုတ်သွားရမည်လော။

မဖြစ်နိုင်ပါ။

နောက်သို့ ပြန်လည်ဆုတ်သွားပါက ပို၍ပင် အန္တရာယ်ကြီးမားလာနိုင်သည်ဟု သူမက ယူဆလိုက်သည်။

အဘွားအို၏ရှေ့တည့်တည့်မှ လူသုံးယောက်သည် ငြိမ်သက်စွာ ရပ်တန့်နေကြ၏။

သူတို့၏ဦးခေါင်းပေါ်တွင် ကြီးမားသော ခမောက်များ ဆောင်းထားကြသည်ဖြစ်ရာ သူတို့၏မျက်နှာအား သေချာစွာ မမြင်တွေ့နိုင်ပါချေ။

သို့သော် ...

အဘွားအိုကမူ ထိုလူသုံးယောက်ကို ကောင်းစွာ သိရှိထားသည်။

အမှန်စင်စစ် ...

ထိုလူသုံးယောက်သည် သိုင်းလောကတွင် ကျော်ကြားလှသော "မေတ္တာမဲ့သုံးဖော်"အမည်ရှိ ကြေးစားများပင် ဖြစ်တော့ပါလော။



အဘွားအိုက လက်ထဲမှ စားသောက်ဖွယ်ရာအထုပ်များကို အစိမ်းရောင်မျက်လုံးဖြင့် စိုက်ကြည့်လိုက်မိသည်။

ထိုစဉ်မှာပင် ...

လမ်းပိတ်ဆို့ရပ်နေသူ သုံးယောက်အနက် အလယ်မှလူက တင်းမာစွာ မေးလိုက်သည်။

"ပေ့အင်း ဘယ်မှာလဲ"

သူ၏စကားသံမှာ အလွန်ပင် အေးတိအေးစက်နိုင်လှသည်။

ထိုလူသည် မေတ္တာမဲ့သုံးဖော်တွင် အသက်အကြီးဆုံးလည်းဖြစ်၊ ခေါင်းဆောင်လည်းဖြစ်သော 'အမှတ်တစ်'ဆိုသူပင် ဖြစ်သည်။

အမှတ်တစ်၏စကားကြောင့် အဘွားအို တစ်ချက်မော့ကြည့်လိုက်ပြီး ...

"မင်းက ကျုပ်တို့ရဲ့ သခင်မလေးကို ရှိရိုသေသေခေါ်ရင် ကောင်းမယ်"

တင်းမာသော လေသံဖြင့် ပြောလိုက်သည်။

အမှတ်တစ်က အေးစက်စွာဖြင့် ထပ်မေးလိုက်ပြန်သည်။

"ပေ့အင်း ဘယ်မှာလဲ"

အဘွားအို၏မျက်နှာ သုန်မှုန်သွားသည်။

နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးပေ့အင်းဟာ ကျုပ်ရဲ့ အသည်းနှလုံးထဲမှာရှိတယ်၊ မင်းတို့ သူ့ကိုရှာချင်ရင် ကျုပ်ရဲ့ရင်ကိုခွဲပြီး ရှာကြည့်မှတွေ့နိုင်မယ်"

အမှတ်တစ်က ...

"ခင်ဗျား မပြောဘူးလား"

ဟု မာကျောစွာမေးလာ၏။

အဘွားအို ပခုံးတွန့်ပြလိုက်၏။

"ဒါကတော့ မင်းတို့အစွမ်းအစအပေါ်မှာ မူတည်နေပါတယ်"

သူမ၏ စကားဆုံးသွားသည်နှင့် လမ်းမိတ်ဆို၍ ရပ်နေကြသူသုံးယောက်က ဓားကိုယ်စီဆွဲထုတ်လိုက်ကြသည်။

"ပေ့အင်း ဘယ်နေရာမှာပဲရှိနေရှိနေ ကျုပ်တို့ကတွေ့အောင်ရှာမှာပဲ"

အမှတ်တစ်၏ စကားဆုံးသွားသည်နှင့် ဓားရောင်များသည် ဖွေးခနဲလက်သွားပြီး အဘွားအိုထံသို့ တစ်ဟုန်ထိုးတိုက်ခိုက်လိုက်ကြလေတော့သည်။

တရကြမ်း တိုက်ခိုက်လာကြသော ဤဓားသမားသုံးယောက်အား အဘွားအိုက ရှောင်တိမ်းသွားရန် မဖြစ်နိုင်တော့ပါ။

ထို့ကြောင့် ...



ပြန်လည်၍ တိုက်ခိုက်လိုက်ရလေတော့သည်။

✧ ✤ ✧

'မေတ္တာမဲ့သုံးဖော်'

ထိုလူသုံးယောက်အား သိုင်းလောကတစ်ခုလုံးတွင် မသိသူရှိပါ။

မေတ္တာမဲ့သုံးဖော်သည် ကြေးစားလောကတွင် ကြောက်စရာကောင်းဆုံး ဓားသမားသုံးယောက်ဖြစ်သည်။

သူတို့၏ဓားပညာသည် ပြင်းထန်ကာ ရက်စက်လှ၏။

ဓားချက်တိုင်းတွင် ရန်သူကို လဲကျသေဆုံးသွားအောင် စီမံခြင်းဖြစ်သည်။

သူတို့သုံးယောက်သည် မေတ္တာမဲ့သုံးဖော်အမည်ဖြင့် သိုင်းလောတွင် ကျော်ကြားလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ ဖြစ်သည်။

ယခုအချိန်အထိ သူတို့ရင်ဆိုင်မိသော ရန်သူအား ပြတ်ပြတ်သော် ရင်ဆိုင်နိုင်ခဲ့သည်ချည်းပင် ဖြစ်၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



ယခု သူတို့နှင့်ယှဉ်ပြိုင်တိုက်ခိုက်နေသူမှာ ခေသူတစ်ယောက် မဟုတ်ပါ။

ထိုအဘွားအိုသည် ခရမ်းရောင်ခြံဝင်းရှင်၏ အားအထားရဆုံးသော လူယုံတစ်ယောက် ဖြစ်ပေသည်။

သူမသည် ခရမ်းရောင်ခြံဝင်း၏ အရေးပါသော တာဝန်ခံ တစ်ယောက်လည်း ဖြစ်သည်။

ထို့အပြင် ...

ခရမ်းရောင်ခြံဝင်းသခင်မလေး ပေ့အင်းမှာ ထိုအဘွားအို၏ လက်တွင်းမှ ကြီးပြင်းလာခဲ့သူဖြစ်သောကြောင့် အေးစိမ့်အဘွားအို စုရန်းအနေဖြင့် သူမ၏အသက်ကိုသာ အသေခံမည် သခင်မလေး ပေ့အင်းရှိသာနေရာကို ပြောပြမည် မဟုတ်ပါချေ။

ထို့ကြောင့် ...

သူမ၏ ပြန်လည်တိုက်ခိုက်လိုက်သော တိုက်ကွက်များမှာ လည်း ပြင်းထန်လှပေသည်။

သို့သော် ...

အေးစိမ့်အဘွားအို စုရန်းသည် ဒဏ်ရာရရှိထားခဲ့သည်။

သူမအနေဖြင့် မည်ကဲ့သို့ ဒဏ်ရာရရှိထားခဲပါသနည်း။



သူမသည် ကြောက်စရာကောင်းသော မေတ္တာမဲ့သုံးဖော်အား အနိုင်ယူနိုင်ပါမည်လော။

အဘွားအိုစုရန်းမှာ ပြင်းထန်စွာဖြင့် ပြန်လည်တိုက်ခိုက်နေ ဆဲပင်။

✧ ✤ ✧

တိုက်ပွဲ ...

တိုက်ပွဲကား ပြင်းထန်လှပေသည်။

သို့သော် ...

လမ်းကျဉ်းကလေး၌ မဟုတ်ပါ။

သိုင်းလောကတွင် နာမည်ကျော်ကြားနေသော ခရမ်းရောင် ခြံဝင်း၌ဖြစ်သည်။

ခရမ်းရောင် ခြံဝင်းရှိ သိုင်းသမားများသည် ရုတ်တရက် အမှောင်ထုကို အကာအကွယ်ပြု၍ တိုက်ခိုက်လာကြသော ရန်သူများ ကို အပြင်းအထန် ပြန်လည်ခုခံ တိုက်ခိုက်နေကြ၏။

သို့သော် ...

ရန်သူသိုင်းသမားများမှာ ထိပ်တန်းသိုင်းသမားများဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အပြင် အင်အားကလည်း များပြားလွန်းသဖြင့် ခရမ်းရောင်ခြံဝင်းမှ သိုင်းသမားများသည် နောက်သို့ တဖြည်းဖြည်းဆုတ်ပေးနေရသည်။

ထို့အပြင် ...

ခရမ်းရောင်ခြံဝင်းမှ သိုင်းသမားများသည် များသောအားဖြင့် မိန်းမသားများသာ ဖြစ်ကြသည်။

တိုက်ပွဲအခြေအနေကို အကဲခတ်မိသောအခါတွင် အဘွားအို စုရန်းက စိုးရိမ်ပူပန်သွားသည်။

သူမ၏ သိုင်းပညာအရည်အချင်းအရ ထိုရန်သူများကို မမှုပါချေ။

သို့သော် ..

သူမသည် သခင်မလေးပေ့အင်းအတွက် ပူပန်သောကရောက်နေရပေသည်။

အကြောင်းမှာ ...

✧ ♣ ✧

ပေ့အင်း ...

ပေ့အင်းသည် သိုင်းလောကထိပ်သီးလေးယောက်တွင် တစ်



ယောက်အပါအဝင်ဖြစ်သော ခရမ်းရောင်ခြံဝင်းပိုင်ရှင် ခရမ်းရောင်ဒေဝီ ဆုယန်း၏ တစ်ဦးတည်းသောသမီးဖြစ်ပါသည်။

သူမ၏ သိုင်းပညာအရည်အချင်း မည်မျှရှိသည်ကို မည်သူမျှ ခန့်မှန်း၍မရပါ။

အကြောင်းမှာ ...

သူမသည် သိုင်းပညာအား အသုံးပြုခဲလှပေသည်။

သို့သော် ...

ခရမ်းရောင်ခြံဝင်း၏ မူပိုင်သိုင်းကွက်ဖြစ်သော 'ခရမ်းရောင်လက်ညှိုး'သိုင်းပညာအား လေ့ကျင့်တတ်မြောက်ခဲ့ပြီး ဖြစ်သည်ကိုတော့ ယုံမှားဖွယ်မရှိပါချေ။

ခရမ်းရောင်ခြံဝင်းသို့ ရန်သူများ ဝင်ရောက်စီးနင်းတိုက်ခိုက်သော အသံများကို သူမက ခပ်သဲ့သဲ့ကြားနေရာမှ တဖြည်းဖြည်း နီးကပ်လာသည်။

သို့သော် ...

သူမသည် အိပ်ရာထက်မှ ထမလာပါ။

စင်စစ် ...

ထနိုင်စွမ်းလည်း မရှိပါချေ။

အကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ရက်ခန့်က အဆိပ်တစ်မျိုးကို စားသောက်မိခဲ့ခြင်းကြောင့်ပင် ဖြစ်လေသည်။

ပေအင်းကဲ့သို့သော သခင်မလေးတစ်ယောက်အား မည်သူက အဆိပ်ခတ် လုပ်ကြံနိုင်ပါသနည်း။

သူမ၏လူယုံများထဲမှ မည်သူက သစ္စာဖောက်ခဲ့ပါသနည်း။

စင်စစ် အခြားလူတော့ မဟုတ်ပါ။

သူမ၏ ယုံကြည်စိတ်ချရသော အထိန်းတော်လေးယောက် အနက်မှ ကူးဝါးဆိုသူပင် ဖြစ်သည်။

ကူးဝါးသည် ခရမ်းရောင်ခြံဝင်းအား သစ္စာဖောက်ခဲ့သည်။

သူမအား အဆိပ်ခတ်ကာ ရန်သူများအား လက်ထောက်ချခဲ့သည်။

ထို့ကြောင့် ...

ရန်သူများသည် ဟာကွက်မရှိအောင် စီးနင်းတိုက်ခိုက်လာနိုင်ခြင်းပင် ဖြ[illegible]လေသည်။

ယခု ...

ကူးဝါးသည် ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်လေသည်။

ထို့အပြင် ...



ခရမ်းရောင်ခြံဝင်းသို့ ရန်သူများကလည်း ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့ကြပြီ ဖြစ်သည်။

✧ ✤ ✧

အချိန်ကြာမြင့်လာသည်နှင့်အမျှ ရန်သူများက ခရမ်းရောင်ခြံဝင်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာနိုင်ရုံမက အဆောက်အဦးအတွင်းသို့ပင် ရောက်ရှိလာကြတော့သည်။

"ဝုန်း ..."

ကျယ်လောင်သော မြည်သံနှင့်အတူ အခန်းတံခါးသည် ကျိုးပဲ့ကျက်စီးသွားသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် အခန်းထဲသို့ လူသုံးယောက်ဝင်ရောက်လာကြသည်။

ထိုလူများ၏လက်ထဲမှ ဓားများသည် သွေးများ ပေကျံနေသည်။

သူတို့၏မျက်လုံးများတွင်လည်း ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်ထွက်နေ၏။

ပေအင်း စိတ်ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအနေဖြင့် ရန်သူကို သူသေကိုယ်သေ ယှဉ်ပြိုင်တိုက်ခိုက်ရင်းသာ သေဆုံးလိုသည်။

ယခုလို ပြန်လည်တိုက်ခိုက်ခြင်း မပြုရဘဲ အသက်မသေဆုံးလိုပါ။

သို့သော် သူမသည် မည်သည့်နည်းနှင့်မျှ အိပ်ရာမှထ၍ တိုက်ခိုက်ခြင်း မပြုနိုင်ပါချေ။

ထိုစဉ်မှာပင် ...

ပေအင်း၏နံဘေးမှ အထိန်းတော်နှစ်ယောက်တို့က သတိဝင်လာကြပြီး ကျူးကျော်ဝင်ရောက်လာသူသုံးယောက်အား တစ်ပြိုင်နက်တိုက်ခိုက်လိုက်ကြတော့၏။

ပြင်းထန်လွန်းသော တိုက်ခိုက်မှုများကြောင့်ပင် ရောက်လာကြသောရန်သူသုံးယောက်သည် ချက်ချင်းပင် အခန်းအပြင်ဘက်သို့ ပြန်လည်ဆုတ်ပေးလိုက်ကြရသည်။

နောက်ထပ် ရန်သူငါးယောက်ခန့် ထပ်မံရောက်ရှိလာသောအခါတွင်မူ အထိန်းတော်နှစ်ယောက်မှာ မည်သို့မျှ မတတ်နိုင်တော့ပါချေ။

သူမတို့ နှစ်ယောက်သည် သခင်မလေး ပေအင်းအတွက် အသက်အသေခံရန်မှတစ်ပါး ရွေးချယ်ရန်လမ်း မရှိတော့ပါ။



ထိုတဒင်္ဂအချိန်အတွင်းမှာပင် ...

"ယား ..."

ညာသံပေးသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခုက ပြေးဝင်ရောက်လာတော့သည်။

တစ်ဆက်တည်းမှာပင် ...

ထိုလူရိပ်သည် အထိန်းတော်နှစ်ယောက်နှင့် တိုက်ခိုက်နေသောသူများအား တရကြမ်း ဝင်ရောက်တိုက်ခိုက်လေတော့၏။

"ဝုန်း ..."

"အား ..."

"အွန့် ..."

ဆူညံသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အခြေအနေကြောင့် သတိလွတ်ဖြစ်သွားမိကြသော ရန်သူသုံးယောက် လဲကျသေဆုံးသွားကျန်လူများကနောက်သို့ အနည်းငယ်ဆုတ်သွားကြသည်။

ဝင်ရောက်တိုက်ခိုက်လာသူကို တွေ့လျှင် အထိန်းတော်နှစ်ယောက် ဝမ်းသာသွား၏။

နှုတ်မှလည်း ဝမ်းသာအားရဖြင့် ...

"ဘွားဘွားစုရန်း ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြိုင်တူလွှတ်ခနဲ ခေါ်လိုက်မိသည်။

မှန်ပေသည်။

ဝင်ရောက်တိုက်ခိုက်လာသူမှာ အေးစိမ့်အဘွားအို စုရန်းပင် ဖြစ်သည်။

အဘွားအိုစုရန်းက တုံ့ဆိုင်းမနေပါ။

ရန်သူများနောက်သို့ ဆုတ်ခွာသွားသည်နှင့် တစ်ပြိုင်နက် သခင်မလေး ပေ့အင်းကို ပွေ့ချီလိုက်ပြီး ပြတင်းပေါက်မှ အခန်း အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့သည်။

ချက်ချင်းလိုပင် အထိန်းတော်နှစ်ယောက်ကလည်း ခုန်ထွက် လိုက်ကြသည်။

"ဝှစ် ... ဝှစ် ... ဝှစ် ..."

ရန်သူတစ်ယောက်က ချက်ချင်းပင် လက်နက်ပုန်းကလေး ဖြင့် ပစ်လွှတ်လိုက်တော့၏။

"အင့် ..."

ဟူသော အသံတစ်ချက် ကြားလိုက်ရပြီး သခင်မလေးပေ့အ နှင့် အထိန်းတော်သုံးယောက်သည် အမှောင်ထုအတွင်းသို့ ဝင်ရော ပျောက်ကွယ်သွားကြလေတော့သည်။

✧ ♣ ✧

## အသက်ဘေးမှ လက်တစ်ကမ်းကွာ

"ဝှစ် ..."

လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် ..

ကျင်သောဝေဒနာတစ်ရပ် ခံစားလိုက်ရ၏။

အေးစိမ့်အဘွားအို စုရန်း၏အတွေးများသည် ရပ်ဆိုင်းသွား သည်။

ခရမ်းရောင်ခြံဝင်း တိုက်ပွဲတွင် သူမ၏ လက်ဝဲဘက်လက်ဖြ က်ပုန်းတစ်ခု ထိမှန်ခဲ့သည်။

ထို့ကြောင့်လည်း ...

ခု မေတ္တာမဲ့သုံးဖော်နှင့် တိုက်ခိုက်လိုက်သောအခါ သူမတွင် ချက်များ ဖြစ်ပေါ်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ...

ထိုအားနည်းချက်များသင် သူမ၏အသက်ကိုပင် သေဆုံးသွားနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့် ...

အမှတ်နှစ်၏ဓားသည် သူမ၏ယာက်ပခုံးသို့ ထိုးစိုက်နိုင်ခဲ့လေသည်။

မည်သို့ဆိုစေ ...

ယခု သူမ၏လက်နှစ်ဘက်စလုံးတွင် ဒဏ်ရာများ ရရှိထားပြီဖြစ်သည်။

အမှတ်တစ်က တင်းမာသော လေသံဖြင့် ...

"ပေ့အင်း ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

အဘွားအိုစုရန်း ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

မည်သည့် အဖြေမျိုးမှ ပြန်ပေးမနေပါ။

အမှတ်တစ်၏မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သောအရိပ်အယောင်များ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင် ...



သူ၏လက်သည် တစ်ချက်မျှ လှုပ်ရှားသွားပြီး ဓားဖြင့် အဘွားအိုစုရန်း၏ရင်ဝသို့ စိုက်ချလိုက်သည်။

"အား ..."

ရုတ်တရက် ...

စူးရှသောအော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

ထို့နောက်တွင်မူ အမှတ်တစ်၏လက်ထဲမှ ဓားသည် လွတ်ကျသွားတော့၏။

သူသည် ဒဏ်ရာရထားသောလက်အား ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်သွားလေသည်။

အမှတ်နှစ်နှင့် အမှတ်သုံးတို့ ထိတ်လန့်သွားကြသည်။

အမှတ်တစ်၏ ဒဏ်ရာရသွားသော လက်ကိုလည်း လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ...

အမှတ်တစ်၏လက်တွင် ကြေးပြားတစ်ပြား စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

အဘွားအို စုရန်းမှာလည်း မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ထိုစဉ်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး၏ အမြင်အာရုံအတွင်းသို့ လမ်းကျဉ်းကလေး အတိုင်း လူတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✧ ✤ ✧

လမ်းကျဉ်းကလေးထဲသို့ လူတစ်ယောက် တစ်လှမ်းချင်းဝင်ရောက်လာသည်။

သူ၏မုံဟန်မှာ ရဲရင့်လှသော အသွင်သဏ္ဍာန်မျိုးရှိနေသော်လည်း သူဝတ်ဆင်ထားသော အဝတ်အစားများမှာ အရောင်အဆင်းမှေးမှိန်နေ၏။

ထိုသူမှာ အသက်နှစ်ဆယ်ဝန်းကျင်မျှသာ ရှိသေးသော လူရွယ်တစ်ယောက်ပင် ဖြစ်လေသည်။

အမှတ်တစ်သည် လူရွယ်ကိုမြင်လိုက်ရသောအချိန် ခဏမှာပင် သူ၏ရင်ထဲ၌ ဖော်မပြနိုင်သော အေးစိမ့်မှုမျိုး ဖြစ်ပေါ်လာလေသည်။

တကယ်တော့ သူ၏ ကြေးစားသက်တမ်း တစ်လျှောက်တွင် ဤကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ဘူးပါချေ။

သူသည် လက်တွင်းသို့စိုက်ဝင်နေသော ကြေးပြားကလေးအား တစ်ချက်ကြည့်လိုက်မိ၏။



ထို့နောက် ...

အသာအယာ ပြုံးလိုက်ပြီး ...

"မိတ်ဆွေက မဆိုင်တဲ့ကိစ္စ ဝင်ရှုပ်တာကိုး"

လူရွယ် ခေါင်းခါယမ်းလိုက်သည်။

သူ၏ ယူဆချက်ကိုလည်း တင်ပြလိုက်သည်။

"မဆိုင်ဘူးဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့က ...ယောက်၊ သူက တစ်ယောက်တည်း မဟုတ်လား"

သူ၏စကားကြောင့် အမှတ်နှစ်က ဒေါပွသွားသည်။

အေးကိအေးစက် လေသံဖြင့် ...

"ကျုပ်တို့ မေတ္တာမဲ့သုံးဖော်နဲ့ မင်းနဲ့ ဘယ်လိုများ ပတ်သက်...လို့လဲ"

ဟု မေးလိုက်သည်။

လူရွယ် ခေါင်းခါယမ်းလိုက်ပြန်သည်။

သူသည် အနီး၌ရှိနေသော အဘွားအိုစုရှန်းအား ညွှန်ပြကာ ...

"ခင်ဗျားတို့နဲ့ ကျုပ် ဘယ်လို ပတ်သက်မှုမျိုးမှ မရှိပါဘူး၊ ...ကျုပ်က မတရားတာ မြင်ရင် မနေတတ်လို့ပါ"

ရုတ်တရက် ...

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာမဲ့သုံးဖော်၏ မျက်နှာတွင် အေးစက်သော အပြုံးရိပ်များ ဖြစ်ပေါ်လာသည်။

အမှန်စင်စစ် ...

မေတ္တာမဲ့သုံးဖော်ဟု ကျော်ကြားနေသော သူတို့၏ ယခုလိုမျိုး အပြုံးသည် ရန်သူအား ပြတ်ပြတ်သားသား ရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချပြီးချိန်တွင် ဖြစ်ပေါ်လေ့ရှိကြောင်း အဘွားအိုမုရန်းက နားလည်လိုက်သည်။

ချက်ချင်းမှ တကယ့်ကို ချက်ချင်းဖြစ်သည်။

အမှတ်သုံး၏ဓားသည် လူရွယ်၏ခြေထောက်ကို ခုတ်ချလိုက်ပြီး၊ အမှတ်နှစ်၏ဓားက လူရွယ်၏ဦးခေါင်းသို့ တိုက်ခိုက်လိုက်၏။

တစ်ဆက်တည်းမှာပင် ...

အမှတ်တစ်က လူရွယ်၏ရင်ဝသို့ ဓားပျံနှစ်လက်ဖြင့် ပစ်လွှတ်လိုက်လေသည်။

အဖြစ်အပျက်မှာ လျှပ်ပြက်သလိုပင် ...

"ဝုန်း ..."

"ဝုန်း ..."

ကျယ်လောင်သောအသံများနှင့်အတူ အမှတ်နှစ်နှင့် အမှတ်သုံးတို့၏ ခန္ဓာကိုယ်များသည် အဝေးသို့ လွင့်စဉ်သွားကြတော့၏။



သို့သော် ...

အမှတ်သုံးက လဲကျနေရာမှ ချက်ချင်း လူးလိမ့်ထလိုက်သည်။

အမှတ်နှစ်မှာမူ ပြန်လည်ထနိုင်စွမ်း မရှိတော့ပါချေ။

အမှတ်သုံးသည် မယုံကြည်နိုင်စွာဖြင့် လူရွယ်အား ကြည့်လိုက်သည်။

သူ၏နှုတ်မှလည်း ထစ်ထစ်ငေါ့ငေါ့ဖြင့် ...

"ဟင် ... မင်း ... မင်း ..."

တကယ်တမ်းတွင်မူ သူသည် စကားဆုံးအောင်ပင် ပြောနိုင်စွမ်းမရှိတော့ပါ။

ပါးစပ်မှသွေးများ ယိုစီးကျလာပြီး လဲကျ သေဆုံးသွားလေတော့သည်။

မယုံကြည်နိုင်စရာ အဖြစ်အပျက်ကိုကြည့်ပြီး အမှတ်တစ်၏ ခက်လုံးအစုံ ပြူးကျယ်သွားသည်။

သူ၏ဓားပျံနှစ်လက်သည် အဘယ်ကြောင့် ပျောက်ဆုံးသွားသည်ကိုလည်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

သို့သော်လည်း ထိုအဖြေကို သူက ချက်ချင်းပင် ရရှိသွား၏။

အကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က သူ့အား ပြုံးပြလိုက်ပြီး ယာဘက်လက်အား ဖြန့်ပြလျှင် သူ၏ဓားပျံနှစ်လက်ရှိနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ပင်။

အမှတ်တစ်သည် တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသည့် ထိတ်လန့်ကြောက်ရွံ့ခြင်းမျိုး ဖြစ်ပေါ်ခံစားလာမိသည်။

သူက လူရွယ်အား မျက်လုံးအပြူးသားဖြင့် ကြည့်နေမိသည်။

လူရွယ်က လက်ထဲမှ ဓားပျံနှစ်လက်အား တစ်ချက်ကြည့်ပြီး ...

"ခင်ဗျားရဲ့ဓားကလေးတွေကို ခင်ဗျားပဲ ပြန်ယူထားရင်ကောင်းမယ်ဗျ"

ဟု အေးတိအေးစက် လေသံဖြင့် ပြောလိုက်၏။

ထို့နောက် ...

လက်ကို ဝှေ့ယမ်းလိုက်သည်။

ဝင်းလက်သော အလင်းရောင်တန်းများ ရုတ်ခြင်း ဖြစ်ပေါ်လာလေသည်။

အမှတ်တစ် အထိတ်တလန့် ဖြစ်သွားသည်။

သူက ချက်ချင်းပင် နောက်သို့ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်လေသည်။

သို့သော် ...



သူ မရှောင်တိမ်းနိုင်မီမှာပင် ဓားပျံနှစ်လက်သည် သူ၏ရင်ဝအား ထိုးဖောက်သွားတော့သည်။

"အား ..."

အမှတ်တစ်သည် နာကျင်စွာအော်ဟစ်လိုက်ပြီး လဲကျသွားတော့သည်။

ထို့နောက် ...

တုတ်တုတ်မျှ မလှုပ်တော့ပါချေ။

အမှတ်တစ် သေဆုံးသွားသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် လမ်းကျဉ်းကလေးထဲသို့ လူအများပြေးဝင်လာသည်ကို တွေ့မြင်လိုက်သည်။

"ဟင် ..."

ထိုလူများကိုကြည့်ပြီး လူရွယ် ထိတ်လန့်သွားသည်။

နှုတ်မှလည်း အလန့်တကြားဖြင့် ...

"ဟိုက် ... ဒုက္ခပဲ"

သူသည် ယင်းသို့ရေရွတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက်တည်း အဘွားအိုစုရန်းအား ကြည့်လိုက်သည်။

အဘွားအိုစုရန်းမှာ ယခုတိုင် ကြက်သေသေကာ လူရွယ်အား ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွှယ်က အဘွားအိုစုရန်း၏လက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်ပြီး ...

"လာ ... ဒီက မြန်မြန်သွားကြစို့"

အလောတကြီးပြောလိုက်ပြီး ထိုနေရာမှ တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေတော့သည်။

✧ ✤ ✧

# ရေကန်အသင့် ကြာအသင့်

နာမည်ကျော် ကြေးစားသုံးဖော်မှာ အမည်မသိ လူရွှယ်၏ လက်ချက်ဖြင့် သေဆုံးသွားကြပြီ ဖြစ်သည်။

သူတို့ လဲလျောင်းရာ လမ်းကျဉ်းကလေးသည်လည်း အဝေးသို့ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

လူရွှယ်၏ လျင်မြန်မှုကိုကြည့်ပြီး အဘွားအိုစုရန်းက အံ့ဩနေသည်။

ထိုလူရွှယ်၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်ပင် ကျော်လွန်နေပြီဖြစ်ကြောင်း ဆင်ခြင်မိလိုက်လေသည်။

ထို့အပြင် ...

လူရွှယ်အသုံးပြု တိုက်ခိုက်လိုက်သော သိုင်းကွက်များကိုလည်း သူမက စဉ်းစားတွေးခေါ်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တော့ အမှတ်သုံးကို ကန့်ထုတ်လိုက်သော သိုင်းကွက်သည် သံမဏိဂေဟာမှ 'သံခြေထောက်' သိုင်းကွက် ဖြစ်သည်။

သို့သော် ...

အမှတ်နှစ်ကို ရိုက်ချလိုက်သော လက်ဝါးမှာမူ ဘီလူးရဲတိုက်၏ မူပိုင်သိုင်းကွက်ဖြစ်သော 'ဘီလူးလက်' သိုင်းကွက် ဖြစ်နေပြန်သည်။

တစ်ဖန် ...

အမှတ်တစ်ထံသို့ ဓားပါးငယ်နှစ်လက်ကို ပစ်လွှတ်လိုက်သော အခါတွင်မူ ...

ခရမ်းရောင်ခြံဝင်း၏ ထိပ်တန်းသုံးကွက်မှ တစ်ကွက်အပါအဝင်ဖြစ်သော 'ဝိဉာဉ်မဲ့' သိုင်းကွက်ကို အသုံးပြုပြီး လက်ညှိုးဖြင့် တောက်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ထိုလူရွယ်သည် အဘယ်ကြောင့် သိုင်းလောကတွင် ကျော်ကြား သောအဖွဲ့ကြီး လေးဖွဲ့မှ အစွမ်းထက်မြက်သော သိုင်းကွက်များကို တတ်မြောက်ထားရပါသနည်း။

သူမသည် ယင်းသို့ တွေးတောနေစဉ်မှာပင် လူရွယ်က ပြေးလွှားနေသော ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

✧ ✤ ✧



လူရွယ် ခြေလှမ်းရပ်လိုက်ပြီ ဖြစ်သည်။

သူကပြုံး၍ အဘွားအိုစုရန်းအား ကြည့်လိုက်၏။

အေးစိမ့်အဘွားအို စုရန်းကမူ အေးစက်စွာဖြင့် လူရွယ်အား ပြန်ကြည့်လိုက်သည်။

ထိုသို့ ကြည့်နေရင်းမှလည်း ယင်းလူရွယ်မှာ အဝတ်အစားများ ဆောင်းနွမ်းဟ တစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေသော်လည်း ခံ့ညားချောမောသော လူရွယ်တစ်ယောက်ဖြစ်ကြောင်းကို အကဲခတ်မိလိုက်လေသည်။

အေးစိမ့်အဘွားအိုစုရန်းက စတင်မေးမြန်းလိုက်လေသည်။

"မင်းက ဘယ်သူလဲ"

လူရွယ်က ဖြေလိုက်သည်။

"ကောင်းစုဟာန်ပါ"

အဘွားအိုစုရန်းက သူမ၏ ဒဏ်ရာရရှိထားသော လက်နှစ်ဘက်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ...

"မင်းက ဘာလိုချင်လို့ ကျုပ်ကို အခုလို ကယ်တင်ရတာလဲ"

ထိုအမေးကြောင့် ကောင်းစုဟာန်က ပြုံးလိုက်ပြီး ...

"ဘာကိုလိုချင်လို့မှ မဟုတ်ဘူး၊ စိတ်ထဲမှာ မတရားဘူးထင်လို့ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစုရန်းက မယုံနိုင်သေးပါ။

ကောင်းစုဟန်အား စေ့စေ့ကြည့်ရင်း ...

"ဒါဖြင့် မင်းက ကျုပ်ကို တကယ့်ကို ကယ်တင်ခဲ့တာပေါ့"

ကောင်းစုဟန် မျက်မှောင်ကြုတ်သွားသည်။

မကျေမနပ်ဖြင့်လည်း ဘုတောပစ်လိုက်သည်။

"ဘာလဲ ... ကျုပ်က ခင်ဗျားဆီက တစ်ခုခုကို အလိုရှိနေတယ်လို့များ ထင်နေသလား"

အဘွားအိုစုရန်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

ယခုတော့မှ ထိုလူရွယ်မှာ ရိုးသားပွင့်လင်းသော လူငယ်တစ်ယောက်ဖြစ်ကြောင်း သူမရိပ်စားမိလိုက်ချေပြီ။

ထို့ကြောင့် ...

ချိုသာစွာ ပြုံးလိုက်ပြီး ...

"ကျုပ်က မင်းရဲ့စေတနာကို စော်ကားမိတယ်ဆိုရင် ခွင့်လွှတ်ပါ၊ ဒါပေမယ့် ..."

ကောင်းစုဟန်က ကြားဖြတ်ပြီး မေးလိုက်၏။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဒါပေမယ့် မင်း အသုံးပြုခဲ့တဲ့ သိုင်းကွက်တွေဟာ တော်တော့်ကို ထူးခြားလို့ ကျုပ်အနေနဲ့ မင်းကို သံသယရှိမိတာပါ"



ထိုအခါ ...

ကောင်းစုဟန်က ပြုံးလိုက်ပြီး ...

"ကဲ ... ဒါတွေထားလိုက်ပါတော့ဗျာ၊ အခု ကျုပ်က ခင်ဗျားကို ဘယ်လိုက်ပို့ပေးရမလဲ၊ တကယ်လို့ လိုက်ပို့ဖို့မလိုအပ်ရင် ကျုပ်လည်း သွားစရာရှိသေးတယ်"

အဘွားအိုစုရန်း ခေါင်းခါယမ်းလိုက်သည်။

"လိုက်ပို့စရာ မလိုတော့ပါဘူးကွယ်၊ ဒီလောက်ကူညီတာပဲ ကျေးဇူးတင်လှပါပြီ"

ကောင်းစုဟန်က ခေါင်းညိတ်၍ အသိအမှတ် ပြုလိုက်ပြီး ...

"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါ"

သူသည် ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ ထိုနေရာမှ ထွက်သွားရန် ဟန်ပြင်လိုက်တော့၏။

ရုတ်တရက် ...

"ခဏနေပါဦး"

ခြေလှမ်းပြင်နေသော ကောင်းစုဟန်အား အဘွားအိုက ဟန့်တားလိုက်သည်။

အမှန်တော့ သူမက ထိုထူးခြားသောလူရွယ်၏ အကြောင်းကို အနည်းငယ်မျှ သိလိုသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုရဲ့ အပြုအမူကြောင့် ကောင်းစုဟန် အံ့သြသွား၏။

သူသည် အဘွားအိုအား ပြန်လှည့်ကြည့်လိုက်ပြီး ...

"ဘာများ ပြောစရာကျန်နေသေးလို့လဲ"

ဟု မေးလိုက်၏။

အဘွားအိုစုရန်းက ကောင်းစုဟန်အား အကဲခတ်ကြည့်ကာ မေးလိုက်သည်။

"မင်းက ဘယ်သွားမှာလဲ"

ကောင်းစုဟန်က ...

"နိုင်ဖုံးမြို့ကိုပါ"

နိုင်ဖုံးမြို့ဟူသော စကားကြောင့် အဘွားအိုစုရန်း အံ့သြသွားလေသည်။

"နိုင်ဖုံးမြို့က အဝေးကြီးမှာဆိုတာ မင်း သိသလား"

ကောင်းစုဟန်က ခပ်ယဲ့ယဲ့ပြုံး၍ ...

"ကျုပ်က ဝေးတာနီးတာ ဘာမှမသိဘူး၊ နိုင်ဖုံးမြို့ကိုရောက်သွားရင် ပြီးတာပါပဲ"

အဘွားအိုစုရန်းက စပ်စုလိုက်ပြန်သည်။

"မင်းမှာ ဘာအရေးကြီးတဲ့ ကိစ္စတွေရှိနေလို့လဲ"

ကောင်းစုဟန် သက်ပြင်းတစ်ချက်ချကာ ...



"ကျုပ်ရဲ့အရေးကိစ္စ မဟုတ်ပါဘူးဗျာ၊ ကျုပ်ကို လူတစ်ာက်က ပို့ခိုင်းလိုက်တဲ့ စာကို သွားပို့ပေးမလို့ပါ"

ဟု ဖြေကြားလိုက်၏။

အဘွားအိုစုရန်းက ထပ်မေးလိုက်သည်။

"ဘယ်သူ့ဆီကို သွားပို့ပေးရမှာလဲ"

အမေးအဖြန်းထူလှသော အဘွားအိုအားကြည့်ပြီး ကောင်းစုာ တွေဝေသွားသည်။

သူက ဖြေသင့်မဖြေသင့် စဉ်းစားချင့်ချိန်နေပုံ ရလေသည်။

အဘွားအိုစုရန်းက ပြုံးလိုက်ပြီး ...

"မင်းက ကျုပ်အသက်ကို ကယ်ခဲ့တော့ ကျုပ်က မင်းကို ချင်လို့ပါ၊ တကယ်ဆို ကျုပ်က နိုင်ဖုံးမြို့ကလာခဲ့တာပါပဲ"

ထိုစကားကြားရသောအခါ ကောင်းစုဟန်၏မျက်လုံးများသည် က်သွားတော့၏။

သူက လက်နှစ်ဖက်ဆုပ်လိုက်ပြီး သူသိလိုရာကို မေးမြန်းတော့သည်။

"ဒီလိုဆိုရင် ကျုပ်ကို ကျေးဇူးပြုပြီး ခရမ်းရောင်ခြံဝင်း ဘယ်ယ်ဆိုတာ ပြောပြပါဗျာ"

သူ၏အမေးစကားကြောင့် အဘွားအိုစုရန်း ထိတ်လန့်သွား၏။

www.burmeseclassic.com



သို့သော် ...

ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်ပြီး ...

"မင်းက ခရမ်းရောင်ခြံဝင်းကို ဘာသွားလုပ်မလို့လဲ"

ဟု ပြန်မေးလိုက်၏။

ကောင်းစုဟန်က ရိုးသားမွင့်လင်းစွာ ဖြေဆိုလိုက်၏။

"သခင်မလေး ပေ့အင်းကို စာတစ်စောင်သွားပို့ပေးမလို့ပါ"

ထိုစကားကြားလျှင် အဘွားအိုစုရန်းက စိတ်ဝင်စားသွားမိလေသည်။

အလောတကြီးလည်း မေးလိုက်၏။

"ဘယ်သူက ပို့ခိုင်းလိုက်တာလဲ"

သို့သော် ...

ကောင်းစုဟန်က ပါးစပ်ပိတ်ထားလိုက်သည်။

ထိုမေးခွန်းကိုတော့ သူ မဖြေနိုင်ပါချေ။

အဘွားအိုစုရန်းက ဟန်ဆောင်ပြုံး ပြုံးလိုက်ပြီး ...

ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ်မေးမြန်းလိုက်တော့၏။

"ဧကန္တ ... မင်းက သခင်မလေးပေ့အင်းကို သွားပြီး ဒုက္ခပေးမလို့ထင်တယ်"

ထိုစကားကြောင့် ကောင်းစုဟန် ဒေါသထွက်သွားလေသည်။



သူက ဒေါသတကြီးဖြင့် ...

"ပေ့အင်း ဘယ်သူလဲဆိုတာ ကျုပ်သိလည်း မသိဘူး၊ မြင်သည်း မမြင်ဖူးဘူး၊ ဘာကြောင့် သူ့ကိုသွားပြီး ဒုက္ခပေးရမှာလဲ"

ဟု အောဟစ်လိုက်မိလေသည်။

အဘွားအိုစုရန်းက အေးဆေးစွာဖြင့် ...

"အခုတလော သိုင်းလောကမှာ ပေ့အင်းကို ဒုက္ခပေးလိုတဲ့သူတွေ သိပ်ကိုပေါနေလို့ မေးမိတာပါကွယ်"

အဘွားအို၏အပြောကြောင့် ကောင်းစုဟန် ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

ပြီးမှ အထိတ်တလန့်ဖြင့် ...

"ခင် ... ခင်ဗျား တကယ်ပြောတာလား"

ဟု မေးလိုက်၏။

အဘွားအိုစုရန်း ခေါင်းညိတ်ပြလိုက်၏။

"တကယ်ပေါ့"

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ ကျုပ်ကသူ့ကို အမြန်ဆုံး ကယ်တင်ရမယ်ဗျ"

သူသည် ပြောပြီးသည်နှင့် ထိုနေရာမှ ထွက်ခွာသွားလေသည်။

"နေဦးလေ ..."

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစုရှန်း ဟန့်တားလိုက်ပြန်သည်။

ကောင်းစုဟန် ဒေါသထွက်သွားသည်။

သူက စိတ်မရှည်နိုင်စွာဖြင့် ...

"ဒီမှာ ခင်ဗျား ဘာပြောချင်သလဲ၊ မြန်မြန်ပြောပါ၊ ခင်ဗျားရဲ့ ဟန့်တားမှုကြောင့် ပေ့အင်းသာ ဒုက္ခရောက်သွားရင် ခင်ဗျား မလွယ်ဘူးသိလား"

ဟု အော်ငေါက်လိုက်သည်။

သူကသာ ဒေါသကြီးနေသလောက် အဘွားအိုစုရှန်းမှာ အေးအေးဆေးဆေးပင် ...

ကောင်းစုဟန်အား ပြုံးပြရင်း ...

"ဒီကမ္ဘာလောကကြီးထဲမှာ ပေ့အင်း ဘယ်မှာရှိသလဲဆိုတာ သိတဲ့လူ တစ်ယောက်ပဲ ရှိတယ်"

သူမ၏ ပဟေဠိဆန်ဆန်စကားကြောင့် ကောင်းစုဟန် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

ပြီးမှ ...

အဘွားအိုအား တစ်ချက်ကြည့်ကာ ပါးစပ်ပိတ်ထားလိုက်၏။

မည်သည့်စကားမျှ မမေး။

ဘာမှလည်း ပြန်ပြောမနေတော့။



အဘွားအိုစုရှန်း စကားဆက်လိုက်သည်။

"အဲဒီလူဟာ ဘယ်သူလဲဆိုတာ မင်းသိသလား"

ကောင်းစုဟန်က ရှုရှုအောင့်အောင့်ဖြင့် ...

"ကျုပ် မသိဘူး"

အဘွားအိုစုရှန်းက အေးစက်စွာ ပြန်ပြောလိုက်လေသည်။

"ကျုပ်ပေါ့ ..."

ထိုခဏမှာပင် ...

"ဗျာ ..."

ကောင်းစုဟန်သည် အံ့သြလွန်း၍ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဖောက်အတွက် အခမဲ့

မြို့ငယ်လေးဖြစ်သောကြောင့် လမ်းများသည် ကျဉ်းမြောင်းလှပေသည်။

သို့သော် ...

လမ်းကျဉ်းကလေးများသည် လွန်စွာ များပြားရှုပ်ထွေးလှစွာ ရှိနေ၏။

ယခု အဘွားအိုစုရန်းက ရှေ့မှလျှောက်သွားနေသည်။

ကောင်းစုဟာန်ကမူ အဘွားအိုနောက်မှ တကောက်ကောက်လိုက်ပါနေ၏။

မကြာမီ ...

သူတို့သည် လူခြေတိတ်ဆိတ်သော မြို့ပြင်သို့ ရောက်ရှိလာလေသည်။

အဘွားအိုနောက်သို့ တမျှော်တခေါ်ကြီး လျှောက်လိုက်နေမိရာမှ ကောင်းစုဟာန် မျက်မှောင်ကြုတ်သွားမိသည်။

အမှန်စင်စစ် ...

ဤအဘွားအိုသည် မည်သူမည်ဝါဟူ၍ တည့်တည့်ပပ သူမသိပါ။

သူ့ရင်ထဲ၌ သံသယမေးခွန်းတစ်ခုက သိုင်းခြုံလာသည်။

အကယ်ပင် အဘွားအိုသည် ပေ့အင်း ရှိနေနိုင်မည့်နေရာကို သိရှိနိုင်မည်လော။

ထိုစဉ်မှာပင် ...

မြို့ပြင်တောစပ်အနီး သေးငယ်သော အိမ်ကလေးတစ်လုံးအား တွေ့မြင်လိုက်ရလေသည်။

ထိုနေရာသို့ ရောက်လာကြသောအခါ အဘွားအိုစုရန်းက မြို့ လိုက်ပြီး ...

ပေ့အင်းက အဲဒီမှာ ရှိနေတယ်ကွယ့်"

ဟု ပြောလာသည်။

ကောင်းစုဟာန် အံ့သြသွားသည်။

မယုံမရဲဖြင့်လည်း မေးလိုက်မိ၏။

"ဒါ ... ခင်ဗျား တကယ်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစုရန်းက တည်ကြည်စွာဖြင့် ...

"ကျုပ် မင်းကို လိမ်မပြောဘူးဆိုတာ မင်းက ယုံကြည်ထားစမ်းပါ"

ကောင်းစုဟန်အား ထိုသို့ပြောဆိုလိုက်ပြီး ရုတ်တရက် သူမ၏ မျက်လုံးများသည် ဝိုင်းစက်သွားမိသည်။

အကြောင်းမှာ ...

အိမ်ငယ်ကလေးအား ဝန်းရံထားသည့် လူဆယ့်ငါးယောက်ခန့် ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

သူမက ကောင်းစုဟန်အား အားကိုးတကြီး ကြည့်လိုက်ပြီး ...

"ဟိုမှာ ရန်သူရောက်နေပြီ၊ ကျုပ်တို့ မြန်မြန်သွားမှဖြစ်မယ်"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် တစ်ဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

ကောင်းစုဟန် မနေနိုင်တော့ပါ။

အဘွားအို စုရန်းနောက်မှ လိုက်ပါ ပြေးလွှားသွားရတော့သည်။

✧ ✤ ✧



ကူးဝါး ပြုံးလိုက်သည်။

သူမ၏အပြုံးသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ခြင်းမျိုး ဖြစ်သည်။

တကယ်တော့ သူမသည် ရည်မှန်းချက်ကြီးမားသူတစ်ယောက် ဖြစ်သည်။

သူမ၏ဘဝတွင် သိုင်းပညာထက်မြက်ပြီး သိုင်းလောကတွင်လည်း ကျော်ကြားလိုသည်။

ထို့အပြင် ...

ငွေကြေးချမ်းသာမှုကိုလည်း အလိုရှိခဲ့သည်။

ထို့ကြောင့် ...

ခရမ်းရောင်ခြံဝင်း သခင်မလေး၏ အထိန်းတော်ဘဝဖြင့် နေ ထိုင်ရသည်ကို မပျော်ပိုက်ပါ။

သို့သော် ...

ခြံဝင်းပိုင်ရှင် ခရမ်းရောင်ဒေဝီပေ့ဟန်းကို မလွန်ဆန်ဝံ့သဖြင့် သာ ခေါင်းငုံ့နေခဲ့ရသည်။

သို့ဖြင့် ...

ခရမ်းရောင်ဒေဝီပေ့ယန်းသည် သိုင်းလောက ပထမနေရာ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ယှဉ်ပြိုင်ရန် နှင်းမြူတောင်သို့ ထွက်ခွာသွားပြီး တစ်လခန့် အကြာတွင်မူ ...

သူမထံသို့ လူတစ်ယောက် ရောက်ရှိလာခဲ့လေသည်။

ထိုနေ့ ထိုအချိန်မှစ၍ သူမ၏ဘဝသည်လည်း ပြောင်းလဲသွားခဲ့ရလေတော့သည်။

✧ ✤ ✧

'ခရမ်းရောင်ခြံဝင်းပိုင်ရှင်'

ဤအရိုက်အရာကို မည်သူက မဆက်ခံဘဲ နေနိုင်ပါမည်နည်း။

ထိုရာထူးနေရာအား ခရမ်းရောင်ခြံဝင်းမှ သိုင်းသမားမှန်သမျှ စိတ်ကူးယဉ်တောင့်တခဲ့ကြသည်။

အမှန်တော့ ခရမ်းရောင်ခြံဝင်းမှ သိုင်းသမားများသည် မိန်းမသားများ ဖြစ်ကြသည် မဟုတ်ပါလား။

**ယခုအချိန်တွင် ထိုအရိုက်အရာအား အမှန်တကယ် ရရှိနိုင်ရန်** အခွင့်အလမ်း ပေါ်ပေါက်လာပြီဖြစ်ရာ ကူးဝါးအနေဖြင့် မည်သူ့အပေါ်တွင်မဆို သစ္စာဖောက်ရန် ဝန်မလေးတော့ပါချေ။

ထို့ကြောင့် ...



သူမက ပေ့အင်းအား အဆိပ်ခတ်လုပ်ကြံလိုက်ပြီး ကြေးစားသိုင်းသမားများဖြင့် ခရမ်းရောင်ခြံဝင်းအား ဝင်ရောက်တိုက်ခိုက်စေခဲ့လေသည်။

သို့သော် ...

အေးစိမ့်အဘွားအိုစုရန်း၏ ကယ်တင်မှုကြောင့် ပေ့အင်း လွတ်မြောက်သွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ ...

ပေ့အင်းသည် သူမလက်မှ ကြာရှည်လွတ်ထွက်မသွားနိုင်ပါ။

ထို့အပြင် ...

အေးစိမ့်အဘွား အိုစုရန်းဆိုသည်ကလည်း သေဆုံးသွားရမည့်သူ ဖြစ်သည်။

ဤသို့ဆိုလျှင် ...

ကူးဝါးအား မည်သူက သစ္စာဖောက်ရန် သွေးဆောင်ခဲ့ပါသနည်း။

ထိုအကြောင်းအရာများကိုတော့ တခြားလူများထက် ပိုပြီး ...ါးတစ်ယောက်ကသာ သိရှိနိုင်တော့မည် ဖြစ်လေသည်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



မြို့ငယ်ကလေး၏ အတွင်းပိုင်းတွင်မှု တိမ်ပြာစားသောက်ဆိုင် ပိုင်ရှင်၏မျက်နှာသည် သုန်မှုန်နေ၏။

သူက စားသောက်ဆိုင်အတွင်းရှိ ထိုင်နေကြသော လူသုံး ယောက်အား လှမ်းကြည့်လိုက်ပြန်သည်။

ထိုလူသုံးယောက်သည် အခြားသူများ ထွက်ခွာသွားပြီးသည့် တိုင် ထိုက်လျက်ရှိနေကြသည်။

သူတို့ ထိုင်နေကြခြင်းကြောင့် ယခုအချိန်အထိ နောက်ထပ် စားသောက်မည့်သူများ ဝင်ရောက်မလာခြင်း ဖြစ်သည်ကို သူက နားလည်ထားလေသည်။

ထိုလူများသည် မည်ကဲ့သို့သောလူစားမျိုး ဖြစ်ကြသနည်း။

ထိုမေးခွန်းနှင့် တစ်ဆက်တည်းမှာပင် ယင်းလူများသည် သိုင်း လောကတွင် အလွန်ပင် ကြောက်မက်ဖွယ်ကောင်းသော လူစားမျိုး များ ဖြစ်ရမည်ဟု သူက ခန့်မှန်းမိလိုက်သည်။

မည်သို့ဆိုစေ ...

ထိုလူများ ဆိုင်အတွင်းမှ မြန်မြန်ထွက်ခွာသွားရန်သာ သူက ကျိတ်၍ ဆုတောင်းနေမိလေသည်။

ထိုစဉ်မှာပင် ...



အဖိုးတန် ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသောလူငယ်က ထိုင် ...မှ ထလိုက်သည်။

ထိုလူငယ်မှာ ရန်ကျားထိုက်ပင် ဖြစ်သည်။

သူသည် ကျိစန်းအား တစ်ချက်ကြည့်လိုက်ပြီး ...

"အခုချိန်လောက်ဆို ကျူပဲတို့လိုက်သွားလို့ရပြီဗျ"

ဟု လေသံအေးအေးဖြင့် ပြောလိုက်သည်။

သူ့စကားဆုံးသွားသည်နှင့် ကျိစန်းနှင့် အခြားလူသန်ကြီး ...ယောက်သည် ထိုင်ရာမှ ထလိုက်ကြပြီး မြင်တူလိုပင် ပြောလိုက် ...သည်။

"သခင်လေးရဲ့ အမိန့်အတိုင်းပါပဲ"

ထို့နောက် ...

သူတို့သုံးယောက်သည် ကျသင့်ငွေများရှင်းပေးပြီး စားသောက် ...အတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

ယခုအခါတွင်မှ စားသောက်ဆိုင်ပိုင်ရှင်က ဝမ်းသာသွားလေ

ရင်ထဲမှ အလုံးကြီးကျသွားသလို နေသာထိုင်သာ ရှိသွားလေ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်အတွင်းမှာလည်း တိမ်ပြာစားသောက်ဆိုင်အတွင်း၌ စားသောက်သူများနှင့် ပြည့်ကျပ်၍ သွားလေတော့သည်။

✧ ✤ ✧

ကူးဝါးကပြုံးလျက်ပင် ရှိနေသေးသည်။

သို့သော် ...

စင်းစင်းနှင့် စင်းလျှံတို့၏ မျက်လုံးများကမူ ဒေါသထွက်လွန်း၍ နီရဲနေကြသည်။

ကူးဝါးက ...

"ညီမတို့က ဒီလောက်လည်း ဒေါသထွက်မနေကြပါနဲ့လေ မမသာ ခရမ်းရောင်ခြံဝင်းပိုင်ရှင် ဖြစ်လာရင် ညီမတို့ကို မေ့မသွားပါဘူး"

ဟု လေပြည်ထိုးလိုက်၏။

အမှန်တော့လည်း ...

စင်းစင်း၊ စင်းလျှံ၊ ကူးဝါးနှင့် အေးစိမ့်အဘွားအို စုရုန်းတို့လေးယောက်သည် ခရမ်းရောင်ခြံဝင်း သူခင်မလေး ပေ့အင်း၏ အထိန်းတော်များ ဖြစ်ကြသည်။



ထိုလေးယောက်တွင် ...

အေးစိမ့် အဘွားအို စုရုန်းနှင့် ကူးဝါးတို့က သိုင်းပညာပိုမိုအက်မြက်ကြသည်။

သစ္စာဖောက် ကူးဝါးအားကြည့်ပြီး စင်းစင်းက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ရှင်က ဘယ်လိုလုပ်ပြီး ခြံဝင်းပိုင်ရှင်ဖြစ်လာရမှာလဲ၊ ဝေးပါသေးတယ်"

ဟု ပြောလိုက်၏။

စင်းလျှံကလည်း တင်းမာစွာဖြင့် ...

"ရှင်က သစ္စာဖောက်ဆိုတာ မမေ့နဲ့ဦး၊ တော်ကြာ ဘွားဘွားအေးစိမ့် ပြန်ရောက်လာရင် ရှင် အသက်ဆုံးရှုံးသွားနိုင်တယ်ဆိုတာ သိထား"

စင်းလျှံ၏စကားကို အတည်ပြုသည့်အနေဖြင့် စင်းစင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင်ကသာ အမြန်ဆုံးဒီနေရာက ထွက်ခွာသွားရင် အသက်သာလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ ...

သူမတို့နှစ်ယောက်၏ စကားများဆုံးသွားသောအခါ ကူးဝါးအားရပါးရ ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမကသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ ...

"ဩော် ... ညည်းတို့က အဘွားကြီးစရန်းကို စောင့်မျှော်နေကြတာကိုး"

သူမသည် စကားကို ခေတ္တရပ်နားလိုက်သည်။

ထို့နောက် ...

စင်းလျှံနှင့် စင်းစင်းတို့အား အေးစက်စွာစိုက်ကြည့်လိုက်ပြီး ...

"သူက အခုလောက်ဆို 'မေတ္တာမဲ့သုံးဖော်'ရဲ့ လက်ချက်နဲ့ မြေကြီးထဲတောင် ရောက်သွားလောက်ရောပေါ့"

"ရှင် ..."

သူမ၏ စကားဆုံးသွားသည်နှင့် စင်းစင်းနှင့်စင်းလျှံတို့ ထိတ်လန့်သွားသည်။

မည်သို့ ပြန်လည် ခွန်းတုန့်ပြန်ရမည်မှန်းပင်မသိဘဲ ဖြစ်သွားကြတော့သည်။

နှစ်ယောက်စလုံး ငြိမ်သက်နေစဉ် ကူးဝါးက ဆက်ပြောလိုက်ပြန်သည်။

"ကဲ ... ညည်းတို့သခင်မလေးကို ထုတ်ပေးမလား၊ ဒါမှမဟုတ် အသက်အသေခံမလား"

ထိုခြိမ်းခြောက်စကားကြောင့် စင်းစင်းက ပြုံးလိုက်သည်။



ထို့နောက် ...

ပြတ်သားသောလေသံဖြင့် ပြောလိုက်သည်။

"ရှင့်လို လူယုတ်မာရဲ့လက်ထဲကို ဘယ်တော့မှ ကျွန်မတို့ရဲ့ သခင်မလေး ရောက်မလာဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ"

ကူးဝါး ဒေါသထွက်သွားသည်။

သူမသည် လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ ...

အိမ်ငယ်ကလေးအား ဝိုင်းရံထားကြသော ကြေးစားသိုင်းသမားသည် အိမ်ပေါက်ဝအား ပိတ်ဆို့ရပ်တန့်နေကြသည့် စင်းစင်းနှင့် စင်းလျှံတို့အား ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေတော့သည်။

"ယား ..."

ရုတ်တရက် ...

ညာသံတစ်ချက် ထွက်ပေါ်လာပြီး လူရိပ်တစ်ခုက တိုက်ပွဲအတွင်းသို့ ဝင်ရောက်လာသည်။

ထိုလူရိပ်သည် အဟုန်ပြင်းထန်စွာဖြင့် ကြေးစားသိုင်းသမားအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

"ဝုန်း ..."

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ..."

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ထိုလူ၏အရှိန်အဟုန် ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ကြေး စားသိုင်းသမားများထဲမှ အချို့မှာ လဲကျသေဆုံးသွားပြီး အချို့မှာ အဝေးသို့ လွင့်စဉ်သွားကြကာ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

လုံးဝ မျှော်လင့်မထားသော အဖြစ်အပျက်ကြောင့် စင်းစင်းနှင့် စင်းလျှံတို့က အံ့သြသွားမိကြသည်။

ကူးဝါး၏ မျက်လုံးအစုံမှာလည်း ပြူးကျယ်၍သွားမိလေ သည်။

ထိုစဉ်မှာပင် ...

သူမ၏နောက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

"ကူးဝါး ... ညည်းတော့ သေနေ့စေ့ပြီလို့ပဲ ဆိုရမှာပေါ့လေ"

ထိုအသံကြားလိုက်ရသည်နှင့် ကူးဝါးက နောက်သို့ ချာ လှည့်ကြည့်လိုက်သည်။

သူမ၏ နောက်တည့်တည့်တွင်မူ ခရမ်းရောင်ဝတ်ဆင်ထား အံပင်များဖြူဖွေးနေသော အဘွားအိုတစ်ယောက်က တစ်လှမ်းချင် လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

သူမပါးစပ်မှ လွတ်ခနဲအော်လိုက်မိသည်။



"ဟင် ... အေးစိမ့်အဘွားအို စုရန်း"

သူမနည်းတူပင် စင်းစင်းနှင့် စင်းလျှံတို့ကလည်း ဝမ်းသာစွာ ပြိုင်တူခေါ်လိုက်ကြသည်။

"ဘွားဘွားစုရန်း"

အေးစိမ့်အဘွားအိုစုရန်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် း၏မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။

အေးစိမ့်အဘွားအို စုရန်း အသက်ရှင်နေနိုင်လျှင် မေတ္တာမဲ့ ဆိုသည့် ကြေးစားများက သေဆုံးသွားရမည်သာ ဖြစ်ပါသည်။

ယခုတစ်ကြိမ်တွင်မူ သူမ၏ခန္ဓာကိုယ်အတွင်းသို့ ထိတ်လန့် စိုးရိမ်ပူပန်မှုများက ဝင်ရောက်လာကြသည်။

ထစ်ထစ်ငေါ့ငေါ့ဖြင့်လည်း ပြောလိုက်မိ၏။

"ရှင် ... ရှင်က ..."

အေးစိမ့်အဘွားအိုစုရန်း ပြုံးလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က မသေဘဲ ကျုပ်ကိုသတ်ချင်တဲ့သူတွေ သေသွားကြတယ်"

သူမသည် ကောင်းစုဟန်ကို တစ်ချက်ကြည့်လိုက်ပြီး တစ်ဆုံး သချာစွာရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာမဲ့သုံးဖော်က တစ်ပြိုင်နက်တည်း သေသွားတယ်ဆိုတာ မဖြစ်နိုင်ဘူး"

သူမက ဖွတ်အတင်းပင် ငြင်းဆန်လာ၏။

အဘွားအိုစုရန်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

သူမက ကောင်းစုန်အား တစ်ချက်ကြည့်လိုက်ပြီး ကူးဝါးဘက်လှည့်ကာ ...

"အခု ကျုပ်တို့ ဒီကိုရောက်လာနေကြပြီ မဟုတ်လား၊ အခြေအနေမှန်ကို မင်းနားလည်သည့်တယ်"

ကူးဝါး မျက်စိမျက်နှာပျက်သွားသည်။

ယခုအခါတွင်မူ သူမက ကောင်းစုဟန်အား သတိပြု၍ ကြည့်မိလိုက်သည်။

အေးစိမ့်အဘွားအိုစုရန်းသည် မည်သည့်နည်းနှင့်မဆို မေတ္တာမဲ့သုံးဖော်၏ လက်မှ လွတ်မသွားနိုင်ဟု သူမက ယုံကြည်ထားလေသည်။

အေးစိမ့်အဘွားအိုစုရန်းနှင့် အတူပါလာသော ထိုလူရွယ်သည် မည်သူဖြစ်ပါသနည်း။

မေတ္တာမဲ့သုံးဖော်ကို တစ်ပြိုင်နက် သုတ်သင်ပစ်နိုင်သူမှာ ခေသူတစ်ယောက်မဟုတ်ကြောင်း သူမက ယုံကြည်လိုက်လေသည်။



ကူးဝါးက လှမ်းမေးလိုက်သည်။

"ဘာလဲ ... ရှင်က ကြေးစားလား"

သူမ၏လေသံမှာ အနည်းငယ် တုန်ယင်နေသည်။

ကောင်းစုဟန်က သူမအား မုန်းတီးစက်ဆုပ်စွာဖြင့် ကြည့်လိုက်သည်။

ကူးဝါး၏စကားကို အဖြေမပေးဘဲ နှုတ်ခမ်းတင်းတင်းစေ့ထားလေသည်။

ကူးဝါး ပြုံးလိုက်ပြီး ...

"ဒီမှာ ... ကျွန်က ငွေပိုပြီး ပေးနိုင်တယ်ဆိုတာ ရှင် သိထားဖို့ကောင်းတယ်ရှင့်"

ဟု စည်းရုံးလိုက်သည်။

ကောင်းစုဟန်က မည်သို့မျှ ပြန်မဖြေမီ အေးစိမ့်အဘွားအိုစုရန်းက ကြားဖြတ်ပြီး ဝင်ပြောလိုက်၏။

"သူက သစ္စာဖောက် လူယုတ်မာဆိုရင် အခကြေးငွေမယူဘဲ သုတ်သင်ပစ်တတ်တယ်လေ၊ ညည်းက သူ့ကို လိုချင်တယ်ဆိုရင် ဘာ ရပါတယ်"

ကူးဝါးက မဲ့ပြုံးပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ကျွန်မက သူ့ကိုငှားမယ်၊ ဒါပေမယ့် သူ့အလောင်းကိုပဲ ငှားမှာရှင့်"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် ကောင်းစုဟန်အား တိုက်ခိုက်လိုက်လေတော့သည်။

အမှန်စင်စစ် ...

ကူးဝါးသည် သိုင်းပညာအရာ၌ ခရမ်းရောင်ခြံဝင်းရှင် ပေ့ယန်းနှင့် သခင်မလေး ပေ့အင်းတို့မှလွဲ၍ မည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိပါ။

ထို့အပြင် ...

အေးစိမ့်အဘွားအို စုရန်းသည် သူမနှင့် သိုင်းပညာအဆင့်ချင်းကွာခြားမှုမကြီးမားဟု သူမက သိရှိထားသည်။

အကယ်၍သာ ...

ထိုလူငယ်သာ ဝင်ရောက်ကူညီခြင်းမရှိပါက သူမသည် အဆိပ်မိနေသော သခင်မလေး ပေ့အင်းအား သုတ်သင်ပစ်နိုင်ပြီး ဂိုဏ်းချုပ်နေရာကို ရရှိနိုင်မည်သာ ဖြစ်သည်။

ယခုတော့မူ ...

ထိုလူငယ်က ဝင်ရောက်လာသောအခါ အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရလေသည်၊



ထို့ကြောင့် ...

ကူးဝါးက ဒေါသကြီးစွာဖြင့် ကောင်းစုဟန်အား တိုက်ခိုက်လိုက်သည်။

သူမ၏တိုက်ကွက်များသည် ပြင်းထန်လှပြီး ရက်စက်ကြမ်းကြုတ်လှပေသည်။

ကောင်းစုဟန်ကလည်း ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။

သူ၏ သိုင်းကွက်များသည် လျှို့ဝှက်ပြီး ဆန်းကြယ်လှသည်။

သို့ဖြင့် ...

သိုင်းကွက်ရှစ်ကွက်ခန့် တိုက်ခိုက်လိုက်ပြီးသောအခါ ...

"ဝုန်း ... "

ကျယ်လောင်သော အသံနှင့်အတူ ကူးဝါး၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

သူမသည် မယုံကြည်နိုင်စွာဖြင့် လူးလိမ့်ထလိုက်သည်။

သို့သော် ...

သူမသည် ကြာကြာရပ်တည်နေနိုင်စွမ်း မရှိတော့ပါ။

ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားပြီး မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

✧ ♣ ✧

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ယခု ...

သူသည် သူလေ့ကျင့်ခဲ့သော သိုင်းပညာရပ်များ၏ အစွမ်းထက် မြက်လှပုံကို ကောင်းစွာ နည်းလည်သဘောပေါက်လိုက်ပြီ ဖြစ်သည်။

ထိုနည်းတူ ...

မေ့ယန်းကိုလည်း သတိရလာမိသည်။

မေ့ယန်း၏စကားကို သူက နားထောင်ခဲ့၍သာ ဤကဲ့သို့ သိုင်းပညာထက်မြက်လာရခြင်း ဖြစ်သည်ကိုလည်း ဆင်ခြင်မိလိုက်လေသည်။

မေ့ယန်းကို သတိရလိုက်မိသည်နှင့် တစ်ပြိုင်နက် မေ့ယန်း စေခိုင်းလိုက်သည့် ကိစ္စရပ်များကိုလည်း သတိရလာမိသည်။

သူ့မှာ တာဝန်ရှိသေးသည် မဟုတ်ပါလား။

ထို့ကြောင့် ...

အေးစိမ့်အဘွားအို စုရန်းအား သူက တစ်ချက်ကြည့်လိုက်ပြီး ...

"မေ့အင်း ဘယ်မှာလဲ"

ဟု မေးလိုက်သည်။



အဘွားအိုစုရန်းက အဖြေမပေးဘဲ အိမ်ပေါက်ဝသို့ လှမ်းကြည့်လိုက်သည်။

သူက အဘွားအိုစုရန်း ကြည့်ရာသို့ လိုက်ကြည့်လိုက်သောအခါ ချောမောလှပသော မိန်းကလေးတစ်ယောက်သည် အိမ်ပေါက်ဝ၌ မတ်တတ်ရပ်နေသည်ကို ကောင်းစုဟန်က တွေ့မြင်လိုက်ရလေတော့သည်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com

# ဒုက္ခသည်နှင့် ခရီးဆုံသူ

မေ့အင်း ...

ခရမ်းရောင်ခြံဝင်း သခင်မလေးမေ့အင်းသည် အလွန်ချောမော လှပသူတစ်ယောက် ဖြစ်သည်။

အသက်တစ်ဆယ့်ရှစ် တစ်ဆယ့်ကိုးနှစ် ဝန်းကျင်ခန့်သာ ရှိ သေးသည်။

သို့သော် ...

သူမ၏ မျက်နှာသည် အနည်းငယ် ချောင်ကျနေသည်ဟု ကောင်းစုဟန် နားလည်လိုက်သည်။

ကောင်းစုဟန်အနေဖြင့် သူမအား မြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက် 'ရှမ်းချင်း'အား သတိရလာလေသည်။

သူ့ရင်ထဲမှလည်း ...



"ရှမ်းချင်း ဘယ်များရောက်နေပြီလဲ"

ဟု ကျိတ်၍ ရေရွတ်မိလိုက်သည်။

အေးစိမ့်အဘွားအို စုရှန်းက မေ့အင်းအား လက်နှစ်ဖက်ဆုပ် ကာ ဦးညွှတ်လိုက်ပြီး ...

"ဟောဒီ သူငယ်က သခင်မလေးကို တွေ့ချင်လို့ ..."

သူမသည် စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ပြီး ကောင်းစုဟန်အား ကြည့်လိုက်သည်။

မေ့အင်းက ပြုံးလိုက်ပြီး ...

"ကျွန်မက အိမ်ထဲကနေပြီး အပြင်ဘက်မှာ ဖြစ်ပျက်သမျှကို ကြားသိပြီးပါပြီရှင်၊ တကယ်တော့ သူဟာ ကျွန်မတို့ကို ကယ်တင် ခဲ့တဲ့လူပါပဲ"

ကောင်းစုဟန်က ခေါင်းခါယမ်းလိုက်သည်။

သူ့နှုတ်မှလည်း ...

"မဟုတ်သေးဘူးဗျ"

သူ့စကားကြောင့် စင်းစင်းက အံ့ဩစွာဖြင့် ...

"ဘာဖြစ်လို့လဲ"

ဟု ဝင်မေးလိုက်မိတော့၏။

ကောင်းစုဟန်က ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခင်ဗျားကို ကယ်တင်ရအောင် ခင်ဗျားအကြောင်းလည်း မသိဘူး၊ ခင်ဗျားကိုလည်း မမြင်တွေ့ဖူးဘူး၊ လူတစ်ယောက်က ခင်ဗျားကို စာတစ်စောင်ပေးခိုင်းလိုက်လို့ပါ၊ တကယ်လို့သာ ခင်ဗျားသေသွားရင် ကျုပ်က ဒီစာကို ဘယ်သူ့သွားပေးရမှာလဲ"

ရိုးသားပွင့်လင်းသော သူ့အပြောကြောင့် ပေ့အင်းက ပြုံးလိုက်မိသည်။

"ဒါဆိုရင် အဲဒီစာကို ပေးခိုင်းလိုက်တာ ဘယ်သူလဲဆိုတာ ပြောပြပါလားရှင်၊ ကျွန်မက သူ့ကို ကျေးဇူးတင်ရမှာပေါ့"

ကောင်းစုဟာန်က ခေါင်းညိတ်လိုက်ပြီး အေးဆေးစွာ ပြောဆိုလိုက်တော့သည်။

"စာပေးခိုင်းသူက ဒေါ်ဒေါ်ပေ့ယန်းပါ"

သူ့စကားကြောင့် သခင်မလေးပေ့အင်း နဝေတိမ်တောင် ဖြစ်သွားသည်။

မယုံမရဲဖြင့်လည်း ...

"ရှင့် တကယ်ပြောနေတာလားဟင်"

ကောင်းစုဟာန် ခေါင်းညိတ်ပြလိုက်၏။

"တကယ်ပြောတာပါ"

ပေ့အင်းက ထပ်မေးလိုက်သည်။



"ကျွန်မ မေမေကို ရှင် ဘယ်မှာတွေ့ခဲ့တာလဲ"

ကောင်းစုဟာန်က ...

"နှင်းမြူတောင်ပေါ်မှာပါ"

ထိုစကားကို ကြားသည်နှင့် ပေ့အင်း၏မျက်ခုံးမွေးအစုံသည် ...ပေါ်သို့ မြင့်တက်သွားလေသည်။

အလောတကြီးလည်း မေး ... ိက်မိ၏။

"အခု ကျွန်မ မေမေ ဘယ်မှာလဲ"

ထိုမေးခွန်းအတွက်ကိုမူ ကောင်းစုဟာန် မည်သို့ပြန်ပြောရမှန်း ...သိ ဖြစ်သွားသည်။

သူသည် ခေါင်းကိုကုတ်လိုက်ပြီး ...

"ခင်ဗျားမေမေက ဟို ... ဟို ..."

သူက ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ပေ့အင်း ရင်ထိတ်သွားသည်။

စိတ်မရှည်နိုင်စွာဖြင့်လည်း ခပ်သွက်သွက် ဝင်မေးလိုက်မိ၏။

"မြန်မြန်ပြောစမ်းပါရှင်၊ ကျွန်မ မေမေ ဘယ်မှာလဲ၊ သူ ...ဆုံး သွားပြီလား"

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟာန်က ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ခေါင်းငုံ့ထားလိုက်လေသည်။

ပေ့အင်း၏ မျက်ဝန်းအစုံမှ မျက်ရည်များသည် စီးကျလာလေသည်။

ကြေကွဲဝမ်းနည်းစွာဖြင့်လည်း ...

"ရှင် တကယ်ပြောနေတာပေါ့နော်"

ဤတွင် ...

ကောင်းစုဟာန်က အင်္ကျီအိတ်ထဲမှ စာတစ်စောင်အား ထုတ်ယူလိုက်သည်။

ထို့နောက် ...

ထိုစာရွက်ကလေးအား ပေ့အင်းကို လှမ်းပေးလိုက်ပြီးနောက် ထိုနေရာမှ ချာခနဲလှည့်ကာ ထွက်ခွာသွားလေသည်။

ထွက်ခွာသွားသော ကောင်းစုဟာန်အား အဘွားအိုစုရန်းက ဟန့်တားလိုက်သည်။

"ရပ်လိုက် ..."

ကောင်းစုဟာန် မျက်မှောင်ကြုတ်သွား၏။

အဘွားအိုစုရန်းအား လှမ်းကြည့်ကာ ...

"ခင်ဗျားက ဘာပြောချင်သေးလို့လဲ"



ဟု မေးလိုက်သည်။

အေးစိမ့်အဘွားအို စုရန်းက အေးတိအေးစက်လေသံဖြင့် ...

"မင်းက နှင်းမြူတောင်ပေါ်က အဖြစ်အပျက်တွေကို သိထားတယ် မဟုတ်လား"

ကောင်းစုဟာန် ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မသိဘူး"

အဘွားအိုစုရန်းက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သခင်မကြီးရဲ့အကြောင်းကိုတော့ သိရမယ်"

ကောင်းစုဟာန် တွေဝေသွားသည်။

ထို့နောက် ...

အတန်ကြာမှ သူက လေးတွဲ့စွာဖြင့် ပြန်ပြောလိုက်၏။

"ဒါတော့ ကျုပ် နည်းနည်းပါးပါးလောက် ပြောပြနိုင်ပါတယ် ဒါပေမယ့် ..."

စကားကိုဖြတ်ပြီး မြေကြီးကိုသာ စိုက်ကြည့်နေမိသည်။

တကယ်တမ်း သူက အဖြစ်အပျက်များကို ပြောပြလိုက်သည် သူ့အပေါ်တွင် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်သည် သတိပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

အားလုံးကို တောင်းပန်သောမျက်လုံးဖြင့် ကြည့်လိုက်ပြီး ...

"ဖြစ်နိုင်ရင်တော့ ကျုပ် ဘာမှ မပြောပါရစေနဲ့ဗျာ၊ ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု တောင်းဆိုလိုက်သည်။

သို့သော် ...

အဘွားအိုစုရန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ မင်းက ဘာမှပြန်မပြောနိုင်ဘူးဆိုရင် ကျုပ်တို့ အားလုံးကို သတ်ပစ်လိုက်ပါ၊ ဒါမှမဟုတ်ဘူး ဆိုရင်တော့ ..."

သူမက စကားကိုမဆက်ဘဲ ထား လိုက်သည်။

သို့သော် ...

သူမ၏စကားထဲတွင် အဓိပ္ပာယ်များစွာ ရှိနေသည်။

ကောင်းစုဟန် မနေနိုင်တော့ပါ။

"ကောင်းပြီ၊ ကျုပ်သိသလောက် ပြောရမယ်ဆိုရင် ..."

ရုတ်တရက် ...

အဘွားအိုစုရန်းက ဟန့်တားလိုက်ပြီး ...

"ဒီနေရာကို ရန်သူတွေထပ်ပြီး ရောက်လာနိုင်တယ်၊ တို့တွေ အမြန်ဆုံး နေရာပြောင်းမှဖြစ်မယ်၊ ဒီတော့ မင်ပါ ခဏလိုက်ခဲ့ပါ"



အမှန်စင်စစ် ...

အဘွားအိုစုရန်းသည် သူတို့သခင်မလေး၏ အသက်ကို ကာကွယ်ရန် သွယ်ဝိုက်၍ အကူအညီတောင်းလိုက်ခြင်း ဖြစ်သည်ဟု ကောင်းစုဟန်က နားလည်လိုက်သည်။

ထို့ကြောင့် ...

သူက ပါးစပ်ပိတ်ထားလိုက်ပြီး အဘွားအိုစုရန်းတို့ ခေါ်ဆောင်သို့ တိတ်တဆိတ် လိုက်ပါသွားလေတော့သည်။

✧ ✤ ✧

တွေ့မြင်ရသမျှသော မြင်ကွင်းက အကျည်းတန်အရုပ်ဆိုးနေသောကြောင့် ရန်ကျားထိုက် အံ့သြသွားမိသည်။

မြို့ပြင်ရှိ အိမ်ငယ်ကလေးတစ်လုံးအနီး၌ လူဆယ့်လေးငါးယောက်ခန့်က လဲကျသေဆုံးနေ၏။

သူ၏နှုတ်မှ အလန့်တကြား ရေရွတ်လိုက်မိ၏။

"ဘယ်လို ဖြစ်ရတာလဲ"

သူသည် မယုံကြည်နိုင်စွာဖြင့် အိမ်ငယ်ကလေးအနီးသို့ ပြေးသွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို လဲကျသေဆုံးနေသူများအနက် ကူးဝါး၏အလောင်းကိုပါ တွေ့မြင်လိုက်ရသောအခါတွင်မူ ရန်ကျားထိုက် မျက်မှောင်ကြုတ်သွားမိလေသည်။

ထူးဆန်းလှစွာ ပေ့အင်း မသေဘဲ အဘယ့်ကြောင့် ကူးဝါးက သေဆုံးသွားရပါသနည်း။

တကယ်ဆိုလျှင် ...

သူ၏ အစီအစဉ်သည် တစ်ချက်ကလေးမှ လွဲမှားမှုမရှိသည်ကို သူက သိရှိထားပြီး ဖြစ်သည်။

ဤသို့ဆိုလျှင် ...

အဘယ့်ကြောင့် ကူးဝါးက သေဆုံးသွားရပါသနည်း။

သို့အနေဖြင့် လုံးဝ မျှော်လင့်မထားသော အဖြစ်အပျက်များက ဖြစ်ပေါ်လာနေပြီ ဆိုသည်ကိုလည်း ရန်ကျားထိုက်က ယုံကြည်လိုက်မိသည်။

တကယ်တော့ ပေ့အင်းက ထိုအိမ်ငယ်ကလေးတွင် ရှိနေမည်ကို သူက ကြိုတင် သိရှိထားသည်။

ယင်းမှာ ကူးဝါး၏ပြောပြထားချက်ကြောင့်ပင် ဖြစ်ပါသည်။

ကူးဝါးသည် ပေ့အင်း၏ အထိန်းတော်တစ်ယောက် ဖြစ်ခဲ့သောကြောင့် သူမက သစ္စာဖောက်လိုက်သောအခါ ခရမ်းရောင်ခြင်္သေ့



အား ဖြိုခွဲရန် ရန်ကျားထိုက်၏အကြံမှာ အလွန်ပင် လွယ်ကူလာလေသည်။

သို့သော် ...

ရန်ကျားထိုက်က ကိုယ်တိုင်ကိုယ်ကျ ဖြိုခွဲခြင်း မပြုလိုပါ။

အကယ်၍သာ သူက ဘီလူးရဲတိုက်ကို ဦးဆောင်၍ ခရမ်းရောင် ခြင်္သေ့ကို တိုက်ခိုက်မည်ဆိုပါလျှင် ရွှေဓားစံအိမ်နှင့် သံမဏိဓားဟာမှ လက်ပိုက် ကြည့်နေကြမည် မဟုတ်ပါ။

ရန်ကျားထိုက်က သစ္စာဖောက်သည်ဟု ယူဆပြီး ပူးပေါင်းတိုက်ခိုက်လာမည်ကို သူက မလိုလားပါချေ။

ထို့ကြောင့်လည်း ...

ကူးဝါးကို ယခုလို အသုံးချခဲ့ခြင်း ဖြစ်သည်။

သူ၏အစီအစဉ်သည် ထိရောက်မှုရှိလှပြီး ခရမ်းရောင်ခြင်္သေ့သည် လုံးဝ ပြိုကွဲလုနီးနေပြီ ဖြစ်သည်။

ယခုတော့မူ ...

အဘယ့်ကြောင့် မှားယွင်းမှုများ ဖြစ်ပေါ်လာရသနည်း။

ရန်ကျားထိုက်က အနည်းငယ်စဉ်းစားလိုက်သည်။

အမှန်စင်စစ် ...

သူ၏ဖခင်သည် သိုင်းပညာယှဉ်ပြိုင်ရန် နှင်းမြူတောင်ပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ခွာရန် ပြင်ဆင်ပြီးနောက် ရန်ကျားထိုက်အတွက် ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များကို ချမှတ်ပေးခဲ့သည်။

သူ့ဖခင်၏ အစီအစဉ်များမှာ လုံးဝ မှားယွင်းမှုမရှိနိုင်ပါ။

သူသည် တိမ်ပြာစားသောက်ဆိုင်တွင် စားသောက်နေသည့်အချိန်ထိပင် သူ့ဖခင်၏ အစီအစဉ်များသည် မှန်ကန်မှုရှိနေခဲ့သည်။

ရန်ကျားထိုက်က ကူးဝါးအား တစ်ချက်ကြည့်လိုက်ပြီး ...

"မင်းအတွက် ကျုပ် စိတ်မကောင်းပါဘူးကွာ"

သူသည် ယင်းသို့ တစ်ချက်ရေရွတ်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

သူ၏နောက်မှ ကျီစန်းနှင့် လူသန်ကြီးတစ်ယောက်တို့ကလည်း လိုက်ပါသွားကြလေသည်။

မကြာမီ ...

သူတို့အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

✧ ✤ ✧

သိုင်းဘီလူး ရန်ကွေ့သည် စကားပြောခဲလှသည်။



တစ်နှစ်ပတ်လုံးနေလို့မှ တစ်ခါတစ်ရံ စကားတစ်ခွန်းစ နှစ်ခွန်းစမျှ ပြောဆိုတတ်သူ ဖြစ်သည်။

အမှန်တော့ ...

သူသည် တစ်ယောက်တည်း ထိုင်၍ အကြံအစည်များကို တွေးတောနေတတ်ပြီး သိုင်းပညာရပ်များကို လေ့ကျင့်နေတတ်ပေသည်။

သူက စကားပြောနည်းသည် မှန်သော်လည်း သူပြောလိုက်သောစကားများသည် သွေးထွက်အောင်ပင် တိကျစွာမှန်ကန်နေသည်မဟုတ်ပါလား။

ယနေ့ ...

ရန်ကွေ့၏မျက်နှာသည် ပြုံးယောင်သမ်းနေ၏။

သူ့ကိုကြည့်ရသည်မှာ ခါတိုင်းနေ့များနှင့်မတူဘဲ ရွှင်ရွှင်လန်းလန်းလည်း ဖြစ်နေသည်။

သူသည် သားဖြစ်သူ ရန်ကျားထိုက်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ဖေဖေသာ သိုင်းလောကရဲ့ ပထမဘွဲ့ကို မရခဲ့ရင် ငါ့သားဘာလုပ်မလဲ"

ဟု မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျားထိုက်က မည်သို့မျှ ပြန်မဖြေတတ်အောင် ဖြစ်သွားလေသည်။

ရန်ကွေ့က ခပ်ပြုံးပြုံးဖြင့် ပိုင်နိုင်စွာ ပြောချလိုက်သည်။

"ငါ မရခဲ့ရင် ငါ့သားက သိုင်းလောက ပထမဘွဲ့ကို ရလာမှာပေါ့ကွာ"

"ဗျာ ..."

ထိုစကားကို ကြားရသည်နှင့် ရန်ကျားထိုက်၏ မျက်လုံးများသည် ပြူးကျယ်သွားတော့၏။

သူသည် ခေါင်းကိုခါယမ်းလိုက်ပြီး ...

"ကျွန်တော်တော့ ဘာမှ နားမလည်နိုင်တော့ဘူး ဖေဖေ"

အံ့အားသင့်စွာ ပြောလိုက်သော သားဖြစ်သူကိုကြည့်ပြီး ရန်ကွေ့က ပြုံးလိုက်သည်။

"ဒီမှာငါ့သား ... ဖေဖေအခု နှင်းမြူတောင်ပေါ်မှာ သွားရောက်ပြီး သိုင်းပညာယှဉ်ပြိုင်မယ်၊ တကယ်လို့သာ တစ်လကြာသွားရင် ...... သွားပြီလို့သာ မှတ်ယူလိုက်ပေတော့ ..."

ဖခင်ဖြစ်သူ၏အပြောကြောင့် ရန်ကျားထိုက် ထိတ်လန့်သွားမိသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"



သူက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

ရန်ကွေ့က ...

"ဖေဖေကလွဲလို့ ဘယ်သူကမှ သိုင်းလောက ပထမဘွဲ့ကို ရစေရဘူးကွယ်"

ထို့နောက် ...

သူက မေးစေ့ကို လက်ဖြင့်တစ်ချက်ပွတ်လိုက်ပြီး ...

"ဒီတစ်ခါ ယှဉ်ပြိုင်မှုဟာ နောက်ဆုံးပဲ ဖြစ်ရမယ်၊ ဖေဖေက အားလုံးကို သေဆုံးသွားကြဖို့ အကြံအစည်ရှိထားတယ်၊ တစ်လကြာလို့ နှင်းမြူတောင်ပေါ်က ပြန်ဆင်းမလာခဲ့ရင် ဖေဖေသေဆုံးသွားပြီလို့ပဲ မှတ်လိုက်ပါတော့၊ နောက်ပြီး ကျန်တဲ့လူသုံးယောက်ကလည်း အဲဒီအချိန်မှာဆိုရင် သေဆုံးသွားကြရမှာပဲ"

သူ့ဖခင်၏ အကြံအစည်ကို သိလိုက်ရသည်နှင့် ရန်ကျားထိုက် စိတ်ဝင်စားသွားမိသည်။

သူက ထပ်မေးလိုက်သည်။

"တစ်လကြာလို့ ဖေဖေက ပြန်ရောက်မလာရင် ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့ သိုင်းထိပ်သီးလေးယောက်စလုံး သေဆုံးသွားကြမယ် ဟုတ်လား"

ရန်ကွေ့က ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

ဤတွင် ...

ရန်ကျော့က သူ့အစီအစဉ်ကို ပြောပြလိုက်တော့သည်။

"တကယ်လို့ ဖေဖေကသာ ရှုံးနိမ့်ခဲ့ရင် ကျွန်တော့်လူသုံးယောက် စလုံးလည်း သေဆုံးသွားအောင် ဖေဖေက နှင်းမြူတောင်ပေါ်မှာ ကြိုတင်ပြီး အဆိပ်တွေ ဖြန့်ကျဲထားမှာမို့ပါ"

အဆိပ်များ ဖြန့်ကျဲထားမည်ဆိုလျှင် သူကိုယ်တိုင်လည်း အဆိပ်သင့်သွားပေမည်။

ဤသည်ကို တွေးမိသောအခါ ရန်ကျားထိုက်မှာ မျက်နှာပျက် ကွက်ခနဲ ပျက်သွားသည်။

စိုးရိမ်စွာဖြင့်လည်း မေးလိုက်မိသည်။

"ဒီလိုဆို ဖေဖေလည်း အဆိပ်သင့်မှာပေါ့"

"ဟား ... ဟား ... ဟား ..."

သူ၏စကားအဆုံးဝယ် ရန်ကျော့က သဘောကျစွာ ရယ်မော လိုက်သည်။

ထို့နောက် ...

ပိုင်နိုင်သောလေသံဖြင့်လည်း ပြောလာ၏။



"ဒါပေါ့ ... ဒါပေမယ့် ဖေဖေက အဆိပ်မြေဖြေဆေးကို အသင့် ဆောင်ထားမှာပါ"

ရန်ကျားထိုက် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဖေဖေ သေဆုံးသွားမှတော့ ကျွန်တော်က ဘယ်လိုလုပ်ပြီး ဂိုဏ်းလောက ပထမဘွဲ့ကို ရနိုင်တော့မှာလဲ"

ဟု မေးလိုက်၏။

ရန်ကျော့က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး ...

"သေသေချာချာနားထောင်၊ ဖေဖေခရီးထွက်သွားပြီး တစ်လ ကြာလို့ ပြန်ရောက်မလာရင် ပထမဦးဆုံး ခရမ်းရောင်ခြံဝင်းကို ဖြိုခွဲရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ဖြိုခွဲဖို့က အလွယ်ဆုံး ဖြစ်နေလို့ပဲ"

ဟု ပြောလာသည်။

ရန်ကျားထိုက် ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် ...

သူတွေးဆထားမိသော အကြောင်းအရာတစ်ခုကိုလည်း တင်ပြ လိုက်သည်။

"ဒါပေမယ့် သူတို့ဂိုဏ်းမှာ သခင်မလေးပေ့အင်းက ကျန်ခဲ့ဦး မယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရန်ကွေ့၏မျက်နှာ တည်ကြည်လေးနက်သွား၏။

သူက ရန်ကျားထိုက်အား စေ့စေ့ကြည့်ကာ ...

"သူ့ရဲ့အထိန်းတော် လေးယောက်ထဲက 'ကူးဝါး'ဆိုတဲ့ မိန်းကလေးကို ချဉ်းကပ်ပါ၊ သူ့ကို မက်လုံးပေးပြီး သိမ်းသွင်းယူပါ၊ သူကသာ ငါ့သားဘက်ပါလာခဲ့ပြီဆိုရင် ခရမ်းရောင်ခြဝင်းဟာ အလိုလို ပြိုကွဲသွားမှာပဲ"

သူ့အစီအစဉ်က အကွက်ကျလှသည်။

ယခုတော့ ရန်ကျားထိုက်က ကောင်းစွာ နားလည်သဘောပေါက်လိုက်ပြီ ဖြစ်သည်။

တစ်ခုပဲ သူ၏စိတ်ထဲဝယ် မရှင်းတာရှိနေသည်။

ထို့ကြောင့် ...

"ကျွန်တော် နားလည်ပါပြီပေဖေ၊ ဒါပေမယ့် ရွှေဓားစံအိမ်နဲ့ သံမဏိဂေဟာတို့က ကျန်နေသေးတော့ ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်သည်။

ရန်ကွေ့ ပြုံးလိုက်သည်။

သူက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ ...

"အေး ... ရွှေဓားစံအိမ်နဲ့ သံမဏိဂေဟာတို့က ကျန်နေသေးတော့ ဘယ်လိုလုပ်မလဲ"



ဟု မေးလိုက်သည်။

ရန်ကွေ့ ပြုံးလိုက်သည်။

သူလည်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ ...

"အေး ... ရွှေဓားစံအိမ်နဲ့ သံမဏိဂေဟာတို့ဟာ သိုင်းပညာ မြင့်မားကြတာမှန်ပေမယ့် သူတို့က ဘာကိုမှ သိနားလည်ကြတာ မဟုတ်ဘူး၊ သူတို့ရဲ့ သခင်လေးနှစ်ယောက်ကို ရန်တိုက်ပေးလိုက်ရင် ငါ့သားက သိုင်းလောကရဲ့ ပထမနေရာကို အလိုလိုရောက်လာပြီ ပေါ့ကွ"

ဟု သေချာစွာ ရှင်းပြလိုက်၏။

သူ့အစီအစဉ်က ထောင့်စေ့လွန်းလှသည်ဖြစ်ရာ သူသည် ပြော ပြီးသည်နှင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

ရန်ကျားထိုက်ကလည်း ဖခင်နည်းတူ သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ..."

သူတို့နှစ်ယောက်၏ ရယ်မောသံသည် အဝေးသို့ပင် လွင့်ပျံ့ လေတော့သည်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com

## ပထမနေရာ

ဤနေရာသည် ပုန်းခိုရန်အတွက် အကောင်းဆုံးနေရာဒေသ တစ်ခု ဖြစ်သည်။

ဤနေရာသို့ မေအင်းတို့ဂျူစု ရောက်ရှိလာပြီ ဖြစ်သည်။

သူတို့နှင့်အတူ ကောင်းစုဟန်လည်း ပါလာခဲ့သည်။

သူမတို့အတွက် စိတ်အေးရပြီဟု ယူဆမိသောကြောင့် မေအင်းက နှင်းမြူတောင်ပေါ်၌ မိခင်ဖြစ်သူနှင့် တွေ့ဆုံခဲ့သည့် ကောင်းစုဟန်အား မေးမြန်းလိုက်သည်။

ကောင်းစုဟန်က ဤမေးခွန်းအား မဖြေလိုပါချေ။

သို့သော် ...

သူက မဖြေ၍မရမှန်းလည်း ကောင်းစွာ သိရှိထားသည်။

ထို့ကြောင့်ပင် ...



သူက နှင်းမြူတောင်မှ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်ပြောဆိုလိုက်လေတော့သည်။

◇ ✤ ◇

လေသည် တဟူးဟူး တိုက်ခတ်နေ၏။

လေတိုက်ခတ်နှုန်းသည် လျော့ကျသွားခြင်း မရှိပါချေ။

အဟုန်ပြင်းစွာဖြင့် တိုက်ခတ်လျက်ပင် ရှိနေ၏။

ဤကဲ့သို့ လေတိုက်ခတ်သောနေရာမှာ ဤကမ္ဘာလောကကြီး ထဲတွင် နှစ်နေရာမျှသာ ရှိပါသည်။

ယင်းနှစ်နေရာမှာ ...

ကျယ်ပြန့်လှသော ပင်လယ်ပြင်နှင့် မြင့်မားလှသော တောင်ထိပ်များပေါ်တွင်ပင် မဟုတ်ပါလား။

◇ ✤ ◇

နှင်းများက တဖွဲဖွဲ ကျဆင်းနေသည်။

လေတိုက်ခတ်မှုနှင့် နှင်းဖွဲများကျဆင်းနေမှုကြောင့် ဝန်းကျင် တစ်ခုလုံး အေးစိမ့်၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခြင်းဟာ မတတ်နိုင်သော အအေးဓာတ်မျိုးပင် ဖြစ်သည်။

✧ ✤ ✧

လေတိုက်ခတ်နှုန်းသည် ရုတ်တရက် လျော့ကျသွားသည်။

ထို့နည်းတူ နှင်းဖွဲများကျဆင်းနေမှုမှာလည်း အနည်းငယ် နှေးထွေးသွားလေသည်။

တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သော ဝိုးတဝါး အလင်းရောင်အောက်တွင် ...

'နှင်းမြုတောင်'တစ်ခုလုံးသည် နာမည်နှင့်လိုက်အောင်ပင် နှင်းပွင့်များဖြင့် ဖြူဖွေးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့အပြင် ငြိမ်သက်စွာထိုင်နေကြသော လူလေးယောက်ကိုပါ တွေ့မြင်လိုက်ရလေသည်။

လူ လေးယောက် ...

လူလေးယောက်သည် လူသေအလောင်းများပမာ ငြိမ်သက်စွာ ထိုင်နေကြသည်။

လုံးဝ လှုပ်ရှားခြင်းမရှိ၊ စကားပြောဆိုခြင်းမရှိ၊ တုတ်တုတ်မှ မလှုပ်ဘဲ ငုတ်တုတ်ထိုင်နေကြခြင်း ဖြစ်ပေသည်။



သို့သော် ...

စုဝေး၍ ထိုင်နေကြခြင်းမျိုး မဟုတ်ပါ။

သူတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးနေရာ ခွဲခြား၍ ထိုင်နေကြခြင်းသာ ဖြစ်ပါသည်။

လေတဟူးဟူး တိုက်ခတ်လျက်ရှိပြီး အေးစိမ့်နေသော နှင်းမြု တောင်ထိပ်ပေါ်တွင် ...

ဤလူလေးယောက်သည် အဘယ်ကြောင့် လာရောက်၍ ငြိမ်သက်စွာ ထိုင်နေကြပါသနည်း။

အဓိပ္ပာယ်မဲ့ လာထိုင်နေကြခြင်းတော့ လုံးဝ မဖြစ်နိုင်ပါ။

ထူးခြားသောအကြောင်းတစ်ခုခု ရှိရမည်သာ ဖြစ်ပါသည်။

သို့ရာတွင် ...

မည်ကဲ့သို့သော ထူးခြားမှုမျိုးဆိုသည်ကိုမူ ထိုလူလေးယောက်သာ သိနိုင်မည် ဖြစ်ပါသည်။

အမှန်စင်စစ် ထိုလူလေးယောက်သည်ကား ...

✧ ✤ ✧

ရွှေဓား ဝူကျန်း ...

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင်ဒေဝီ ပေ့ယန်း ...

သံမဏိ ရှန်းရီစင်း ...

သိုင်းဘီလူး ရန်ကွေ့ ...

ထိုလူလေးယောက်သည် သိုင်းလောကတွင် ပြိုင်ဘက်ကင်းသည်မှာ ဆိုရမလောက်ပင် သိုင်းပညာထက်မြက်လှသော သိုင်းထိပ်သီးလေးယောက်ပင် ဖြစ်သည်။

သူတို့ပိုင်ဆိုင်ထားကြသော ရွှေများစံအိမ်၊ သံမဏိဂေဟာ ခရမ်းရောင်ခြံဝင်းနှင့် ဘီလူးရဲတိုက်တို့မှာလည်း သိုင်းလောကတွင် အင်အားကြီးမားသော သိုင်းအဖွဲ့အစည်းကြီးများပင် ဖြစ်သည်။

အကယ်၍ ...

သူတို့လေးယောက်ထဲတွင် တစ်ယောက်တည်းသာ ရှိမည်ဆိုလျှင် သိုင်းလောကပထမနေရာအား ကျိန်းသေရရှိမည်သာ ဖြစ်သည်။

ဤသည်ကို သူတို့လေးယောက်စလုံး သိရှိနားလည်ခဲ့ပြီးသော အချိန်တွင် ...

သိုင်းလောက ပထမနေရာအတွက် အပြိုင်အဆိုင် ဖြစ်လာခဲ့ကြတော့သည်။

နှင်းမြူတောင်၌ပင် သိုင်းလောက ပထမနေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ နှစ်ကြိမ်တိုင်တိုင်ပင် ရှိခဲ့ချေပြီ။



ထိုနှစ်ကြိမ်စလုံးတွင် မည်သူကမျှ အသာမရခဲ့ပါချေ။

သူတို့သည် သိုင်းလောက ပထမနေရာအတွက် သိုင်းပညာရပ်များကို ပို၍ ပြင်းပြင်းထန်ထန် လေ့ကျင့်ကာ အကောင်းဆုံးသိုင်းကွက်များကို တီထွင်ကြံဆခဲ့သည်။

ယခု ...

နှင်းမြူတောင်၌ စုဝေးနေခြင်းသည် သုံးကြိမ်မြောက်အဖြစ် ယှဉ်ပြိုင်ရန် ရောက်ရှိနေကြခြင်းပင် ဖြစ်ပေတော့သည်။

ယခုတစ်ကြိမ် သူတို့၏ယှဉ်ပြိုင်မှုတွင် မည်သူက အနိုင်ရရှိမည်နည်း။

အကယ်၍သာ ...

တစ်ယောက်ယောက်က အသက်ရှင်သန် အနိုင်ရခဲ့ပါမူ ကျန်ရှိသောလူသုံးယောက်၏ အဖွဲ့အစည်းအသီးသီးသည် အလိုလို ပြိုကွဲများပြီး အနိုင်ရရှိသောသူ၏ ဩဇာအာဏာသည် သိုင်းလောကတစ်ခုလုံးသို့ လွှမ်းမိုးသွားမည်သာ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ...

ယခုသုံးကြိမ်မြောက် ယှဉ်ပြိုင်မှုတွင် မည်သူက အနိုင်ရရှိမည်နည်း။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



နှင်းများ ပါးလျားသွားသည်နှင့် တစ်ပြိုင်နက် အလင်းရောင်သည်လည်း ပိုမို၍ ထင်ရှားတောက်ပလာသည်။

အရှေ့မိုးကုတ်စက်ဝိုင်းဆီမှ နေဝန်းနီသည်လည်း တစ်စထက် တစစ်စ ထွက်ပေါ်နေ၏။

ဤသို့ဖြင့် ...

ဝန်းကျင်တစ်ခုလုံးသို့လည်း ထင်ရှားစွာ မြင်တွေ့လာနိုင်ပြီ ဖြစ်သည်။

ရုတ်တရက် ...

အရှေ့ဘက်တွင် ထိုင်နေသောလူက တိတ်ဆိတ်မှုကို စတင် ဖြိုခွင်းလိုက်လေသည်။

"အင်း ... ဘာလိုလိုနဲ့ ကျုပ်တို့ယှဉ်ပြိုင်တာ အခုဆိုရင် သုံး ကြိမ်မြောက်ပဲ"

စကားပြောလိုက်သည်ဆိုသော်လည်း သူသည် မည်သူ့ကိုမျှ မကြည့်ပါ။

မျက်လုံးစုံမှိတ်လျက် ဖြည်းညင်းစွာပြောလိုက်ခြင်း ဖြစ်သည်။

ထိုလူ၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖွေးလျက်ရှိသည်။

အဝတ်အစားများမှာမူ စာပေသမားတစ်ယောက်အသွင် ဝတ် ဆင်ထားသည်။



သူ၏စကားသံကြောင့် အနောက်ဘက်တွင် ထိုင်နေသောလူက မျက်လုံးဖွင့်ကြည့်လိုက်သည်။

ထိုလူသည် သန်စွမ်းနက်မှောင်သော မျက်ခုံးမွေးများရှိသူဖြစ်ပြီး အဝါရောင်အင်္ကျီရှည် ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။

သူက ခေါင်းကိုမော့၍ ...

"အဲဒါ ဘာဖြစ်သလဲ"

သူ၏စကားသံသည် မာကျောနေ၏။

"ဘာဖြစ်ရမလဲရှင့်၊ သုံးကြိမ်မြောက်ပြီးရင် လေးကြိမ်မြောက် ဆိုတာ မရှိသင့်တော့ဘူး"

ထိုအသံသည် မြောက်ဘက်အရပ်မှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

အဝါရောင်ဝတ်ဆင်ထားသောလူက အသံလာရာသို့ လှမ်း ကြည့်လိုက်သည်။

ခရမ်းရောင်ပိုးဖဲအဝတ်အစားများ ဝတ်ဆင်ထားသော အမျိုး သမီးတစ်ဦးက သူ့အား ပြန်လည်စိုက်ကြည့်နေသည်ကို တွေ့မြင် လိုက်ရလေသည်။

အဝါရောင်အင်္ကျီဝတ်ဆင်ထားသောသူက ပြုံး၍ ခေါင်းညိတ် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ခင်ဗျားပြောတာ အမှန်ပဲ၊ ဒီတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်"

သူ၏စကားကြောင့် ခရမ်းရောင်ပိုးဖဲအင်္ကျီဝတ်ဆင်ထားသော အမျိုးသမီးက သဘောကျသွားလေသည်။

သူမသည် အားရပါးရ ပြုံးလိုက်ပြီး ...

"ရွှေအားဝူကျန်းက သဘောပေါက်လွယ်သားပဲ၊ ဒါကြောင့်လဲ ရှင့်ရဲ့ ရွှေအားစံအိမ်ဟာ သိုင်းလောကမှာ ကျော်ကြားနေတာကိုး"

ဟု ရေရွတ်လိုက်သည်။

အဝါရောင်ဝတ်ဆင်ထားသောသူမှာ ရွှေအားစံအိမ်ပိုင်ရှင် ရွှေအားဝူကျန်းပင် ဖြစ်ပါသည်။

ဝူကျန်းက အသာအယာ ခေါင်းခါယမ်းလိုက်ရင်းမှ ...

"လေးကြိမ်မြောက်ဖြစ်ဖို့ကို မလိုလားတော့ဘူးဆိုတာ ကျုပ်က စပြီးပြောတာ မဟုတ်ဘူးဗျ"

သူ၏စကားဆုံးသွားလျှင် ခရမ်းရောင်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသော အမျိုးသမီး မျက်မှောင်ကြုတ်သွားသည်။

သူမက အရှေ့ဘက်တွင် ထိုင်နေသော စာပေသမားအား လှမ်းကြည့်လိုက်၏။

အရှေ့ဘက်တွင် ထိုင်နေသော စာပေသမားက မျက်လုံးမွှင့်



သည်။

သူက သက်ပြင်းတစ်ချက်ချရင်း ...

"ပေ့ယန်း ... မင်းလည်း သိုင်းလောက ပထမနေရာကို လိုချင်တာပဲ မဟုတ်လား"

ခရမ်းရောင်ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသော အမျိုးသမီးမှာ ခရမ်းရောင်ခြံဝင်းပိုင်ရှင် ခရမ်းရောင်ဒေဝီ ပေ့ယန်းပင် ဖြစ်သည်။

စာပေသမား၏စကားကြောင့် ပေ့ယန်းက သဘောကျစွာ ရယ်လိုက်သည်။

သူမ၏ရယ်သံသည် ချိုသာစွာ ထွက်ပေါ်လာသည်။

သို့သော် ...

ရုတ်ခြည်းဆိုသလို သူမသည် ရယ်မောနေရာမှ ရပ်တန့်လိုက်အေးစက်စွာဖြင့် ...

"ရှင်သိထားဖို့က သိုင်းလောက ပထမနေတာဟာ ခရမ်းရောင်ခြံဝင်းနဲ့သာ ထိုက်တန်တာရှင့်"

ဟု ပြောလသည်။

စာပေသမား ပြုံးလိုက်သည်။

"ခင်ဗျား မှားသွားပြီဗျ"

ပေ့ယန်း မျက်မှောင်ကြုတ်သွား၏။

www.burmeseclassic.com



"ဘာမှားတာလဲ"

ဟုလည်း မေးလိုက်သည်။

စာပေသမားက ပြုံးရင်း ...

"ကျုပ်ရှိနေသမျှ ကာလပတ်လုံး သိုင်းလောက ပထမနေရာကို ဘယ်သူမှ မရနိုင်ဘူးဆိုတာ သိထားစမ်းပါ"

ဟု လေသံအေးအေးဖြင့် ပြောလိုက်၏။

ထိုစကားကြောင့် ခရမ်းရောင်ဒေဝီပေယန်း ဒေါသထွက်သွားလေသည်။

သူမသည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ...

"ကောင်းပြီလေ၊ ဒါဆို ရှင်မရှိတော့ဘူးဆိုရင်တော့ ..."

ဤတွင် ...

ရွှေစားဂူကျန်းက ဟန့်တားလိုက်ပြီး ...

"နေပါဦး ... ခင်ဗျားက ရှမ်းရိုစင်းနဲ့ တိုက်ခိုက်မလို့လား"

ဟု မေးလိုက်သည်။

စာပေသမားမှာ နာမည်ကျော် သံမဏိဂေဟာပိုင်ရှင် ရှမ်းရိုစင် ဖြစ်သည်။

ခရမ်းရောင်ဒေဝီ ပေယန်းက ရှမ်းရိုစင်းအား စူးရဲစွာစိုက်ကြည့်လိုက်ပြီး ...



"သိုင်းလောကရဲ့ ပထမနေရာအတွက်ဆိုရင် ရှမ်းရိုစင်းမကလို့ ဘယ်သူနဲ့ပဲ တိုက်ရတိုက်ရ ကျွန်မကတော့ တိုက်မှာပဲ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ရွှေစားဂူကျန်း ခေါင်းညိတ်လိုက်သည်။

"မှန်တယ်"

ထို့နောက် ...

သူက မြောက်ဘက်အရပ်တွင် တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေပြီး မည်သည့် မှတ်ချက်မျှမပေးသော အဘိုးအိုအား လှမ်းကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"ကျုပ်ကလည်း သိုင်းလောကပထမနေရာအတွက် ဘယ်သူ့ကိုမဆို တိုက်ခိုက်ဖို့အသင့်ပဲ"

အမှန်တော့ စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ပေယန်းက ...

"ကျွန်မတို့ဟာ သိုင်းလောက ပထမနေရာအတွက် ယှဉ်ပြိုင်ခဲ့ကြတာ ဒီအကြိမ်နဲ့ဆို သုံးကြိမ်ရှိသွားပြီ၊ ဒီတော့ အခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်"

ရုတ်တရက် ...

ရှမ်းရိုစင်းက ဆတ်ခနဲ ထရပ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ… ကျုပ်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကြတာပေါ့"

သူ၏လေသံနှင့် ဟန်ပန်ကြောင့် ရွှေမားဝူကျန်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လို ယှဉ်ပြိုင်မှာလဲ"

ဟုလည်း မေးလိုက်သည်။

ရှမ်းရိစင်း ပြုံးလိုက်ပြီး…

"ကျုပ်တို့လေးယောက် ရှိတယ်ဆိုတော့ ပထမ နှစ်ယောက်တစ်တွဲ ယှဉ်ပြိုင်ကြမယ်"

ခရမ်းရောင်ဒေဝီ ပေ့ယန်းက ကြားဖြတ်မေးပြန်သည်။

"နောက်တော့ကော…"

"နောက်တော့ အနိုင်ရတဲ့လူနှစ်ယောက် ထပ်ပြီး ယှဉ်ပြိုင်ကြတာပေါ့"

သူ့စကားက ရှင်းနေသည်။

ထို့ကြောင့်…

ရွှေမားဝူကျန်းက မျက်မှောင်ကြုတ်ရင်း…

"နောက်ဆုံး အသက်ရှင်ကျန်ရစ်ခဲ့တဲ့ လူကသာ သိုင်းလောက ပထမနေရာကို ရရှိမယ်ပေါ့ ဟုတ်လား"

ရှမ်းရိစင်း ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်၊ သိုင်းလောကာ ပထမနေရာဟာ နောက်ဆုံးကျန်ခဲ့တဲ့ လူအတွက်ပဲ ဖြစ်ရမယ်"

ဤတွင်…

ထိုစည်းမျဉ်းကို သဘောမတူနိုင်ဟန်ဖြင့် ပေ့ယန်းက ခေါင်းကို ခါယမ်းလိုက်ပြီး…

"မဖြစ်နိုင်ဘူး"

သူမ၏စကားကြောင့် ဝူကျန်းနှင့် ရှမ်းရိစင်းတို့က အံ့သြသွားကြသည်။

ထိုသူနှစ်ယောက်က သူမအား ပြိုင်တူလှမ်းကြည့်လိုက်စဉ် ပေ့ယန်းက ဆက်၍ ပြောလိုက်သည်။

"ဒီအကြံကို ကျွန်မ သဘောမတူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကျွန်မတို့လေးယောက်စလုံး တစ်ပြိုင်နက်တည်း ယှဉ်ပြိုင်တာ မဟုတ်လို့ဘဲ"

သူမ တင်ပြလာသောအချက်အလက်ကြောင့် ရှမ်းရိစင်း မျက်မှောင်ကြုတ်သွားသည်။

မကျေမနပ်လည်း မေးလိုက်မိ၏။

"ဘာ… လေးယောက်စလုံး တစ်ပြိုင်နက်တည်း ယှဉ်ပြိုင်မယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆုယန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရှမ်းရိစင်းက ...

"ပြောစမ်းပါဦး၊ ဘယ်လို ယှဉ်ပြိုင်ကြမှာလဲ"

ဟု မေးလိုက်လေသည်။

ပေ့ယန်းက အတန်ကြာ စဉ်းစားလိုက်သည်။

ထို့နောက်တွင်မူ သူမ၏ယူဆချက်ကို အောက်ပါအတိုင်း ပြောလိုက်တော့၏။

"ကျွန်မတို့ လေးယောက်စလုံးဟာ သိုင်းပညာရော အတွင်းအားမှာပါ တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီး မကွာခြားကြပါဘူး ဒီတော့ ..."

စကားဆက် ပြတ်သွားပြန်သည်။

ပြောသင့်မပြောသင့် ချိန်ဆနေခြင်းလည်း ဖြစ်၏။

စိတ်မရှည်သော ရှမ်းရိစင်းက ဖြတ်မေးလိုက်ပြန်သည်။

"ဒီတော့ ဘာဖြစ်သလဲ"

ပေ့ယန်းက ပြုံး၍ ...

"ကျွန်မတို့က ကိုယ့်နေရာမှာကိုယ်နေပြီး ငြိမ်ငြိမ်သက်သက် ထိုင်ကြမယ်၊ အစာတော် ရှောင်တော်ခံမယ်၊ ဒီလိုနဲ့ ရက်ပေါင်းအတော်ကြာလာရင်တော့ သိုင်းလောကရဲ့ ပထမနေရာအတွက် လူတစ်ယောက်ပဲ ကျန်ရစ်ခဲ့မယ်ဆိုတာ ကျွန်မ ယုံကြည်တယ်"



ဝူကျန်းက ခေါင်းညိတ်လိုက်သည်။

"ဒီအကြံကောင်းတယ်၊ ကျုပ် သဘောတူတယ်"

သူသည် ပြောရင်း ရှမ်းရိစင်းအား ကြည့်လိုက်သည်။

ရှမ်းရိစင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ခင်ဗျားက သဘောတူနေမှတော့ ကျုပ်က ကန့်ကွက်စရာ ရှိပါ့ဘူးဗျာ၊ ဒါပေမယ့် ..."

သူသည် စကားကိုရပ်တန့်လိုက်ပြီး တစ်ချိန်လုံး ငြိမ်သက်စွာ ရှိနေသော အဘိုးအိုအား စိုက်ကြည့်နေပြန်သည်။

ထိုအကြည့်ကလည်း အဖြေတောင်းခံသည့် အကြည့်မျိုးပင် ဖြစ်သည်။

ပေ့ယန်း ပြုံးလိုက်သည်။

သူမသည် အဘိုးအိုအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီမှာ ရန်ကျွေ့ ရှင်ကကော"

တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော အဘိုးအိုက အပြုံးတစ်ချက်ဆန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျုပ်က သဘောမတူဘူးဆိုရင်ကော"

ပေယန်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မတို့ သုံးယောက်က သဘောတူပြီးမှ ရှင်က သဘော မတူဘူးဆိုရင် သိုင်းဘီလူး ရန်ကျွေ့ဆိုတာ သိုင်းလောကထဲက အရင် ဆုံး ပျောက်ကွယ်သွားရမှာပေါ့၊ ဒါကို ကျွန်မ အာမခံရဲတယ်"

ခြိမ်းခြောက်လိုက်ခြင်း မဟုတ်ပါ။

တည်ငြိမ်စွာ ပြောဆိုလိုက်ခြင်း ဖြစ်ပါ၏။

သိုင်းဘီလူး ရန်ကျွေ့က ပြုံးလိုက်ပြီး ...

"ဘာလဲ ... မင်းတို့သုံးယောက်ပေါင်းပြီး ကျုပ်ကို တိုက်ခိုက် မယ် ဟုတ်လား"

ပေယန်း၊ ရှမ်းရီစင်းနှင့် ဂူကျုန်းတို့သုံးယောက်စလုံး ပြိုင်တူ ဖျတ်ခနဲ ရပ်လိုက်ကြ၏။

ပေယန်းက ခေါင်းညိတ်လိုက်ပြီး ...

"သိပ်ဟုတ်တာပေါ့"

ဤတွင် ...

သိုင်းဘီလူးရန်ကျွေ့က တဟားဟား ရယ်မောလိုက်ပြီး ...

"ကောင်းပါပြီဗျာ၊ ခင်ဗျားတို့ရဲ့အကြံကို ကျုပ်က လက်ခံ လိုက်ပါပြီ"



သူ၏စကားဆုံးသွားသည်နှင့် ပေယန်း၊ ရှမ်းရီစင်းနှင့် ဂူကျုန်း တို့သည် မူလနေရာတွင် ပြန်လည်၍ ထိုင်ချလိုက်ကြလေသည်။

လေသည် တဟူးဟူး ပြန်လည်တိုက်ခတ်လာပြန်သည်။

နှင်းဖွဲ့များမှာလည်း ပြန်လည်၍ ကျဆင်းလာနေပြန်၏။

နေဝန်းနီသည် အနောက်ဘက်သို့ ဝင်ရောက်တော့မည်ဖြစ် ပါသည်။

✧ ✤ ✧

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

လေသည် တိုက်ခတ်မြဲပင် တိုက်ခတ်လျက် ရှိသည်။

နှင်းဖွဲ့များကလည်း ကျဆင်းမြဲကျဆင်းလျက် ...

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီး တစ်ဖန် အနောက်ဘက်သို့ ငုပ်လျှိုးသွားပြန်သည်။

အချိန်၊ ရာသီဥတု၊ လေတိုက်ခတ်မှုနှင့် နှင်းဖွဲ့များကျဆင်းမှု တို့သည် ပုံမှန်အတိုင်းပင် ရှိနေ၏။

မည်သို့မျှ ပြောင်းလဲခြင်း မရှိပါ။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



နှင်းမြူတောင်ထိပ်ပေါ်မှ လူလေးယောက်တွင် ပြောင်းလဲမှုများရှိကောင်းရှိမည်သာ ဖြစ်သည်။

မည်သို့ဆိုစေ ...

ထိုလူလေးယောက်၏ ယှဉ်ပြိုင်မှုသည် အချိန်အတော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

တိတိကျကျ ပြောရမည်ဆိုလျှင် ဆယ်ရက်တိတိ ရှိခဲ့ပြီ ဖြစ်ပါသည်။

ထိုဆယ်ရက်အတွင်း မည်သူမည်သို့ ဖြစ်ပျက်သွားခဲ့ပြီးပြီနည်း။

✧ ✤ ✧

## ကံကိုသာ ယိုးမယ်ဖွဲ့တော့

ယနေ့ ...

ရာသီဥတုသည် ကြည်ကြည်လင်လင် ရှိနေ၏။

ကောင်းကင်ပေါ်တွင် တိမ်များ၊ မြူနှင်းများ ရှိမနေပါ။

ပကတိ ကြည်လင်တောက်ပနေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ရှင်းသန့်သာယာနေပေသည်။

သို့သော် ...

'ကောင်းစုဟန်'၏ မျက်နှာပေါ်တွင်မူ ကြည်လင်တောက်ပခြင်း မရှိပါ။

သာယာပျော်ရွှင်ခြင်းလည်း မတွေ့ရပါ၊

သူ၏မျက်နှာသည် ညိုမှိုင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း အရိပ်အယောင်များအပြင် ပင်ပန်းနွမ်းနယ်မှုများကိုပင် တွေ့မြင်နိုင်လေသည်၊

ကောင်းရဟန် သက်ပြင်းတစ်ချက် ချလိုက်သည်။

နှုတ်မှလည်း လေးတွဲ့တွဲ့ ရေရွတ်လိုက်မိသည်။

"အင်း ... ငါ့ရဲ့ဒုက္ခတွေအားလုံး မကြာခင်မှာ ပြီးဆုံးတော့မှာပါလေ"

သူသည် တစ်ကိုယ်တည်း ရေရွတ်ရင်း မြင့်မားလှသော နှင်းမြူတောင်ပေါ်သို့ မော့ကြည့်လိုက်လေသည်။

ထို့နောက် ...

သူသည် သွက်လက်သော ခြေလှမ်း[illegible]ဖြင့် နှင်းမြူတောင်ပေါ်သို့ တက်ရောက်သွားလေတော့သည်။

နှင်းမြူတောင်ပေါ်သို့ မည်သည့်ရည်ရွယ်ချက်နှင့် တက်သွားသည်ဆိုသည်ကိုမူ သူကလွဲလျှင် မည်သူကမျှလည်း ပြောနိုင်လိမ့်မည်မထင်ပါ။

✧ ✤ ✧

ပြောင်းလဲမှုသည် မယုံကြည်နိုင်အောင်ပင် ဖြစ်သည်။



နှင်းမြူတောင်ထိပ်မှ ပြောင်းလဲမှုများသည် အံ့သြဖွယ်ရာ ဖြစ်နေသည်။

အမှန်စင်စစ် ...

နှင်းမြူတောင်က ပြောင်းလဲနေခြင်းတော့ မဟုတ်ပါချေ။

ထိုတောင်ထိပ်ပေါ်မှာ လေးနေရာခွဲပြီး ထိုင်နေကြသော လူများသာ ပြောင်းလဲနေကြခြင်း ဖြစ်ပါသည်။

သိုင်းလောကမှ ထိပ်သီးပုဂ္ဂိုလ် လေးယောက်စလုံးသည် မြေပေါ်သို့ လဲကျနေကြ၏။

သို့သော် ...

သူတို့လေးယောက်သည် မူလနေရာများတွင် ထိုင်လျက်သား [illegible]ကျနေခြင်းမျိုး မဟုတ်ပါ။

ထို့အပြင် ...

သူတို့၏ ခန္ဓာကိုယ်မှ ယိုစီးကျလာသောသွေးများပင် အညို[illegible]ရောင်သန်းနေပြီ ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ...

ထိုလူလေးယောက်သည် ငြိမ်သက်စွာထိုင်၍ အတွင်း[illegible]အားယူ[illegible]ခြင်း မဟုတ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခဲ့ကြခြင်းသာ ဖြစ်နိုင်ပါသည်။

မည်သူကစတင်၍ သတ္တာဖောက်ဖျက်ကာ တိုက်ခိုက်ခဲ့သနည်း။

ဤမေးခွန်းကို ထိုလူလေးယောက်မှအပ အခြားမည်သူကမှ သိနိုင်မည် မဟုတ်တော့ပါချေ။

✧ ✤ ✧

ရာသီဥတုက အေးစိမ့်နေသော်လည်း တောင်ထိပ်ပေါ်သို့ မနား တမ်း အပြေးအလွှား တက်လာရသည်ဖြစ်သော ကောင်းစုဟန်၏ ခန္ဓာကိုယ်မှာ ချွေးများသည် စီးကျလျက်ရှိနေသည်။

သူသည် နှင်းမြူတောင်ထိပ်သို့ ရောက်ရှိလာသောအခါ အကျႌ အဝတ်အစားများ စုတ်ပြဲနေပြီး လက်ဖဝါး၊ ခြေဖဝါးများပင် ပေါက် ပြဲကာ သွေးများစို့နေ၏။

မောပန်းမှုကြောင့်လည်း ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည် ဖြစ် နေသည်။

သူသည် အသက်ကို အားပါးတရ ရှူရှိုက်လိုက်သည်။

ထို့နောက် ...



ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုလိုက်မိသည်။

ဤတွင် ...

"ဟင် ..."

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားတော့၏။

နှင်းမြူတောင်ပေါ်တွင် သူတစ်ယောက်တည်း ရောက်ရှိလာခဲ့ မဟုတ်ပါ။

သူ့ထက်ဦးစွာ လူလေးယောက်က ကြိုတင်ရောက်ရှိနေ၏။

သို့သော် ..

ထိုလူများသည် စကားမပြောနိုင်ကြသောလူများ ဖြစ်နေကြပြီ ကောင်းစုဟန် နားလည်လိုက်၏။

အမှန်စင်စစ် ...

ထိုလေးယောက်စလုံး စကားမပြောနိုင်ကြရုံမျှမက လှုံ့ဝလည်း လှုပ်ရှားနိုင်စွမ်း မရှိတော့။

သူသည် ခေါင်းခါယမ်းလိုက်သည်။

နှုတ်မှလည်း တစ်ကိုယ်တည်း ရေရွတ်လိုက်မိလေသည်။

"အင်း ... ဒီတောင်ပေါ်မှာ ငါ့ထက်အရင် သေဆုံးနေတဲ့လူတွေ တော့ ငါက တောင်အောက်ခုန်ချပြီး သေတာပဲကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယင်းသို့ရေရွတ်လိုက်ပြီး တောင်ကမ်းပါးရှိရာသို့ ဦးတည်လျှောက်သွားသည်။

နှင်းမြူတောင်သည် မြင့်မားလှသောတောင်များ စာရင်းတွင် ပါဝင်သော တောင်တစ်လုံးဖြစ်သည်။

ထို့ကြောင့် ...

ကောင်းစုဟာန်က တောင်ကမ်းပါးမှ တောင်အောက်သို့ လှမ်းကြည့်လိုက်သောအခါ တောင်အောက်ခြေကို ရေးရေးမျှပင် မြင်တွေ့ရလေသည်။

ကောင်းစုဟာန် ကျေနပ်သွားသည်။

သူသည် တစ်ချက်ပြုံးလိုက်ပြီး တောင်အောက်သို့ ခုန်ချလိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ဟေ့ ... ရပ်လိုက်စမ်း"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာသည်။

ရုတ်တရက် ပေါ်ထွက်လာသောအသံကြောင့် ကောင်းစုဟာန် ထိတ်လန့်သွားသည်။

သူသည် နောက်သို့ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ဤတွင် ...



သူက မျက်မှောင်ကြုတ်သွားသည်။

သူ၏နောက်တွင် မည်သူမျှ ရှိမနေပါ။

အနည်းငယ် ချောက်ချောက်ချားချား ဖြစ်သွားရင်းမှ ...

"ဘယ်သူလဲ"

ကောင်းစုဟာန်သည် အသံကိုကြိုးစားထိန်းရင်း မေးလိုက်သည်။

သို့သော် ...

မည်သည့် တုံ့ပြန်မှုမှ ဖြစ်ပေါ်မလာပါ။

သူက ခေါင်းခါယမ်းလိုက်သည်။

"ငါက သေမယ့်လူပဲ၊ ဘာများကြောက်စရာရှိသလဲ"

သူသည် ယင်းသို့တွေးရင်း ...

လဲကျနေသူ လေးယောက်ထံသို့ တစ်ချက်ကြည့်လိုက်ပြီး တောင်အောက်သို့ ထပ်မံခုန်ချရန် ဟန်ပြင်လိုက်သည်။

ခုန်ချရန် ဟန်ပြင်ရင်းမှလည်း လဲကျနေသူများကို အမှတ်မထင် လှမ်းကြည့်လိုက်မိပြန်သည်။

ထိုအခါတွင်မှ ...

ကောင်းစုဟာန်၏ မျက်လုံးအစုံသည် ဝိုင်းစက်သွားတော့သည်။

သူ၏အမြင်အာရုံထဲတွင် လဲကျနေသော လူလေးယောက်

www.burmeseclassic.com



အနက်မှ ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီးကြီး၏ ခန္ဓာကိုယ်သည် အနည်းငယ် လှုပ်ရှားနေသည်ဟု ထင်မှတ်မိလိုက်သည်။

ထို့ကြောင့် ...

သူသည် ထိုအမျိုးသမီးကြီးရှိရာသို့ လျင်မြန်စွာ လျှောက်သွားလိုက်လေသည်။

သူ၏ ထင်မြင်ချက်သည် မှားယွင်းမှုမရှိပါ။

သေချာကျနစွာ လေ့လာ အကဲခတ်လိုက်သောအခါ ...

ခရမ်းရောင်ဝတ်ဆင်ထားသော အမျိုးသမီးကြီးသည် သေဆုံးခြင်း မရှိသေးသည်ကို တွေ့လိုက်ရတော့၏။

သို့သော် ...

သူမသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ဟု ကောင်းစုဟန်နားလည်လိုက်သည်။

သူက အမျိုးသမီးကြီး၏မျက်နှာအား သေချာစွာ စိုက်ကြည့်လိုက်၏။

ရုတ်တရက် ...

အမျိုးသမီးကြီး၏ မျက်လုံးအစုံသည် ဖျတ်ခနဲ ပွင့်လာသည်။

ကောင်းစုဟန် ထိတ်လန့်သွားသည်။

"ခင် ... ခင်ဗျား"



သူက နောက်သို့လည်း ဆုတ်လိုက်သည်။

အမျိုးသမီးကြီးက သူ့အား ပြုံးပြလိုက်၏။

ထို့နောက် ...

အလွန်တိုးညင်းသော လေသံဖြင့် ...

"မကြောက်ပါနဲ့ကွယ်၊ ကျုပ်က မင်းကို ဘာမှမလုပ်ပါဘူး"

ကောင်းစုဟန်က မဝံ့မရဲ မျက်လုံးများဖြင့် ငေးကြည့်နေ၏။

သေဆုံးပြီထင်ရသော လူတစ်ယောက်က လှုပ်ရှားမှုပြုလာ၍ ...ထဲတွင် ကြောက်ရွံ့သွားသည့်စိတ်က မပြေပျောက်သေးပါ။

အတန်ကြာမှ သူက စိတ်ကိုတင်းထားလိုက်ပြီး ...

"ဒေါ်ဒေါ်က ဘယ်သူလဲ၊ ဘာကြောင့် အခုလိုမျိုး ဒဏ်ရာရ...တာလဲ"

ဟု မေးလိုက်မိသည်။

အမျိုးသမီးကြီးက မချိပြုံး ပြုံးလိုက်ရင်း ...

"ဒေါ်ဒေါ်က ခရမ်းရောင်ခြံဝင်းပိုင်ရှင် ပေ့ယန်းပါ"

"ဗျာ ... "

ကောင်းစုဟန် အံ့အားသင့်သွားသည်။

သိုင်းလောကတွင် ထူးထူးခြားခြား ကျော်ကြားနေသော ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



လေးယောက်၏ အရှိန်အဝါသည် အမြို့မြို့အနယ်နယ်သို့ပင် ရောက်ရှိ ပျံ့နှံ့နေပြီ ဖြစ်သည်။

ယင်းကြောင့် ...

ကောင်းစုဟန်သည်လည်း လူကို မမြင်ဘူးသော်လည်း နာမည်များကို ကြားဖူးထားပေတော့သည်။

ပေ့ယန်းက ချောင်းတစ်ချက်ဆိုးလိုက်သည်။

ကျန် လူသုံးယောက်အား မေးငေါ့ပြရင်း ...

"ဟိုမှာ ငါကျနေတဲ့ သူတွေကိုကော မင်းသိသလား"

ဟု မေးလိုက်သည်။

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိဘူးခင်ဗျ"

ပေ့ယန်းက ခေတ္တမျှ ငြိမ်သက်နေပြီးမှ ...

"သူတို့ဟာ ရွှေဓားစံအိမ်ပိုင်ရှင် ဂူကျန်း၊ သံမဏိဂေဟာရှင် ရှမ်းရိစင်းနဲ့ ဘီလူးရဲတိုက်သခင် ရန်ကွေ့တို့ပဲ"

ကောင်းစုဟန် ထိတ်လန့်သွားသည်။

တအံ့တဩလည်း ရေရွတ်လိုက်မိ၏။

"ဗျာ ..."

ပေ့ယန်းက မချိပြုံးပြုံး၍ ...



"ဘာလဲ၊ ငါပြောတာ မင်း မယုံဘူးလား"

ကောင်းစုဟန်က ...

"မယုံလို့ မဟုတ်ပါဘူး၊ တကယ့် နာမည်ကျော်တဲ့ ပုဂ္ဂိုလ် ယောက်ကို အခုလို တစ်စုတစ်ဝေးထဲ တွေ့လိုက်ရလို့ အံ့သြသွား ပါ၊ ဒေါ်ဒေါ်ပြောတာ ဖြစ်နိုင်ပါတယ်"

ပေ့ယန်းက ...

"တိုတိုပြောရရင် သိုင်းလောက ပထမနေရာအတွက် တို့လေး က် စွမ်းချည်ချင်း ပြိုင်ခဲ့တယ်၊ အခု သူတို့သုံးယောက် သေဆုံး ပြီဆိုတော့ ဒေါ်ဒေါ်က သိုင်းလောက ပထမနေရာကို ရခဲ့ပြီပေါ့၊ ယုံ့ကွယ် ..."

သူမသည် စကားပြောရင်း မောပန်းလာသဖြင့် ရပ်တန့်လိုက်သည်။

ကောင်းစုဟန် သဘောပေါက်သွား၏။

သူက ခေါင်းကို ဆတ်ခနဲညိတ်ရင်းမှ ...

"ကျွန်တော် သဘောပေါက်ပါပြီ၊ ဒေါ်ဒေါ်က သိုင်းလောက နေရာကို ရခဲ့ပေမယ့် ဒေါ်ဒေါ်လည်း မကြာခင် ...

သူက စကားကိုဆက်မပြောတော့ဘဲ အလိုက်သိစွာ ချန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေ့ယန်းက ကြားဖြတ်ပြီး ဆက်ပြောလိုက်၏။

"အေး ... ဟုတ်တယ်၊ ဒေါ်ဒေါ်လည်း မကြာခင် သေဆုံးရ တော့မှာပဲ၊ ဒါပေမယ့် ဒေါ်ဒေါ်မသေခင်မှာ မင်းကို အကူအညီတစ်ခု တောင်းချင်တယ်"

ထိုစကားကြောင့် ကောင်းစုဟန် မျက်လုံးပြူးသွားလေသည်။

မိမိသည် သေဆုံးသွားရတော့မည့် လူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ...

မည်သို့မျှ ကူညီနိုင်မည် မဟုတ်ပါ။

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်ပြီး ...

"ကူညီဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူးခင်ဗျာ"

ဤတွင် ...

ပေ့ယန်းက ပြုံးလိုက်ပြီး ...

"ဒါကို ဒေါ်ဒေါ် နားလည်ပါတယ်၊ မင်းကလည်း သေချင်နေ တဲ့လူပဲ မဟုတ်လား"

ကောင်းစုဟန် ခေါင်းငုံ့ထားလိုက်သည်။

ပေ့ယန်းက စကားဆက်လိုက်သည်။

"မင်းက ဘာကြောင့် သေချင်နေရတာလဲ"

မဟု မေးလိုက်သည်။



ကောင်းစုဟန် ဆတ်ခနဲ ခေါင်းထောင်လာ၏။

ထိုမေးခွန်းကို သူက မဖြေချင်၊ မဖြေနိုင်ပါ။

ထို့ကြောင့် ...

သူက ပါးစပ်ပိတ်ထားလိုက်သည်။

ပေ့ယန်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"ကျုပ်ဘဝတစ်လျှောက်မှာ မင်းလိုလူငယ်လေးတစ်ယောက် က အကြောင်းတစ်ခုခုမရှိဘဲ သေချင်တယ်ဆိုတာမျိုး မတွေ့ခဲ့ဖူးသေး ဘူး၊ မင်းမှာ အကြောင်းတစ်ခုခု ရှိရမယ်"

ကောင်းစုဟန်၏ မျက်နှာ ညှိုးကျသွားသည်။

သို့သော် ...

သူက ပါးစပ်ပိတ်ထားမြဲပင်။

ပေ့ယန်းက ...

"မင်းက ပြောမနိုင်ရင်လည်း ဒေါ်ဒေါ်က အပြစ်မယူပါဘူး ကွယ်၊ ဒါပေမယ့် သေအံ့ဆဲဆဲ လူတစ်ယောက်ရဲ့ဆန္ဒကိုတော့ လိုက် လျောသင့်တယ်လို့ ဒေါ်ဒေါ် ထင်ပါတယ်"

ကောင်းစုဟန် တုတ်တုတ်မျှပင် မလှုပ်ချေ။

ပေ့ယန်း၏မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။

အေးစက်စွာလည်း ပြောဆိုလိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကျုပ်ကို အကူအညီပေးပါ၊ အပြန်အလှန်အနေနဲ့ မင်းရဲ့ အခက်အခဲကိုလည်း ကျုပ် ဖြေရှင်းပေးပါ့မယ်”

ဟု မျှော်လင့်တကြီးဖြင့် ပြောလာသည်။

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

“မဖြစ်နိုင်ဘူးထင်တယ်”

ပေ့ယန်း မျက်မှောင်ကြုတ်သွားသည်။

“ဘာဖြစ်လို့လဲ”

ကောင်းစုဟန်က သက်ပြင်းတစ်ချက် ချရင်း ...

“ဒေါ်ဒေါ်ဟာ မကြာခင် သေဆုံးတော့မှာပဲ၊ ဒေါ်ဒေါ့်ကို ကျွန်တော်က တောင်အောက်ကိုရောက်အောင် ပြန်ခေါ်သွားဖို့ မလွယ်ဘူးဗျ”

သူထင်ရာ စွတ်ပြောနေသော ထိုလူငယ်ကိုကြည့်၍ ပေ့ယန်းက ပြုံးလိုက်ပြီး ...

“ဒေါ်ဒေါ်က တောင်အောက်ပြန်ခေါ်နိုင်းမလို့ မဟုတ်ပါဘူး ဒေါ်ဒေါ့်သမီးဆီကို စာတစ်စောင်လောက် ပေးနိုင်းချင်လို့ပါ”

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

“ဒါက ပိုပြီး မဖြစ်နိုင်သေးတယ်”

ပေယန်း မျက်မှောင်ကြုတ်သွားပြန်သည်။



“ကျုပ်က သေကာနီးဖြစ်နေပေမယ့် လူတစ်ယောက်ကိုတော့ သတ်နိုင်သေးတယ်ဆိုတာ မင်းသိဖို့ကောင်းတယ်”

ကောင်းစုဟန် ပြုံးလိုက်သည်။

သဘောကျစွာပင် ပြောလိုက်သေး၏။

“ကျွန်တော်က သေချင်နေတဲ့လူပဲ၊ ဒေါ်ဒေါ် သတ်ပစ်နိုင်ပါတယ်”

ပေ့ယန်း မျက်မှောင်ကြုတ်လိုက်သည်။

မကျေမနပ်ဖြင့်လည်း မှတ်ချက်ချလိုက်မိသည်။

“မင်း တော်တော်ခေါင်းမာတာပဲ”

ကောင်းစုဟန် ပြုံးရုံသာ ပြုံးလိုက်၏။

ပေ့ယန်းက သူ့အား စေ့စေ့ကြည့်ကာ ...

“မင်း အသက်ဘယ်လောက်ရှိပြီလဲ”

ဟု မေးလိုက်သည်။

ကောင်းစုဟန်က သက်ပြင်းတစ်ချက်ချရင်း ...

“နှစ်ဆယ့်နှစ်ပါ”

ဤတွင် ပေ့ယန်းက တအံ့တဩဖြင့် ...

“အို ... ဒီအရွယ်နဲ့ သေချင်လောက်အောင် ဘယ်လိုကြီးမားတဲ့ အခက်အခဲတွေများ ရှိနေလို့လဲကွယ်၊ မင်းကသာ ခေါင်းမမာဘူး

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

ကောင်းစုဟာန်က ပါးစပ်ပိတ်ထားလိုက်ပြန်သည်။

ပေ့ယန်းက ...

"မင်းရဲ့ အခက်အခဲဟာ ဘယ်လိုမျိုးဆိုတာ ကျုပ် ခန့်မှန်း ရပါပြီ၊ ဒီတော့ တကယ်လို့သာ မင်းက ကျုပ်အတွက် စာတစ်စော ပို့ပေးမယ်ဆိုရင်တော့ 'အရိုပ်မဲ့သိုင်းကျမ်း' ပေးမယ်၊ ဘယ်လိုလဲ"

ဤစကားကြားရသောအခါ ကောင်းစုဟာန်၏ မျက်လုံးအ သည် ဝင်းလက်သွားသည်။

ပြောင်းလဲသွားသော သူ့အမူအရာကြောင့် ပေ့ယန်း အားတ လာသည်။

သွက်လက်စွာလည်း ပြောဆိုလိုက်ပြန်သည်။

"ဒါအပြင် ဟိုမှာ လဲကျသေဆုံးနေတဲ့ လူသုံးယောက်မှာလည် သူတို့ရဲ့မူပိုင် သိုင်းကျမ်းတစ်ခုဆီ ရှိတယ်၊ အားလုံး မင်း ယူသွ နိုင်တယ်"

သူသည် အတန်ကြာ စဉ်းစားနေပြီးမှ ...

"ဒါဒါပို့နိုင်းတဲ့စာကို ပို့ပေးမယ်ဆိုရင် 'အရိပ်မဲ့သိုင်းကျ စာအုပ် ကျွန်တော့်ကို အပိုင်ပေးမယ် ဟုတ်လား"

ပေ့ယန်း ခေါင်းညိတ်လိုက်သည်။



ကောင်းစုဟာန်က ...

"ကောင်းပြီလေ ... ဒီလိုဆိုရင် ကျွန်တော် ဘယ်နေရာကို သွားပို့ပေးရမယ်ဆိုတာသာ ပြောပါ"

ဟု မေးလိုက်၏။

ပေ့ယန်း ဝမ်းသာသွားသည်။

"ကျုပ်ပြောမယ်၊ မင်း သေသေချာချာ မှတ်ထားပေတော့၊ မြို့က ခရမ်းရောင်ခြံဝင်းဆိုတာကို စုံစမ်းပြီး သခင်မလေးမေ့အင်း ကို ပေးပေးပါ"

ဟု ပြောလိုက်သည်။

ကောင်းစုဟာန်က ...

"ကောင်းပါပြီ၊ ကျွန်တော်ရောက်အောင် သွားပို့ပေးပါ့မယ်"

သူ့ထံမှ ကတိစကားကိုရသည်နှင့် ပေ့ယန်းသည် သူမ၏လက် အားယူရွှေ့လျားလိုက်ပြီး အင်္ကျီအိတ်ထဲမှ စာတစ်စောင်နှင့် အုပ်တစ်အုပ်ကို ထုတ်ယူလိုက်သည်။

ထို့နောက် ...

ကောင်းစုဟာန်အား လှမ်းပေးလိုက်သည်။

ကောင်းစုဟာန်က လက်နှစ်ဖက်စလုံး တုန်ယင်စွာဖြင့် လှမ်းယူ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

လက်ထဲသို့ရောက်လာပြီဖြစ်သော ခရမ်းရောင်အဖုံးဖြင့် ဖုံးအုပ်ထားသော စာအုပ်ငယ်အားကြည့်ရင်း ...

"ဒါက အရိပ်မဲ့သိုင်းကျမ်း ဟုတ်လား"

သေချာစေရန် ထပ်မံမေးလိုက်ခြင်း ဖြစ်သည်။

ပေ့ယန်းက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ်၊ အ- အချိန်ကစပြီး ဒီသိုင်းကျမ်းကို မင်း ပိုင်သွားပြီ"

ထို့နောက် ...

ပေ့ယန်းက ကောင်းစုဟန်အား သေချာစွာစိုက်ကြည့်လိုက်ပြီး ...

"မင်း ... ဟိုလူသုံးယောက်ဆီက စာအုပ်တွေကိုကော မယူတော့ဘူးလား"

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မယူပါဘူး"

သူ့အဖြေကြောင့် ပေ့ယန်းက အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲ"

ကောင်းစုဟန်က သူ့ခံယူချက်ကို ရှင်းပြလိုက်တော့သည်။



"ဒေါ်ဒေါ်အတွက် ကျွန်တော်က စာတစ်စောင်ပို့ပေးရတာမို့ ဒေါ်ဒေါ်သိုင်းကျမ်းကို ကျွန်တော်ယူတာ တရားပါတယ်၊ သူတို့သုံးယောက်ကို ကျွန်တော် ဘာမှလုပ်မပေးရဘဲ သူတို့ရဲ့သိုင်းကျမ်းတွေကို ယူလိုက်ရင် ဘယ်တရားပါမလဲ"

ရိုးသားပွင့်လင်းသော သူ့စကားကြောင့် ပေ့ယန်းက သဘောကျစွာ ပြုံးလိုက်ပြီး ...

"မင်းက သူတို့ကို မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ရင်ကော"

ကောင်းစုဟန် တွေဝေသွားပြန်သည်။

အတန်ကြာမှ ...

သူက ဦးခေါင်းတစ်ချက်ညိတ်ပြီး သွက်လက်စွာ ပြောဆိုလိုက်သည်။

"ဒါဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

ပေ့ယန်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်း အခု အဲဒီသိုင်းကျမ်းတွေယူပြီး ကျုပ်စာကို သွားပေးလို့ ဖြစ်နိုင်သေးဘူးကွယ့်"

ကောင်းစုဟန် အံ့သြသွားသည်။

နားမလည်နိုင်စွာဖြင့်လည်း မေးလိုက်သည်။

"ဗျာ ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ယန်းက ...

"ကျုပ်တို့ ဒီတောင်ပေါ်ရောက်လာတာ ဆယ်ရက်ရှိပြီ၊ အခု ဆိုရင် သက်ဆိုင်ရာအဖွဲ့ဂိုဏ်းသားတွေ တောင်အောက်မှာ ရောက်နေ လောက်ပြီ၊ မင်းဆင်းသွားရင် သူတို့က မင်းကို သတ်ပစ်ကြမှာပဲ"

ကောင်းစုဟန် ပြုံးလိုက်သည်။

သဘောကျစွာလည်း ပြောဆိုလိုက်သည်။

"ကျွန်တော်က သေချင်တဲ့လူပဲ၊ ကိစ္စမရှိပါဘူး"

ပေ့ယန်းက ...

"မင်းက ကျုပ်အတွက် စာသွားပေးဖို့ ကတိပေးထားတာ မေ့နေပြီလား"

ထိုသတိပေးစကားကြောင့် ကောင်းစုဟန်ခမျာ ပါးစပ်ဟောင်း လောင်း ဖြစ်သွားရလေသည်။

သူ ဘာပြောရမှန်းမသိ ဖြစ်နေစဉ် ပေ့ယန်းက စကားဆက် လိုက်သည်။

"ဒီ နှင်းမြူတောင်အလယ်လောက်မှာ လိုဏ်ဂူတစ်ခုရှိတယ် အဲဒီမှာ ခြောက်လလောက် သိုင်းကျမ်းတွေထဲက သိုင်းပညာတွေကို လေ့ကျင့်ပြီးမှ တောင်အောက်ကို ဆင်းသွားပါ"

ကောင်းစုဟန် ခေါင်းညိတ်လိုက်၏။



"ကောင်းပါပြီ"

ထိုစဉ်မှာပင် ...

ပေ့ယန်းက ကောင်းစုဟန်၏ပခုံးကို ဆုပ်ကိုင်လိုက်၏။

ထိုတခဏမှာပင် သူ၏ခန္ဓာကိုယ်အတွင်းသို့ အပူလှိုင်းတစ်ခု က ဖြတ်သန်းစီးဆင်းလာ၏။

လုံးဝ မမျှော်လင့်ထားသော အဖြစ်အပျက်ကြောင့် ကောင်းစု ဟန်မှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး တစ်စထက်တစ်စ ပူလောင်လာ ပြီး ...

"အား ..."

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး လဲကျသွားလေတော့သည်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းလေးကျမ်း သိုင်းပညာ

ရာသီဥတုက တဖြည်းဖြည်း အေးစိမ့်သည်ထက် အေးစိမ့်လာသည်။

နှင်းဖွဲများမှာလည်း ကျဆင်းနေသည်ထက်ပို၍ ကျဆင်းလာပြန်သည်။

ရုတ်တရက် ...

ကောင်းစုဟန် လူးလွန့်ကာ သတိရလာသည်။

အတန်ကြာ သတိလစ်သွားသည် မှန်သော်လည်း သူ၏ ဦးခေါင်းတစ်ခုလုံးသည် မူးနောက်နေခြင်း မရှိပါ။

သူသည် အဖြစ်အပျက်များကို ပြန်လည် စဉ်းစားရင်း ပေ့ယန်းအား သတိရလာသည်။

ထိုစဉ်မှာပင် ...



သူ၏နံဘေးတွင် သေဆုံးနေသော ပေ့ယန်းအား တွေ့လိုက်ရသည်။

ပေ့ယန်းအားမြင်သည်နှင့် တပြိုင်နက်တည်း ပေ့ယန်း၏အားဖြင့် သူ့အပေါ် ပြုမူသွားသောကျေးဇူး တရားကို ကောင်းစုဟန်နားလည်လာသည်။

ပေ့ယန်းသည် အတွင်းအားဆက်ပညာဖြင့် သူ့အား အတွင်းအားများ လွှဲပြောင်းပေးသွားခဲ့သည် မဟုတ်ပါလား။

ကောင်းစုဟန်က ပေ့ယန်း၏ အလောင်းဘေးတွင် ရပ်လိုက်သေ၏။

ထို့နောက် ...

ဒူးထောက်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်အရိုအသေပေးလိုက်လေတော့သည်။

✧ ✤ ✧

ယခုတော့မူ ...

နှင်းမြူတောင်ထိပ်၏ ဖြူဖွေးနေသော နှင်းပွင့်များကြား၌ ခြေပုံလေးခုက တည်ရှိနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန်သည် မြေပုံလေးခုအား တစ်ချက်စိုက်ကြည့်လိုက်သည်။

ထို့နောက် ...

ပေယန်း၏မြေပုံကို သေချာစွာကြည့်ရင်း လိုက်လံရှာဖွေ ရရှိလိုက်မိတော့သည်။

"ဒေါ်ဒေါ်ပေးခိုင်းတဲ့စာကို ကျွန်တော်ရောက်အောင် ပို့ပေးပါ့မယ်လို့ ကတိပေးပါတယ် ဒေါ်ဒေါ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာ ထွက်ခွာလာခဲ့တော့သည်။

✧ ✤ ✧

အမှန်တော့ လှိုဏ်ဂူဝသည် ကြီးမားခြင်းမရှိပါ။

သို့သော် ...

ပေယန်းက သေချာစွာ ပြောပြခဲ့ခြင်းကြောင့်သာ ကောင်းစုဟန် အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့လေသည်။

ထို့ကြောင့် ...

သူသည် လှိုဏ်ဂူဝမှ သစ်ပင်ငယ်များကို ခုတ်ထွင်ရှင်းလင်း



လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ရဲရင့်တည်ကြည်စွာ လှိုဏ်ဂူထဲသို့ ဝင်လိုက်သည်။

အတွင်းပိုင်းတွင်မူ လှိုဏ်ဂူတစ်ခုလုံးသည် မှောင်မဲနေသည်။

ဤမျှ လူသူခေါင်းပါးသော နင်းမြူတောင်၏ ဤလှိုဏ်ဂူထဲတွင် ကောင်းစုဟန်က အချိန်ကြာမြင့်စွာ နေထိုင်နိုင်ပါမည်လော။

ကောင်းစုဟန် ဤလှိုဏ်ဂူသို့ ရောက်ရှိပြီး နေ့ဝက်အချိန်ခန့် ကြာလျှင် ...

လှိုဏ်ဂူတစ်ခုလုံးသည် လူတစ်ယောက်နေထိုင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲပြီးသား ဖြစ်သွားသည်။

ကောင်းစုဟန်အနေဖြင့် ငယ်စဉ်ကပင် တစ်ယောက်တည်း နေထိုင်တတ်သော အလေ့အကျင့် ရှိခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ...

သူသည် ဤလှိုဏ်ဂူအတွင်း နေထိုင်ရန် ဆုံးဖြတ်ပြီးဖြစ်သည်။

ထို့အပြင် ...

စားသောက်ရန်ကိစ္စကိုလည်း ကောင်းစုဟန်က စိုးရိမ်ပန်ခြင်း ဖြစ်မိပါ။

အမှန်တော့ ...

လှိုဏ်ဂူနှင့် မနီးမဝေးတွင် တသွင်သွင်စီးဆင်းနေသော ကြည်

www.burmeseclassic.com

www.burmeseclassic.com



လင်အေးမြသည့် စမ်းချောင်းငယ်တစ်ခုနှင့် ထိုစမ်းချောင်းငယ်၏ နံဘေးမှာလည်း စိမ်းလန်းစိုပြည်သော သစ်တောအုပ်ငယ်တစ်ခု ရှိနေခြင်းကြောင့်ပင် ဖြစ်လေသည်။

✧ ✤ ✧

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရာသီဥတုသည်လည်း ပြောင်းလဲသွားသည်။

သို့သော် ...

ကောင်းစုဟန်တစ်ယောက်ကတော့ ပြောင်းလဲမှုမရှိပါ။

သူသည် သိုင်းကျမ်းစာအုပ်လေးအုပ်မှ သိုင်းပညာများကို လေ့ကျင့်ကျက်မှတ်လျက်ပင် ရှိနေ၏။

တစ်ခါတစ်ရံတွင်မှ ခက်ခဲနက်နဲသော သိုင်းကွက်များတွေ့ရှိလာရသောအခါ၌ သူသည် နှစ်ရက်သုံးရက်မျှ ထိုင်ရာမှမထဘဲ စဉ်းစားတွေးခေါ်လျက် အချိန်များကို ကုန်လွန်စေခဲ့သည်။

ထို့ကြောင့် ...

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည့်နည်းတူ ကောင်းစုဟန်သည်လည်း သိုင်းကျမ်းစာအုပ်လေးအုပ်၏ စာရွက်များပေါ်ရှိ



အသားများကိုလည်း တဖြည်းဖြည်း လေ့ကျင့်ကျက်မှတ်၍ ပြီးလုနီးပါသည်။

ခြောက်လ ...

ကောင်းစုဟန်က လိုဏ်ဂူနံရံကို ကြည့်လိုက်သည်။

အမှန်စင်စစ် ...

သူသည် လိုဏ်ဂူထဲတွင် စတင်နေထိုင်ခဲ့သည့်နေ့မှစ၍ နေ့စဉ်မှတ်အသားများ ပြုလုပ်ထားခဲ့သည်။

ယခု ...

ထိုအမှတ်အသားများက သူသည် ဤလိုဏ်ဂူထဲတွင် နေထိုင်သည်မှာ ခြောက်လမျှရှိနေပြီဖြစ်ကြောင်း သက်သေခံနေသည်။

ကောင်းစုဟန် ပြုံးလိုက်သည်။

မနေ့ညက သိုင်းကျမ်းလေးအုပ်ထဲမှ နောက်ဆုံးစာရွက်အားလည်းကျက်မှတ်နေခဲ့သည်။

ယနေ့ ...

သူ့ထံတွင် ကျက်မှတ်လေ့ကျင့်စရာများ တစ်ခုတစ်လေမျှပင် ကျန်ရှိခဲ့ခြင်း မရှိတော့ပါ။

နေဝန်းနီသည် အရှေ့ဘက်သို့ တဖြည်းဖြည်း မြင့်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ...

ကောင်းစုဟန်က ခြောက်လမျှနေထိုင်ခဲ့သော လှိုဏ်ဂူအား တစ်ချက်ကြည့်လိုက်ပြီး အားရပါးရ ရယ်မောလိုက်သည်။

ထို့နောက် ...

တောင်အောက်သို့ ခုန်ပေါက်ပြေးလွှားသွားလေတော့သည်။

ကောင်းစုဟန်၏ဘဝသည် မမျှော်လင့်ဘဲ ပြောင်းလဲခဲ့ရပြီ ဖြစ်ပေတော့သည်။

✧ ✣ ✧

# ထူးအန်းသောလူငယ်

'ကျိုစန်း' မျက်မှောင်ကြုတ်လိုက်သည်။

စူးရှသောနေရောင်ခြည်သည် သူ၏မျက်နှာပေါ်သို့ တိုက်ရိုက် ထိုးကျလျက် ရှိနေ၏။

သို့သော် ...

ယင်းသို့ စူးရှသောနေရောင်ခြည်မျိုးကို ကျိုစန်းက မမှုပါ။

ထို့ပြင် ...

မည်သည့်ကိစ္စရပ်များကိုမှလည်း သူက မမှုပါချေ။

ထို့ကြောင့်ပင် ...

'တောင်ဖြိုလက်သီး ကျိုစန်း'ဟူ၍ သိုင်းလောကတွင် ထင်ပေါ် ကျော်ကြားနေခဲ့သည် မဟုတ်ပါလား။

မုတ်ဆိတ်မွေး ထူပျစ်စွာရှိပြီး သန်မာထွားကျိုင်းသောသူ၏

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်သည် နေရောင်ခြည်အောက်တွင် ထီးတည်းမားမား ရပ်တည်လျက် ရှိသည်။

အဘယ်ကြောင့် သူသည် လူသူအရောက်အပေါက်နည်းသော ဤနေရာမျိုးတွင် နေ့စဉ်ရက်ဆက်ဆိုသလို လာရောက်ထိုင်နေခဲ့ရပါသနည်း။

ယခု နေရောင်အောက်၌ ခါးထောက်ရပ်တည်နေရာမှ ကိုစိန်း၏နားထဲတွင်မူ 'သိုင်းဘီလူးရန်ကျွေ့'၏ စကားများကို ကြားယောင်လာသည်။

ရန်ကျွေ့က သူ့အား ဤသို့ထုတ်ဖော်ပြောထားခဲ့ဖူးသည်။

"ဒီမှာ ကိုစိန်း ... ကျုပ်က သိုင်းလောကရဲ့ ပထမနေရာအတွက် နှင်းမြူတောင်ထိပ်ပေါ်မှာ သွားရောက်ယှဉ်ပြိုင်မယ်၊ ဒီတော့ ကျုပ်သွားပြီး ရက်အနည်းငယ်ကြာရင် မင်းက တောင်ခြေက ကျုပ်ကို စောင့်ပါ၊ ကျုပ်ဆီက အချက်ပြမီး ပေါ်ထွက်မလာမချင်း တောင်ပေါ်ကို တက်မလာပါနဲ့"

အမှန်စင်စစ် သိုင်းဘီလူးရန်ကျွေ့သည် ကိုစိန်း၏ကျေးဇူးရှင် ဖြစ်သည်။

ထို့အပြင် ...



ကိုစိန်းသည် ဘီလူးရဲတိုက်မှ ထိပ်တန်း သိုင်းသမားတစ်ယောက်လည်း ဖြစ်နေသေးသည် မဟုတ်ပါလား။

ထို့ကြောင့် ...

သူသည် ရန်ကျွေ့၏အမိန့်အတိုင်း နှင်းမြူတောင်ခြေတွင် အရောက်စောင့်မျှော်နေခြင်း ဖြစ်သည်။

ထိုစဉ်မှာပင် ...

သူ၏မြင်ကွင်းအတွင်းသို့ နှင်းမြူတောင်ပေါ်မှ ပြေးလွှားဆင်းသက်လာသော လူရိပ်တစ်ခုကို လျှပ်တစ်ပြက် တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ... သူက မျက်မှောင်ကြုတ်သွားခြင်း ဖြစ်ပေသည်။

ထို့နောက်တွင်မူ ...

✧ ♣ ✧

"ရပ်လိုက်"

ကိုစိန်း၏အသံသည် သူ၏ကြီးမားသော ခန္ဓာကိုယ်နှင့်လိုက်ဖက်ပင် ကျယ်လောင်စွာ ဟိန်းထွက်သွားတော့သည်။

ထို့အပြင် ပြေးလွှားလာနေသောလူ၏ ပြေးလမ်းကို ပိတ်ဆို့ထားလိုက်လေသည်

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ...

ပြေးလွှားလာနေသောလူက ရပ်တန့်သွားတော့၏။

ယခုအခါတွင်မူ ကျိစန်းသည် နှင်းမြူတောင်ပေါ်မှ ဆင်းလာသောလူအား သေချာစွာ တွေ့မြင်လိုက်ပြီ ဖြစ်သည်။

အမှန်စင်စစ် ထိုလူမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်ရှိပြီး ဟောင်းနွမ်းစုတ်ပြတ်နေသော အဝတ်အစားများ ဝတ်ဆင်ထားသောလူရွယ်တစ် ယောက်ပင် ဖြစ်လေသည်။

✧ ✤ ✧

ကောင်းစုဟန်၏ ခြေလှမ်းများက ရပ်တန့်လိုက်ပြီးသား ဖြစ်သွားသည်။ သူသည် ဆက်၍ ပြေးသွားနိုင်ခြင်း မရှိပါ။

ထိုသို့ ဖြစ်ရခြင်းမှာ သူ၏ပြေးလမ်းကို လူတစ်ယောက်က ပိတ်ဆို့ထားလိုက်ပြီ မဟုတ်ပါလား။

ကောင်းစုဟန် အံ့သြသွားသည်။

မျက်မှောင်ကြုတ်၍လည်း ကြည့်လိုက်မိသည်။

ထိုလူသည် အဘယ်ကြောင့် သူသွားမည့်လမ်းကို ပိတ်ဆို့ထားရပါသနည်း။



သူ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်မိသည်နှင့် ကျိစန်းက [illegible]လိုက်သည်။

"ဟော့ ... မင်း တောင်ပေါ်ကဆင်းလာတာ မဟုတ်လား"

ကောင်းစုဟန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူ့စကားကြောင့် ကျိစန်း၏မျက်လုံးအစုံ ဝင်းလက်သွားသည်။

တစ်ဆက်တည်းပင် သူက မေးလိုက်၏။

"တောင်ပေါ်မှာ လူလေးယောက်ကို တွေ့ခဲ့သလား"

ကောင်းစုဟန်က ...

"တွေ့ခဲ့တယ်"

ကျိစန်းက ထပ်မေးလိုက်သည်။

"အခု သူတို့ကော ..."

ကောင်းစုဟန်က ...

"တောင်ပေါ်မှာပဲ ရှိနေတယ်"

ဟု ဖြေလိုက်၏။

ကျိစန်း ဝမ်းသာသွားသည်။

"ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက်ကို တွေ့ခဲ့မိသလား"

ကျိစန်း၏လေသံက ချက်ချင်းပင် ပြောင်းလဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းချိုသာလွန်းလှသည်။

အမှန်တော့ သူသည် ဆရာဖြစ်သူ ရန်ကွေ့၏အကြောင်းစုံကို သိလိုသည် မဟုတ်ပါလား။

ကောင်းစုဟန်က ခေါင်းညိတ်လိုက်သည်။

ထို့နောက် ခပ်အေးအေးပင် ဖြေဆိုလိုက်သည်။

"တွေ့ခဲ့ပါတယ်"

ကျိစန်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

ကောင်းစုဟန်အား ပြုံးပြရင်း ...

"သူ ကျန်းကျန်းမာမာ ရှိရဲ့လားဗျာ"

ထိုအပြုအမူကြောင့် ကောင်းစုဟန်က တွေဝေသွားသည်။

သူသည် ကျိစန်းအား သေချာစွာ စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ဘယ်သူလဲ"

ကျိစန်းက ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်၏။

သွက်လက်စွာလည်း ပြန်လည်ပြောလိုက်၏။

"ကျုပ်က တောင်ဖြိုလက်သီး ကျိစန်းပါ၊ ကျုပ်ဆရာက ခင်ဗျားတွေ့ခဲ့တဲ့ ပိန်ပိန်ပါးပါးအဘိုးအို 'ရန်ကွေ့'ပါ"

ကောင်းစုဟန်က ပြုံးလိုက်သည်။

နှုတ်မှလည်း အေးဆေးစွာဖြင့် ...



"အော် ... ခင်ဗျားက ဘိလူးရဲတိုက်ပိုင်ရှင်ရဲ့ တပည့်ကိုး"

ကျိစန်းက ...

"ဟုတ်ပါတယ်၊ အခု ကျုပ်တို့သခင်ကြီး ကျန်းကျန်းမာမာ ရှိရဲ့လားဗျာ"

ကောင်းစုဟန် ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် တစ်လုံးချင်း ပြန်ပြောလိုက်တော့၏။

"ခင်ဗျားတို့ သခင်ကြီးက တောင်ပေါ်မှာရှိနေတာ မှန်ပေမယ့် အသက်မရှိတော့ဘူးဗျ"

ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ကျိစန်း၏မျက်နှာအစုံသည် ပြုံးကျယ်သွားတော့သည်။

သူသည် မယုံကြည်နိုင်စွာဖြင့် ...

"မင်း ... မင်း ဘာကယ်ပြောနေတာလား"

ဟု ထိတ်လန့်တကြား မေးလိုက်၏။

ကောင်းစုဟန်က ...

"ကျုပ်က ဘာကြောင့်လိမ်ပြောရမှာလဲဗျ"

ထိုအခါ ...

ကျိစန်း၏မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကောင်းစုဟာန်အား စေ့စေ့ကြည့်၍ ...

"သူက ဘာကြောင့် သေသွားရတာလဲ"

ဟု မေးလိုက်သည်။

ကောင်းစုဟာန်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ် သေသေချာချာ မသိဘူးဗျ"

ကျိုစန်း မဲ့ပြုံးပြုံးကာ ...

"ကျုပ်က တောင်ခြေမှာ ကျုပ်ဆရာကို စောင့်နေခဲ့တာ ခြောက်လကျော်ပြီဗျ၊ တောင်ပေါ်က ဆင်းလာသူဆိုလို့ မင်းတစ်ယောက်ပဲရှိသေးတယ်၊ မင်းက မသိဘူးဆိုတော့ ရယ်စရာဖြစ်မနေဘူးလား"

သံသယရိပ်များ ယှက်သန်းနေသော စကားပင် ဖြစ်၏။

ကောင်းစုဟာန် ပခုံးတွန့်လိုက်သည်။

"ကျုပ်က မသိလို့မသိဘူးပြောတာပေါ့ဗျ"

ဤတွင် ကျိုစန်း၏မျက်လုံးအစုံသည် အရောင်တဖိတ်ဖိတ် တောက်ပလာတော့သည်။

အမှန်တော့ ...

ယင်းသို့ ဖြစ်ပေါ်လာခြင်းသည် လူသတ်လိုသောအခါ ထွက်ပေါ်လာတတ်သော အရိပ်အယောင်မျိုးပင် ဖြစ်သည်။



"မင်းကသာ အမှန်အတိုင်း ပြောမပြဘူးဆိုရင် မင်းအသက်ဟာ ဟောဒီနေရာမှာတင် သေသွားနိုင်တယ်ဆိုတာ ကျုပ် အသေအချာပြောရဲတယ် သိလား"

သူ့လေသံကြောင့် ကောင်းစုဟာန်က ထိတ်လန့်သွားမိသည်။

သူသည် နောက်သို့ ခြေသုံးလှမ်းမျှ ဆုတ်လိုက်ပြီး ...

"ခင်ဗျား ..."

ကျိုစန်းက ပြုံးလိုက်ပြီး ...

"ကဲ ... မင်း အမှန်အတိုင်းပြောတော့မယ် မဟုတ်လား"

ကောင်းစုဟာန်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်က အဖြစ်အပျက်ကို အစအဆုံး မသိလို့ မပြောနိုင်ပါဘူး"

ဤတွင် ကျိုစန်းမှာ ဒေါသခြောင်းခြောင်း ထွက်သွားတော့၏။

"ဖမင်းက လိမ်ပြောချင်နေတာကိုး၊ သိကြသေးတာပေါ့ကွာ"

အော်ဟောက်ရင်း ကောင်းစုဟာန်ထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်သည်။

"ခင်ဗျား ဘာလုပ်တာလဲ"

ကောင်းစုဟာန်ကပြောရင်း အသာအယာ ရှောင်တိမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏တိုက်ခိုက်မှု အရာမထင်၍ ကျိုစန်းမှာ ဒေါသအိုး ပေါက်ကွဲသွားတော့သည်။

"သေပေတော့"

အော်ဟစ်ရင်း ထပ်မံတိုက်ခိုက်လာပြန်သည်။

သိုင်းကွက်တိုင်းတွင် ပြင်းထန်ရက်စက်ကာ လဲကျသေဆုံးသွားနိုင်သည်ချည်းပင် ဖြစ်သည်။

ကောင်းစုဟန် ကျွဲမြီးတိုသွားသည်။

"ခင်ဗျား လွန်လာပြီနော်၊ ရပ်လိုက်ရင် ကောင်းမယ်"

သို့သော် ...

ကျိုစန်းက အရေးမစိုက်ဘဲ ဆက်လက်တိုက်ခိုက်နေသည်။

ကောင်းစုဟန် မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်အဆိုး မဆိုနဲ့တော့"

စကားဆုံးလျှင် လက်တစ်ဖက် ဆန့်ထုတ်လိုက်တော့သည်။

✧ ✤ ✧

"ဝုန်း ..."

"အား ..."



ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ကျိုစန်းမှာ အဝေးသို့ လွင့်စဉ်သွားတော့၏။

ကောင်းစုဟန်က ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ စိုက်ကြည့်နေသည်။

ကျိုစန်းသည် လဲကျနေရာမှ လူးလိမ့်ထလိုက်သည်။

"မင်း ... မင်း ..."

ကောင်းစုဟန်လည်း အံ့အားသင့်နေ၏။

သူက သိုင်းကွက်တစ်ကွက်တည်းဖြင့် ဤသို့ပြုမူလိုက်နိုင်သည်ကို မယုံနိုင်ဘဲ ဖြစ်နေ၏။

သို့သော် သူက ချက်ချင်းဟန်ဆောင်လိုက်ပြီး ...

"ခင်ဗျား ဘာလုပ်ချင်သေးလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်၏။

ကျိုစန်းက အံတင်းတင်းကြိတ်လိုက်သည်။

သိုင်းဘီလူးရန်ကွေ့ သေဆုံးသွားရသည်မှာ ထိုလူငယ်နှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေရမည်ဟု ယူဆလိုက်ပြီး ...

"မင်းကို ကျုပ် သတ်ပစ်မယ်ကွ"

သူသည် စကားဆုံးသွားသည်နှင့် ကောင်းစုဟန်အား ပြေးဝင်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

သူ၏ တိုက်ခိုက်မှုမှာ အချည်းနှီးသာ ဖြစ်သွားသည်။

အကြောင်းမှာ …

ကောင်းစုဟန်မှာ မူလနေရာတွင် မရှိတော့ပါ။

သူ့ရှေ့မှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားပြီ ဖြစ်လေသည်။

ကျိစန်း၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူသည် လျင်မြန်စွာပြေးလွှားသွားနေသော ကောင်းစုဟန်၏နောက်သို့ လိုက်မသွားနိုင်ပါ။

အမှန်တွင် ကောင်းစုဟန်၏ ကိုယ်ဖော့ပညာမှာ သူ့ထက် အဆပေါင်းများစွာ သာလွန်နေသည်ကို သူက သိရှိလိုက်သည်။

ယခုတော့ သူ၏ ဘဝတစ်လျှောက်တွင် အမည်နာမ မသိရဘဲ ထူးဆန်းသောလူငယ်တစ်ယောက်ကို ပထမဦးဆုံးအကြိမ် ရှုံးနိမ့်သွားခဲ့ရပြီ မဟုတ်ပါလား။

သူက ခေါင်းတွင်တွင်ခါယမ်းလိုက်မိလေတော့သည်။

✧ ✤ ✧

## အတားအဆီးများ

သံမဏိဘုတ်ရှည်များသည် တည့်မတ်ဖြောင့်တန်းနေ၏။

သို့သော် …

ထိုသံမဏိတုတ်ရှည်များကို ကိုင်ဆောင်ထားသူများမှာ [illegible]းကုန်း နေသော အဘိုးအိုများသာ ဖြစ်သည်။

သံမဏိတုတ်ရှည် ကိုင်ထားသော အဘိုးအိုသုံးယောက်ပင် [illegible]ဖြစ်သည်။

ထိုမြင်ကွင်းကြောင့် ကောင်းစုဟန်၏ခြေလှမ်းများသည် တုံ့ခနဲ [illegible]ရပ်တန့်သွားသည်။

မရပ်၍လည်း မဖြစ်ပါ။

ထိုအဘိုးအိုသုံးယောက်သည် သူ၏သွားရာလမ်းအား ပိတ်ဆို့[illegible]ထားခြင်းကြောင့်ပင် …

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုပင် သူ၏မှတ်ဉာဏ်ထဲတွင်လည်း ဤသံမဏိ တုတ်ရှည် ကိုင်ဆောင်ထားသော အဘိုးအိုသုံးယောက်မှာ သံမဏိဂေဟာမှလူများ ဖြစ်ရမည်ဟု နားလည်လိုက်သည်။

ဤသို့ဆိုလျှင် ...

ထိုအဘိုးအိုသုံးယောက်သည်လည်း ကျိုစန်းနှင့် မည်သို့မျှ ထူး ခြားမည်မဟုတ်ဟု သူက စဉ်းစားလိုက်မိသည်။

ယခု ...

ဤအဘိုးအိုသုံးယောက်မှာ သူ၏သွားရာလမ်းအား ပိတ်ဆို့ ထားပြီး တစ်နည်းနည်းနှင့် ဟန့်တားလာကြမည်မှာ သေချာလှ၏။

အဘိုးအိုသုံးယောက်ကိုကြည့်ပြီး ကောင်းစုဟန် ခေါင်းခါယမ်း လိုက်သည်။

သူက ထိုအဘိုးအိုသုံးယောက်နှင့် မတိုက်ခိုက်လိုပါချေ။

ထို့အပြင် ...

သံမဏိဂေဟာ ရှမ်းရိစင်း မည်သို့သေဆုံးသွားခဲ့ကြောင်းကို လည်း သူက မသိပါ။

ဤကိစ္စကို ရှင်းမပြနိုင်ခဲ့လျှင် သူသည် မလွဲမသွေ ထိုအဘိုး အိုသုံးယောက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရမည်သာ ဖြစ်သည်။

ထို့ကြောင့် ...



ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်း ချပစ်လိုက်တော့သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ရုတ်တရက်ဝင် ...ာင်းစုဟန်၏ ခန္ဓာကိုယ်သည် လေထဲသို့မြောက်တက်သွားပြီး ...ိုးအိုသုံးယောက်၏ နောက်သို့ ရောက်ရှိသွားလေသည်။

သူသည် မြေပေါ်သို့ ခြေချမိလိုက်သည်နှင့် ရပ်တန့်မနေဘဲ ...ှန်ထိုး ပြေးလွှားသွားလေတော့သည်။

"ဟင် ..."

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အဘိုးအိုသုံးယောက် ...က်သေသေသွားမိသည်။

အတန်ကြာမှ သတိဝင်လာကြပြီး ကောင်းစုဟန်နောက်သို့ ...လိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

ချက်ချင်းပင် ခြေလှမ်းတန့်သွား၏။

သူတို့၏မျက်လုံးအစုံလည်း ပြူးကျယ်သွားကြသည်။

အကြောင်းမှာ ...

ကောင်းစုဟန်၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့သော ...င့်ပင်။

✧ ✤ ✧

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟာန် ခြေလှမ်းရပ်လိုက်ပြီး အမောဖြေလိုက်၏။

သူက အဘိုးအိုသုံးယောက်အား မျက်ခြည်ပြတ်ခဲ့နိုင်ပြီဖြစ်၍ ဝမ်းသာနေ၏။

သို့သော် ...

သူ၏ဝမ်းသာမှုမှာ ကြာရှည်မခံပါ။

မျက်နှာပေါ်တွင် စိတ်ပျက်သောအရိပ်အယောင်များ ပေါ်ထွက်လာသည်။

အကြောင်းမှာ ...

လူတစ်စုသည် သစ်ပင်များနောက်ကွယ်မှ ထွက်ပေါ်လာပြီး သူ့အား ရုတ်ခြည်းပင် ဝိုင်းရံလာသောကြောင့် ဖြစ်သည်။

ဝိုင်းရံထားသူများမှာ အဝါရောင် ဝတ်ဆင်ထားသော လူလေးယောက် ဖြစ်သည်။

သူတို့က ဝိုင်းရံထားပြီဖြစ်၍ ကောင်းစုဟာန်မှာ ရှောင်ထွက်သွား၍ မဖြစ်နိုင်တော့ပါ။

သူက မျက်နှာကို ချက်ချင်းတည်လိုက်ပြီး ...

"ခင်ဗျားတို့ ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို လမ်းပိတ်ထားရတာလဲ"

ဟု ခပ်တည်တည်ဖြင့် မေးလိုက်သည်။



အဝါရောင်ဝတ်ဆင်ထားသူ တစ်ယောက်က ...

"ကျုပ်တို့က ရွှေဓားစံအိမ်ကပါ၊ မိတ်ဆွေလေး နှင်းမြူတောင်ကဆင်းလာတယ်လို့ သိရပါတယ်၊ ကျုပ်တို့သခင်ကြီးအကြောင်း သိချင်လို့ စောင့်နေတာပါ"

ကောင်းစုဟာန်က မကျေမနပ်ဖြင့် ...

"ကျုပ်ကို ဝိုင်းရံထားတာ ဘာသဘောလဲ"

အဝါရောင်ဝတ်ဆင်ထားသူက ...

"မိတ်ဆွေက ကျုပ်တို့ကို အဖြေမပေးဘဲ ထွက်သွားမှာ စိုးရိမ်လို့ပါ"

ကောင်းစုဟာန် မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့သခင်ကြီးအကြောင်း မေးလို့လဲ အပိုပဲ၊ ကျုပ်က ဘာမှမသိဘူးဗျ"

စကားဆုံးလျှင် လက်ကို ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်၏။

"ဝုန်း ..."

"အား ..."

"အွန့် ..."

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး အဝါရောင်ဝတ်ဆင်ထားသူများ ဖရိုဖရဲဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို အခွင့်ကောင်းယူကာ ကောင်းစုဟန်က ဆင်
လက်ပြေးလွှားသွားလေတော့သည်။

✧ ✤ ✧

အဝါရောင်ဝတ်ဆင်ထားသူများမှာ မမျှော်လင့်ဘဲ တိုက်ခိုက်
ခြင်း ခံလိုက်ရ၍ ဖရိုဖရဲ ဖြစ်သွားကြသည်။

အားလုံး ပြန်လည်စုစည်းမိချိန်တွင် ကောင်းစုဟန်မှာ အဝေးသို့
ရောက်ရှိသွားသည်ကို တွေ့မြင်လိုက်ရသည်။

ထို့နောက်တွင် သူတို့သည် မယုံကြည်နိုင်စွာဖြင့် တစ်ယောက်
ကို တစ်ယောက် အပြန်အလှန် ကြည့်လိုက်မိကြသည်။

အမှန်တော့ ယနေ့တွင်လည်း သူတို့လေးယောက်သည် ယခင်
နေ့များ အတိုင်း နှင်းမြူတောင်ခြေတွင် ရှိနေကြစဉ်မှာပင် တောင်
ပေါ်မှ ပြေးဆင်းလာသူတစ်ယောက်အား တွေ့ရှိလိုက်ရ၍ ဟန့်တား
ခဲ့မိခြင်း ဖြစ်ပေသည်။

အဝါရောင်ဝတ်ဆင်ထားသူ လေးယောက်အနက် ခေါင်း
ဆောင်ဖြစ်ဟန်ရှိသူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... တောင်ပေါ်မှာ ထူးခြားချက်တစ်ခုခုတော့ ရှိနေပြီ



ကျန်သုံးယောက်သည် ခေါင်းညိတ်လိုက်ကြသည်။

"ဟုတ်တယ်၊ သခင်ကြီးအတွက် စိုးရိမ်စရာများ ဖြစ်နေပြီလား
မသိဘူးဗျ"

ခေါင်းဆောင်လုပ်သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"သခင်ကြီးဆီက အချက်ပြမှု မရသေးတဲ့အတွက် သေသေ
ချာချာ မပြောနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် တောင်ပေါ်ကို တက်သွားလို့
ရတဲ့အတူတူ အဲဒီလူငယ်နောက်ကို လိုက်သွားပြီး စုံစမ်းကြရမှာပဲ"

သူ၏စကားကို အားလုံးက ထောက်ခံလိုက်၏။

ထို့နောက် သူတို့လေးယောက်သည် ပြေးလွှားသွားနေသော
ကောင်းစုဟန်၏နောက်သို့ ပြေးလွှားကာ လိုက်ပါသွားကြလေတော့
သည်။

✧ ✤ ✧

ကောင်းစုဟန် တစ်ဟုန်ထိုး ပြေးလွှားနေ၏။

သူက ရပ်တန့်ရန် စိတ်ကူးမရှိပါ။

သူက နှင်းမြူတောင်ပေါ်မှ ဆင်းလာသည်နှင့် ဟန့်တားသူ
များအား ဆက်တိုက်ဆိုသလိုပင် ကြုံတွေ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက နောက်ဆုံးအကြိမ် ခရမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးရှစ်ယောက်အား ဖြတ်ကျော်လာခဲ့ပြီးသောအခါ ရပ်တန့်ရန် မကြိုးစားတော့ပါချေ။

သူက ရပ်တန့်သည်နှင့် ဟန့်တားမည့်သူများ ပေါ်ထွက်လာမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်ပေသည်။

သူက ပေ့ယန်းအား ကတိပေးထားသည့်အတိုင်း ခရမ်းရောင်ခြံဝင်းဆီသို့ အရောက်သွားရမည် ဖြစ်ပေသည်။

ပေ့ယန်း၏ကိစ္စကို မဆောင်ရွက်ရသေးမီ မည်သည့်ပြဿနာမှ မဖြစ်ပေါ်စေလိုပါချေ။

သို့သော် ...

ပြဿနာများက သူ့အား ဆီးကြိုနေကြ၏။

သူ့အနေဖြင့် ခရမ်းရောင်ခြံဝင်းရှိရာသို့ အရောက်သွားနိုင်မည်လော။

ပေ့ယန်း ခိုင်းစေသောကိစ္စ အောင်မြင်ပါမည်လော။

ကောင်းစုဟန်မှာ တစ်ဟုန်ထိုး ပြေးလွှားနေဆဲပင်။

(ပထမပိုင်း ပြီး၏)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ဝင်းကြွယ်

# ဘွဲ့ထူးခံအညတရ

ဒုတိယပိုင်း ( ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com

# နှင်းမြူတောင်မှ လျှို့ဝှက်ချက်

နှင်းမြူတောင် . . .

နှင်းမြူတောင်ပေါ်၌ သိုင်းလောကနှင့်ပတ်သက်၍ ထိတ်လန့် [illegible]လှုပ်ဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

ထိုအဖြစ်အပျက်အား ကောင်းစုဟန်ကြုံတွေ့သိရှိခဲ့ရလေသည်။

နှင်းမြူတောင်မှ အဖြစ်အပျက်သည် သိုင်းလောကတစ်ခုလုံး [illegible]ဝင်စားဘဲ မနေနိုင်သော ဖြစ်ရပ်တစ်ခုဖြစ်နေသည်။

ထို့ကြောင့် . . .

သိုင်းလောကသားများသည် ကောင်းစုဟန်အား စိတ်ဝင်စား [illegible]လေသည်။

ခရမ်းရောင်ခြံဝင်းသခင်မလေး ပေ့အင်းနှင့် ကောင်းစုဟန် [illegible]ဆုံတွေ့ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်...

ကောင်းစုဟန်က နှင်းမြူတောင်ပေါ်၌ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များအား သခင်မလေး ပေ့အင်းအား ရှင်းလင်းပြောပြလိုက်လေတော့သည်။

❋ ✪ ❋

BURMESE CLASSIC .com

ကောင်းစုဟန် သက်ပြင်းချလိုက်လေသည်။

နှင်းမြူတောင်ပေါ်မှ အဖြစ်အပျက်များကို ရှင်းလင်းဖြော လိုက်ပြီဖြစ်လေသည်။

သခင်မလေး ပေ့အင်း ငိုင်ကျသွား၏။

အထိန်းတော်များဖြစ်ကြသော စင်းစင်းနှင့် စင်းလှျံတို့သည် ခရမ်းရောင် ဒေဝီပေ့ယန်း၏အဖြစ်ဆိုးကို ကြားသိရလျှင် ဝမ်းနည်း ကြေကွဲစွာ ငိုကြွေးလိုက်ကြလေသည်။ အေးစိမ့်အဘွားအို စုရန် မေးသည်။

"ဒါဖြင့် နှင်းမြူတောင်ပေါ်မှာ သိုင်းထိပ်သီးကြီး လေးယော စလုံး သေဆုံးသွားခဲ့ကြပြီပေါ့"



ကောင်းစုဟန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ရောက်သွားတော့ ဒေါ်ဒေါ်ပေ့ယန်းတစ်ယောက်ပဲ အသက်ရှင်ကျန်ပါတော့တယ်"

တစ်ဖန် သူကြုံတွေ့နေရသော အခက်အခဲကို ရှင်းပြလိုက်လေသည်။

"သိုင်းဘီလူးရန်ကွေ့ရဲ့လူတွေနဲ့ တခြားလူတွေကပါ သိုင်းထိပ်သီး လေးယောက်ကို ကျွန်တော် အကောက်ကြံလိုက်တာလို့ ယူဆနေကြမှာပါ၊ ဒီကိစ္စကို ရုတ်တရက် ဖြေရှင်းဖို့ မလွယ်ပါဘူး၊ ဒါကြောင့် ကျွန်တော်လည်း ဘယ်သူနဲ့မှ အတွေ့မခံဘဲ ပုန်းအောင်းရှောင်တိမ်းနေခဲ့တာပါ"

အေးစိမ့်အဘွားအို စုရန်း မချိပြုံးပြုံးလိုက်လေသည်။

"မင်းကို ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် တခြားလူက မယုံကြည်တာတော့ ကျုပ်လည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"

သခင်မလေး ပေ့အင်းက ကြားဝင်ပြောလိုက်သည်။

"ဒီကိစ္စကိုလာပြီး မေးမြန်းစုံစမ်းတဲ့အခါ ရေရေလည်လည် ရှင်းပြလိုက်ပေါ့ရှင်၊ ဒီလိုရှောင်ပုန်းနေလို့ ပြီးသွားမှာမှမဟုတ်တာ၊ ပိုဆောင် အန္တရာယ်များဦးမယ် မဟုတ်လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



စင်းစင်းနှင့် စင်းလှိုင်တို့သည်လည်း သခင်မလေး ပေ့အင်း ပြောသည့်အတိုင်း ကောင်းစုဟန်က ရှောင်ပုန်းမနေဘဲ ရင်ဆိုင်ဖြေရှင်း သွားစေလိုကြပေသည်။

"သခင်မလေးပြောတာ ဟုတ်တယ်ရှင့်"

"ရှောင်ပုန်းနေမယ့်အစား ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံး ဖြစ်မယ်"

ဟုနှစ်ယောက်သား ဝိုင်းဝန်းတိုက်တွန်းကြလေသည်။

ကောင်းစုဟန်လည်း မတတ်သာဘဲ သဘောတူလိုက်ရလေသည်။

"ကောင်းပါပြီဗျာ၊ ကျုပ် ရင်ဆိုင်ဖြေရှင်းသွားပါတော့မယ်၊ ကျုပ် ပြောတာကို ယုံတာမယုံတာကတော့ သူတို့ရဲ့ သဘောပေါ့လေ"

သခင်မလေး ပေ့အင်းသည် သူမ၏စကားကို ကောင်းစုဟန်က လက်ခံသဖြင့် ကျေနပ်သွားလေသည်။

တစ်ဖန်...

ကောင်းစုဟန် ယူလာပေးသော ပေ့ယန်း၏စာကို ဖောက်ဖတ်လိုက်လေသည်။



ကောင်းစုဟန်၊ စင်းစင်း၊ စင်းလှိုင်နှင့် အေးစိမ့်အဘွားအို စုရှန်းတို့ အခြေအနေ စောင့်ကြည့်နေလိုက်ကြ၏။

သခင်မလေး ပေ့အင်းသည် စာဖတ်ပြီးသည်နှင့် မျက်နှာ ...တ်ခနဲ ပျက်သွားလေတော့သည်။

ထို့နောက်...

အံတင်းတင်းကြိတ်လိုက်သကဲ့သို့ ကောင်းစုဟန်ကိုလည်း ခပ် ...စိမ်း ကြည့်လိုက်လေသည်။

လက်ထဲမှစာကို တစ်ချက်ဝှေ့ယမ်းပြပြီး မေးလိုက်လေသည်။

"နေပါဦး...ရှင်က ဒီစာကို ဘာကြောင့်အချိန်မီ လာမပေး ...ာလဲ"

သူမ မကျေမနပ်ဖြစ်သွားသည်။ ဒေါသဖြစ်သွားသည်ဟု ...ာင်းစုဟန် နားလည်လိုက်လေသည်။

အဘယ့်ကြောင့် ထိုသို့ပြောင်းလဲသွားရသည်ကိုမူ နားမလည် ...ပေ။

မည်သို့ဆိုစေ...

ပေ့အင်းက မေးနေသည်ဖြစ်၍ သူမ ကျေနပ်အောင် ဖြေကြား ...ိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောပြီးပါပြီညီမ၊ မေမေက ခြောက်လလောက် သို့ ပညာလေ့ကျင့်ပြီးမှ သွားပေးရမယ်လို့ မှာလိုက်လို့ပါ"

ပေ့အင်း စိတ်ထိခိုက်သွားပြီး မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေတော့သည်။

သူမ ခေါင်းငုံ့ကာ ငိုကြွေးလိုက်လေသည်။

ကောင်းစုဟာန် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ပေ့အင်းနှင့် ပတ်သက်၍လည်း စိတ်မကောင်းဖြစ်သွားလေ သည်။

ပေ့အင်း ဝမ်းနည်းကြေကွဲကာ ငိုချလိုက်ရအောင် စာထဲ မည်သို့သောအကြောင်းအရာများ ပါဝင်နေပါသနည်း။

ကောင်းစုဟာန် ဘာမှ နားမလည်နိုင်တော့ပါ။

သူက စာကိုဖောက်ဖတ်မကြည့်ခဲ့သဖြင့် စာထဲရေးသားသည့် အကြောင်းအရာများကို သိနိုင်မည်မဟုတ်ပါ။

စာထဲ၌ ထူးခြားသော အကြောင်းချင်းရာများ ရေးသားထား လိမ့်မည်ဟုကား ပေ့အင်း ငိုကြွေးနေသည်ကို ကြည့်ပြီး နားလည် သွားလေတော့သည်။

ထိုစဉ်...



ပေ့အင်း ဆတ်ခနဲခေါင်းထောင်လာလေသည်။

သူမသည် မျက်ရည်များကိုသုတ်ပြီး ကောင်းစုဟာန်အား ခေါသ အကြီး မောင်းထုတ်လိုက်လေသည်။

"ရှင် ဒီနေရာက အမြန်ဆုံး ထွက်သွားရင် ကောင်းလိမ့် မယ်"

ကောင်းစုဟာန် သက်ပြင်းချလိုက်ပြန်သည်။

"အင်း...ကျုပ်လည်း ဘာမှမတတ်နိုင်တော့ဘူးဆိုတော့ ခင်ဗျားရဲ့အမိန့်ကို နာခံရတော့မှာပေါ့၊ သွားဆိုလည်း သွားရတာပေါ့ လေ"

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ပေ့အင်းက ဟန့်တားခြင်း မပြုချေ။

ကောင်းစုဟာန် ထွက်သွားသည်ကို မျက်တောင်မခတ်ကြည့်နေ လိုက်လေသည်။

တစ်လှမ်း...

နှစ်လှမ်း...

သုံးလှမ်း...

ကောင်းစုဟာန်က ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပေ့အင်းသည် ကောင်းစုဟာန်၏နောက်ကျောကို ငေးစိုက်ကြည့်ရင်း တီးတိုးရေရွတ်လိုက်လေသည်။

"ရှင်ဟာ ရိုးသားတဲ့ လူတစ်ယောက်ဆိုတာ ကျွန်မ နားလည်ပါတယ်၊ ရှင့်နေရာမှာ တခြားလူတစ်ယောက်ဆိုရင် စာကို ဖောက်ဖတ်သွားမှာ သေချာတယ်၊ အင်းလေ... ရှင်ဟာ ဒီစာကို ဖောက်မဖတ်မိလို့သာ ခုလို အသက်ရှင်နေသေးတယ်ဆိုတာ မှတ်ထားပါရှင်"

သူမ၏ ရေရွတ်သံကို ကောင်းစုဟာန် ကြားနိုင်လိမ့်မည် မဟုတ်ချေ။

❋ ⭘ ❋

ကောင်းစုဟာန်သည် ခေါင်းငုံ့ကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လာခဲ့လေသည်။

သူ၏ခြေလှမ်းများက ဦးတည်ရာမဲ့နေသည်ဟုဆိုနိုင်ပါသည်။

ဘယ်ရပ်ဘယ်ဆီသို့သွားမည်ဆိုသော ရည်ရွယ်ချက် မယ်မယ်ရရ မရှိပါ။



ခရမ်းရောင်ဒေဝီ ပေ့ယန်း စေခိုင်းလိုက်သော ကိစ္စများအား ဆောင်ရွက်ပေးပြီးသွားပြီ ဖြစ်ပါသည်။

ကတိပေးခဲ့သည့်အတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူတာဝန်ကျေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်...

မည်သည့်နေရာသို့ သွားရမည်နည်း။

မည်သို့ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည်နည်း။

ကောင်းစုဟာန် ခေါင်းခြွမရပါ။

မဆုံးဖြတ်တတ်တော့ပါ။

ထို့ကြောင့် ...

မူလက သူ၏ရည်ရွယ်ချက်မှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ဖြစ်သည်။

ယခု...

အချိန်အတော်ကြာလာပြီဖြစ်သော်လည်း သူ၏ ရည်ရွယ်ချက်မှာ အောင်မြင်ခြင်းမရှိသေးပါချေ။

ကောင်းစုဟာန် ဝမ်းနည်းစွာ ပြုံးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူတတ်မြောက်ထားသည့် သိုင်းပညာများသည် မည်သူ့ကိုမှ အကျိုးကျေးဇူးပြုနိုင်တော့မည်မဟုတ်ပါ။

မည်သူမျှ အကျိုးကျေးဇူးခံစားရမည် မဟုတ်ပါ။

သူ၏ အသက်သေဆုံးသွားဖို့ လပိုင်းမျှသာလိုတော့သည် မဟုတ်ပါလား။

ကောင်းစုဟန်ကဲ့သို့ သေဆုံးရတော့မည့် သူတစ်ယောက်ကသာ ကောင်းစုဟန်၏ ခံစားချက်ကို နားလည်နိုင်လိမ့်မည်သာ ဖြစ်လေသည်။

❋ ⭘ ❋

ရုတ်တရက်...

ကောင်းစုဟန်၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားလေသည်။

အကြောင်းမှာ...

သူသွားမည့်လမ်း၌ ပိတ်ဆို့ဟန့်တားထားသူ သုံးယောက်အား တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

ကောင်းစုဟန်က မျက်လုံးပြူးကာကြည့်လိုက်သည်။



ထိုလူသုံးယောက်အနက်မှ တစ်ယောက်ကို သူကောင်းစွာ သိသွားလေသည်။

"တောင်ပြိုလက်သီး ကျိစန်း"

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

ကျိစန်း မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းက ကျုပ်ကို မှတ်မိသေးတာကိုး"

ကောင်းစုဟန် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

ကျိစန်းက ရန်ကျားထိုက်အား ဦးညွှတ်လိုက်သည်။

ကောင်းစုဟန်အား ညွှန်ပြကာ ပြောလိုက်သည်။

"သခင်လေး...သူဟာ ကျုပ်ပြောပြထားတဲ့ တောင်ပေါ်က လာတဲ့သူ ဆိုတာပါပဲ"

ရန်ကျားထိုက် ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

ကောင်းစုဟန်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

တစ်ဖန်...

"ခင်ဗျားက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ကောင်းစုဟန်က...

"ကျုပ်က ကောင်းစုဟန်ပါ"

ရန်ကျားထိုက်က...

"ကျုပ်အဖေ သေဆုံးသွားတာကို ခင်ဗျား တွေ့ခဲ့ရတာ ဟုတ်လား"

ကောင်းစုဟန် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

ရန်ကျားထိုက် မျက်နှာပျက်သွားလေသည်။

ဖခင်ကြီးနှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်လာကြောင်း ထင်ရှား လေသည်။

ကျုပ်အဖေဟာ ဘယ်သူ့လက်ချက်နဲ့ သေဆုံးသွားရတာ ဆိုတာ ပြောစမ်းပါဦး"

ကောင်းစုဟန် သက်ပြင်းချလိုက်သည်။

ထိုမေးခွန်းမှာ ဖြေကြားဖို့ လွယ်ကူမည်မဟုတ်ပါချေ။

ထို့ကြောင့်...

ကောင်းစုဟန် ခေါင်းခါယမ်းကာ ငြင်းလိုက်လေသည်။



"ဒါတော့ ကျုပ်မသိဘူး၊ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဆို တာ ပြောဖို့မလွယ်ပါဘူး၊ ကျုပ် တောင်ပေါ်ကို ရောက်သွားတဲ့ အချိန်မှာ သူက သေဆုံးနေပါပြီ"

ရန်ကျားထိုက်က...

"ဒါဖြင့် ကျန်တဲ့ သုံးယောက်က..."

ဟု ထပ်မေးလေသည်။

ကောင်းစုဟန်က...

"သူတို့လည်း သေဆုံးသွားကြပါပြီ"

ထိုစကားကြားလျှင် ရန်ကျားထိုက် သဘောကျစွာ ရယ်မော လိုက်လေသည်။

သူ့ဖခင်စကားများ မှန်ကန်နေပြီမဟုတ်ပါလော။

ထို့နောက်...

ကျိစန်းနှင့် အခြား လူသန်ကြီးတစ်ယောက်အား မသိမသာ အချက်ပေးလိုက်လေသည်။

ကျိစန်းနှင့်လူသန်ကြီးကလည်း ချက်ချင်း လှုပ်ရှားလိုက်ကြ လေသည်။

"ယား"

www.burmeseclassic.com

www.burmeseclassic.com



ညာသံပေးကာ ကောင်းစုဟန်အား ခုန်အုပ်တိုက်ခိုက်လိုက်ကြလေသည်။

"ဟင်"

ကောင်းစုဟန် ရင်ထိတ်သွားလေသည်။

"ခင်ဗျားတို့ မတရားမလုပ်နဲ့"

အော်ပြောရင်း လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

ရှေ့သို့ကျုံ့ဝင်လာသော လူသန်ကြီး၏ခန္ဓာကိုယ်သည် ကောင်းစုဟန်၏လက်ချက်မိကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ကျိုစန်းမှာ ပထမတစ်ကြိမ်တိုက်ခိုက်ပြီးကတည်းက ကောင်းစုဟန်ကို သတိထားနေခဲ့ခြင်း ဖြစ်သည်။

ကောင်းစုဟန်က လက်ဝါးတွန်းထုတ်ခုခံလိုက်သည်ကိုမြင်လျှင် ကျိုစန်းသည် ထိတ်လန့်ကာ ကပျာကယာ နောက်သို့ ခုန်ဆုတ်ရှောင်တိမ်းလိုက်ခြင်းကြောင့် သက်သာရာရရှိသွားလေသည်။

ရန်ကျားထိုက် အံ့သြသွားလေသည်။

မယုံကြည်နိုင်စွာဖြင့် ကောင်းစုဟန်ကို ကြည့်လိုက်လေတော့သည်။



တစ်ဖန်...

မြေပေါ်လဲကျသွားသော လူသန်ကြီးကို ဂရုစိုက်ပြီး ကြည့်လိုက်လေသည်။

ရုတ်တရက်...

ရန်ကျားထိုက်၏မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်လာကာ ဆက်ပသွားလေသည်။

လူသန်ကြီးကား သေဆုံးနေပြီဖြစ်ပါသည်။

လူသန်ကြီး သေဆုံးနေပုံမှာ ကူးဝါးသေဆုံးသွားပုံနှင့် တူနေ၏။

ဤသို့ဆိုလျှင် ကူးဝါးအား သတ်လိုက်သောသူမှာ ကောင်းစုဟန်သာ ဖြစ်ရမည်ဟု သူက ယုံကြည်လိုက်လေတော့သည်။

သူသည် ခံအေးစက်စွာဖြင့် ကောင်းစုဟန်အား စေ့စေ့ကြည့်လိုက်ပြီး...

"မင်း ကူးဝါးကို ဘာဖြစ်လို့ သတ်လိုက်ရတာလဲ"

မေးလိုက်၏။

ကောင်းစုဟန်က အေးဆေးစွာ ပြန်ပြောလိုက်သည်။

"သူက သစ္စာဖောက်ပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျားထိုက်က...

"ခင်ဗျားက ပေ့အင်းဘက်ကနေကြည့်ရင်း ကူးဝါးဟာ သစ္စာဖောက်တစ်ယောက်ဖြစ်ပေမယ့် ကျုပ်ဘက်ကကြည့်ရင်တော့ ကူးဝါးဟာ ကျုပ်ရဲ့သစ္စာတော်ခံတစ်ယောက်ပဲဗျ"

ထိုစကားကြောင့် ကောင်းစုဟန်က အံ့ဩသွားမိသည်။

သူ့နှုတ်မှလည်း...

"ဒါဆိုရင် ခရမ်းရောင်ခြံဝင်းကို ခင်ဗျားက ဖြိုခွဲပစ်ဖို့ကြံစည်ခဲ့တာပေါ့"

မေးလိုက်လေသည်။

ရန်ကျားထိုက်က ပြုံးလိုက်၏။

ခေါင်းကို တစ်ချက်ဆတ်ခနဲညိတ်၍...

"မမှားဘူးဗျ၊ ခင်ဗျားကသာ ဝင်မလုပ်ရင် ပေ့အင်းဟာ အသက်သေဆုံးမှာပဲ၊ ခရမ်းရောင်ခြံဝင်းဟာ လဲပြိုကွဲမှာအမှန်ပဲ"

သူ၏အပြောကြောင့် ကောင်းစုဟန် ဒေါသထွက်သွားသည်။

"ခင်ဗျားဟာ လူယုတ်မာတစ်ယောက်ပဲ"

ကောင်းစုဟန်၏ အမူအရာကိုကြည့်ပြီး ကျိစန်းထိတ်လန့်သွားသည်။



"သခင်လေး သတိထား"

ထိုစဉ်...

ကောင်းစုဟန်၏ မျက်လုံးများသည် နီရဲ၍လာပြီး ကိုယ်ခန္ဓာ တစ်ချက်တုန်ခါသွားသည်။

ကောင်းစုဟန်၏ပြောင်းလဲမှုကိုကြည့်ပြီး ကျိစန်း အံ့ဩသွားသည်။

ယခု...

အချိန်ထိ ကောင်းစုဟန်သည် အဘယ်ကြောင့် ရန်ကျားထိုက်အား တိုက်ခိုက်ခြင်းမပြုသေးသနည်း။

သူ့အား သတိထားကြည့်နေသော ရန်ကျားထိုက်ကလည်း မျက်မှောင်ကြုတ်သွားမိသည်။

အမှန်တော့ သူသည် အဆိပ်အကြောင်းကို ကျွမ်းကျင်လိမ္မာ နားလည်ထားသူဖြစ်သည်။

ထို့ကြောင့် ယခုအချိန်တွင် ကောင်းစုဟန်သည် တစ်စုံတစ်ခုသော အဆိပ်မျိုးသင့်နေရမည်ဟု သူက နားလိုက်လေသည်။

ကောင်းစုဟန်ကလည်း ထိတ်လန့်သွားမိသည်။

တစ်ဆက်တည်းမှာလည်း သူ၏ ဒူးခေါင်းများသည် မရပ်

www.burmeseclassic.com

www.burmeseclassic.com



တည်နိုင်လောက်အောင်ပင် ပျော့ခွေလာသည်ဟု ခံစားလိုက်ရလေသည်။

ထိုစဉ်မှာပင် ကျီစန်းက...

"သခင်လေး အခုချိန်မှာ သူ့ကို အမြန်ဆုံးဆက်လိုက်ပါ" ရန်ကျားထိုက်က ပြုံးလိုက်၏။

"ကျုပ်က သူ့ကိုမသတ်လည်း သူက သေဆုံးသွားမှာပါ" ကျီစန်းက ခေါင်းခါယမ်းလိုက်သည်။

ကောင်းစုဟန်သည် သာမန်အချိန်မျိုးတွင် အလွန်ပင် ကြော... စရာကောင်းသော လူစားမျိုးဖြစ်ကြောင်း သူက သိရှိထားသည်။

ထို့ကြောင့် သူသည် ကောင်းစုဟန် အဆိပ်သင့်မှုးဝေနေချိန်တွင် သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ပြီး ကောင်းစုဟန်ထံသို့ ခုန်ဝင်လိုက်သည်။

ထိုဒင်္ဂအချိန်လေးမှာပင် လမ်းကြားလေးတစ်ခုအတွင်းမှ မြင်းတစ်ကောင်သည် အရှိန်ပြင်းစွာ မောင်းနှင်လာသည်။

မြင်းကို မောင်းနှင်လာသူသည် မြင်းဖြင့် ကျီစန်းအား တည့်တည့်မတ်မတ် တိုက်လိုက်သောကြောင့် ကျီစန်းအနောက်သို့ဆုတ်... ကပျာကယာ ရှောင်တိမ်းလိုက်ရသည်။



မြင်းကို မောင်းနှင်လာသူသည် ကောင်းစုဟန်၏ ခန္ဓာကိုယ်အား မြင်းပေါ်သို့ပွေ့ချီလိုက်ပြီး ထိုနေရာမှ တစ်ရှိန်ထိုး မောင်းနှင်ထွက်ခွာသွားလေတော့သည်။

သူသည် ချက်ချင်းသတိဝင်လာပြီး နောက်မှ ပြေးလိုက်သွား၏။

သို့သော် အတန်ကြာပြေးလွှားသွားမိသောအခါတွင်မူ ရှေ့မှ ပြေးလွှားသွားသောမြင်းအား လုံးဝ မျက်ခြည်ပြတ်သွားလေတော့၏။

❋ ✪ ❋

ရာသီဥတုသည် ကြည်ကြည်လင်လင် ရှိနေ၏။

နွေးထွေးသော နေရောင်ခြည်ကလည်း ဝန်းကျင်တစ်ခုလုံးသို့ ...ခင်းသိုင်း လွှမ်းခြုံထားသည်။

ကျေးငှက်ကလေးများသည် ဟိုမှဒီ လူးလားပျံသန်းရင်း နံနက်...ခင်း၏ တေးသီချင်းကို သီဆိုနေကြသည်။

ဆေးကျိုချက်နေသော အနံ့အသက်များသည် စူးရှစွာပြင်း...ခေါင်းထဲသို့ တိုးဝင်လာတော့မှ ကောင်းစုဟန်သည် သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

ထိုအခါတွင် သူသည် လှပသပ်ရပ်စွာပြုပြင်ထားသော အခန်း ငယ်တစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို သူသတိပြုမိလိုက်သေ သည်။

သူသည် ခုတင်ပေါ်မှ လူးလိမ့်ထလိုက်သည်။

ယခုမှ ...

သူရောက်ရှိနေသော အခန်းသည် မိန်းမပျိုတစ်ယောက်၏ အခန်းဖြစ်နေမှန်း သူက သိလိုက်သည်။

ထိုစဉ်မှာပင် ချိုလွင်လှသော အသံတစ်ခုက ထွက်ပေါ်လာ သည်။

"အို...ရှင် မထနဲ့ဦးလေ"

ကောင်းစုဟန်က အသံလာရာသို့ လှည့်ကြည့်လိုက်သည်။

မိန်းကလေးတစ်ယောက်သည် ဆေးရည်အပြည့်ထည့်ထား သော ပန်းကန်တစ်လုံးကို ကိုင်ဆောင်၍ အခန်းတွင်းသို့ ဝင်ရောက် လာနေသည်ကို တွေ့လိုက်ရလေသည်။

ကောင်းစုဟန်က လက်နှစ်ဖက်ဆုပ်လိုက်ပြီး...

"ကျုပ်ကို ခင်ဗျားက ကယ်လာခဲ့တာ မဟုတ်လား"



မိန်းကလေးက ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း...ကျွန်မ မဟုတ်ပါဘူး၊ သခင်မလေးက ကယ် လာတာပါ"

ကောင်းစုဟန် အံ့ဩသွားကာ...

"သခင်မလေး ဟုတ်လား၊ သူက ဘယ်သူလဲဗျ"

"သခင်မလေးက ရှင့်အတွက် ဆေးမြစ်တစ်မျိုးသွားရှာနေ ယ်ရှင့်၊ မကြာခင် ပြန်လာပါလိမ့်မယ်"

ရုတ်တရက် အခန်း၏အပြင်ဘက်မှ အသံတစ်ခုက ထွက်ပေါ် သည်။

"ဝါဝါ မင်းက ဘယ်ရောက်နေရာလဲ"

ဝါဝါဆိုသော မိန်းကလေးက...

"ဟော...သခင်မလေးတောင် ပြန်ရောက်လာပြီ"

သူမသည် ပြောပြီးသည်နှင့် အခန်းအပြင်သို့ ပြေးထွက်သွား သည်။

ကောင်းစုဟန်က မနေနိုင်တော့ပါ။

သူသည်လည်း အခန်းပြင်သို့ လှမ်းထွက်လိုက်သည်။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် သခင်မလေးဆိုသူအား တွေ့မြင်လိုက်ရသည်နှင့် အံ့သြလွန်းသဖြင့် ပါးစပ်ဟောင်လောင်း ဖြစ်သွားလေတော့သည်။

❋ ✪ ❋

"ရှမ်းချင်း"

ကောင်းစုဟန်၏ပါးစပ်မှ လွှတ်ခနဲထွက်သွား၏။

ရှမ်းချင်း၏မျက်နှာသည် အေးစက်နေသည်။

"ဪ... ရှင်က ကျွန်မနာမည်ကို မမေ့သေးဘဲကိုး"

ကောင်းစုဟန်က...

"ကျုပ်က ညီမရဲ့နာမည်ကို ဘယ်တော့မှ မေ့သွားလိမ့်မည် မဟုတ်ပါဘူး"

ထိုစကားကြောင့် ရှမ်းချင်း၏မျက်နှာတစ်ခုလုံးသည် နီရဲသွားသည်။

အတန်ကြာမှ...

"ရှင့်ကို ကျွန်မ ကယ်တင်လာခဲ့တာ ရှင်မှတ်မိလား"

ကောင်းစုဟန်က သွက်လက်စွာ...



"အို... မှတ်မိတာပေါ့ဗျာ"

ရှမ်းချင်းက ပြုံး၍...

"ရှင် အဲဒီကျေးဇူးတွေကိုကော ပြန်ဆပ်ဦးမှာလား"

ကောင်းစုဟန်က ခေါင်းညိတ်ပြလိုက်သည်။

"ဆပ်မှာပေါ့ ညီမရယ်၊ ကျုပ်က ညီမရဲ့ကျေးဇူးတွေကို ဘာပဲဖြစ်ဖြစ် ဆပ်ရမှာပေါ့"

ထိုအခါ ရှမ်းချင်း၏မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်ပလာသည်။

"ရှင် ဒီမှာ သုံးရက်နဲ့သုံးည သတိမေ့နေခဲ့တယ်ဆိုတာကော သိမိရဲ့လား"

ကောင်းစုဟန်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မသိဘူး"

ဤတွင် ရှမ်းချင်းက ဝါဝါထံသို့ မျက်ရိပ်တစ်ချက်ပြလိုက်သည်။

ထိုအခါ ဝါဝါက ချက်ချင်းပင် အခန်းထဲမှထွက်ခွာသွားလေတော့သည်။

ရှမ်းချင်းက ပြုံးလိုက်ပြီး သူ့အား ချိုသာစွာကြည့်လိုက်၍...

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျွန်မရဲ့ ကျေးဇူးတွေကို ရှင်က ပြန်ဆပ်ဖို့ နည်းလ ရှာတွေ့ပြီလား"

ကောင်းစုဟန်က ခေါင်းခါယမ်းပြလိုက်ပြီး...

"မတွေ့သေးပါဘူး"

"ဒါဆို ကျွန်မက ပြောပြရမလား"

ကောင်းစုဟန်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"ဟာ...သိပ်ကောင်းတဲ့အကြံပဲ၊ ပြောပြပါလား"

ရှမ်းချင်းက အေးဆေးစွာဖြင့်...

"တခြားမဟုတ်ပါဘူး၊ နှင်းမြူတောင်ပေါ်က အဖြစ်အပျ တွေ ကျွန်မကို အမှန်အတိုင်း ပြောပြရုံပါပဲရှင်"

ကောင်းစုဟန်၏မျက်လုံးများသည် ပြူးကျယ်သွားလေတော သည်။

❋ ✪ ❋

ဤတစ်ကြိမ်တွင်မူ အခန်းတစ်ခုလုံးသည် ထိတ်လန့်၍ သွာ သည်။



ကောင်းစုဟန်က သက်ပြင်းချရင်း...

"ဒီကိစ္စတွေကို ညီမက ဘာကြောင့် သိချင်ရတာလဲ"

ရှမ်းချင်းက...

"အခု ဒါတွေ ကျွန်မ မရှင်းပြနိုင်သေးဘူး၊ ရှင်ကသာပြောပြ ယ်ဆိုရင် ပြောပြပါ"

ကောင်းစုဟန်က ပြုံးလိုက်သည်။

ထို့နောက်...

ရှမ်းချင်းအား သေချာစွာကြည့်၍...

"တကယ်လို့ ကျုပ်ကပြောပြခဲ့ရင်တော့ ခင်ဗျားက ယုံမှာ "

ရှမ်းချင်းက...

"ဒါကတော့ ကျွန်မသဘောပါပဲ၊ ယုံတာမယုံတာကို ကျွန်မ ခွဲတ်မယ်"

"ဒါဆိုရင် ကျုပ်မပြောပြနိုင်ဘူး"

ရှမ်းချင်း ဒေါသထွက်သွားသည်။

"ဘာလဲ...ရှင်က ကျွန်မရဲ့ကျေးဇူးကို ပြန်မဆပ်တော့ဘူးပေါ့ င်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ညီမက ကျုပ်ကို ဒီအကြောင်းတွေ မေးမြန်း
ကယ်ခဲ့တာဆိုရင်တော့ မှားနေပြီ"

"ဘာဖြစ်လို့လဲ"

ကောင်းစုဟန် သက်ပြင်းချလိုက်သည်။

"ကျုပ်က အဲဒီအဖြစ်အပျက်တွေကို တစ်ခုမှ သေသေချာ
မသိခဲ့လို့ပါပဲ"

ရှမ်းချင်းသည် အေးဆေးစွာဖြင့် ကောင်းစုဟန်အား ကြ
လိုက်ပြီး...

"အင်း...ဒီတစ်ခါတော့ ကျွန်မ မှားသွားပြီ"

ရေရွတ်လိုက်၏။

ထို့နောက် လက်ခုပ်တစ်ချက်တီးလိုက်သည်။

လက်ခုပ်သံဆုံးသွားသည်နှင့် ဝါဝါက အခန်းထဲသို့ ဝင်ရော
လာ၏။

ရှမ်းချင်းက လှမ်းမေးလိုက်သည်။

"ဆေးရည်ကော"

ဝါဝါက...

"အခန်းထဲမှာပါ"



ထို့နောက်...

ရှမ်းချင်းသည် ကောင်းစုဟန်အား တစ်ချက် ကြည့်လိုက်

"ကျွန်မ ရှင့်အတွက်ဆေးထပ်ပြီး ကျိုလိုက်ဦးမယ်၊ ရှင်က
အခန်းထဲမှာရှိတဲ့ ဆေးရည်ကိုသောက်ပြီး အိပ်နေလိုက်ပါ"

ကောင်းစုဟန်က ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ် မသောက်တော့ပါဘူး"

ရှမ်းချင်းအနေဖြင့် အံ့ဩမိတော့၏။

"ဘာဖြစ်လို့လဲ"

ကောင်းစုဟန်က ဝမ်းနည်းသောလေသံဖြင့်...

"ကျုပ်က ညီမသိချင်တာတွေ ပြောမပြနိုင်လို့ ညီမတိုက်တဲ့
ဆေးရည်ကို မသောက်ပါရစေနဲ့"

ရှမ်းချင်းက...

"ဒီလိုဆိုရင် ရှင်သေသွားမှာပေါ့"

ကောင်းစုဟန်က မချိပြုံးပြုံးလိုက်သည်။

ထို့နောက်...

သူ့ခံစားချက်ကို ဖြည်းလေးစွာရှင်းပြလိုက်မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျုပ်ဟာ သေဖို့ နှင်းမြူတောင်ပေါ်ကို တက်ရောက်ခဲ့တာပါပဲ"

ထိုစကားအား ရှမ်းချင်းခမျာမှာ နားမလည်နိုင်ဘဲဖြစ်သွားသည်။

ဤတွင် ကောင်းစုဟာန်က စကားဆက်လိုက်ပြန်သည်။

"နှင်းမြူတောင်ပေါ် ရောက်သွားပြီးတဲ့နောက်မှာ ကျုပ်ဟာ ချက်ချင်း မသေဖြစ်ခဲ့ဘူး၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ"

ရှမ်းချင်းက အလောတကြီး မေးလိုက်သည်။

ကောင်းစုဟာန်က...

"ဒါပေမယ့် ကျုပ်က ဘီလူးရဲတိုက်သခင်လေးတို့နဲ့ တွေ့တဲ့အချိန်မှာ ကျုပ်ရဲ့ရောဂါဟောင်းက ပြန်ပြီထလာတယ်လေ"

ရှမ်းချင်းက စိတ်ဝင်စားသွားမိသည်။

"ဘယ်လိုရောဂါမျိုးလဲဟင်"

ကောင်းစုဟာန်က...

"ကျုပ်က အဆိပ်မိထားခဲ့လို့ပါပဲ"

"အဲဒီအဆိပ်က ချက်ချင်းကြီး မသေနိုင်ဘူး ဟုတ်လား"



ကောင်းစုဟာန်က အဖြစ်အပျက်ကို သေချာစွာရှင်းပြလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က ရန်ကျားထိုက်နဲ့ ရင်ဆိုင်နေရချိန်မှာ ကျုပ်ရဲ့မျက်လုံးတွေ ကျိန်းစပ်လာတယ်၊ နောက်ပြီး ခန္ဓာကိုယ်ကလည်း တုန်ယင်လာတယ်၊ အမှန်အတိုင်းပြောရမယ်ဆိုရင်တော့ ဒီလိုလက္ခဏာတွေပေါ်လာပြီဆိုရင် ကျုပ်သေရဖို့အချိန်ဟာ မဝေးတော့ဘူးပေါ့ဗျာ"

ရှမ်းချင်းက...

"ဒါနဲ့ ရှင့်အသက်က နောက်ထပ် ဘယ်လောက်ကြာအောင် နေနိုင်မလဲ"

ကောင်းစုဟာန်က ပြုံးလိုက်ပြီး အေးဆေးစွာပြောလိုက်တော့၏။

"ဒီလိုလက္ခဏာတွေ ပေါ်လာပြီး သုံးလအကြာမှာ ကျုပ်က သေဆုံးသွားမှာပါပဲ"

ရှမ်းချင်းက ခေါင်းခါယမ်းလိုက်သည်။

"ရှင် မသေရဘူး"

ထို့နောက် သူမသည် ကောင်းစုဟာန်အား စေ့စေ့ကြည့်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ အစွမ်းကုန်ကုသမယ်၊ ရှင် မသေစေရဘူး" တတွတ်တွတ် ရေရွတ်လိုက်လေသည်။

ကောင်းစုဟာန်က သူမအား တစ်ချက်မျှ စိုက်ကြည့်လိုက်၏။

ထို့နောက် ...

အပြင်ဘက်သို့ တစ်လှမ်းချင်းလျှောက်ကာ ထွက်သွားတော့သည်။

ဤသို့လျှောက်သွားသော ကောင်းစုဟာန်၏နောက်ကျောအား လှမ်းကြည့်နေရင်းမှ ရှမ်းချင်း၏လှပသောမျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာနေသည်ကို တွေ့လိုက်ရလေသည်။

ကောင်းစုဟာန်၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသည်။

ထိုတစ်ခဏချင်းမှာပင် သူသည် ရှေ့ဆက်လျှောက်သွားရန်ပင် အင်အားမရှိတော့သကဲ့သို့ ဖြစ်သွားသည်။

သို့သော် သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ရှေ့သို့ ဆက်၍ လျှောက်သွားလေသည်။

သို့ဖြင့် ခြေလှမ်းဆယ်လှမ်းမျှ လျှောက်သွားလိုက်မိသောအခါ သူ၏ဦးခေါင်းများသည် ရီဝေလာကာ မျက်လုံးများပင် ကျိန်းစပ် လာ၏။



ထို့နောက်တွင်မူ သူ၏တစ်ကိုယ်လုံး ပျော့ခွေသွားပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

❋ ✪ ❋

ကောင်းစုဟာန်၏မျက်လုံးများဖွင့်ကြည့်လိုက်မိသည်နှင့် သူ့အား မှိန်ပုပန်စွာ စိုက်ကြည့်နေသော ရှမ်းချင်းကို ပထမဦးဆုံးတွေ့မြင်လိုက်ရသည်။

သူမက ကောင်းစုဟာန်အား တစ်ချက်ကြည့်လိုက်ပြီးလျှင် ...

"ရှင် သတိရလာပြီလား"

ကောင်းစုဟာန်က ပါးစပ်ပိတ်ထားလိုက်သည်။

မည်သည့်အဖြေမှ ပေးမနေတော့ပါ။

ရှမ်းချင်းက ဆက်ပြောလိုက်၏။

"ခုတော့ ရှင် အမှန်တကယ်ပြောပြနေတယ်ဆိုတာ ကျွန်မ ကြည့်ပါပြီရှင်"

သူမသည် ကောင်းစုဟာန် သတိလစ်သွားတော့မှ ကောင်းစုဟာန်အား သေချာစွာဂရုစိုက်ပြီး ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ်ကောင်းစုဟာန်၏ နှလုံးခုန်နှုန်းသည် မြန်သည့်အ မြန်၍ နေးသည့်အခါ နေးသွားသည်။

ထို့ပြင်...

ကောင်းစုဟာန်၏ ခေါင်းတစ်ခုလုံးသည် ခြစ်ခြစ်တော ပူလောင်နေပြီး လက်နှင့်ခြေထောက်များမှာမူ ရေခဲတုံးများပမာ စက်နေသည်။

ထို့ကြောင့် ကောင်းစုဟာန်ပြောပြသော စကားများသည်လည်း အမှန်ပင်ဖြစ်ရမည်ဟု သူမက ယုံကြည်ထားလေသည်။

သူမသည် ကောင်းစုဟာန်အား ကရုဏာသက်စွာ စိုက်ကြ လိုက်ပြီး...

"ရှင်က အဆိပ်နှစ်မျိုးတောင် မိခဲ့တာပဲနော်"

ထိုစကားကြောင့် ကောင်းစုဟာန်က ထိတ်လန့်သွားသည်။

"မဟုတ်ပါဘူးဗျာ"

ထို့နောက်...

သူသည် အံ့သြစွာဖြင့် ရှမ်းချင်းအားမေးလိုက်သည်။

"ကျုပ်က အဆိပ်တစ်မျိုးတည်းပဲ မိခဲ့တာပါ၊ နှစ်မျိုးမဟုတ် ပါဘူး"



ရှမ်းချင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးရှင့်၊ ရှင့်ခန္ဓာကိုယ်ထဲမှာ အဆိပ်နှစ်မျိုးတောင် တယ်"

သူမသည် စိတ်ပျော့အားပျော့သောအသံဖြင့်...

"တကယ်လို့သာ အဆိပ်တစ်မျိုးတည်းမိလာခဲ့ရင် ဘယ်သူ့ကို ကျွန်မ ကုသနိုင်ပါတယ်ရှင်၊ ဒါပေမယ့် အဆိပ်နှစ်မျိုးမိလာ သူကိုတော့ စေတနာသမားတော် ရှမ်းကုံးကလွဲလို့ ဘယ်သူမှ ဆေးနိုင်မှာ မဟုတ်ဘူး"

ဤတွင် ကောင်းစုဟာန်၏ မျက်လုံးများက ဝင်းလက်သွား သည်။

"ညီမပြောတာဟုတ်တယ်၊ ကျုပ်ကို စမ်းသပ်ကြည့်တဲ့ သမား တော်တွေကလည်း ကျုပ်မိထားတဲ့အဆိပ်ကို စေတနာသမားတော်က လွဲလို့ ဘယ်သူမှမကုသနိုင်ဘူးလို့ ပြောတယ်၊ ညီမက သူ့ကို သိထား လား"

"ရှင် ဘယ်တုန်းက သမားတော်ကြီးတွေနဲ့ ပြခဲ့လို့လဲ"

"ကျုပ် နှင်းမြို့တောင်ကို မတက်ရောက်ခင်ကပါ"

ရှမ်းချင်းက...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင့်ရဲ့အမှားပဲ၊ ရှင်က နှင်းမြူတောင်ပေါ်ကို ရောက်လာ
ပြီးတဲ့နောက်မှာ နောက်ထပ် အဆိပ်တစ်မျိုးမိသွားတာပဲဖြစ်ရမယ်" [illegible]သည်။

ကောင်းစုဟန်က ပြုံးလိုက်၏။

"ဒါဆိုရင် ကျုပ် နှင်းမြူတောင်ပေါ်ကအဖြစ်အပျက်တွေ [illegible]
ပြရင် ညီမက ယုံမှာလား"

ရှမ်းချင်းက ဟန့်တားလိုက်၏။

"ဒီအကြောင်းတွေ မပြောပါနဲ့ဦးရှင်"

ထို့နောက် သူမသည် ဝါဝါလက်ထဲမှ ပန်းကန်လုံးကို လှမ်း
ယူလိုက်ပြီး ကောင်းစုဟန်ထံသို့ လှမ်းပေးလိုက်ရင်း...

"ဒီဆေးရည်ကို အရင်သောက်လိုက်ပါဦး၊ နောက်မှ စကား
ထပ်ပြောကြတာပေါ့"

ရှမ်းချင်း လှမ်းပေးသော အေးရည်အား ငြင်းဆန်ခြင်းမပြုတော့
ဘဲ အားပါးတရ သောက်ချလိုက်သည်။

ဆေးရည်များ ကုန်ဆုံးသွားသည်နှင့်တစ်ပြိုင်နက် သူ၏မျက်ခွံ
များ လေးလံလာတော့သည်။

မကြာပါချေ။

အိပ်ပျော်သွားလေတော့သည်။



အိပ်ပျော်သွားသော သူ့ကိုကြည့်ပြီး ရှမ်းချင်းက ပြုံးလိုက်
သည်။

ပြီးမှ သူသည် ဝါဝါအားကြည့်၍...

"ညည်း...သူ့ကို သေသေချာချာ ဂရုစိုက်ကြည့်ထားပါ"

ပြောလိုက်ပြီး ချာခနဲလှည့်ကာ ထိုအခန်းတွင်းမှ ထွက်ခွာသွား
လေတော့၏။

❋ ✪ ❋

သို့ဖြင့်...

အချိန်များသည် တရွေ့ရွေ့ ကုန်ဆုံးသွားပြီဖြစ်သည်။

ကောင်းစုဟန်မှ အခန်းတွင်းမှာပင်နေ၍ ရှမ်းချင်းကို စောင့်
မျှော်နေခဲ့သည်။

ဝါဝါ၏ပြောပြချက်အရ ရှမ်းချင်းထွက်ခွာသွားသည်မှာ တစ်
ပတ်ခန့် ရှိပြီဟု သူက သိရှိထားပေသည်။

သူ့ရင်ထဲ၌ မေးခွန်းများ ရှုပ်ထွေးနေ၏။

ရှမ်းချင်းသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြန်လည်၍ပါလာဦးမည်လော။

ထို့နောက် ကောင်းစုဟန်က အတွေးများကို ရပ်ဆိုင်းပစ်လိုက်သည်။

သူက ရှမ်းချင်း ပြန်လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ဤနေရာမှာပင် စောင့်မျှော်နေရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

ဝန်းကျင်တစ်ခုလုံးသည် မှောင်းမည်းနေ၏။

ကောင်းကင်တွင် တိမ်များက ဖုံးအုပ်ထားကြသဖြင့် ငွေကြယ်ကလေးများ၏ အလင်းရောင်ပင် မတွေ့ရပါချေ။

ကောင်းစုဟန်က အိပ်ရာမှ လူးလွန့်ထလိုက်သည်။

ယနေ့ညသည် ခါတိုင်းညများနှင့်မတူဘဲ ပူလောင်နေသည်ဟု ခံစားလိုက်ရလေသည်။

သူသည် အိပ်မရသဖြင့် ဟိုဟိုဒီဒီ လျှောက်ပြီးစဉ်းစားနေမိသည်။

ထိုစဉ် ...

ရုတ်တရက် သူ၏အတွေးထဲသို့ လူတစ်ယောက်၏ မျက်နှာက ပေါ်လာလေသည်။

ထိုအခါ ...



ကောင်းစုဟန် ဒေါသထွက်သွားမိသည်။

စင်စစ် ...

ထိုလူကြောင့် မိမိသည် ယခုကဲ့သို့ ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်နေရသည် မဟုတ်ပါလော။

တစ်ဖန် သူ၏ဇာတိဖြစ်သော မြို့ကလေးအား ပြန်လည်သတိရလာပြန်သည်။

အမှန်တော့ ကောင်းစုဟန်၏ဘဝသည် အေးဆေးချမ်းသာသော ဘဝမျိုးဖြစ်သည်။

သူ့တွင် မိဘ ညီအစ်ကိုမောင်နှမများ မရှိပါ။

သို့သော် ...

သူက အထီးကျန်ဆန်မနေပါ။

သူ၏အလုပ်ရှင်အိမ်တွင် နေထိုင်ရင်း လယ်ယာအလုပ်များကို လုပ်ကိုင်ကာ ဘဝကို ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ရင်ဆိုင်နေထိုင်ခဲ့သည်။

တစ်နေ့ ...

ထိုတစ်နေ့ကိုတော့ ကောင်းစုဟန်က မမေ့နိုင်အောင် မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ . . .

ထိုနေ့သည် သူ၏ဘဝတွင် ဒုက္ခများ စတင် ဝင်ရောက်လာသော နေ့ပင် မဟုတ်ပါလား။

❋ ✪ ❋

# အတိတ်

ကောင်းစုဟန်သည် အလုပ်သိမ်များ၍ အိမ်သို့ စောစောပြန်ခဲ့သည်။

အလုပ်ရှင်က သူ့အား စောစောပြန်ခဲ့ရန် မှာကြားထားသည် မဟုတ်ပါလား။

အိမ်အပြန်လမ်းတွင် ကောင်းစုဟန်က အေးအေးလူလူပင် လမ်းလျှောက်လာခဲ့သည်။

ထိုစဉ်မှာပင် အမြင်အာရုံတွင်းသို့ ဝင်ရောက်လာသော မြင်ကွင်းကြောင့် ကောင်းစုဟန် မျက်လုံးပြူးကျယ်သွား၏။

လူသန်ကြီးတစ်ယောက်သည် မိန်းကလေးတစ်ဦးအား အဓမ္မဆွဲခေါ်နေသည်ကို တွေ့လိုက်သောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကိုကြည့်ပြီး သူ၏ဦးခေါင်းများ ထူပူသွားသည်။

တကယ်တော့ ထိုမိန်းကလေးသည် သူ့အလုပ်ရှင်၏သမီး ဖြစ်နေသည် မဟုတ်ပါလား။

❋ ❂ ❋

"လွှတ်လိုက်"

ကောင်းစုဟန်က အော်ဟစ်ကာပြောလွှားလိုက်၏။

လူသန်ကြီးသည် ကောင်းစုဟန်အား တွေ့လိုက်ရလျှင် ဒေါသွားကာ...

"မင်းက သေချင်လို့လား"

ကောင်းစုဟန်က လက်ထဲမှတုတ်ဖြင့် ထိုလူအား တအားရိုက်ချလိုက်သည်။

သို့သော်...

ထိုလူက အသာအယာပင် ရှောင်တိမ်းလိုက်သည်။

ကောင်းစုဟန်က ထပ်မံ၍တိုက်ခိုက်သည်။

သို့သော်...



ထိုလူကို ထိရန်မဆိုထားဘိ ထိုလူ၏အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ပါ။

ထိုလူက သဘောကျစွာ ပြုံးလိုက်ပြီး...

"မင်းက သူ့ကိုပြန်လွှတ်စေချင်သလား"

ကောင်းစုဟန်က အံတင်းတင်းကြိတ်လိုက်ပြီး ခက်ထန်စွာ ပြောလိုက်၏။

"ဟုတ်တယ်၊ သူ့ကို လွှတ်လိုက်ပါ"

ဤတွင် ထိုလူက...

"ကောင်းပြီလေ...ကျုပ် သူ့ကိုလွှတ်လိုက်မယ်၊ ဒါပေမယ့် မင်းက ကျုပ်တိုက်တဲ့အရက်တစ်ခွက်ကို သောက်ရမယ်၊ အလဲအလှယ်ပေါ့ကွာ၊ ကဲ...ဘယ်လိုလဲ"

ကောင်းစုဟန်က ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ် သောက်မယ်"

ထိုလူက မျက်မှောင်ကြုတ်သွားသည်။

ပြီးလျှင် ကောင်းစုဟန်အား သတိပေးလိုက်၏။

"ကျုပ်အရက်ခွက်ထဲမှာ အဆိပ်ပါတယ်ဆိုတာ မင်း သိထားစေချင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟာန်က ပြုံးလိုက်ပြီး မျက်နှာကိုမော့ ရင်ကို ကော
၍...

"ကျုပ်က အဆိပ်ပါရင်လည်း သောက်မှာပါပဲ"

ထိုလူက ကောင်းစုဟာန်ထံသို့ ပေးလိုက်၏။

ထို့နောက် ...

ကောင်းစုဟာန်သည် ထိုလူပေးသော အရက်ခွက်ကို လှမ်း
လိုက်ပြီး တစ်ရှိန်ထိုး မော့သောက်လိုက်၏။

ဤတွင် ...

ထိုလူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ထို့နောက် ...

သူသည် မိန်းကလေးအား လွှတ်လိုက်ပြီး ကောင်း စုဟာန်အ
အေးဆေးစွာ ကြည့်၍...

"မင်းက သတ္တိရှိတဲ့လူငယ်တစ်ယောက်ပဲ၊ တစ်နှစ်အတွင်း
စေတနာသမားတော်ကိုတွေ့အောင်ရှာပါ၊ သူ့ဆီမှာ အဆိပ်ဖြေဆေး
တောင်းပါ၊ အေး...တစ်နှစ်ပြည့်လို့မှ မင်း သူ့ကိုမရှာနိုင်ခဲ့ဘူးဆိုရင်
တော့ မင်း သေသွားမှာပဲ"

ကောင်းစုဟာန်က လက်နှစ်ဖက်ဆုပ်လိုက်ပြီး...



"ခင်ဗျားက ကတိအတိုင်းပြန်လွှတ်လိုက်တာကို ကျေးဇူး
တင်ပါတယ်၊ ပြီးတော့ ကျုပ်ကို စေတနာသမားတော်ဆီသွားဖို့
ပြောတာကိုလည်း ကျေးဇူးတင်ပါတယ်"

ထိုလူသည် ကောင်းစုဟာန်အား သေချာစွာ စိုက်ကြည့်လိုက်
ပြီး...

"အင်း...မင်းကတော့ ငါ့ဘဝမှာ တစ်ခါပဲတွေ့ခဲ့ဖူးတဲ့ လူငယ်
တစ်ယောက်ပဲကွာ"

သူသည် ယင်းစကားဆုံးသွားသည်နှင့်တစ်ပြိုင်နက် ထိုနေရာမှ
ပျောက်ခွာသွားလေတော့သည်။

❋ ○ ❋

ရက်တရက်...

ကောင်းစုဟာန်၏ အတွေးများသည် ရပ်ဆိုင်းသွားသည်။

ထိုသို့ဖြစ်ရခြင်းမှာ သူသည် တစ်ဖက်ခန်းမှ စကားပြောသံ
သံကို ကြားလိုက်ရခြင်းကြောင့်ပင် ဖြစ်ပါသည်။

ရှမ်းချင်း ပြန်ရောက်လာပြီလော။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန်သည် အိပ်ရာမှ လူးလိမ့်ထလိုက်ပြီး တစ်ဖက်ခန်းသို့ သွားရန် ဟန်ပြင်လိုက်၏။

ထိုအခါကျမှ စကားသံသည် ယောကျ်ားတစ်ယောက်၏အသံမှန်း သိရှိလိုက်ရသည်။

ထိုအခါ ...

တစ်ဖက်ခန်းသို့ သွားရန် ဟန်ပြင်နေမိသော ကောင်းစုဟန်၏ ခြေလှမ်းများက တုံ့ခနဲရပ်တန့်သွားသည်။

ထိုစဉ်မှာပင် ယောကျ်ားသံက ထွက်ပေါ်လာ၏။

"သခင်မလေး ဘယ်ကိုသွားနေတာလဲဗျ"

"ကျွန်မလည်း သေသေချာချာမသိပါဘူး"

ဒုတိယပြောလိုက်သူမှာ ဝါဝါ၏အသံဖြစ်သည်။

"အခု ကျုပ်တို့ဂေဟာမှာ ပြဿနာတစ်ရပ်နဲ့ရင်ဆိုင်နေ... သခင်လေးက သခင်မလေးအတွက်စိတ်ပူပြီး ကျုပ်ကိုလွှတ်... တာပဲ"

ဝါဝါက မေးလိုက်၏။

"ဘယ်လိုပြဿနာမျိုးလဲ ဌာနခွဲမှူး"

ဌာနခွဲမှူးဆိုသူက ရှင်းပြလိုက်၏။



"ကျုပ်တို့တစ်တွေ ရွှေမားစံအိမ်နဲ့ မလွဲမသွေ တိုက်ခိုက်နေကြ...ရမှာဖြစ်မယ်"

ထိုစကားကြောင့် ဝါဝါက ထိတ်လန့်သွားမိသည်။

"အို... မဖြစ်နိုင်တာ"

ဌာနခွဲမှူးက သေချာစွာ ရှင်းပြလိုက်သည်။

"ကျုပ်တို့ကစပြီး တိုက်ခိုက်တာမဟုတ်ဘဲနဲ့ ကျုပ်တို့သိုင်း...သားတွေကို ရွှေမားစံအိမ်ကစပြီး တိုက်ခိုက်တာပါ"

ထို့နောက် ...

စကားပြောသံများသည် အတန်ကြာမျှ တိတ်ဆိတ် သွားပြီး...နောက် ဌာနခွဲမှူးအသံက ထွက်ပေါ်လာ၏။

"သခင်မလေး ပြန်လာရင်သာ ဒီကနေ ဘယ်မှထွက်မသွားဖို့ ...ပြောပေးပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

ပြီးလျှင် ...

စကားသံများက ရပ်တန့်သွားကြပြန်သည်။

မကြာမီ ...

တစ်ဖက်ခန်းမှ လူတစ်ယောက် ထွက်ခွာသွားသော အသံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရပြီး တစ်အိမ်လုံး ပြန်လည်တိတ်ဆိတ်သွားလေေ
သည်။

✳ ❂ ✳

ကောင်းစုဟန်က အိပ်မရတော့ပါ။

သူ့ရင်ထဲမှာလည်း သိချင်စိတ်များက ရှေ့တိုးနှိုးခက်ေ
မဟုတ်ပါလား။

ရှမ်းချင်းသည် မည်သည့်ဂေဟာမှဖြစ်သနည်း။

အစိမ်းရောင်ခြံဝင်းကတော့ မဖြစ်နိုင်ပါ။

ဤသို့ဆိုလျှင်...

ကောင်းစုဟန်က မည်သို့သောဆုံးဖြတ်ချက်ကိုမျှ မရ
လိုက်ပါ။

အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် ရှမ်းချင်းက မည်သည့်
ဂေဟာမှဟု သေချာစွာ သိရှိမထားသောကြောင့်ပင်။

မည်သို့ဆိုစေ သိုင်းလောကတွင် ဖြစ်ပေါ်နေသော အကြော
အရာများကိုတော့ သူက သိရှိလိုသည်။



ထို့ကြောင့် နံနက်မိုးမလင်းမီက ဤနေရာမှထွက်ခွာရန် ဆုံး
ဖြတ်လိုက်၏။

တကယ်တမ်းတော့ သူသည် ဤနေရာမှထွက်ခွာသွား၍ ဖြစ်
နိုင်ပါမည်လော။

✳ ❂ ✳

ရှမ်းချင်းသည် စမ်းချောင်းကလေးတစ်ခု၏ နံဘေးတွင် ရပ်နေ
၏။

စမ်းချောင်း၏အခြားတစ်ဖက်တွင်မူ သေးငယ်သော အိမ်
ကလေးတစ်လုံးက ရှိနေသည်။

လူသူ အရောက်အပေါက်နည်းသော ဤနေရာတွင် အိမ်ငယ်
ကလေးတစ်လုံးက တည်ရှိနေခြင်းမှာ မထူးဆန်းပါ။

စင်စစ် မထူးဆန်းပါချေ။

ယခု...

ရှမ်းချင်းလို မိန်းမပျိုလေးပင် လူသူအရောက်အပေါက်နည်း
သော ဤနေရာသို့ ရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးပတ်ဝန်းကျင် တစ်ဝိုက်တွင်မူ အိမ်ငယ်ကလေးများ၏ ခေါင်မိုးပေါ်ရှိ မီးခိုးခေါင်းတိုင်မှ မီးခိုးများက လွင့်ပျံလျက်ရှိနေ သည်။

ရှမ်းချင်း၏မျက်နှာ ပြုံးယောင်သမ်းသွားသည်။

သူမသည် အိမ်ငယ်ကလေးအားတစ်ချက်ကြည့်ပြီး...

"ဦးလေးရှမ်း...ဦးလေးရှမ်း"

ဟု ကျယ်လောင်စွာ ခေါ်လိုက်၏။

သူမခေါ်သံ ဆုံးသွားသည်နှင့်တစ်ပြိုင်နက် အိမ်ငယ်ကလေး၏ တံခါးသည် ဝုန်းခနဲ ပွင့်သွားတော့သည်။

"ဘယ်သူလဲဟေ့...ဒီမှာလာပြီး အော်ကျယ်အော်ကျယ် လုပ် နေတာ"

ဟူသောအသံနှင့်အတူ ဗလကောင်းပြီး ခန္ဓာကိုယ်တောင့်တင်း သန်မာသော လူတစ်ယောက် ထွက်လာသည်။

ထိုလူသည် အနီရောင် အင်္ကျီရှည်များ ဝတ်ဆင်ထားပြီး မုတ် ဆိတ်မွေးများ ထူပျစ်စွာရှိနေသည်။

ရှမ်းချင်းက ပြုံး၍...

"ဦးလေးရှမ်း...ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ"



ဦးလေးရှမ်းဆိုသူ ရှမ်းချင်းအားကြည့်ပြီး မျက်မှောင်ကြုတ် သွားသည်။

"လက်စသတ်တော့ မင်းကိုး၊ မင်းက ဘာလာရှုပ်ပြန်တာလဲ"

ရှမ်းချင်းက စမ်းချောင်းကလေးပေါ်ဖြတ်၍ ဆောက်လုပ်ထား သော တံတားပေါ်တက်လိုက်ပြီး...

"ဦးလေးရှမ်း ဘာပြောနေတာလဲ၊ ကျွန်မ မကြားရဘူးရှင့်"

သူမသည် ယင်းသို့ပြောရင်း စမ်းချောင်းကလေးကိုဖြတ်ကျော် ကာ ထိုသူထံ လျှောက်သွားသည်။

ဦးလေးရှမ်းဆိုသူ မျက်လုံးပြူးသွားသည်။

"မင်း တကယ်ပဲ နားလေးနေလို့လား၊ ဒါမှမဟုတ် ကျုပ်ဆီ လာပြီး ဒုက္ခပေးချင်လို့လား"

ရှမ်းချင်း ပြုံးလိုက်ပြီး...

"ဖေဖေ လွှတ်လိုက်လို့ပါ"

ထိုစကားကိုကြားရသောခါ ဦးလေးရှမ်းဆိုသူ၏ မျက်လုံးများ မှာ ဝင်းလက်သွားသည်။

"ဘာလဲ...မင်းအဖေက ဘာပြောလိုက်လို့လဲ"

ရှမ်းချင်း မျက်နှာ တည်ကြည်စွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကပြောတယ်၊ ဦးလေးရှမ်းကသာ လူတစ်ယောက်ကို အဆိပ်ဖြေဆေးပေးမယ်ဆိုရင် ဦးလေးရှမ်းလိုချင်တဲ့ ဖြေဆေးပေးမယ်လို့ ပြောပါတယ်"

ဦးလေးရှမ်းဆိုသူက ထပ်မေးလိုက်ပြန်သည်။

"ဒါ တကယ်ပြောတာလား"

ရှမ်းချင်းက...

"ဟုတ်တယ်"

ဦးလေးရှမ်းဆိုသူက...

"သူတကယ်ပဲ ဒီဆေးမြစ်ကို ကျုပ်ကိုပေးမယ်ပေါ့၊ ဟုတ်သလား"

ရှမ်းချင်း ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်...ဦးလေးရှမ်းကသာ ဒီလူကို အဆိပ်ဖြေဆေးနိုင်ခဲ့ရင် ဖေဖေက ကတိအတိုင်းပေးပါလိမ့်မယ်၊ ဒါပေမယ့် အဆိပ်က မပြေပျောက်သွားရင်တော့ ရမှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

ဤတွင်...

ဦးလေးရှမ်းဆိုသူက တဟားဟား ရယ်မောလိုက်သည်။



သူသည် သဘောကျစွာ အတန်ကြာ ရယ်မောလိုက်ပြီးနောက်...

'ကျုပ်ကသာ အဆိပ်မိထားတဲ့ လူတစ်ယောက်ကို ကုသမပေးခဲ့ရင် စေတနာသမားတော်ရှမ်းကုံးဆိုတဲ့ ကျုပ်ရဲ့နာမည်ကို ပြောင်းလိုက်မယ်ကွ"

အမှန်တော့ ထိုလူမှာ စေတနာသမားတော် ရှမ်းကုံးပင် ဖြစ်သည်။

ရှမ်းချင်း ပြုံးလိုက်သည်။

"ဦးလေးရှမ်းက တကယ်ပျောက်ကင်းအောင် ကုသပေးရမှာနော်"

စေတနာသမားတော် ရှမ်းကုံးမှာ ခေါင်းညိတ်၍...

"တကယ်ပေါ့"

ရှမ်းချင်းက...

"ကောင်းပြီလေ...ဒီလိုဆိုရင် ကျွန်မနောက် လိုက်ခဲ့ပေတော့၊ သူက ဖြေဆေး အချိန်မီမရရင် သေခါနီးဆဲဆဲမို့ပါ"

ရှမ်းချင်း၏အပြောကြောင့် စေတနာသမားတော် ရှမ်းကုံး၏ မျက်လုံးများက ပြူးကျယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

ကပျာကယာ အိမ်ငယ်ကလေးအတွင်းသို့ ပြန်လည်ဝင်ရော
သွားပြီး အဆိပ်ဖြေဆေးမျိုးစုံယူဆောင်ကာ ရှမ်းချင်းခေါ်ဆောင်ရာ
နောက်သို့ လိုက်ပါသွားရလေသည်။

ရှမ်းချင်းသည် အဘယ်ကြောင့် စေတနာသမားတော်နှင့် ရင်း
နှီးနေရပါသနည်း။

ရှင်းပါသည်။

စင်စစ် ...

ရှမ်းချင်းသည် စေတနာသမားတော် ရှမ်းကုံး၏တူမပင် ဖြစ်လေ
သည်။

ထို့ပြင် ...

ရှမ်းချင်း၏ အဖေနှင့် စေတနာသမားတော် ရှမ်းကုံးတို့မှာ
ညီအစ်ကိုများဖြစ်ကြသည် မဟုတ်ပါလော။

ရှမ်းချင်းက အဆိပ်ဖြေနည်းများ တတ်ကျွမ်းနားလည်ထား
လေသည်။

မည်သို့ဆိုစေကာမူ ...

ကောင်းစုဟန်၏အသက်ကို ကယ်တင် နိုင်ရန် ရှမ်းချင်းသည်



စေတနာသမားတော် ရှမ်းကုံးကို ခေါ်ဆောင် လာနိုင်ခဲ့ပြီ မဟုတ်ပါ
လော။

❋ ⭘ ❋

ရှမ်းချင်းသည် ဒေါသကြီးစွာဖြင့် စားပွဲခုံအား လက်ဖြင့်
ရိုက်ချ လိုက်သည်။

"ဝုန်း"

ဟူသော အသံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာလေ
သည်။

ဝါဝါ ခေါင်းငုံ့ထားလိုက်၏။

ရှမ်းချင်း၏မျက်ဝန်းအစုံသည် နီရဲနေ၏။

သူမသည် ကောင်းစုဟန်အတွက် အလွန်ပင် ပူပင်သော
ကနေ၏။

မကျေမနပ်ဖြင့် ထပ်မေးပြန်သည်။

"သူထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

ဝါဂါ တုန်တုန်ယင်ယင်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက်ရှိပါပြီ"

ရှမ်းချင်းက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ကောင်းပြီ၊ အစလောက်ဆိုရင် သူ ဒီကနေ ဝေးဝေးမသွားနိုင်သေးဘူး၊ တို့တစ်တွေ လိုက်သွားကြမယ်"

ထိုအခါ...

စေတနာသမားတော် ရှမ်းကုံးက ခေါင်းခါယမ်းပြီး...

"ကျုပ် သိုင်းလောကထဲမှာ လျှောက်သွားနေလို့မဖြစ်သေးဘူး"

သူဘာကိုဆိုလိုသလဲဆိုတာ ရှမ်းချင်းက နားလည်လိုက်ပေသည်။

ယခု...

ရှမ်းကုံးက မည်သည့်နေရာမှမလိုက်လိုတော့ကြောင်း ပြောဆိုလာသောအခါ ရှမ်းချင်းက မည်သို့မျှ မတတ်နိုင်တော့ပါချေ။

စေတနာသမားတော်သည် သူ၏ဆိပ်ဖြေဆေး ဖော်စပ်ရာတွင် အလွန်အသုံးဝင်လှသော ဆေးမြစ်တစ်မျိုးကို လိုချင်၍သာ သူမနောက်သို့ ယခုလို လိုက်လာခြင်းဖြစ်သည်။

စေတနာသမားတော် ရှမ်းကုံးသည် သိုင်းလောကထဲ လျှောက်သွား၍ မဖြစ်ချေ။



အကယ်၍သာ သူပေါ်ပေါ်ထင်ထင် လျှောက်သွားမိလျှင် သူ့အား မုတ်မိသောလူများက မည်သည့်နည်းနှင့်မဆို အဆိပ်မိထားသောလူများကို အကူအညီတောင်းလာလိမ့်မည် ဖြစ်လေသည်။

ထိုအခါ...

ကောင်းစုဟန်အား အချိန်မီ ကုသပေးနိုင်ရန် မဖြစ်နိုင်တော့ချေ။

ရှမ်းချင်း၏မျက်ဝန်းများသည် မျက်ရည်များဖြင့် ပြည့်လျှံလာသည်။

သူမ၏ရင်ထဲမှလည်း...

"ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် ကံဆိုးနေရတာလဲ"

ဟု ကျိတ်၍တစ်ကိုယ်တည်း ရေရွတ်လိုက်မိလေသည်။

ရှမ်းကုံး အတန်ကြာစဉ်းစားလိုက်ပြီး...

"ဒီလိုလုပ်ပါလား၊ ကျုပ်မှာ အကြံတစ်ခုရှိတယ်"

ရှမ်းချင်း၏မျက်လုံးများ ဝင်းလက်သွားသည်။

"ဘယ်လိုအကြံမျိုးလဲ ပြောပါ"

ရှမ်းကုံးက...

"မင်းက သူ့ရဲ့ရောဂါဝေဒနာပုံသဏ္ဌာန်ကိုပြောပြပါ၊ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဖြေဆေး ပေးခဲ့မယ်၊ ဒီလိုဆိုတော့ မင်းက သူ့နောက်လိုက်ပြီး အဆိပ်ဖြေဆေးကျွေးလိုက်ရင် သူမသေနိုင်တော့ဘူးပေါ့"

ဟု ပြောသည်။

ရှမ်းချင်း ဝမ်းသာသွားသည်။

လောလောဆယ်တွင် အသင့်မြတ်ဆုံးသော အကြံပေးချက်ပင် ဖြစ်၏။

"ကောင်းလိုက်တဲ့ အကြံ၊ ကျွန်မ လုံးဝ မစဉ်းစားမိဘူး ရှင့်"

သူမသည် ဟင်းသို့ပြောပြီး ကောင်းစုဟန်၏ရောဂါဝေဒနာ များကို စဉ်းစားလိုက်သည်။

အတန်ကြာမှ တစ်လုံးချင်းပြောလိုက်လေသည်။

"ပထမ သူက ခေါင်းတွေမူးဝေလာတယ်၊ ဒုတိယ မျက်လုံး တွေ နီရဲလာတယ်၊ ကျိန်းစပ်လာတယ်၊ တတိယ သူ့တစ်ကိုယ်လုံး ဟာ ပျော့ခွေလာပြီး သတိလစ်သွားတတ်တယ်"

ရှမ်းချင်းပြောပြနေသော ရောဂါလက္ခဏာများကို ရှမ်းကုံးက စိတ်ဝင်စားသွားသည်။

ရှမ်းချင်း စကားဆက်လိုက်သည်။



"သူသတိလစ်နေတဲ့အချိန်မှာ သူ့ရဲ့ ဦးခေါင်းနဲ့ အထက်ပိုင်း ဟာ ခြစ်ခြစ်တောက်အောင် ပူနေပေမယ့် လက်ဖျားခြေဖျားတွေ ကတော့ အေးစက်နေတာ ရေခဲတုံးအတိုင်းပဲရှင့်"

ထိုစကားကြားသောအခါတွင်မှ ရှမ်းကုံးက မျက်မှောင်ကြုတ် သွားသည်။

"အင်း…သူက အဆိပ်နှစ်မျိုးတောင် မိထားတာပါလား"

ဟု ပြောသည်။

"ဒါကြောင့်လည်း ကျွန်မ ဦးလေးရှမ်းဆီကို ပြေးလာရတာပေါ့ ရှင်"

ရှမ်းကုံးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"သူ့အတွက် ရိုးရိုးအဆိပ်ဖြေဆေးနဲ့တင် မလုံလောက်တော့ ဘူး"

ရှမ်းချင်း ထိတ်လန့်သွားသည်။

"ဒုက္ခပဲ…ဘယ်လိုလုပ်ကြမလဲ"

ရှမ်းကုံးသည် မျက်စိစုံမှိတ်ထားလိုက်သည်။

သူသည် ကောင်းစုဟန်အား မည်သို့ကုသပေးရမည်ကို အချိန် အတန်ကြာ စဉ်းစားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတန်ကြာမှ သူ၏မျက်နှာသည် တဖြည်းဖြည်း ပြ
ယောင် သမ်းလာသည်။

ရှမ်းချင်းအားကြည့်ကာ...

"မင်းက သွေးကြောတွေအကြောင်း နားလည်လား"

ရှမ်းချင်း ခေါင်းညိတ်လိုက်ပြီး...

"နည်းနည်းပါးပါးတော့ နားလည်ပါတယ်"

ရှမ်းကုံးက တိကျစွာ ရှင်းပြလိုက်၏။

"သူ့ရဲ့အဓိကသွေးကြောနေရာသုံးခုကို အတွင်းအားနဲ့ တစ်ပြို
နက်တည်း ရိုက်ချလိုက်ရမယ်၊ အဲဒီ အတွင်းအားဟာ 'ယန်ခွေး'
နဲ့ 'ခွမ်းတရောက်' သွေးကြောနေရာတွေမှာ အင်အားဟာ ညီမျှ
ထိရောက်ရမှာဖြစ်ပြီး 'ယမ်ကွမ်း' သွေးကြောနေရာမှာတော့ အင်အား
နည်းနည်းပဲ သက်ရောက်ရမှာဖြစ်တယ်"

ရှမ်းချင်းက မဝံ့မရဲဖြင့်...

"ဒီအတိုင်းဖြစ်နိုင်ပါ့မလား"

"ဒီလိုမှ မကုသပေးနိုင်ရင် ဒီလူဟာ မင်းပြောသလို သေ
သွားမှာပဲ"

ရှမ်းချင်း နှုတ်ခမ်းမဲ့ကာ...



"ဒီလိုဆို ဦးလေးရှမ်းဆီက အဆိပ်ဖြေဆေးက ဘာအသုံးဝင်
တာမှာလဲ"

ရှမ်းကုံး ပြုံးလိုက်သည်။

"ကျုပ်ရဲ့အဆိပ်ဖြေဆေးက သူ့ရဲ့အတွင်းအား ပြန်လည်
ပြီး လာဖို့နဲ့ သွေးကြောနေရာတွေကို ကုသပြီးလို့ တိုက်ကျွေးလိုက်
တာနဲ့ အချိန်အနည်းငယ်အတွင်းမှာပဲ လူကောင်းတစ်ယောက် ဖြစ်
လာနိုင်တယ်ကွယ့်"

ရှမ်းချင်းက...

"ဦးလေးရှမ်းပြောတဲ့ သွေးကြောနေရာသုံးခုမှာ 'ယန်ခွေး'
ဆိုတာက လက်ကောက်ဝတ်မှာရှိတဲ့ သွေးကြောမဟုတ်လား"

ရှမ်းကုံး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"ခွမ်းတရောက် ဆိုတာက ပေါင်မှာရှိတဲ့ သွေးကြော၊
'ယန်ကွမ်း' ဆိုတာ စတုတ္ထကျောရိုး တစ်နေရာမှာရှိတဲ့ သွေးကြော
မဟုတ်လား"

ရှမ်းကုံး ပြုံးလိုက်သည်။

"အင်း...ငါ့တူမက သွေးကြောနေရာတွေကို သေသေချာချာ
သိထားပါလား၊ ဘယ်ဆိုးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ထုတ်ဖော်ချီးကျူးလိုက်သည်။

ရှမ်းချင်းက လက်ဖြန့်လိုက်ပြီး…

"အဆိပ်ဖြေဆေး ပေးပါ"

ရှမ်းကုံးက သူ၏အင်္ကျီအိတ်အတွင်းမှ အထုပ်ကလေးတစ်ခုအား နှိုက်ယူလိုက်ပြီး ရှမ်းချင်းအား ပေးလိုက်သည်။

ရှမ်းချင်းက ဝါဝါအား မျက်နှာထားတင်းတင်းဖြင့်ကြည့်ကာ—

"သူဘယ်ဘက် ထွက်သွားတာလဲ"

"အရှေ့ဘက်ပါ"

ရှမ်းချင်းက ရှမ်းကုံးအား ပြုံးပြကာ…

"ကျွန်မရဲ့မိတ်ဆွေ အဆိပ်တွေ ပြေပျောက်သွားတဲ့အချိန်မှာ ကျွန်မက ဦးလေးရှမ်းဆီကို ဆေးမြစ်အရောက်ပို့ပေးပါ့မယ်ရှင်"

စကားဆုံးလျှင် အရှေ့ဘက်သို့ တစ်ဟုန်ထိုး ပြေးလွှားထွက်သွားလေတော့သည်။

❋ ○ ❋

## အပြောင်းအလဲ

ကောင်းစုဟန်၏ ခြေလှမ်းများသည် လျင်မြန်စွာဖြင့် ပြေးလွှားသွားနေသည်။

သူဖြတ်သန်းလာခဲ့သော နေရာအတော်များများတွင် တိုက်ပွဲများဖြစ်ပွားနေသည်ကိုလည်း တွေ့မြင်ခဲ့ရလေသည်။

သူမြင်တွေ့ခဲ့ရသောတိုက်ပွဲများမှာ သံမဏိဂေဟာမှ သိုင်းသမားများနှင့် ရွှေဓားစံအိမ်သိုင်းသမားတို့၏ တိုက်ပွဲများပင် ဖြစ်သည်။

ယခု…

ကောင်းစုဟန်သဘောပေါက်လာသည်။

ရှမ်းချင်းသည် သံမဏိဂေဟာမှ ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ၌ အတွေးများစွာ နေရာယူလာသည်။

သူမသည် မည်သည့်နေရာရောက်ရှိနေသနည်း။

သူ့အတွက် ဆေးဝါးများရှာဖွေရင်း ရန်သူနှင့် ရင်ဆိုင်နေရပြီလော။

ထိုစဉ်မှာပင်...

သံမဏိဂေဟာမှ လူသုံးယောက်အား ရွှေဓားစံအိမ်မှ လူအများက ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်သည်။

"ရပ်လိုက်"

သူက အော်ဟစ်ဟန့်တားရင်း တိုက်ပွဲအလယ်သို့ ခုန်ဝင်သွားသည်။

သူဝင်ရောက်လာမှုကြောင့် နှစ်ဖက်တိုက်ခိုက်နေသော လူများ ရပ်တန့်သွားကြသည်။

သံမဏိဂေဟာမှ သိုင်းသမားသုံးယောက်သည် ကောင်းစုဟန် နှင့် နှင်းမြူတောင်ပေါ်မှ ဆင်းလာစဉ် တွေ့ခဲ့ရသော အဘိုးအို သုံးယောက်ဖြစ်သည်။

ထို့အပြင်...

ရွှေဓားစံအိမ်မှသိုင်းသမားများထဲတွင်လည်း ကောင်းစုဟန်နှင့်



နှင်းမြူတောင်ပေါ်မှဆင်းလာသည်ကို တွေ့မြင်ခဲ့ဖူးသည့် အဝါရောင် အကျီ ဝတ်ဆင်ထားသော ဓားသမားလေးယောက် လိုက်ပါရှိလာသည်။

ကောင်းစုဟန်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး...

"ခင်ဗျားတို့ အခုလို မသင့်မြတ်ဘဲ တိုက်ပွဲတွေဆက်ပြီးဖြစ်နေကြရင် မကြာခင် အားလုံး သေဆုံးကုန်မှာပဲဗျ"

အဝါရောင် ဝတ်ဆင်ထားသူလေးယောက်က ကောင်းစုဟန်အား မှတ်မိသွားကြသည်။

"မင်း...မင်း နှင်းမြူတောင်ပေါ်က ဆင်းလာခဲ့တဲ့ လူငယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

သူက ဝတ်စုံဝါများအား တစ်ချက်ကြည့်ရင်း...

"ရွှေဓားစံအိမ်က သခင်လေးကို ပြောပြလိုက်ပါ၊ ကျုပ်က ရက်တစ်လကြာတဲ့အခါမှာ နှင်းမြူတောင်ပေါ်က အဖြစ်အပျက်တွေကို အကုန်လုံးရှင်းပြပါ့မယ်လို့၊ ဒီကြားထဲမှာ တိုက်ပွဲတွေကို ဆိုင်းငံ့ထားပါလို့"

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် သံမဏိဂေဟာမှ အဘိုးအိုသုံးယောက်ဘက် လှည့်လိုက်ပြီး...

"ခင်ဗျားတို့ကလည်း ခင်ဗျားတို့ သခင်လေးကို ပြောပေးပါဗျာ၊ ကျုပ်က တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်လွဲမှားမှုတွေ ပပျောက်အောင် ရှင်းပြပါလိမ့်မယ်လို့"

သူ ရှင်းပြမှုကြောင့် သံမဏိဂေဟာမှ အဘိုးအိုသုံးယောက်က ခေါင်းညိတ်လိုက်သည်။

ရွှေဓားစံအိမ်မှလူများကလည်း သဘောကျသွားလေသည်။

အမှန်မှာ...

သူတို့အနေဖြင့် ဤသို့တိုက်ခိုက်ခြင်းမပြုလိုကြပါ။

သံမဏိဂေဟာမှ စတင်တိုက်ခိုက်လာသဖြင့်သာ ပြန်လည်တိုက်ခိုက်နေရခြင်းပင် ဖြစ်ပါသည်။

ထို့နည်းတူ...

သံမဏိဂေဟာအနေဖြင့်လည်း နှင်းမြူတောင်ပေါ်မှ အဖြစ်အပျက်များကို သေချာစွာမသိရသေးဘဲ မည်သူနှင့်မျှ ခိုက်ရန်မဖြစ်ချင်လိုပါ။

သို့သော်...



ရွှေဓားဂိုဏ်းမှ စတင်တိုက်ခိုက်လာသောကြောင့် ပြန်လည်တိုက်ခိုက်ရခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင်...

မည်သူက ရန်စကာ စတင်တိုက်ခိုက်ခဲ့ပါသနည်း။

❈ ❂ ❈

ရန်ကျားထိုက်၏ မျက်နှာပြုံးရွှင်နေ၏။

တကယ်တော့ ခရမ်းရောင်ခြံဝင်း၏သတင်းနှင့် မှေ့အင်းတို့၏သတင်းသည် ပျောက်ကွယ်သွားပြီး ဖြစ်သည်။

ထို့အပြင်...

ရွှေဓားစံအိမ်နှင့် သံမဏိဂေဟာတို့လည်း ပြင်းထန်စွာ တိုက်ခိုက်နေကြသည်။

ရန်ကျားထိုက်၏မလှမ်းမကမ်းတွင်မူ ကျိုစန်းက ထိုင်နေသည်။

ကျိုစန်း၏ရင်ထဲ၌လည်း ယခုအတိုင်းသာဆိုလျှင် သူ၏ သခင်ဖြစ်သူ ရန်ကျားထိုက်သည် သိုင်းလောက၏ ပထမနေရာကို အလိုလိုရရှိလာတော့မည်ဟု ဝမ်းသာစွာစဉ်းစားနေမိ၏။

ထိုစဉ်...

www.burmeseclassic.com

www.burmeseclassic.com



ကိုစန်း၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

ထို့အပြင်...

မကောင်းဆိုးဝါးတစ်ကောင်အား တွေ့လိုက်ရသကဲ့သို့ ဖြူ ဖြူရော်လည်း ဖြစ်သွားသည်။

ရန်ကျားထိုက်က မျက်မှောင်ကြုတ်သွားပြီး ကိုစန်းကြည့် နေသောနေရာသို့ လိုက်လံကြည့်ရှုလိုက်၏။

ရုတ်တရက် ကိုစန်း၏ခန္ဓာကိုယ်သည် တောင့်တင်းသွား သည်။

သူ့နှုတ်မှလည်း လွှတ်ခနဲရေရွတ်လိုက်မိတော့၏။

"အင်း...သူက ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

တကယ်တော့ ကိုစန်းတွေ့မြင်လိုက်သူမှာ မကောင်းဆိုးဝါး တစ်ကောင်မဟုတ်ပါ။

ကောင်းစုဟန်ပင် ဖြစ်ပါသည်။

ကောင်းစုဟန်သည် သူ၏ခြေလှမ်းကို တက်သုတ်ရိုက်ပြီး လျှောက်သွားနေ၏။

ကိုစန်းက ရန်ကျားထိုက်ဘက်သို့လှည့်၍...

"သခင်လေး...ဒီလူ့ရန်က မအေးဘူးဗျ"



ရန်ကျားထိုက်က ပြုံးလိုက်ပြီး..

"မင်းက ဘာကိုလိုချင်တာလဲ"

ကိုစန်းက သူ၏စိုးရိမ်မှုကို ထုတ်ဖော်ပြောဆိုလိုက်၏။

"သူက ခရမ်းရောင်ခြံဝင်းသခင်မလေး ယုအင်းကို ကယ်တင် သွားခဲ့သလို ရွှေမားဂိုဏ်းနဲ့ သံမဏိဂေဟာက ပြဿနာတွေထဲ ဝင်ပါ ရင် မကောင်းဘူးဗျ"

ရန်ကျားထိုက် မဲ့လိုက်၏။

"မင်းက သူ့ကိုအတော်အထင်ကြီးနေတာကိုး၊ သူက အဆိပ် ထားတဲ့ လူတစ်ယောက်ဆိုတာ မင်းသတိမေ့နေပြီလား"

"သူဟာ အဆိပ်မိတာမှန်ပေမယ့် အခုလောက်ဆိုရင် အဆိပ် ဖြေဆေး ရသွားနိုင်တယ်"

ရန်ကျားထိုက်၏မျက်နှာ တည်သွား၏။

"ဒီမှာ ကိုစန်း...မင်းကို ကျုပ်ရှင်းရှင်းပဲပြောပြမယ်၊ သူ ထားတဲ့အဆိပ်က ဘယ်လိုအဆိပ်မျိုးမှတ်လဲ၊ ကျုပ်ဖေဖေရဲ့ အဆိပ် သိလား"

ထိုစကားကြားလျှင် ကိုစန်း အံ့သြသွားသည်။

"ဗျာ...သခင်ကြီးအဆိပ်ကို သူက မိထားတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နှင်းမြူတောင်ပေါ်က ဆင်းလာတယ် ဆို

ကတည်းက ကျုပ်ဖေဖေရဲ့အဆိပ်ကို မိခဲ့တာပဲဖြစ်ရမယ်၊ ဒါပေမယ့်

ကျုပ် စဉ်းစားလို့မရတာက သူက ဘာကြောင့် အခုထိ အသက်ရှင်

နေနိုင်သေးတာလဲ"

ကျိုစန်းက ခေါင်းညိတ်၍...

"ဟုတ်တယ်၊ သူက သခင်ကြီးရဲ့ အဆိပ်မိထားခဲ့ရင် သူသေ

ဆုံးသွားရမှပေါ့"

ရန်ကျားထိုက် အတန်ကြာစဉ်းစားပြီးမှ...

"အင်း...သူဒီနေ့အထိ မသေနိုင်သေးတာဟာ အကြောင်း

တစ်ခုခုတော့ ရှိရမယ်"

သူသည် ယင်းသို့ မှတ်ချက်ချလိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ

ထရပ်လိုက်၏။

"ကျုပ်တို့ သူ့နောက်က ခြေရာခံလိုက်ကြရင် ကောင်းမယ်"

ကျိုစန်းက...

"သခင်လေးကိုယ်တိုင် လိုက်စရာမလိုပါဘူးဗျာ၊ သူ့နောက်

ကို ကျွန်တော်ပဲ ခြေရာခံလိုက်ပါ့မယ်"

ရန်ကျားထိုက် ခေါင်းခါယမ်းလိုက်၏။



"မဟုတ်သေးဘူး၊ သူက မင်းကိုသိထားတယ်၊ ဒီတော့ တစ်

ခြားက်ယောက်ကို တာဝန်ပေးမှ ဖြစ်မယ်"

ကျိုစန်းက...

"ဘယ်သူ့ကို တာဝန်ပေးမလဲ"

ရန်ကျားထိုက်က ရယ်မောရင်း...

"ကျုပ်ကို တာဝန်ပေးရမှာပေါ့"

စကားဆုံးလျှင် အခန်းအပြင်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်

သွားတော့၏။

❋ ○ ❋

ပေ့အင်း၏ မျက်နှာသည် နီရဲနေသည်။

ယခုတော့...

သူမသည် အဆိပ်များကို ကုသပျောက်ကင်းသွားပြီ ဖြစ်ပေ

သည်။

အဘွားအိုစုရန်းက မျက်မှောင်ကြုတ်လိုက်ပြီး သူမ၏ ထင်မြင်

ယူဆချက်ကို ထုတ်ဖော်ပြောဆိုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေမားစံအိမ်နဲ့ သံမဏိဂေဟာတို့ဟာ အခုလိုသာ ဆက်ပြီး တိုက်ခိုက်နေကြမယ်ဆိုရင်တော့ နှစ်ဖက်စလုံး ပြိုကွဲသွားကြတော့မှာပဲ"

ပေ့အင်း ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဒီလိုသာဆိုရင် ဘီလူးရဲတိုက်တစ်ခုသာ သိုင်းလောကမှာ မားမားမတ်မတ် ကျန်ရစ်ခဲ့တော့မှာပေါ့"

ထို့နောက်...

သူမက မချိပြုံးပြုံးလိုက်ပြီး...

"ဒီကိစ္စ ဒီအကြံအစည်တွေဟာ ဘယ်သူ့ကြောင့်ဖြစ်ပေါ်လာရတယ်ဆိုတာ ကျွန်မ သေသေချာချာ စဉ်းစားမိထားပြီးပြီ ဒီတော့..."

သူမစကားကို ခဏဖြတ်ပြီး အဘွားအိုစုရန်းကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက်...

စကားဆက်လိုက်ပြန်သည်။

"ကျွန်မက သံမဏိဂေဟာနဲ့ရွှေမားစံအိမ်ကိုသွားပြီး သေသေချာချာ ရှင်းပြရမှာပဲ"



ထိုစကားကြားသောအခါ အဘွားအိုစုရန်း ထိတ်လန့်သွားသည်။

"သခင်မလေး ခရီးထွက်လို့ ဖြစ်ပါ့မလား"

ပေ့အင်း ပြုံးလိုက်သည်။

"ရွှေမားစံအိမ်၊ သံမဏိဂေဟာနဲ့ ခရမ်းရောင်မြဲဝင်းအားလုံး ပြိုကွဲသွားတာထက် စာရင်တော့ ကျွန်မက သေသွားရင်ပိုကောင်းသည်"

အဘွားအိုစုရန်း သက်ပြင်းချလိုက်သည်။

"သခင်မလေးက ဘယ်လိုလုပ်ပြီးရှင်းပြမှာလဲ"

ပေ့အင်းက အိတ်ထဲမှ စာတစ်စောင် ထုတ်ယူလိုက်သည်။

အဘွားအိုစုရန်းအား စာကိုပြလိုက်ပြီး...

"ဟောဒီစာက ကျွန်မမေမေ ပေးလိုက်တာ မဟုတ်လားဟင်"

အဘွားအိုစုရန်း ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

ပေ့အင်းက...

"ဒီစာနဲ့ပဲ သူတို့ကို ရှင်းပြရမှာပေါ့၊ နှင်းမြူတောင်ပေါ်က ..တဲ့စာ၊ သက်သေခံပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုစုရန်းက သူမ၏မျက်နှာကို လှမ်းကြည့်ရင်း...

"သူတို့က မယုံကြည်ရင်ကော"

ပေ့အင်းက...

"သူတို့က မယုံကြည်ကြရင် ကျွန်မတို့ရဲ့ ခရမ်းရောင်ခြံဝင်းလို ဖြစ်သွားကြရတော့မှာပေါ့"

ဤတွင်...

အဘွားအိုစုရန်းက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ဤထက်ကောင်းမွန်သည့်အကြံ သူမမှာလည်း မရှိတော့ပါ။

❋ ✿ ❋

ကောင်းစုဟာန်က သူ၏ခြေလှမ်းများကို လျင်မြန်စွာလှမ်းပြီး လျှောက်သွားနေသည်။

သူသည် နေရာအနှံ့အပြားသို့သွားရောက်ပြီး တိုက်ခိုက်နေကြသော သံမဏိဂေဟာနှင့် ရွှေဓားစံအိမ်မှလူများကို ဖြေရှင်းပေးခဲ့သည်။

ယခုအခါ...



သူသည် သိုင်းလောက၏ အဓိကရန်သူမှာ မည်သူမည်ဝါဖြစ်သည်ကို အနည်းငယ် ရိပ်စားမိလာပြီဖြစ်သည်။

ထို့ကြောင့်...

ထိုရန်သူအား သူက ယခုကဲ့သို့ နေရာအနှံ့သို့ သွားရောက်ကာ လိုက်လံရှာဖွေနေရခြင်းဖြစ်လေသည်။

ဒါပေမယ့် ထိုလူ၏ အရိပ်အယောင်မျှပင်မတွေ့မြင်ခဲ့ရပါချေ။

ရုတ်တရက်...

ကောင်းစုဟာန်၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်သွား၏။

သူ၏ဦးခေါင်းတစ်ခုလုံးမှာလည်း မူးဝေလာသည်။

ထို့နောက်တွင်မူ...

သူ၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွား ပြီး မြေကြီးပေါ်သို့ ယော့ခွေကာ လဲကျသွားတော့သည်။

သူသတိလစ်မသွားမီ နောက်ဆုံးမြင်တွေ့လိုက်ရသော မျက်နှာသည် သူအလွန်တွေ့ချင်နေသော လူ၏ မျက်နှာဖြစ်ကြောင်း သူက သိလိုက်လေသည်။

❋ ✿ ❋

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျားထိုက်က ခေါင်းခါယမ်းလိုက်၏။

စင်စစ် သူသည် ဘီလူးရဲထိုက်မှ သခင်လေးတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်...

ခုခံခြင်းမပြုနိုင်ဘဲ မြေပေါ်သို့ လဲကျနေသူ တစ်ယောက်ကို မသတ်လိုပါ။

ထိုစဉ်မှာပင်...

သူ့နောက်မှ သူ့အားစိတ်မချ၍လိုက်ပါလာသော ကိုစိန်အား တွေ့မြင်လိုက်ရသည်။

ရန်ကျားထိုက်က တစ်ချက်ပြုံးလိုက်ပြီး လဲကျနေသော ကောင်းစုဟန်အား ညွှန်ပြလျက်...

"မင်း ကျုပ်နောက်ကို လိုက်လာခဲ့တာအတော်ပဲ၊ အခု မင်း သူ့ကိုခေါ်သွားပါ"

ကိုစိန်က လဲကျနေသော ကောင်းစုဟန်အား တစ်ချက်ကြည့်လိုက်ပြီး ထိတ်လန့်သွားသည်။

နှုတ်မှလည်း ထုတ်ဖော်မေးလိုက်၏။

"သခင်လေးက သူ့ကိုသတ်လိုက်ပြီလား"



ရန်ကျားထိုက် ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က သူ့ကို မသတ်ပါဘူး၊ ဒါပေမယ့် သူက သေရတော့မှာပါပဲ"

ကိုစိန်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာလဲ...သူဟာ အဆိပ်ဖြေဆေး မသောက်ရသေးဘူးလို့ သခင်လေးက ဆိုလိုချင်တာလား"

ရန်ကျားထိုက် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ သူကသာ အဆိပ်ဖြေဆေးသောက်ထားပြီးရင် မလို ဘယ်လဲကျသွားပါ့မလဲ"

ကိုစိန်က...

"ကျွန်တော်က သူ့ကို ဘယ်ခေါ်သွားရမယ်ဆိုတာ အမိန့်

ရန်ကျားထိုက်၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"မင်းက ဘီးလူးရဲထိုက်ကို ခေါ်သွားပြီးတော့ ချုပ်ထား ပါ"

ကိုစိန် အံ့သြသွားပြီး...

"သူ့ကို မရှင်းပစ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ရန်ကျားထိုက်က...

"နှစ်ရက်လောက်ကြာရင် ကျုပ်ပြန်လာခဲ့မယ်၊ အဲဒီအခါ ဆုံးဖြတ်ကြတာပေါ့"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လက်ဝှေ့ယမ်းပြလိုက်သည်။

ကျိစန်းက အလိုက်သိစွာပင် ကောင်းစုဟန်၏ ခန္ဓာကိုယ်ကို မွေ့ရာ ချီလိုက်ပြီး ထိုနေရာမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွား သည်။

❋ ✪ ❋

ကောင်းကင်တစ်ခုလုံး ကြည်ကြည်လင်လင်ရှိနေ၏။

ဝန်းကျင်တစ်ခုလုံးမှာလည်း သာယာလှပနေသည်။

သို့သော်...

ရှမ်းချင်း၏ မျက်နှာမှာမူ သာယာခြင်း မရှိပါ။

အဘယ့်ကြောင့် ဆိုသော် ကောင်းစုဟန်အတွက် ပူပန်သော သောက အရိပ်အယောင်များက လှပသောသူမ၏ မျက်နှာ ပေါ်တွင် အစားထိုးနေရာ ယူထားကြသည် မဟုတ်ပါလား။



သူမသည် ဝါဝါညွှန်ပြလိုက်သည့်အတိုင်း အရှေ့ဘက်သို့ ခရီး ပြင်းနှင်လာခဲ့သည်။

သို့သော်...

သုံးရက်မျှ ကြာသွားသော်လည်း ကောင်းစုဟန်၏ အရိပ် အယောင်မျှပင် မတွေ့ရပါချေ။

ထိုအခါ...

သူမက စိတ်ပျက်သွား၏။

ကောင်းစုဟန် မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း။

သေဆုံးသွားပြီလော။

သူမသည် ယင်းသို့တွေးတောနေစဉ်မှာပင် သူမနှင့်မျက်နှာ ချင်းဆိုင်အရပ်မှ မြင်းဆယ့်လေးငါးကောင် မောင်းနှင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုမြင်းပေါ်မှလူများကို မြင်သောအခါ ရှမ်းချင်း ဝမ်းသာသွား သည်။

အကြောင်းမှာ...

သူမ၏အစ်ကို ရှမ်းယီဦးဆောင်သော သံမဏိဂေဟာမှ ဆိုင်း သမားများဖြစ်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယိမှာ ညီမဖြစ်သူနှင့် မမျှော်လင့်ဘဲတွေ့လိုက်ရလျှင် အံ့သြသွား၏။

"ညီမလေး... မင်းက ဘာဖြစ်လို့ ဒီကိုရောက်နေရတာလဲ"

ရှမ်းချင်းက သူမမေးလိုရာကိုသာ လှမ်းမေးလိုက်၏။

"အစ်ကိုကြီး ရှမ်းယိက ရွှေဓားစံအိမ်နဲ့ ရန်ဖြစ်နေတယ်ဆို"

ရှမ်းယိက...

"ဒါကြောင့် ညီမလေးကို ဘယ်မှလျှောက်မသွားပါနဲ့လို့ ဝါဝါနဲ့ မှာခဲ့ရတာပေါ့"

ရှမ်းချင်းက ပြုံးလိုက်သည်။

"အို... အစ်ကိုကြီးက ရန်ဖြစ်နေမှတော့ ညီမလေးလည်း ဝင်ပါရတော့မှာပေါ့"

ရှမ်းယိက တည်ကြည်သောမျက်နှာထားဖြင့်...

"ဖေဖေ့ရဲ့အခြေအနေ ဘယ်လိုရှိသလဲ မသိနိုင်သေးဘူး၊ အခုကိစ္စဟာလည်း သံသယဖြစ်ဖို့ကောင်းတယ်"

"ရွှေဓားစံအိမ်က သစ္စာဖောက်ပြီး အရင်တိုက်ခိုက်တာ မဟုတ်လား"

ရှမ်းယိက သက်ပြင်းတစ်ချက်ချရင်း...



"သူတို့က အစ်ကိုတို့ သံမဏိဂေဟာက စတင်တိုက်ခိုက်လို့ ပြန်တိုက်ရတာလို့ ပြောနေတယ်၊ တကယ်ပဲ သူတို့ရဲ့အဖွဲ့ခွဲတစ်ခု ဖျက်ဆီးခံလိုက်ရတယ်"

ရှမ်းချင်း မျက်မှောင်ကြုတ်သွား၏။

"ဒါဖြင့် တစ်ဖက်နဲ့တစ်ဖက် အထင်မှားပြီး တိုက်ခိုက်ကြတာပေါ့"

"ဟုတ်တယ်"

ရှမ်းချင်းက အံတစ်ချက်ကြိတ်ကာ...

"ဒါဟာ... တစ်စုံ တစ်ဦးရဲ့ ပယောဂကြောင့်ပဲ ဖြစ်နိုင်တယ်"

ဟု ရေရွတ်လိုက်၏။

ရှမ်းယိ ခေါင်းညိတ်လိုက်၏။

"အစ်ကိုကြီးလည်း ဒီလိုပဲ တွေးမိပါတယ်"

ရှမ်းချင်းက...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ရှမ်းယိက ပြုံးလိုက်ပြီး...

"ဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေကို ရပ်ဆိုင်းထားကြတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကို ရှင်းရှင်းလင်းလင်း သိသွားရအောင် အစ်ကိုကြီး…

ရွှေဆားစံအိမ်က သခင်လေး 'ဂူချန်ဖုံး' ကို ဖိတ်ကြားလိုက်တယ်"

ဤတွင် ရှမ်းချင်းက…

"သူက ဖိတ်ကြားချက်ကို လက်ခံရဲ့လား"

ရှမ်းယီ ခေါင်းညိတ်ပြလိုက်၏။

"သူကလက်ခံလို့ အစ်ကိုကြီး အခု သူနဲ့တွေ့ရအောင် ခ…
ထွက်လာခဲ့တာပဲ"

"သူက လက်ခံလိုက်တယ် ဟုတ်လား၊ ဘယ်မှာ တွေ့ဆုံ…
မှာလဲ"

ရှမ်းယီက…

"နှင်းမြူတောင်ခြေမှာပေါ့"

ရှမ်းချင်းက တစ်ချက်စဉ်းစားရင်း…

"ဘယ်အချိန်လဲ"

"ဆယ့်သုံးရက်နေ့"

ရှမ်းချင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ အချိန်မီ ကျွန်မလာခဲ့မယ်၊ အခုတော့ သွားချ…
ပြုပါဦး"



အလောတကြီးနိုင်လှသော ရှမ်းချင်းအားကြည့်ကာ ရှမ်းယီ
…အားသင့်သွား၏။

"ညီမလေးက ဘယ်သွားမလို့လဲ"

"လူတစ်ယောက် သွားရှာမလို့ပါ"

ရှမ်းယီ မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူများလဲ"

ရှမ်းချင်းက လှပစွာ ပြုံးလိုက်ပြီး…

"ညီမလေးဘဝမှာ အရေးကြီးဆုံး လူတစ်ယောက်ပါ"

သူမစကားကြောင့် ရှမ်းယီ၏မျက်နှာသည် နီရဲသွားလေတော့
သည်။

❋ ✪ ❋

www.burmeseclassic.com

www.burmeseclassic.com

## တန်ပြန်အကျိုး

"တူ...တူ"

စူးရှသော ခရာသံများကြောင့် 'ဘီလူးရဲတိုက်' တစ်ခုလုံးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားတော့သည်။

ကျိုစန်း၏မျက်နှာပေါ်တွင် ခရာသံများကြောင့် ဝမ်းသာသွားသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

"သခင်လေး ပြန်လာပြီထင်တယ်"

သူသည် ယင်းသို့ရေရွတ်လိုက်ပြီး ရဲတိုက်ခန်းမအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ထိုစဉ်မှာပင်...

"သခင်လေး ပြန်ရောက်လာပြီ"



ဟူသော ကြွေးကြော်သံနှင့်အတူ မြင်းနှစ်ကောင်က ရဲတိုက်အတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရန်ကျားထိုက် ပြန်ရောက်လာပြီ ဖြစ်ပါသည်။

သို့သော်...

ရန်ကျားထိုက်နှင့် အတူပါလာသူမှာ မည်သူဖြစ်သလဲဆိုတာ ကျိုစန်းက မသိပါ။

ရန်ကျားထိုက်က မြင်းကို အရှိန်သတ်လိုက်ပြီး ကျိုစန်းအနီးတွင် ခုန်ဆင်းလိုက်၏။

သူက ခရီးရောက်မဆိုက်ပင် ကျိုစန်းအား...

"ကောင်းစုဟန်အခြေအနေ ဘယ်လိုရှိသလဲ"

ကျိုစန်းကပြုံးလိုက်ပြီး ရန်ကျားထိုက်နှင့်အတူပါလာသောလူဘက်သို့ လှည့်လိုက်၏။

ထို့နောက်...

ပျူငှာစွာဖြင့်...

"အထဲကိုကြွပါဗျာ၊ လူနာက ရဲတိုက်အထဲမှာ ရှိနေပါတယ်"

ဟု ဖိတ်ခေါ်လိုက်လေသည်။

ဤတွင်...

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ခေါင်းညိတ်လိုက်ပြီးရန်ကျားထိုက်၏နောက်မှ လိုက်ပါသွားတော့သည်။

ထိုအခါ...

ကိုစန်းကလည်း သူတို့နောက်မှ ထက်ကြပ်မကွာလိုက်ပါသွားလေတော့၏။

❋ ۞ ❋

ရန်ကျားထိုက် ပြုံးလိုက်ပြီး...

"ဘယ်လိုလဲဗျ၊ လူနာရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

ရန်ကျားထိုက် ခေါ်ဆောင်လာသူက ခေါင်းခါယမ်းပြလိုက်၏။

"သူ့ရဲ့ကိုယ်ထဲမှာ အဆိပ်နှစ်မျိုးတောင်မိထားတယ်ဗျ၊ တစ်မျိုးကို ကျုပ်ကုသနိုင်ပေမယ့် ကျန်တဲ့တစ်မျိုးကတော့..."

စကားကို မဆက်ဘဲရပ်ထားလိုက်ပြီး ထိုလူက ရန်ကျားထိုက်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

ရန်ကျားထိုက် ပြုံးလိုက်ပြီး...

"ကျုပ်တို့ ဘီလူးရဲတိုက်ရဲ့ အဆိပ်ဖြေဆေးကသာ ကုသနိုင်မယ်ပေါ့ ဟုတ်လား"



ဟု မေးလိုက်၏။

ထိုလူ ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

ထိုစကားကို ကြားရသောအခါ ရန်ကျားထိုက်၏ မျက်နှာတွင် ကျေနပ်သော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

သူသည် ကောင်းစုဟန်ကို စမ်းသပ်နေသူအားကြည့်လျက်...

"ဒီမှာ ထုံကျင်း ကျုပ်ရဲ့တွေးတောမှုဟာ မှန်နေတယ်မဟုတ်လား"

ထုံကျင်း ခေါင်းညိတ်ပြလိုက်ပြီး...

"ခင်ဗျား မဆိုးဘူး၊ သူ ပထမမိလာခဲ့တဲ့အဆိပ်ဟာ တော်တော် ပြင်းထန်တယ်၊ ပြီးတော့ ခင်ဗျားတို့ဂိုဏ်းက အဆိပ်ကိုပါ ထပ်ပြီး ထိတွေ့ခဲ့မိလို့ သူဟာ ဘယ်လိုနည်းနဲ့မှ အသက်ပြန်ရှင်နိုင်မှာ မဟုတ်တော့ဘူး၊ ဒါပေမယ့်"

သူက ပြောရင်း စကားခဏရပ်ထားလိုက်သည်။

ရန်ကျားထိုက်က သည်းခံပြီး မစောင့်နိုင်တော့ဘဲ အလောတကြီး ဝင်မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

ထုံကျင်းက...

www.burmeseclassic.com



"ဒါပေမယ့် အဲဒီအဆိပ်နှစ်မျိုးဟာ စွမ်းအားချင်း မတူကြတဲ့ အတွက် သူက သက်သာရာရသွားတာပေါ့"

ထုံကျင်း၏စကားကြောင့် ရန်ကျားထိုက် ထိတ်လန့်သွားသည်။ နားမလည်ဟန်ဖြင့်...

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

ထုံကျင်းက ရှင်းပြလိုက်သည်။

"သူ ပထမ မိလာတဲ့အဆိပ်ဟာ ချက်ချင်းမသေနိုင်ဘူး။ အဲ...တဖြည်းဖြည်းတော့ သေဆုံးရမှာပဲ၊ ခင်ဗျားတို့ရဲ့ဂိုဏ်းက အဆိပ်ဟာ ချက်ချင်းသေသွားနိုင်တယ်၊ ဒါပေမယ့် သူ ပထမမိထားတဲ့ အဆိပ် ကြောင့် သူချက်ချင်း မသေနိုင်သေးဘူးလေ၊ အင်း...ဒီတော့ ဒီအဆိပ် နှစ်မျိုးကြောင့် သိပ်မကြာခင်အတွင်းမှာ သူဟာ အလိုလိုသေ သွားရမှာပဲ"

ရန်ကျားထိုက်သည် ယခုမှပင် ကောင်းစုဟန်က အဆိပ်မိထား လျက်နှင့် အဘယ်ကြောင့် ချက်ချင်းသေဆုံးသွားရခြင်းမရှိသည်ကို နားလည်လိုက်လေသည်။

သူက ထုံကျင်းအား ပြုံး၍ကြည့်လိုက်ပြီး...

"ဒီလိုဆို ဘယ်တော့လောက် ကြာရင် သူသေသွားမလဲဗျ"

ထုံကျင်း အလန့်တကြား စဉ်းစားလိုက်ပြီးမှ...



"နောက်တစ်လ ကျော်ကျော်လောက်ကြာရင် သေဆုံးသွားမှာ [illegible]ပဲ၊ အဲ...တစ်ခုတော့ရှိတယ်"

စကားကို ရပ်ထားလိုက်ပြန်သည်။

ထို့နောက်...

သူသည် ရန်ကျားထိုက်အား တစ်ချက်ကြည့်လိုက်ပြီး စကား ဆက်လိုက်ပြန်၏။

"အဲဒီအချိန်အတွင်းမှာ စေတနာသမားတော် ရှမ်းကိုးနဲ့ မတော် [illegible] တွေ့သွားနိုင်မယ်ဆိုရင်တော့ သူ့အသက်ဟာ သေဆုံးဖို့ဆိုတာ [illegible]တော့ မသေချာနိုင်တော့ဘူးဗျ"

ရန်ကျားထိုက်က...

"ခင်ဗျားဆိုလိုတာက ဒီအဆိပ်တွေကို စေတနာသမားတော် [illegible] ကုသပေးနိုင်တယ်၊ ဒီလိုလား"

ဟု မေးလိုက်၏။

ထုံကျင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားတို့ဂိုဏ်းက အဆိပ်ကုသမပေးနိုင်ရင် [illegible]င်မှ ပထမ ဒီလူမိထားတဲ့အဆိပ်ကို သူက ကုသပေးနိုင်တယ်ဗျ"

ရန်ကျားထိုက်က ထုံကျင်းအား လှမ်းကြည့်ပြီး...

"ခင်ဗျားက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထုံကျင်းက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

သူသည် အရန်ကြာရယ်မောလိုက်ပြီးမှ ရန်ကျားထိုက် နားလည်စေရန် အေးဆေးစွာ ရှင်းပြလိုက်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူပထမမိထားတဲ့ အဆိပ်ဟာ သူ့ကို ကျုပ်ကိုယ်တိုင် အရက်ခွက်ထဲမှာ ထည့်ပြီး တိုက်ခဲ့လို့ပဲ"

ထိုအခါ...

ရန်ကျားထိုက် အံ့သြသွားသည်။

"ခင်ဗျားက သူ့ကို အဆိပ်ခတ်ခဲ့တယ် ဟုတ်သလား"

ထုံကျင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဒီလောကကြီးထဲမှာ ကျုပ်ရဲ့ဆရာဖြစ်တဲ့ စေတနာသမားတော်တစ်ယောက်သာ ဖြေနိုင်စွမ်းရှိတဲ့ အဆိပ်တစ်မျိုးကို ကျုပ်က သူ့ကို တိုက်ကျွေးခဲ့တာပါပဲ"

ရန်ကျားထိုက် ပြုံးလိုက်သည်။

"ဒါဆိုရင် ကျုပ်တို့ဂိုဏ်းရဲ့အဆိပ်ဖြေဆေးကို တိုက်ကျွေးလိုက်ပြီး စေတနာသမားတော် အရောက်ပို့ပေးလိုက်ရင်ကော ဒီလူ အသက်ပြန်ရှင်လာနိုင်ပါတော့မလား"

ဟုလည်း မေး၏။



ထုံကျင်း ခေါင်းခါယမ်းပြသည်။

သူသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ တစ်လုံးချင်း ဖြည်းဖြည်းဆေးစွာ ပြောဆိုလိုက်တော့၏။

"ကျုပ်က သေသေချာချာ ပြောရမယ်ဆိုရင် ကျုပ်ရဲ့အဆိပ်နဲ့ ခင်ဗျားတို့ဂိုဏ်းက အဆိပ်တွေဟာ အခုအချိန်လောက်ဆိုရင် သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ပေါင်းစပ်သွားကြပြီလို့ထင်တယ်၊ ဒါကြောင့် ကျုပ်ဆရာ အဆိပ်ဘုရင်က ကုသပေးနိုင်ရင်တောင်မှ သူဟာ အသက်ပြန်ရှင်နိုင်ဖို့ မလွယ်ဘူးဗျ"

ဤတွင်...

ရန်ကျားထိုက် သဘောကျစွာပြုံးလိုက်ပြီး...

"ဒီလိုဆိုရင် ဒီလူဟာ သေဆုံးသွားဖို့ တစ်လမ်းပဲ ကျန်တော့တာပဲ ဟုတ်လား"

ထုံကျင်းက ခေါင်းညိတ်ပြလိုက်သည်။

အမှန်ပါပဲ။

ရန်ကျားထိုက် ကောင်းစုဟန်အား တစ်ချက်ကြည့်လိုက်သည်။ သူ့ကအကြည့်များက အဓိပ္ပာယ်များစွာ ပါဝင်နေလေသည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ကျီစန်းအား လှမ်းကြည့်လိုက်ပြီး ဂုဏ်ယူဝင့်ကြွားသော [illegible] သဖြင့်...

"ဘယ်လိုလဲ... မင်းအနေနဲ့ ကျုပ်ရဲ့အရည်အချင်းနဲ့ အ[illegible] အခေါ်ကို စိတ်ချပြီ မဟုတ်လား"

ကျီစန်းခေါင်းညိတ်၍...

"ဟုတ်ကဲ့၊ ဒါပေမယ့် သူ့ကို တစ်ကျော့ကျော့လောက် [illegible] ချုပ်ထားဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ် သခင်မလေး"

ထိုစဉ်မှာပင်...

"အင်း"

ညည်းညူသံနှင့်အတူ ကောင်းစုဟန် လူးလွန့်လာသည်။

ရန်ကျားထိုက်က...

"ဟော...သူသတိရလာပြီနဲ့ တူတယ်"

သူ၏စကားမဆုံးမီမှာပင် ကောင်းစုဟန်၏မျက်လုံးများ [illegible] တဖြည်းဖြည်းချင်း ပွင့်လာသည်။

ကောင်းစုဟန်၏မျက်လုံးများပွင့်သွားသည်နှင့် တစ်ပြိုင်[illegible] ထုံကျင်းအား ပထမဦးဆုံး တွေ့မြင်လိုက်ရလေတော့သည်။

❋ ❂ ❋



ကောင်းစုဟန်က မယုံကြည်နိုင်စွာဖြင့် ထုံကျင်းအား ကြည့်[illegible]က်မိသည်။

ထိုဗလကောင်းပြီး ခန္ဓာကိုယ် သန်မာထွားကျိုင်းသော လူသည် [illegible]အား အဆိပ်ခတ်ခဲ့သူ မဟုတ်ပါလား။

ထိုလူအား ကြည့်ရင်းကြည့်ရင်းမှ ကောင်းစုဟန်က ဒေါသ[illegible]ွာ ထွက်လာသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာပြီး...

"ခင်...ခင်ဗျား"

ထုံကျင်း ပြုံး၍...

"ဘာလဲ...မင်းက စေတနာသမားတော်ကို မတွေ့သေးဘူး [illegible] ဟုတ်လား"

ကောင်းစုဟန်က အံကိုတင်းတင်းကြိတ်လိုက်ပြီး အိပ်ရာပေါ်မှ [illegible]သိမ့်ထလိုက်သည်။

ထို့နောက်...

ထုံကျင်းအား တစ်ဟုန်ထိုး တိုက်ခိုက်လိုက်၏။

ထုံကျင်း ထိတ်လန့်သွားမိ၏။

ထိုလူငယ်သည် မိမိပထမအကြိမ်တွေ့စဉ်ကနှင့် လားလားမျှ [illegible]င်တော့ပါချေတကား။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် ထိုလူငယ်သည် အလွန်ပင်အစွမ်းထက်မြ လှသည့် သိုင်းပညာကို တတ်မြောက်ထားပြီဖြစ်ကြောင်းကို သိ လိုက်ရလေသည်။

ထို့ကြောင့်...

ထုံကျင်းက ကပျာကယာ နောက်သို့ဆုတ်သွားမိ၏။

သူ၏နှုတ်မှလည်း အထစ်ထစ် အငေါ့ငေါ့ဖြင့်...

"မင်း...မင်းက ပြောင်းလဲသွားပါလား"

ကောင်းစုဟန်က...

"ဟုတ်တယ်၊ ဒီတစ်ခါတော့ ခင်ဗျားကို ကျုပ်သတ်ပေး တယ်"

သူသည် ယင်းသို့ကြိမ်းဝါးလိုက်ပြီးနောက် ထုံကျင်းအား ခိုက်လိုက်ပြန်သည်။

ရန်ကျားထိုက်မှာ သွက်လက်သောလှုပ်ရှားမှုကိုကြည့် ကောင်းစုဟန်ကို ထိတ်လန့်သွား၏။

သူသည် ထုံကျင်းကဲ့သို့သောလူတစ်ယောက်အား သိုင်း သုံးကွက်အတွင်းမှာပင် နောက်သို့ဆုတ်သွားစေရန် တိုက်ခိုက် ကောင်းစုဟန်အား မယုံကြည်နိုင်စွာကြည့်လိုက်မိ၏။

ကျိစန်းက စိတ်လှုပ်ရှားစွာဖြင့်...



"သခင်လေး...ကျွန်တော် မပြောဘူးလား၊ ဒီလူရဲ့သိုင်းပညာ ာ အင်မတန်ကို ကြောက်စရာကောင်းလောက်အောင် ထက်မြက် ါတယ်ဆိုတာ အခု လက်တွေ့ပဲမဟုတ်လား"

ရန်ကျားထိုက်က အံကိုတင်းတင်းကြိတ်လိုက်ပြီး...

"သူက ဘယ်လောက်ပဲ တော်တော် ကျုပ်လက်က မလွတ် င်ပါဘူးကွာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့်တစ်ပြိုင်နက် ကောင်းစုဟန် ခုန်ဝင်လိုက်လေသည်။

ဤတွင်...

သူတို့သခင်လေး၏ အရိပ်အကဲကိုကြည့်နေကြသည့် ဘီလူး တိုက်အတွင်းရှိ သိုင်းသမားများကလည်း ဝင်ရောက်တိုက်ခိုက်ကြ သတော့၏။

ကောင်းစုဟန် ပြုံးလိုက်၏။

သူသည် သေဆုံးရမည်မှာ မလွဲမသွေဖြစ်သည်။

အကယ်၍သာ ထုံကျင်းနှင့် ရန်ကျားထိုက်တို့ပါ သေဆုံးသွား မှကား...

သူသည် သေရကျိုးနပ်သည်ဟု ယူဆလိုက်ပြီး ဝင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လာသူများအား ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်၊
လိုက်လေတော့သည်။

❋ ❂ ❋

အချိန်ကြာမြင့်လာသည်နှင့်အမျှ ဘီလူးရဲတိုက်မှ သိုင်းသမား
များတွင် ဒဏ်ရာရရှိသူများ များပြားလာလေတော့သည်။

"ဝုန်း"

ဟူသော မြည်ဟည်းသံနှင့်အတူ လူတစ်ယောက် အဝေးသို့
လွင့်စဉ်သွားပြန်သည်။

အမှန်တော့ ဘီလူးရဲတိုက်မှ သိုင်းသမားများအနေဖြင့် ရ
အင်အား အလုံးအရင်းဖြင့် ကောင်းစုဟာန်အား ဝန်းရံတိုက်ခိုက်
သော်လည်း ကောင်းစုဟာန်အနီးသို့ တစ်ယောက်မျှ မကပ်နိုင်ကြပေ။

ကပ်ရောက်သွားကြသောသူတို့မှာလည်း အဝေးသို့သာ လွင့်စဉ်
သွားသည်။

ထုံကျင်းသည် အခန်းထောင့်တစ်နေရာတွင် ပိတ်မိနေသည်။

သူသည် တစ်လှမ်းချင်းချဉ်းကပ်နေသော ကောင်းစုဟာန်ကို
ထိတ်လန့်စွာ စိုက်ကြည့်နေမိသည်။



ဤအတိုင်းသာဆိုပါလျှင် သူသည် ကောင်းစုဟာန်၏ လက်
ချက်ဖြင့် သေဆုံးသွားရမည်သာဖြစ်သည်။

ထိုစဉ်မှာပင်...

လူရိပ်တစ်ခုက ကောင်းစုဟာန်အား ခုန်အုပ်လိုက်သည်။

ထိုလူရိပ်မှာ ရန်ကျားထိုက်ပင် ဖြစ်ပါသည်။

ရန်ကျားထိုက်၏ ရဲတင်းလွန်းသော အပြုအမူကြောင့် ကျိစန်း
မှာ ထိတ်လန့်သွားမိ၏။

သို့သော်...

သူ့ဆရာက ဝင်ရောက်တိုက်ခိုက်နေသည်ဖြစ်ရာ သူသည်
လည်း မနေနိုင်တော့ဘဲ ကောင်းစုဟာန်ထံ ခုန်အုပ်လိုက်ရလေသည်။

ကောင်းစုဟာန်က ခုန်အုပ်တိုက်ခိုက်လာသော ရန်ကျားထိုက်
အား ရှောင်တိမ်းလိုက်ပြီး ပြန်လည်တိုက်ခိုက်ပစ်လိုက်သည်။

ထိုအချိန်အတွင်းမှာပင် ကျိစန်းကလည်းရောက်ရှိလာပြန်လေ
သည်။

အခန်းထောင့်နေရာဖြစ်သဖြင့် လှုပ်ရှားရသည်မှာ အလွန်ပင်
ကျဉ်းကျပ်နေ၏။

ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



ထုံကျင်ကလည်း ကောင်းစုဟာန်အား ခြေထောက်ဖြင့် ကန် ထည့်လိုက်သည်။

ကျီစန်းက ကောင်းစုဟာန်၏နောက်ကျောကို လက်ဝါးဖြ ရိုက်ချလိုက်သည်။

ရန်ကျားထိုက်ကလည်း ရရှိလာသောအခွင့်အရေးကို လ လွှတ်မခံပါ။

သူသည် ဘီလူးလက်သည်း သိုင်းကွက်ဖြင့် ကောင်းစုဟာန်၏ ရင်ဝသို့ ကုတ်ချလိုက်လေတော့သည်။

ကောင်းစုဟာန် ထိတ်လန့်သွားမိ၏။

သူ့အနေဖြင့် နေရာက ကျဉ်းကျပ်လွန်းသဖြင့် ရှောင်တိမ်း မဖြစ်နိုင်ပါ။

ထို့ကြောင့်...

သူသည် ခန္ဓာကိုယ်အား အနည်းငယ်နောက်ပြန်လှည့်၍ ချလိုက်ပြီး လက်ဝါးနှစ်ချက် ရိုက်ထုတ်လိုက်သည်။

တိုတဒင်္ဂအတွင်းမှာပင် ကျီစန်း၏လက်ဝါးသည် သူ၏နော ဘက်ကျောရိုး၏ စတုတ္ထကျောရိုးနေရာရှိ 'ယမ်ကွမ်း' သွေးကြော နေရာသို့ ရိုက်ချလိုက်မိသည်။

ထို့အပြင်...



ထုံကျင်၏ ခြေထောက်ကလည်း ပြင်းထန်စွာဖြင့် ကောင်းစု ာန်၏ ပေါင်အလယ်ရှိ 'ခွမ်းတာရောက်' သွေးကြောနေရာသို့ ကန်ချ ိုက်တော့၏။

တစ်ဆက်တည်းပင် ရန်ကျားထိုက်၏ ဘီလူးလက်သည်းများ ည် ကောင်းစုဟာန်၏ လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်ပြန် သသည်။

အမှန်တော့ ရန်ကျားထိုက် ဖမ်းဆုပ်သောနေရာမှာ ယက် ာက်ဝတ်ရှိ 'ယန်ခွေး' သွေးကြောနေရာပင်ဖြစ်သည်။

"ဝုန်း"

ဟူသောအသံနှင့်အတူ ကောင်းစုဟာန်၏ လက်ဝါးတစ်ဖက် ည် ထုံကျင်း၏ရင်ဝသို့ ရိုက်ချမိလိုက်သည်။

"အား"

ထုံကျင်းသည် ထိတ်လန့်စွာ တစ်ချက် နောက်သို့ခုန်ဆုတ် ိုက်၏။

သို့သော်...

မဟာန်နိုင်တော့ဘဲ အခန်းထောင့်တစ်နေရာသို့ လွင့်စဉ်ထိုကျ ွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိစန်းက လျှင်မြန်စွာဖြင့် အနောက်ဘက်သို့ ဆုတ်လိုက်လေ၏။

ရန်ကျားထိုက်မှာမူ ကောင်းစုဟန်၏ လက်ကောက်ဝတ်အား ဆုပ်ကိုင်လိုက်ပြီး အဝေးသို့ ပစ်ပေါက်လိုက်လေသည်။

ကောင်းစုဟန်၏တစ်ကိုယ်လုံးသည် တုန်တုန်ယင်ယင်ဖြစ်သွားသည်။

သူသည် လက်ကောက်ဝတ်တစ်နေရာမှ နွေးသောခံစားချက်တစ်ခုက လက်မောင်းတစ်လျှောက် စီးဆင်းလာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။

ထို့ပြင်...

ခြေထောက်မှ အေးစိမ့်နေသော ခံစားတစ်ရပ်ကလည်း ဆ… အလယ်ပိုင်းမှ တစ်ဆင့်သက်ရောက်လာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။

ပူနွေးသောခံစားချက်နှင့် အေးစိမ့်နေသော ခံစားချက်များ တစ်ပြိုင်နက်တည်း ခံစားလိုက်ရသဖြင့် ကောင်းစုဟန်၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်ခါသွားလေသည်။

ထိုစဉ်မှာပင်...

သူ၏ကျောရိုးတစ်လျှောက်မှ ပြင်းထန်သော အရှိန်တစ်ခု



ရောက်လာပြန်သဖြင့် ကောင်းစုဟန်က ရပ်တည်မနေနိုင်တော့...

"ဝေါ့"

ဟု ပျို့တက်လာပြီးနောက် ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူ၏ခန္ဓာကိုယ်သည် ရဲဝှိုက်၏ ကြမ်းပြင်ပေါ်သို့ ကျရောက်သွား၏။

"ဝုန်း"

ချက်ချင်းပင် ကောင်းစုဟန်က လဲကျနေရာမှလူးလိမ့်ထလာ...

"ဝေါ့...ဝေါ့"

သွေးများသည် သူ၏ပါးစပ်မှအဆက်မပြတ် စီးဆင်းကျလာ… သူ၏ခန္ဓာကိုယ်သည် အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

သူအန်ထုတ်လိုက်သော သွေးများမှာ မည်းနက်နေ၏။

မချိမဆံ့ခံစားနေရသော ကောင်းစုဟန်အားကြည့်ပြီး ရန်ကျားထိုက် ကျေနပ်စွာပြုံးပြီး...

"ကဲ...ကျိစန်း မင်းက ဘာပြောချင်သေးသလဲ"

ကျိစန်းက ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု...

ကောင်းစုဟန်သည် အဆိပ်များမိထားသည့်အပြင် ဒဏ်ရာ လည်း ပြင်းထန်စွာရရှိသွားပြီဟု သူကယုံကြည်လိုက်လေသည်။

ထို့နောက်...

သူသည် ထုံ့ကျင်း၏အလောင်းအား တစ်ချက်မျှကြည့်လိုက် ပြီးနောက်...

"သူက သေရင်သေ၊ မသေရင်တောင်မှ ကြက်ကလေး ငှက် ကလေးတစ်ကောင်ကိုတောင် သတ်နိုင်စွမ်း ရှိတော့မှာ မဟုတ်ဘူး"

ရန်ကျားထိုက်က ပြုံးလိုက်ပြန်သည်။

"ကျုပ် အခုရဲတိုက်ကို ပြန်အလာမှာ သတင်းတစ်ခုကြား ရတယ်"

ဟု ပြောသည်။

ကျိစန်း မျက်ခုံးပင့်၍...

"ဘာသတင်းများလဲ"

ရန်ကျားထိုက် သူကြားခဲ့ရသော သတင်းကို သေချာစွာ ပြန် ပြောပြလိုက်၏။

"သံမဏိဂေဟာနဲ့ ရွှေဓားစံအိမ်တို့က သိုင်းသမားတွေဟာ ကောင်းစုဟန်ရဲ့ စွက်ဖက်မှုကြောင့် တိုက်ပွဲတွေ ရပ်ပစ်လိုက်ကြပြီး



ခေါင်းဆောင်ချင်း ဆွေးနွေးကြဖို့ ဆုံးဖြတ်ထားတယ်လို့ ကြားရ တာပဲ"

ကျိစန်း မျက်မှောင်ကြုတ်သွားသည်။

သူ့နှုတ်မှလည်း မကျေမနပ်ဖြင့်...

"ဘယ်လိုဖြစ်ကုန်တာလဲ"

ရန်ကျားထိုက် ပြုံးလိုက်ပြီး...

"ကောင်းစုဟန်က ပြဿနာအရပ်ရပ်ကို သူက ပြေလည် အောင် ဖြေရှင်းပေးပါ့မယ်လို့ နှစ်ဖက်ဂိုဏ်းချုပ်တွေဆီ အကြောင်း ကြားခိုင်းလို့ပါပဲ"

ကျိစန်းက နားမလည်နိုင်စွာဖြင့်...

"သူက ဘယ်လိုရှင်းပြမှာလဲ"

ရန်ကျားထိုက် ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"ဒါတော့ကျုပ်မသိဘူး၊ ဒါပေမယ့် ကောင်းစုဟန်ရဲ့ အလောင်း ကိုသာ သူတို့က တွေ့သွားရင်တော့ တစ်ဖန်ပြန်ပြီး တိုက်ခိုက်ကြဦးမှာ အသေအချာပဲ"

ကျိစန်းက...

"တကယ်လို့ မတိုက်ခိုက်ကြရင်ကော"

ရန်ကျားထိုက် အားရပါးရပြုံးလိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့လည်း လွယ်ပါတယ်ကွာ၊ ကျုပ်မှာ အကြံရှိပြီးသားပါ"

ဟု ပြော၏။

ထို့နောက်...

သူသည် ချက်ချင်းပင် မျက်နှာထားကို ပြောင်းလဲပစ်လိုက်ပြန်သည်။

ပြောင်းလဲသွားသော အမူအရာကိုကြည့်ပြီး ကျီစန်းက ခပ်ကြောင်ကြောင် ဖြစ်သွားမိ၏။

ရန်ကျားထိုက်က အေးစက်သောလေသံဖြင့်...

"ပထမဦးဆုံးက မင်းကိုယ်တိုင် ကောင်းစုဟန်ကို ခေါ်သွားပြီးတော့ သံမဏိဂေဟာကလူပဲဖြစ်ဖြစ်၊ ရွှေခေါးစံအိမ်ကလူပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကို တွေ့တဲ့အခါမှာ မင်းက..."

စကားကို ခေတ္တရပ်ထားလိုက်ပြီး ကျီစန်းနား နားသို့ ကပ်လိုက်သည်။

ထို့နောက်...

လေသံတိုးတိုးဖြင့် ကျီစန်းအား သူ၏အစီအစဉ်ကို ပြောပြလိုက်၏။

ကျီစန်း ယခုမှ သဘောပေါက်နားလည်သွားတော့၏။



သူသည် လက်နှစ်ဖက်ကို ဆုပ်ကာ...

"သခင်လေးရဲ့အမိန့်အတိုင်းပါပဲ ခင်ဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လဲကျနေသော ကောင်းစုဟန်အား ပခုံးပေါ်သို့ ထမ်းတင်လိုက်ပြီးနောက် ဘီလူးရဲတိုက်အတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

❋ ✪ ❋

ပြေးလွှားနေသော မြင်း၏ခြေလှမ်းများသည် နှေးကွေးနေသော၏။

စင်စစ်တော့ မိုင်ပေါင်းအတော်များများ မရပ်မနား ပြေးလွှားခဲ့ရပြီးဖြစ်သောအခါ မြင်းသည် ဆက်၍ပြေးသွားနိုင်စွမ်း မရှိတော့ချေ။

ထို့ကြောင့်...

နောက်ဆုံးတွင် လေးကန်စွာဖြင့် တစ်လှမ်းချင်း လျှောက်နေတော့၏။

မြင်းပေါ်မှ လူသည်လည်း မည်သို့မျှ မတတ်နိုင်တော့ပါချေ။

အမှန်တော့ မြင်းပေါ်မှလူသည် ရှမ်းချင်းပင်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းနည်းတူ သူကိုယ်တိုင်လည်း မောပန်းနွမ်းနယ်နေပြီ မဟုတ်ပါလား။

ဤသို့ဖြင့် ရှမ်းချင်းက မြင်းကို ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

သူမသည် ကောင်းစုဟန်ကို တွေ့လိုအောနှင့် မိုးအောက်မြေပြင် အနှံ့ ရှာဖွေလာခဲ့သည်ဖြစ်ရာ တစ်လပင်ကျော်လွန်လာခဲ့ပြီဖြစ်သည်။

ကောင်းစုဟန်အား အချိန်မီ အဆိပ်ဖြေဆေးမပေးနိုင်လျှင် သူသေဆုံးရတော့မည့်ရက်မှာ အလွန်နီးကပ်နေပြီဟု ရှမ်းချင်း မှတ် ချက်ချလိုက်မိသည်။

ရှမ်းချင်း၏မျက်ဝန်းအစုံမှ မျက်ရည်များသည် စီးဆင်းကျ လာသည်။

ကောင်းစုဟန်သည် သူမရှာဖွေနေစဉ်အတွင်း သေဆုံးသွား ခဲ့ပြီလား။

မောပန်းနွမ်းနယ်ခြင်း၊ စိတ်ပျက်ခြင်းများနှင့်အတူ သူမသည် သစ်ပင်တစ်ပင်၏ခြေရင်း၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"အင်း...သူသေသွားရင်တော့..."

သူမသည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုချလိုက်လေ သည်။



ထိုစဉ်မှာပင်...

အဝေးဆီမှပြေးလွှားလာနေသော ခြေသံများကို ကြားလိုက် ရသည်။

လူတစ်ယောက်သည် ပခုံးပေါ်တွင် တစ်စုံတစ်ခုကို ထမ်း၍ ပြေးလွှားလာနေသည်ကို မြင်လိုက်ရ၏။

ယခုမှ ရှမ်းချင်း သတိပြုလိုက်မိသည်။

သူမသည် ဘီလူးရဲတိုက်သို့သွားရာလမ်းမပေါ်တွင် ရောက်ရှိ နေခြင်းပင် ဖြစ်နေသည် တကား။

ထိုစဉ်မှာပင် ပြေးလွှားလာနေသောသူက ရှမ်းချင်းအနီးသို့ ရောက်ရှိလာတော့၏။

"ရပ်လိုက်"

ရှမ်းချင်း ဟန့်တားလိုက်၏။

သူမက ပြေးလွှားလာနေသောလူက ရှမ်းချင်းအနီးသို့ ရောက်ရှိ လာတော့၏။

"ရပ်လိုက်"

ဟု သူမက ဟန့်တားလိုက်ပြီး ဘီလူးရဲတိုက်မှ သိုင်းသမား တစ်ယောက်ဖြစ်ရမည်ဟု ယူဆလိုက်၏။

ထိုအပြင်...

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန်၏ သတင်းအစအနကို စုံစမ်း၍ရနိုင်သမျှဟု
သော ယူဆချက်ဖြင့်လည်း ဟန့်တားလိုက်ခြင်းပင်ဖြစ်ပေ၏။

သူမ၏ဟန့်တားမှုကြောင့် ပြေးလွှားလာနေသောလူက သူ၏
ခြေလှမ်းများကို ရပ်တန့်လိုက်ပြီးနောက် ပခုံးပေါ်မှ အရာဝတ္ထုအား
မြေပေါ်သို့ ပစ်ချလိုက်၏။

ပစ်ချခြင်းခံရသူမှာ လူတစ်ယောက်ပင်ဖြစ်နေပါသည်။

ထိုအချင်းအရာကိုကြည့်ပြီး ရှမ်းချင်းက အံ့သြသွားမိလေသည်။

ထိုစဉ်...

ပြေးလွှားနေသောသူက ပြုံးလိုက်ပြီး လက်နှစ်ဖက်ဆုပ်ရင်းမှ...

"ခင်ဗျားဟာ သံမဏိဂေဟာက သခင်မလေး ရှမ်းချင်း
မဟုတ်လားဗျာ"

ရှမ်းချင်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

ထိုလူက ဝမ်းသာသွားသည်။

သူ့နှုတ်မှလည်း အားတက်သရောဖြင့်...

"ဟာ...ဒါဆို အတော်ပဲ ခင်ဗျား၊ သခင်မလေးရဲ့ လက်ထဲ
အခု ကျုပ်တို့သိုင်းလောကမှာ ပြဿနာအမျိုးမျိုးပေါ်ပေါက်အောင်
ဖန်တီးနေတဲ့ တရားခံတစ်ယောက် ပေးအပ်လိုက်ချင်လို့ပါ၊ အမှ



တော့ သံမဏိဂေဟာနဲ့ ရွှေဓားစံအိမ်တို့ကို ရန်တိုက်ပေးတဲ့သူဟာ
လည်း သူပါပဲ၊ နောက်ပြီး နှင်းမြူတောင်ပေါ်မှာ ယှဉ်ပြိုင်နေကြတဲ့
သိုင်းထိပ်သီးလေးယောက်ကို သတ်ပစ်တဲ့တရားခံဟာလည်း သူပဲ
ခင်ဗျ"

ထိုလူ၏စကားကြောင့် ရှမ်းချင်း မျက်မှောင်ကြုတ်သွားမိသည်။

ထို့နောက်...

သူမသည် မြေပေါ်၌ လဲကျနေသူအားကြည့်လိုက်မိလေသည်။

ထိုသို့ကြည့်မိသည်နှင့် တစ်ပြိုင်နက်...

သူမ၏မျက်လုံးများက ပြူးကျယ်သွားတော့၏။

"သူ့အခုလိုဒဏ်ရာအပြင်းအထန်ရလာအောင် ဘယ်သူ တိုက်
ခိုက်လိုက်တာလဲ"

စင်စစ် ပြေးလွှားလာသူမှာ ကျိစန်းပင်ဖြစ်သည်။

ကျိစန်းက ဂုဏ်ယူဝင့်ကြွားစွာဖြင့်...

"ကျုပ်တို့သခင်လေး ရန်ကျားထိုက်ပါ၊ ကျုပ်တို့သခင်လေး
နဲ့ ဒီလူမှာ သိုင်းပညာ ဘယ်လောက်ထက်မြက်နေပါစေ မမှု
ဘူး၊ ကျုပ်တို့ သခင်လေးရဲ့သိုင်းကွက်တစ်ကွက်တည်းနဲ့ပဲ ဒီလူ
မှာ လဲကျသွားတာပါ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

ရှမ်းချင်း ဒေါသထွက်သွားပြီး...

"သူဟာ ဘယ်သူလဲ ရှင်သိသလား"

ဟု မေးလိုက်၏။

ကျီစန်း ခေါင်းညိတ်လိုက်ပြီး...

"သူ့နာမည် ကောင်းစုဟန်ပါ၊ သူဟာ နှင်းမြူတောင်က ဆင်းလာတဲ့သူပါ"

ရှမ်းချင်း အေးစက်စွာပြောလိုက်တော့၏။

"မှတ်ထား...ကောင်းစုဟန်ကို ဒဏ်ရာရအောင်လုပ်တဲ့လူဟာ ကျွန်မလက်ချက်နဲ့ သေရမယ်"

ကျီစန်း မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်သွားသည်။

သူကြားလိုက်ရသောစကားကို မယုံကြည်နိုင်စွာဖြင့်...

"ဗျာ...သခင်မကလေးက သခင်ကလေး ရန်ကျားထိုက်ကို တိုက်ခိုက်မလို့ ဟုတ်လား"

ရှမ်းချင်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ပထမဦးဆုံးအနေနဲ့ ရှင့်ကို မှတ်လောက် သား လောက်အောင် အရင်ဆုံး အပြစ်ပေးရမှာပဲ"



ထိုစကားကြားသည်နှင့် ကျီစန်းသည် နောက်သို့ ခုန်ဆုတ် လိုက်တော့၏။

သူ့နှုတ်မှလည်း...

"ခင်ဗျား မှားမယ်နော်"

"မမှားဘူး"

ရှမ်းချင်းသည် ယင်းသို့ပြောပြီးသည်နှင့် အင်္ကျီအိတ်ထဲမှ ငွေရောင်သံမဏိတုတ်တံလေးကို ထုတ်ယူလိုက်ပြီး ကျီစန်းအား တိုက်ခိုက်လိုက်လေတော့သည်။

ကျီစန်း ထိတ်လန့်သွား၏။

ရှမ်းချင်း၏တိုက်ကွက်များမှာ မိန်းမသားတစ်ယောက်ဖြစ်သော်လည်း ရက်စက်ကြမ်းကြုတ်နေသည်ဟု ခံစားလိုက်ရသည်။

သူမသည် အဘယ်ကြောင့် ယခုကဲ့သို့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရပါသနည်း။

ကောင်းစုဟန်ကဲ့သို့သော လူငယ်ကလေးတစ်ယောက်အတွက် အဘယ်ကြောင့် မခံမရပ်ဖြစ်နေရပါသနည်း။

ကျီစန်း စဉ်းစား၍မရပါ။

သူသည် ရှမ်းချင်း၏တိုက်ကွက်များကို ခုခံ၍သာ နေရသည်။

ပြန်လည်တိုက်ခိုက်ခြင်း မပြုနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျိုစန်း မျက်နှာပျက်နေသည်။

သူ့ချွေးလည်း ပြန်နေသည်။

သူ့အနေဖြင့် ရှမ်းချင်းကို ယှဉ်ရန် လုံးဝမဖြစ်နိုင်တော့ လက်ရည်ချင်း ကွာလှသည်။

ထို့ကြောင့်...

သူသည် နောက်သို့ ခုန်ထွက်ပြီး ထိုနေရာမှ ထွက်ပြေး ဟန်ပြင်လိုက်၏။

"မပြေးနဲ့"

ရှမ်းချင်း၏ဟန့်တားသံနှင့်အတူ ရွှေရောင်သံမဏိတုတ် လေးက လွင့်ပျံလာသည်။

ကျိုစန်း ကပျာကယာ ရှောင်တိမ်းလိုက်၏။

သို့သော်...

သူနောက်ကျသွားချေပြီ။

ရွှေရောင် သံမဏိတုတ်တံလေးသည် သူ၏နောက်ကျော စိုက်ဝင်သွားသည်။

"အား"

ကျိုစန်း ရူးရှူးစွာတစ်ချက်အော်ဟစ်လိုက်ပြီးနောက် သို့ ဝုန်းခနဲလဲကျကာ သေဆုံးသွားတော့သည်။



ရှမ်းချင်း ပြုံးလိုက်ပြီး...

"ရန်ကျားထိုက်... ရှင်လည်း တစ်နေ့ဒုက္ခတွေ့ရမယ်ဆိုတာ တ်ထားစမ်းပါ"

သူမသည် ယင်းသို့ ကြိမ်းဝါးလိုက်ပြီး ကောင်းစုဟန်၏ခန္ဓာ ကိုယ်ကို ပွေ့ချီကာ မြင်းပေါ်တင်လိုက်သည်။

ထို့နောက်...

ထိုနေရာမှ တစ်ဟုန်ထိုး မောင်းနှင်ထွက်ခွာသွားလေတော့ သည်။

❋ ◎ ❋

မြင်းသည် အရှိန်ပြင်းစွာဖြင့် ပြေးလွှားလျက်ပင်ရှိ၏။

သို့သော်...

ရှမ်းချင်းကမူ မြင်း၏ပြေးလွှားနှုန်းမှာ လျော့ကျသွားသည်ဟု သိလိုက်ရ၏။

ယခုမူပင် သူမသည် ဆာလောင်နေသကဲ့သို့ ခံစားလိုက်ရ သည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အနီးဆုံး မြို့တစ်မြို့ရှိရာသို့ မြင်းကို ဦးလှည့်လိုက်သည်။

တစ်ဖန်...

ဆက်၍ မောင်းနှင်သွားပြန်လေသည်။

မိုးကောင်းကင်ပေါ်တွင်မူ နေဝန်းနီသည် အနောက်ဘက်... ငုပ်လျှိုးသွားခဲ့ပြီဖြစ်သည်။

နေဝင်သွားသည်နှင့် အမှောင်ထုက တစ်စထက်တစ်စ ... ရောက်လာတော့၏။

ရှမ်းချင်းက မြင်းအရှိန်ကို ထပ်မြင့်တက်လာစေရန် ကျာပွတ်... ဖြင့် မြင်း၏တင်ပါးကို ခပ်နာနာ ရိုက်ချလိုက်သည်။

မြင်းသည် နာကျင်စွာဖြင့် ရှေ့သို့တစ်ဟုန်ထိုးဆက်၍... လွှားသွားပြန်လေသည်။

ဤသို့ဖြင့် မရပ်မနား မောင်းနှင်လာရာ မကြာမီ မြို့က... တစ်မြို့၏ မီးရောင်များအား ည၏အမှောင်ထုအောက်တွင် တွေ့... လိုက်ရလေသည်။

❋ ✿ ❋



မြင်းသည် တည်းခိုခန်းပိုင်ရှင် မြင်းဇောင်းအတွင်း၌ ရေများ ...င် ကောက်ရိုးများကို စားနေ၏။

ထိုနည်းတူစွာပင် ရှမ်းချင်းကလည်း စားသောက်ဖွယ်ရာများ ...ို အခန်းတွင်းသို့ပင် ယူဆောင်၍ စားသောက်လိုက်သည်။

ရုတ်တရက်...

သူမသည် ဗိုက်ပြည့်လုနီးပါး စားသောက်ပြီးသောအခါ တစ်စုံ ...စ်ခုကို သတိရလိုက်မိလေတော့၏။

ကောင်းစုဟန်သည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ဖြစ်ပေ ...သည်။

ထို့ကြောင့်...

သူမက စေတနာ သူတော်ပေးသွားသည့် အဆိပ်ဖြေဆေး ...ထုပ်ကလေးအား တိုက်ကျွေးရန် ဆုံးဖြတ်လိုက်သည်။

သူမသည် ထိုသို့တွေးတောလိုက်မိသည်နှင့်တစ်ပြိုင်နက် အင်္ကျီ ...ထဲအတွင်းမှ အဆိပ်ဖြေဆေးထုပ်ကလေးကို နှိုက်ယူလိုက်ပြီး ...ကောင်းစုဟန်၏ ပါးစပ်ထဲသို့ လောင်းထည့်လိုက်လေ၏။

ကောင်းစုဟန်က အနည်းငယ် ညည်းညူလိုက်ပြီး တစ်ဖန် ...ဆက်လက် အိပ်ပျော်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချင်းသည် ကောင်းစုဟန်၏မျက်နှာကို ကရုဏာသက်စွာ ကြည့်လိုက်မိ၏။

စင်စစ်...

ကောင်းစုဟန်သည မကြာမီအချိန်ကာလတွင် သေဆုံးသွားရတော့မည် ဖြစ်သည်။

ရှမ်းချင်းသည် ထိုသို့တွေးရင်းမှ ဝမ်းနည်း၍ မျက်ရည်များဝင်စီးကျလာမိသည်။

ထိုစဉ်မှာပင်...

အခန်းအပြင်ဘက်မှ စကားပြောသံများကို ကြားလိုက်ရတော့သည်။

တည်းခိုခန်းအတွင်းသို့ နောက် ထပ်တည်းခိုမည့်သူများ ရောက်ရှိလာသည်ဟု သူမက ယူဆလိုက်လေတော့သည်။

❋ ○ ❋

တစ်ရက်...

နှစ်ရက်...

သုံးရက်...



အချိန်သည် တစ်စထက်တစ်စ ကုန်ဆုံးသွားသည်။

သုံးရက်မျှအချိန်ကြာလာသောအခါ...

ကောင်းစုဟန် သတိရလာသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် အင်အားများပြည့်ဖြိုးနေသည်ဟု ခံစားလိုက်ရပြီး ပေါ့ပါးလာသည်ဟု ထင်မှတ်လိုက်ရလေသည်။

သူသည် မျက်လုံးများကိုဖွင့်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုအခါ...

သူသည် အခန်းငယ်တစ်ခုအတွင်းသို့ ရောက်ရှိနေကြောင်း သိလိုက်ရသည်။

ကောင်းစုဟန် ခုတင်ပေါ်မှ လူးလိမ့်၍ထလိုက်သည်။

ထိုစဉ်မှာပင် အခန်းတံခါးသည် ပွင့်သွားပြီး အခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရသည်။

လှမ်းဝင်လာသူကို သေချာစွာကြည့်မိလိုက်သည်နှင့်တစ်ပြိုင်နက် ကောင်းစုဟန်၏မျက်လုံးများက ပြူးကျယ်သွားပြီး...

သူ့နှုတ်မှလည်း...

"ရှမ်း...ချင်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝမ်းသာအားရ ခေါ်လိုက်မိလေတော့သည်။

❋ ◯ ❋

ရှမ်းချင်း ထိတ်လန့်သွားသည်။

သူမသည် နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်လိုက်မိလေတော့သည်။

ထို့နောက်...

မယုံကြည်နိုင်စွာဖြင့်လည်း မေးလိုက်မိ၏။

"ရှင်...ရှင်က မသေသေးဘူး ဟုတ်လား"

ကောင်းစုဟန် ခေါင်းခါလိုက်ပြီး...

"အို...ကျုပ်က ဘယ်လိုသေရမလဲ၊ မသေသေးဘူးဗျ"

ဤတွင်...

ရုတ်တရက် ရှမ်းချင်းသည် ရှိုက်ကြီးတငင်ငိုချလိုက်လေတော့သည်။

ကောင်းစုဟန် ဘာလုပ်ရမှန်းမသိဘဲဖြစ်သွားတော့၏။

ခဏမျှမှင်တက်ငေးမောကြည့်နေပြီးနောက် သူသည် ရှမ်းချင်းထံ လျှောက်သွားပြီး...



"အို...ညီမရယ်၊ ဘာများဝမ်းနည်းစရာရှိလို့ ဒါလောက်တောင် ငိုနေရတာလဲကွယ်"

ဟု နှစ်သိမ့်လိုက်သည်။

သို့သော်...

ရှမ်းချင်းက ငိုမြဲငိုနေ၏။

ရှမ်းချင်းငိုနေသည်ကိုကြည့်ပြီး ကောင်းစုဟန်၏ရင်ထဲ၌ တစစ်စစ် နာကျင်လာသည်။

ရုတ်တရက်...

သူသည် ရှိုက်ကြီးတငင်ငိုကြွေးနေသော ရှမ်းချင်းအား ရင်ခွင်ထဲသို့ သွင်းလိုက်ပြီး...

"ညီမရယ်...အစ်ကို ဘာလုပ်ပေးရမလဲဟင်၊ ဘာဖြစ်လို့ ငိုနေတယ်ဆိုတာ အစ်ကို့ကို ပြောမပြနိုင်ဘူးလားကွယ်"

ဟု ချော့မော့လိုက်တော့၏။

ရှမ်းချင်းက ငိုကြွေးနေရာမှ ရပ်တန့်လိုက်ပြီး ကောင်းစုဟန်၏ မျက်နှာအား မော့ကြည့်လိုက်၏။

ထို့နောက်...

နှုတ်ခမ်းလေးကို စူစူ့လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကြောင့်ပေါ့ရှင့် ... ရှင့်ကြောင့်၊ ရှင်သေသွားပြီထင်လို့ ကျွန်မက ငိုနေရတာ သိလား"

ဟု တစ်လုံးချင်း ပြောပြလိုက်လေတော့၏။

❋ ◯ ❋

ကောင်းစုဟန်၏မျက်နှာတွင် ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်း အရိပ်အယောင်များ ပေါ်ထွက်လာတော့သည်။

သူသည် ရှမ်းချင်းအား အသာအယာ ဖက်ထားလိုက်လေသည်။

ထိုစဉ် ...

လူတစ်ယောက်က သူတို့အနီးသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

ကောင်းစုဟန်က ထိုလူအားစိုက်ကြည့်လိုက်ပြီး ...

"ဘာကိစ္စရှိလို့လဲဗျ"

ယခုမှ ရှမ်းချင်းက ကောင်းစုဟန်၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

သူမ၏မျက်နှာသည် ရှက်လွန်းသဖြင့် နီရဲနေလေသည်။



ထိုလူက နဝေတိမ်တောင်ဖြင့် ရှမ်းချင်းအား လက်ညှိုးညွှန်ပြလိုက်ပြီး ...

"ဟောဒီက အစ်မလေး မှာထားတဲ့ပစ္စည်းတွေ ရောက်လာပြီလို့ ပြောတာပါခင်ဗျာ"

ရှမ်းချင်း ယခုမှ သတိရလာပြီး ...

"အို ... ဟုတ်သားပဲ"

သူမသည် ယင်းသို့ပြောပြီးမှ ခေါသတကြီးဖြင့် အော်ဟစ်လိုက်တော့၏။

"ဘာပစ္စည်းတွေလဲ ... မလိုချင်တော့ဘူး၊ ပြန်ယူသွားစမ်းပါ"

ဘာတွေဖြစ်သလဲဆိုသည်ကို ကောင်းစုဟန် နားမလည်နိုင်စွာဖြင့် ကြည့်နေသည်။

ထိုလူကလည်း ဟိုကြည့် ဒီကြည့်ဖြင့် ထစ်ငေါ့စွာ ပြောချလိုက်လေတော့သည်။

"အစ်မလေး မှာထားတဲ့ အခေါင်းနှစ်လုံးပါ၊ ရှင်းရှင်း လင်းလင်းပြောရရင်တော့ ကောင်းစုဟန်နဲ့ ရှမ်းချင်းလို့ နာမည် ထပ်ထားတဲ့ အခေါင်းနှစ်လုံးပါ"

ဤတွင် ...

ရှမ်းချင်းက တုန်ယင်သော အသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာအခေါင်းတွေလဲ၊ မလိုချင်တော့ဘူး၊ မြန်မြန်ယူသွားစမ်းပါ"

ဟု ပြောလိုက်၏။

ထိုလူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး…

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ ပြန်ယူသွားဆိုလည်း ယူသွားပါ့မယ်ဗျာ"

ထိုလူသည် ယင်းသို့ပြောပြီး ချာခနဲလှည့်ကာထွက်သွားလေတော့သည်။

ကောင်းစုဟန် ပြုံးလိုက်သည်။

စင်စစ် ရှမ်းချင်သည် သူသေဆုံးသွားတော့မည်ဟု ယူဆပြီး အခေါင်းများကိုပင် ကြိုတင်မှာကြားခဲ့သည် မဟုတ်ပါလော။

ရုတ်တရက်…

ကောင်းစုဟန်က မျက်မှောင်ကြုတ်သွားပြန်သည်။

သူ့အတွက်ဆိုလျှင် အခေါင်းတစ်လုံးဖြင့် လုံလောက်သည်။ ယခု…

အဘယ်ကြောင့် ရှမ်းချင်း နာမည်တပ်ထားသော အခေါင်းကပါရှိလာနေသနည်း။



ကောင်းစုဟန်က အတန်ကြာစဉ်းစားလိုက်ပြီးမှ-သဘောကျစွာပြုံးလိုက်ပြန်သည်။

သူသည် ရှမ်းချင်းဘက်သို့လှည့်၍…

"ညီမက ဘယ်လိုအဆိပ်မျိုးမိထားလို့လဲ"

ဟု မေးလိုက်သည်။

ရှမ်းချင်းခမျာ ပြူးတူးပြဲတဲဖြစ်သွား၏။

နားမလည်နိုင်စွာဖြင့်လည်း…

"ရှင်က ဘာပြောတာလဲ၊ ကျွန်မ နားမလည်ဘူးရှင့်"

ဟု မေး၏။

ကောင်းစုဟန် ပြုံးလိုက်ပြီး…

"အစ်ကိုက အဆိပ်မိထားလို့ သေရမှာဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ညီမ ဘာအတွက်နဲ့သေရမှာလဲ၊ ဘာကြောင့် ညီမနာမည်နဲ့ ခေါင်းတစ်လုံး အပိုမှာထားရမှာလဲ"

ရှမ်းချင်း ဒေါသထွက်သွားသည်။

သူမသည် ကောင်းစုဟန်အား လက်ညှိုးဖြင့်ထိုးလိုက်ပြီး…

"ရှင်…ရှင်က ဒီလောက်အောင် အ,ရသလား၊ ရှင်သာသေသွားရင် ကျွန်မ ဘယ်လိုနေမလဲဆိုတာ ရှင်မစဉ်းစားမိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဒေါသတကြီးဖြင့် အော်ဟစ်ပြောဆိုလိုက်ပြီး ကောင်းစုဟန်အား လက်ဝါးဖြင့် ရိုက်ချလိုက်တော့လေသည်။

ကောင်းစုဟန် ရှောင်တိမ်းချိန်မရလိုက်ပါ။

ထို့ကြောင့်...

ရှမ်းချင်၏လက်ဝါးက သူ၏ရင်ဘတ်ကို ရိုက်ချလိုက်မိ၏။

"ဝုန်း"

ဟု ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာသည်။

အသံနှင့်အတူ ကောင်းစုဟန်သည် အခန်းအပြင်ဘက်သို့ လွင့်စဉ်သွားသည်။

ရှမ်းချင်းမှာ ယခုမှ သတိဝင်လာသည်။

ကောင်းစုဟန် ငြိမ်သက်နေလျှင် သူမထိတ်လန့်သွား၏။

သူမသည် ပြေးသွားကာ ကပျာကယာပင် ကောင်းစုဟန်အား ပွေ့ထူရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ရပ်လိုက်"

အေးစက်သော အသံနှင့်အတူ လူလေးယောက် ရုတ်ခြည်း ရောက်ရှိလာကာ ဝိုင်းရံလိုက်ကြ၏။



ခရမ်းရောင်ခြံဝင်းသခင်မလေး ပေ့အင်းတို့လူစုပင်ဖြစ်သည်။ ပေ့အင်းက အထင်မှားစွာဖြင့်...

"ရှင်က အစ်ကိုကြီးကို ဒုက္ခပေးတာ ကျွန်မတို့က ဒီအတိုင်း ကြည့်နေမယ မထင်နဲ့"

ရှမ်းချင်း မျက်မှောင်ကြုတ်ကာ...

"ရှင်တို့ခရမ်းရောင်ခြံဝင်းက ဒီကိစ္စနဲ့ ဘာဆိုင်သလဲ"

ပေ့အင်းက တည်ကြည်သောမျက်နှာထားဖြင့်...

"အစ်ကိုကြီး ကောင်းစုဟန်က ကျွန်မတို့ရဲ့ ကျေးဇူးရှင်ပဲ၊ သူ့ကိုစော်ကားတာ ကျွန်မ သည်းမခံနိုင်ဘူး"

စကားဆုံးလျှင် အဘွားအိုစုနရီးအား မျက်ရိပ်ပြလိုက်သည်။

စုရန်းက ချက်ချင်းပင် ခုန်ဝင်တိုက်ခိုက်လိုက်သည်။

ရှမ်းချင်း ဒေါသထွက်သွားသည်။

သူမက ပြန်လည်တိုက်ခိုက်လိုက်၏။

သိုင်းကွက်ငါးကွက်မျှ ထုတ်ဖော်ပြီးလျှင်...

"ဝုန်း"

အဘွားအိုစုရန်းမှာ နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်သွားလေသည်။

ပေ့အင်း မျက်နှာပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

စင်းစင်းနှင့် စင်းလျှံတို့က ခုန်ဝင်သွားကြသည်။

ရှမ်းချင်းက ဆီးကြိုတိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာပင်...

"မလုပ်နဲ့"

အော်ငေါက်သံနှင့်အတူ ကောင်းစုဟန်က လူးလဲထရပ်လာပြီး ရှမ်းချင်း၏လက်အား ဖမ်းဆွဲထားလိုက်သည်။

တစ်ဆက်တည်းပင် ပေ့အင်းအားပြုံးပြကာ...

"ညီမ ရောက်နေတာကိုး"

ရှမ်းချင်း အံကြိတ်လိုက်၏။

ကောင်းစုဟန်သည် သတိရလာလာချင်း သူမအား အရေးတယူမရှိဘဲ ပေ့အင်းအပေါ်တွင်သာ ဂရုစိုက်သည်ဟု သိလိုက်ရလျှင် ခံပြင်းသွားသည်။

သူမက ချက်ချင်းပင် ကောင်းစုဟန့်လက်ထဲမှ ရုန်းထွက်ကာ ပေ့အင်းကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ကောင်းစုဟန်က လွှတ်ဘဲ...

"မလုပ်နဲ့"

ဟု အော်ငေါက်လာလေသည်။

ရှမ်းချင်းက သူ့အား စူးရဲစွာတစ်ချက်စိုက်ကြည့်လိုက်ပြီး...



"ရှင်ဟာ အတော်ကျေးဇူးကန်းတဲ့လူတစ်ယောက်ပဲ၊ ရှင့်အတွက် အရေးပါတဲ့လူ ရှိနေပြီကိုး၊ ကဲ...ကျွန်မကို လွှတ်ပါ၊ နောက်တစ်ခါဆို ကျွန်မ အဆိုးမဆိုနဲ့"

ကောင်းစုဟန်က လွှတ်ပေးလိုက်သည်နှင့် အခန်း၏ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားတော့သည်။

"ညီမ..."

ကောင်းစုဟန်က ခေါ်လိုက်သော်လည်း ရှမ်းချင်းမှာ ဆက်လက် ပြေးလွှားသွားတော့သည်။

❋ ◎ ❋

ကောင်းစုဟန်၏ရင်ထဲ၌ ဖော်မပြနိုင်သော ဝမ်းနည်းကြေကွဲမှု ဒဏ်ရပ်ကို ခံစားလိုက်ရသည်။

ရှမ်းချင်းသည် သူ့အားစိတ်ဆိုးသွားပြီဖြစ်သည်။

ပေ့အင်း သက်ပြင်းတစ်ချက်ချကာ...

"ကျွန်မ ဝမ်းနည်းပါတယ်ရှင်၊ သူက ရှင့်ကိုလက်ဝါးနဲ့ ရိုက်ချလိုက်တာကိုး၊ သူကသာ ဒီလိုမလုပ်ဘူးဆိုရင် သူ့ကို အထင်လွဲမိမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစုဟန် သက်ပြင်းချလိုက်၏။

"ကဲ...ဒါတွေထားလိုက်ပါတော့၊ ညီမတို့က ဘယ်လိုလုပ်ပြီ ဒီကိုရောက်လာကြတာလဲ"

"အဖွဲ့အစည်းသုံးခုကို ရန်ရှာတဲ့ အဓိကရန်သူကို ဖော်ထု ဖို့ပေါ့ရှင်"

"အဓိကရန်သူ ဟုတ်လား"

"ဟုတ်တယ်၊ မေမေရဲ့ 'စာထဲက အကြောင်းအရာတွေ ဆက်စပ်ကြည့်ရင်း တရားခံဟာ ဘီလူးရဲတိုက်ကပဲ၊ ဒါကို အား သိအောင် ရှင်းပြရလိမ့်မယ်"

ကောင်းစုဟန် အံ့အားသင့်သွားသည်။

ပေ့အင်းတို့ တရားခံအား ဖော်ထုတ်နိုင်တော့မည်ဖြစ်၍လည် ဝမ်းသာသွားမိသည်။

"ဒါဆို ရွှေအားစံအိမ်နဲ့ သံမဏိဂေဟာကို အမြန်ဆုံး သ ပေးမှဖြစ်မယ်"

ပေ့အင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒါပေမယ့်သွားစရာ မလိုတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ရွှေအားစံအိမ်က သခင်လေးနဲ့ သံမဏိဂေဟာက သခင်



တို့ဟာ လာမယ့်ဆယ်သုံးရက်နေ့မှာ နှင်းမြူတောင်ခြေမှာ ဆုံတွေ့မယ်လို့ ကျွန်မစုံစမ်းသိရှိခဲ့ရလို့ပါ"

သူမ၏စကားဆုံးလျှင် ကောင်းစုဟန်၏မျက်နှာ ဝင်းလက်သွားလေတော့သည်။

❋ ❂ ❋

www.burmeseclassic.com

www.burmeseclassic.com

## ဆွေးနွေးပွဲ

လဆန်း ဆယ့်သုံးရက်။

ယနေ့သည် လဆန်း ဆယ့်သုံးရက်နေ့ဖြစ်၏။

ဤနေ့သည် နှင်းမြူတောင်ခြေ၌ ယခင်နေ့များနှင့်မတူ မြင်းဆယ့်ငါးကောင်က ကြိုတင်ရောက်ရှိနေသည်။

ကြိုတင်ရောက်ရှိနေကြသူများမှာ သံမဏိဂေဟာမှ သခင်လေး ရှမ်းယီနှင့် ဌာနခွဲမှူးများဖြစ်သည်။

သူတို့၏ပုံသဏ္ဍာန်မှာ တစ်စုံတစ်ခုကို စောင့်မျှော်နေသည့် အသွင် ပေါ်လွင်နေ၏။

သူတို့သည် မည်သူ့အား စောင့်မျှော်နေပါသနည်း။

ရှင်းပါသည်။ သူတို့သည် ရွှေဓားစံအိမ်မှ သခင်လေး ဝူချန်း တို့လူစုအား စောင့်မျှော်နေကြခြင်းပင် ဖြစ်ပါသည်။



ထိုသို့စောင့်မျှော်နေစဉ်မှာပင် ရုတ်တရက် အဝေးမှ ဖုန် အထောင်းထောင်း ထလာနေသည်ကို တွေ့မြင်လိုက်ရသည်။

ဤတွင်...

သံမဏိဂေဟာမှ ဌာနခွဲမှူးတစ်ယောက်က ရှမ်းယီအားကြည့် လိုက်ပြီး...

"သူတို့ လာနေကြပြီ သခင်လေး"

ဟု အစီရင်ခံလိုက်သည်။

ရှမ်းယီက ထိုလူညွှန်ပြရာသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ...

သူ၏အမြင်အာရုံအတွင်းသို့ အဝေးမှ မြင်းဆယ့်ငါးကောင် သည် နှင်းမြူတောင်ခြေသို့ ပြေးလွှားလာနေသည်ကို တွေ့မြင် လိုက်ရလေသည်။

ရှမ်းယီ ဝမ်းသာသွား၏။

သူ၏နှုတ်မှလည်း...

"အင်း... ရွှေဓားစံအိမ်က ကတိတည်သားပဲ"

ကျိတ်၍ ရေရွတ်လိုက်လေတော့သည်။

❋ ❂ ❋

www.burmeseclassic.com

www.burmeseclassic.com



သံမဏိဂေဟာမှ သခင်လေးရှမ်းယီနှင့် ရွှေဓားစံအိမ်မှ သခင်လေး ဂူချန်းဖုံးတို့က မျက်နှာချင်းဆိုင်ထိုင်နေကြသည်။

ကျန်ရှိသော နှစ်ဖက်ဂိုဏ်းသားများသည် သူတို့နှင့်ခပ်လှမ်း လှမ်းမှ ရပ်တန့်၍စောင့်ကြည့်နေကြသည်။

ရှမ်းယီက ပြုံးလိုက်သည်။

ပြီးမှ...

"ခင်ဗျား လာမှလာပါ့မလားလို့ ကျုပ်က စိတ်ပူနေမိတာဗျ"

ပြောလိုက်၏။

ဂူချန်းဖုံးက...

"အို...ကျုပ်က လာမယ်လို့ပြောပြီးရင် ရောက်အောင်လာမယ် ဆိုတာ ခင်ဗျား မှတ်ထားစမ်းပါဗျာ"

ပြောရင်း ရယ်မောလိုက်သည်။

ထိုစဉ်...

ရှမ်းယီက ခပ်လှမ်းလှမ်းတွင်ရပ်နေသော ညီမဖြစ်သူ ရှမ်းချင်း အား လက်ယပ်၍ခေါ်လိုက်လေသည်။

"ညီမလေး ရှမ်းချင်း...ဒီကို ခဏလောက်လာစမ်းပါအုံး"

ရှမ်းချင်းက ခေါင်းညိတ်ပြကာ သူတို့ဆီသို့ လျှောက်လာ



အမှန်တော့ ရှမ်းချင်းသည် ကောင်းစုဟန်နှင့် လမ်းခွဲပြီး ကတည်းက ရှမ်းယီထံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ရှမ်းယီက အနီးသို့လျှောက်လာနေသော ရှမ်းချင်းအား ညွှန်ပြ လိုက်ပြီး...

"အဲဒါ ကျုပ်ရဲ့ ညီမလေး ရှမ်းချင်းပါ"

မိတ်ဆက်ပေးလိုက်သည်။

ဂူချန်းဖုံးက ခေါင်းညိတ်လိုက်၏။

သူ၏နှုတ်မှလည်း ချိုသာယဉ်ကျေးစွာဖြင့်...

"တွေ့ရတာ ဝမ်းသာပါတယ်"

ပြောလိုက်သည်။

ရှမ်းချင်းကလည်း ခေါင်းညိတ်ပြီး...

"ဟုတ်ကဲ့...ဝမ်းသာပါတယ်"

ပြန်လည်အသိအမှတ်ပြုလိုက်၏။

ဂူချန်းဖုံးက ရှမ်းယီ၏မျက်နှာအား လှမ်းကြည့်လိုက်ပြီး...

"ကဲ...ကျုပ်တို့ ဆွေးနွေးပွဲစကြရင် ကောင်းမယ်ထင်တယ်"

ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူချန်းဖုံး၏ တောင်းဆိုမှုအား ရှမ်းယီကလည်း သဘောတူလိုက်သည်။

"ကောင်းပြီလေ...စကြတာပေါ့၊ ဒါပေမယ့် ဘယ်လို ဆွေးနွေးကြမလဲ"

ဂူချန်းဖုံးက...

"ဒါက လွယ်ပါတယ်၊ ကျုပ်စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတဲ့အချက်တွေက ခင်ဗျားကို မေးမယ်၊ ခင်ဗျားကအဖြေပေးပါ၊ ခင်ဗျားမရှင်းလင်းတဲ့အချက်တွေကိုလည်း ကျုပ်က အဖြေပေးပါ့မယ်"

ပြောလေသည်။

ရှမ်းချင်းက ပြုံးလိုက်ပြီး...

"တကယ်လို့ နှစ်ယောက်စလုံးအဖြေမပေးနိုင်တဲ့ ပြဿနာမျိုးဖြစ်လာရင်ကော..."

သူမ၏ထင်မြင်ချက်ကို တင်ပြလိုက်၏။

သူမ၏စကားကြောင့် ဂူချန်းဖုံးက အတန်ကြာစဉ်းစားလိုက်ပြီးမှ...

"ဒီလိုပြဿနာမျိုးကိုတော့ နှစ်ဖက်စလုံးက ခေါင်းအေးအေးနဲ့စဉ်းစားကြတာ ကောင်းမယ်ဗျ"

ပြောလေသည်။



ထိုအခါ...

ရှမ်းချင်းက ခေါင်းညိတ်လိုက်ပြီး...

"ရှင်ပြောတာ မှန်ပါတယ်ရှင်၊ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ကြမယ့်အစား ဆွေးနွေးညှိနှိုင်းတာက ပိုပြီး ကောင်းပါတယ်၊ ကဲ...ရှင်ကစပြီး မရှင်းလင်းတာတွေကို မေးပါရှင်"

ဂူချန်းဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ထို့နောက် စတင်မေးမြန်းလိုက်လေသည်။

"ကျုပ်တို့ ရွှေဓားစံအိမ်က အရေးပါတဲ့ဌာနခွဲမှူးသုံးယောက်အသတ်ခံရတယ်၊ အဲဒါ သံမဏိဂေဟာရဲ့ လက်ချက် ဟုတ်တယ်မဟုတ်ဆိုတာ သိချင်ပါတယ်"

ဤတွင်...

ရှမ်းယီက ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ပါဘူး၊ ကျုပ်ပြောတာကို ခင်ဗျား လက်ခံသင့်မှလက်ခံပါ၊ ဒါပေမယ့် ကျုပ်က မှန်တဲ့အတိုင်းပြောနေတယ်ဆိုတာကိုတော့ ခင်ဗျား ယုံကြည်စေချင်ပါတယ်"

ပြောလေသည်။

ဂူချန်းဖုံးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ အခု ခင်ဗျားမေးချင်တာ မေးနိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယီက သူ့ရင်ထဲမှာ မရှင်းလင်းသောအချက်ကို ထုတ်မေးလိုက်သည်။

"ခင်ဗျားရဲ့ဌာနခွဲမှူးသုံးယောက်ကို သံမဏိဂေဟာက လုပ်ကြံတယ်လို့ ခင်ဗျားက ဘာကြောင့် ယူဆရတာလဲ"

ဂူချန်းဖုံးက ရှင်းပြလိုက်၏။

"အခုလုပ်ကြံခံရတဲ့ ဌာနခွဲမှူးသုံးယောက်အနက် တစ်ယောက်က မသေဆုံးခင်မှာ သူတို့ကိုလုပ်ကြံတဲ့သူဟာ သံမဏိဂေဟာက ဖြစ်နိုင်တယ်လို့ ပြောပြခဲ့လို့ပါ"

ထိုအခါ...

ရှမ်းယီက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

"ဟုတ်ပြီ"

သူသည် ဝမ်းသာအားရသော လေသံဖြင့်...

"ဒီမှာမိတ်ဆွေကြီး ဂူချန်းဖုံး၊ ကျုပ်ရဲ့လူတွေ လုပ်ကြံခံခဲ့ရတုန်းကလည်း မသေဆုံးမီမှာ ရွှေမားစံအိမ်ကဖြစ်နိုင်တယ်လို့ ပြောခဲ့တယ်လေ"

ဤစကားများကိုကြားရသောအခါ ဂူချန်းဖုံးက မျက်မှောင်ကြုတ်သွားသည်။

ရှမ်းယီအားကြည့်ကာ...



"ဟုတ်လား...ကျုပ်လည်း ဘာမှ မသိလိုက်ရပါလား"

ပြောလိုက်၏။

ရှမ်းယီက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ လုပ်ကြံတဲ့သူတွေဟာ ဒီလိုနည်းနဲ့ တစ်ဖက်တစ်ဖက် အထင်အမြင်လွဲမှားအောင် လုပ်ခဲ့ကြတယ်လို့ ကျုပ်ယူဆမိတယ်"

ဂူချန်းဖုံးက ထပ်မေးလိုက်သည်။

"ခင်ဗျားတို့က ကျုပ်တို့တစ်တွေကို ရန်တိုက်ပေးနေတဲ့ ကြားလူ ရှိနေတယ်လို့ ဆိုလိုချင်တာလားဗျာ"

ရှမ်းယီက...

"ကျုပ်အနေနဲ့ အခြေအနေကို သေသေချာချာ စဉ်းစားကြည့်တော့ ကြားလူရှိနိုင်တယ်လို့ ယူဆလာမိရတာပါပဲ"

ပြောလေသည်။

ဂူချန်းဖုံးက နှုတ်ပိတ်တိတ်ဆိတ်သွားပြီး စဉ်းစားနေလိုက်သည်။

အတန်ကြာမှ...

"အင်း...ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းလေးစွာ ပြောဆိုလိုက်၏။

ဂူချန်းဖုံးထံမှ တူညီသောယူဆချက်ကို ကြားသိရသောအခါ ရှမ်းယီမှာ ဝမ်းသာသွားရလေသည်။

ပါးစပ်မှလည်း အားတက်သရောဖြင့်...

"ခင်ဗျား အခုလိုလက်ခံတာကို ကျုပ်က သိပ်ပြီး ဝမ်းသာပါတယ်ဗျာ"

ပြောလိုက်လေသည်။

ဂူချန်းဖုံးက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဒါက ဟုတ်ပါပြီ၊ ဒါပေမယ့် အဲဒီကြားကလူက ဘယ်သူလဲဆိုတာ ခင်ဗျား သိသလားဗျ"

ထိုစကားကို ကြားလိုက်ရသောအခါမှ ရှမ်းယီမှာ ပါးစပ်မှောင်းလောင်း ဖြစ်သွားရလေသည်။

ရှမ်းချင်းကလည်း ရေငုံနှုတ်ပိတ်ထားလိုက်လေသည်။

မှန်ပါသည်။

ထိုကဲ့သို့ ရန်တိုက်ပေးနေသော ကြားလူသည် မည်သူဖြစ်နေသနည်း။

ထိုစဉ်မှာပင်...



"ခွပ်ခွပ်...ခွပ်ခွပ်"

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှမ်းယီတို့ လှည့်ကြည့်လိုက်ရာ မြင်းတစ်ကောင်သည် သူတို့ရှိရာသို့ တစ်ဟုန်ထိုးပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

❋ ✪ ❋

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး မြင်းတစ်စီးသည် ရှမ်းယီတို့ထံသို့ တစ်ဟုန်ထိုး စိုင်းနှင်လာ၏။

မြင်တွေ့လိုက်ရသောမြင်ကွင်းကိုကြည့်ပြီး ဂူချန်းဖုံး ထိတ်လန့်သွားသည်။

သူသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး...

"အဲဒီမြင်းကို တားထားလိုက်စမ်း"

အမိန့်ပေးလိုက်သည်။

သူ၏အမိန့်ပေးသံဆုံးသည်နှင့် အနက်ရောင် ကိုယ်ကျပ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသော ဓားသမားများသည် ပြေးလွှားနေသော မြင်းအ
ဝိုင်းရံထားလိုက်ကြလေသည်။

သို့သော်…

သူတို့သည် မြင်းပေါ်မှစီးနင်းလိုက်ပါလာသူကိုတွေ့မြင်လို
ရသောအခါတွင်မှ မျက်လုံးများ ပြူးကျယ်သွားလေတော့သည်။

စင်စစ် မြင်းပေါ်တွင် စီးနင်းလိုက်ပါလာသူသည် ရွှေဓားစံအိ
မှ ဌာနခွဲမှူးတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ်…

ရွှေဓားစံအိမ်၏အုပ်ချုပ်ရေးမှူးတစ်ယောက်ဖြစ်သော ‘စီကျ
က မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်လေသည်။

သူ၏တစ်ကိုယ်လုံးသည် သွေးများဖြင့် ချင်းချင်းနီရဲနေ

စီကျန့်သည် သခင်ကလေး ဂူချန်းဖုံး၏ရှေ့တွင် ဒူးထောက်
လိုက်ပြီး…

“သခင်လေး ခင်ဗျား… ရွှေဓားစံအိမ်ဟာ သံမဏိဂေဟာ
လက်ချက်ကြောင့် ပျက်စီးသွားပါပြီခင်ဗျာ”

အစီအရင် ခံလိုက်လေသည်။

ထိုစကားကြားရသောအခါ ဂူချန်းဖုံး၏ ခန္ဓာကိုယ်သည် တ
ချက် တုန်ခါသွားတော့သည်။



ရှမ်းယီမှာလည်း တစ်ကိုယ်လုံး တောင့်တင်းသွားတော့သည်။

ထို့နောက်…

ဂူချန်းဖုံးက ရှမ်းယီအားစိုက်ကြည့်လိုက်ပြီး မေးလိုက်၏။

“ကဲ… အခုကိစ္စကို ခင်ဗျားက ဘယ်လိုရှင်းမလဲ”

ရှမ်းယီက ပါးစပ်ပိတ်ထားလိုက်သည်။

သူ့အနေဖြင့် ဘယ်လိုဖြေရမည်ဆိုသည်ကိုလည်း မသိတတ်
တော့ပါ။

ရှမ်းချင်းက မနေနိုင်တော့ဘဲ စီကျန့်အား တစ်ချက်ကြည့်
လိုက်ပြီး…

“ရွှေဓားစံအိမ်ကို သံမဏိဂေဟာကလူတွေက လာပြီး တိုက်
ခိုက်တယ် ဟုတ်လား”

မေးလိုက်သည်။

စီကျန့်က ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်ပါတယ်၊ ကျုပ်က ဒီသတင်းကို သခင်လေးဆီက
အချိန်မီ ပို့ပေးနိုင်ဖို့ အသက်လုပြီး ပြေးလာခဲ့ရတာပါ”

ထိုလူအား ရှမ်းချင်းက အတန်ကြာစိုက်ကြည့်လိုက်လေသည်။
ပြီးမှ အေးစက်သောအသံဖြင့်…

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အခုရရှိထားတဲ့ ဒဏ်ရာတွေဟာ ရွှေဓားစံအိမ်က တိုက်ပွဲမှာရရှိထားတဲ့ ဒဏ်ရာတွေပေါ့ ဟုတ်လား"

စိကျုန့်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"

ဤတွင်...

ရှမ်းချင်းက ခေါင်းခါယမ်းလိုက်တော့၏။

ထို့နောက်တွင်မူ သူမသည် ဂူချန်းဖုံးအား တစ်ချက် စူးရှစွာကြည့်လိုက်ပြီး သူမတို့ဂေဟာ၏ထုံးတမ်းစဉ်လာကို ရှင်းပြလိုက်တော့၏။

"ဒီမှာ...ရှင်မှတ်ထားဖို့က သံမဏိဂေဟာက သိုင်းသမားတွေဟာ တိုက်ပွဲမှာ လက်နက်အဖြစ် ဓားကိုမသုံးဘူးရှင့်၊ သံမဏိတုတ်တွေကိုပဲ အသုံးပြုကြတယ်"

သူ၏စကားကြောင့် ဂူချန်းဖုံးက အံ့သြသွားသည်။

သူသည် ရှမ်းချင်းအား ပြန်ကြည့်လိုက်ပြီး...

"မင်းက ရွှေဓားစံအိမ်ကို ဖျက်ဆီးလိုက်တဲ့လူတွေဟာ သံမဏိဂေဟာက မဟုတ်ဘူးလို့ ပြောချင်လို့လား"

ရှမ်းချင်းက ခေါင်းညိတ်ပြလိုက်သည်။



"ဟုတ်ပါတယ်ရှင်၊ သံမဏိဂေဟာဟာ သေရေးရှင်ရေး တိုက်ခိုက်လာရတဲ့အချိန်မှာလည်း လက်နက်အဖြစ် သံမဏိတုတ်တံတွေကိုပဲ အသုံးပြုပါတယ်"

ထိုစကားကို ကြားရသောအခါတွင်မူ ဂူချန်းဖုံး တွေဝေသွားလေတော့သည်။

ထိုစဉ်မှာပင်...

နှင်းမြူတောင်ခြေသို့ နောက်ထပ် မြင်းနှစ်ကောင် ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရပြန်လေတော့သည်။

ပြေးလွှားလာနေသော မြင်းနှစ်ကောင်ကိုကြည့်ပြီး ရှမ်းချင်း၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားတော့လေသည်။

သူမသည် ဂူချန်းဖုံးအားကြည့်လိုက်ပြီး သူမ၏ထင်မြင်ချက်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"ကျွန်မတို့အဖွဲ့နှစ်ခုကို ဖြိုခွဲဖို့ကြံစည်နေတဲ့လူဟာ ကျွန်မကို အခုလို လာတွေ့ဆုံဆွေးနွေးနေတာကို အခွင့်ကောင်းယူပြီး နှစ်ဖက်လုံးရဲ့ဌာနချုပ်တွေကို ဖျက်ဆီးပစ်လိုက်ပြီလို့ ကျွန်မ ယူဆတယ်ရှင့်"

သူမ၏စကားဆုံးသွားသည့် အချိန်မှာပင် အဝေးမှ ပြေးလွှားလာနေသော မြင်းနှစ်ကောင်အနီးသို့ ရောက်ရှိလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်တွင်မူ မြင်းများကိုမောင်းနှင်လာသူမှာ သံမဏိဂေဟာမှ ဂိုဏ်းသားနှစ်ယောက် ဖြစ်သည်။

သူတို့သည် ရှမ်းချင်းအနီးသို့ ရောက်ရှိလာသည်။

"သခင်လေး"

တစ်ယောက်သည် ယင်းသို့ ခံပြင်းစွာ တစ်ချက်ခေါ်လိုက်ပြီး မြင်းပေါ်မှ ပြုတ်ကျလာတော့၏။

ထို့နောက်တွင်မူ...

"ဝုန်း"

ဟူသောအသံနှင့်အတူ ထိုလူသည် မြေပေါ်သို့ကျရောက်သွားသည်နှင့် သေဆုံးသွားလေတော့သည်။

မြင်းပေါ်မှ ကျန်ရှိနေသော နောက်ထပ်ဂိုဏ်းသား တစ်ယောက်၏ ခန္ဓာကိုယ်မှာလည်း တုန်ယင်နေ၏။

ရှမ်းယီက ကျယ်လောင်စွာ လှမ်းမေးလိုက်လေတော့သည်။

"ဟေ့...ဘာဖြစ်လာတာလဲ...မြန်မြန်ပြောစမ်း"

မြင်းပေါ်မှလူက...

"သခင်လေး...ကျွန်တော်တို့ သံမဏိဂေဟာကို ရွှေဓားစံအိမ်က လာပြီး တိုက်...တိုက်..."



ထိုလူသည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ မြင်းပေါ်မှနေ၍ မြေပေါ်သို့ ထိုးကျသွားကာ သေဆုံးသွားလေတော့သည်။

ယခု...

ရှမ်းယီ၏မျက်နှာသည် နီရဲနေ၏။

ဝူချန်းဖုံးမှာ မျက်မှောင်ကြုတ်ထားလိုက်သည်။

ရှမ်းချင်းက နှစ်ယောက်စလုံးအား တစ်လှည့်စီကြည့်လိုက်ပြီး...

"ဘယ်လိုလဲ...ကြားက ရန်တိုက်ပေးတဲ့လူရှိနေတယ်ဆိုတာ အားလုံးက လက်ခံကြပြီမဟုတ်လားရှင့်"

မေးလိုက်လေသည်။

ယခုအချိန်တွင်မူ ရှမ်းယီနှင့် ဝူချန်းဖုံးတို့က ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

ရှမ်းချင်းသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ ပြောလိုက်သည်။

"အဲဒီကြားလူဟာ ဘယ်သူလဲဆိုတာ စောစောကတည်းက စဉ်းစားထားမိဖို့ ကောင်းတယ်"

ရှမ်းယီက သူ့ညီမအား လှမ်းကြည့်ပြီး...

"ညီမလေးက စဉ်းစားလို့ရပြီလား"

မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချင်းက...

"ဒီလောကထဲမှာ ကျွန်မတို့စံအိမ်နှစ်ခုကို ဒီလိုရန်လာတိုက်ဝေ
နိုင်တဲ့လူဟာ တစ်ယောက်ပဲ ရှိတယ်"

သူမ၏စကားကြောင့် အကုန်လုံး စိတ်ဝင်စားသွား၏။

"ဘယ်သူလဲ"

ရှမ်းယီနှင့် ဂုချန်းဖုံးတို့က ပြိုင်တူမေးလိုက်လေသည်။

"ရန်ကျားထိုက်ပေါ့"

ဤအဖြေစကားကို ရှမ်းချင်းက ပြောလိုက်ခြင်းမဟုတ်ပေ။

အသံတစ်ခုက ကြားဖြတ်ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။

ရှမ်းချင်း၊ ရှမ်းယီနှင့် ဂုချန်းဖုံးတို့က အသံလာရာသို့ လှည့်
ကြည့်လိုက်ကြသည်။

ထိုအခါတွင်မှ အဝေးမှ လူငါးယောက်ခန့် လျှောက်လာ
သည်ကို တွေ့မြင်လိုက်လေတော့သည်။

❋✪❋

# နှစ်ဖက် ရန်သူ

ကောင်းစုဟန် အံ့သြနေ၏။

အမှန်တော့ သူက မိမိကိုယ်ကိုအံ့သြနေမိခြင်းသာဖြစ်သည်။

သူသည် မူလက သူသေဆုံးသွားနိုင်သောအချိန်ကာလထက်
ယ်ရက်ကျော်မျှ ဆက်လက် ရှင်သန်လာသောအခါ အံ့သြနေမိ
ခြင်း ဖြစ်သည်။

ထို့ပြင်...

မိမိ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အဆိပ်များ ပြေပျောက်သွားပြီး
အားအင်များ ပြည့်ဖြိုးလာသည်ဟု ထင်မှတ်မိလိုက်လေသည်။

မည်သူက သူ့အား အဆိပ်ဖြေပေးလိုက်ပါသနည်း။

အခြား မည်သူမှမဖြစ်နိုင်ဘဲ ရှမ်းချင်းပင်ဖြစ်ရမည်ဟု သူက
ကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရှမ်းချင်းက သူ့အား စိတ်ဆိုးလျက်ထွက်ခွာသွား ပြီ ဖြစ်သည်။

သို့သော်...

နောက်တစ်ကြိမ် ရှမ်းချင်းနှင့် ပြန်လည်တွေ့ဆုံရပါမှ သူ လုံးဝမခွဲမခွာတော့ဟု ဆုံးဖြတ်ချက်ချထားလေသည်။

ယခုတော့မှ သူသည် ရှမ်းချင်းအားတွေ့မြင်လိုက်သည် မဟုတ် ပါလော။

❋ ✪ ❋

ရှမ်းချင်း၏မျက်လုံးများက ဝိုင်းစက်သွားသည်။

ယခု...

သူတို့ထံသို့လျှောက်လာသော လူငါးယောက်ကို တွေ့မြင် လိုက်ရသည်နှင့် သူမ ဒေါသထွက်သွားသည်။

ထို့နောက်တွင်မူ ထိုလူများအနက် ကောင်းစုဟန်က ပါလာ နေသေးသောအခါ သူမသည် ခေါင်းငုံ့ထားလိုက်လေတော့သည်။

လူငါးယောက်အနက်မှ ရှေ့ဆုံးမှ မိန်းမပျိုကို မြင်တွေ့လိုက် ရသောအခါ ရှမ်းယီက...



"ခရမ်းရောင်ခြံဝင်းက သခင်မလေး ပေ့အင်း ဟုတ်တယ် ဟုတ်လားဗျ"

မေးလိုက်လေသည်။

မိန်းမပျို (ဝါ) ပေ့အင်းက...

"ဟုတ်ပါတယ်ရှင်..."

ဂူချန်းဖုံးက...

"ဘီလူး ရဲတိုက်က သခင်လေး ရန်ကျားထိုက်ဟာ ကျုပ်တို့ကို ရန်တိုက်ပေးနေတဲ့ ကြားလူလို့ ခင်ဗျားပြောလိုက်တာ မဟုတ်လား"

ပေ့အင်းက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်ရှင်"

ဂူချန်းဖုံးက...

"ခင်ဗျားက ဘယ်လိုအထောက်အထားရှိလို့ အခုလို ပြောနိုင် တာလဲ"

မေးလိုက်ပြန်လေသည်။

ပေ့အင်းက ပြုံးလိုက်သည်။

ပြီးမှ အေးဆေးစွာ ရှင်းပြလိုက်၏။

"ဒါကတော့ လွယ်ပါတယ်ရှင်၊ ခုအခါမှာ ကျွန်မတို့ ခရမ်း ရောင်ခြံဝင်းဟာ ပြန်ကွဲသွားပြီလို့ ဆိုနိုင်ပါတယ်၊ တစ်ခါ သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



ဓဟာနဲ့ ရွှေခားစံအိမ်တို့ကသာ ထပ်ပြီး ပြိုကွဲသွားမယ်ဆိုရင်တော့ ဘီလူးရဲ့တိုက်ဟာ အလိုအလျောက် သိုင်းလောကရဲ့ နံပါတ်တစ်နေရာကို ရောက်လာရတော့မှာပေါ့ မဟုတ်ဘူးလား”

သူမ၏စကားဆုံးသောအခါ ဂူချန်းဖုံးက ရယ်မောလိုက်၏။

သူသည် မယုံကြည်နိုင်စွာဖြင့်...

“ဟာဗျား...ခင်ဗျားပြောတာ မဖြစ်နိုင်ပါဘူး”

ရှမ်းယီက သူ့အား နားမလည်စွာကြည့်ပြီး...

“ဘာဖြစ်လို့လဲဗျ”

မေးလိုက်၏။

ဂူချန်းဖုံးက နှင်းမြူတောင်ပေါ်သို့ မေးငေါ့ပြလျက်...

“ခုချိန်ထိ ဂိုဏ်းချုပ်ကြီး လေးယောက်စလုံးဟာ ဒီနှင်းမြူတောင်ပေါ်မှ သိုင်းပညာယှဉ်ပြိုင်နေကြတုန်းပဲဖြစ်တယ်၊ တကယ်လို့ သူတို့တွေ ပြန်ဆင်းလာကြတဲ့အခါ ဘယ်သူက သိုင်းလောကရဲ့ နံပါတ်တစ်နေရာကို ယူထားနိုင်မှာလဲဗျာ”

ပေ့အင်းက ပြုံးလိုက်သည်။

ထို့နောက် တစ်လုံးချင်း ဖြည်းလေးစွာ ပြောလိုက်သည်။

“အင်း...ဂိုဏ်းချုပ်ကြီး လေးယောက်စလုံးဟာ သေဆုံးသွားကြပါပြီရှင်”



ထိုစကားကြားလိုက်ရသောအခါ ဂူချန်းဖုံး၊ ရှမ်းယီနှင့် ရှမ်းချင်းတို့အားလုံး ထိတ်လန့်တကြား ဖြစ်သွားတော့သည်။

ရှမ်းချင်းက ပေ့အင်းအား စူးစိုက်စွာကြည့်ပြီး...

“ရှင်က ဘယ်လိုလုပ်သိသလဲ”

အေးစက်စွာ မေးလိုက်သည်။

ပေ့အင်းက ကောင်းစုဟန်အား လက်ညှိုးညွှန်ပြလိုက်ပြီး...

“သူပြောပြလို့ရှင့်၊ သူက ဟောဒီ နှင်းမြူတောင်ပေါ်က ဆင်းလာတဲ့လူပါ”

ထိုအခါတွင် ရှမ်းယီနှင့် ဂူချန်းဖုံးတို့က ကောင်းစုဟန်အား စူးစိုက်ကြည့်လိုက်ကြသည်။

အမှန်တော့...

နှင်းမြူတောင်ပေါ်မှ ဆင်းလာပြီး သိုင်းပညာ အလွန် ထက်မြက်သည့် လူငယ်တစ်ယောက်အကြောင်းကို သူတို့က သိရှိကြားသိကြပြီးသား ဖြစ်သည်။

ယခု...

ထိုလူအား တွေ့မြင်လိုက်ရသောအခါ ဂူချန်းဖုံးက သေချာစွာကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက တကယ်ပဲ နှင်းမြူတောင်ပေါ်က ဆင်းလာတဲ့လူ ဟုတ်လား"

မေးလိုက်လေသည်။

ကောင်းစုဟန်က ခေါင်းညိတ်၍...

"ဟုတ်ပါတယ်"

ရှမ်းချင်းက ဆက်ပြီးမေးလိုက်ပြန်၏။

"ဂိုဏ်းချုပ်ကြီး လေးယောက်စလုံး သေသွားပြီဆိုတာ အမှန်ပဲလားဟင်"

ကောင်းစုဟန်က...

"အမှန်ပါပဲ၊ သူတို့လေးယောက်စလုံးကို ကျုပ်ကပဲ မြေမြှုပ်သင်္ဂြိုဟ်ခဲ့တာပါ"

ထိုစကားကြားရသည်နှင့် ရှမ်းချင်း၏မျက်နှာသည် ရုတ်တရက် မည်းမှောင်သွားလေသည်။

ယခု သူ၏ဖခင်ဖြစ်သူမှာ သေဆုံးသွားပြီဖြစ်သည်။

ထို့ပြင် သံမဏိဂေဟာမှာလည်း ရန်သူ၏ လက်ချက်ဖြင့် ပျက်စီးသွားရပြီဖြစ်သည်။

ရုတ်တရက်...



သူ၏လက်အား လက်တစ်ဖက်အား လာရောက်ဆုပ်ကိုင်လိုက်သည်။

ယင်း လက်ပိုင်ရှင်မှာ ဝူချန်းဖုံးပင်ဖြစ်ပါသည်။

ရှမ်းယီက ဘာလုပ်ရမည် မသိဖြစ်နေမိလေ၏။

ဝူချန်းဖုံးက ကရုဏာသက်သောလေသံဖြင့်...

"မိတ်ဆွေကြီး ရှမ်းယီ...ဒါလောက်လည်း စိတ်ထိခိုက်မနေနဲ့ဗျာ၊ ကျုပ်အဖြစ်က မိတ်ဆွေလိုပါပဲ"

ဖျောင်းဖျလိုက်၏။

ဤတွင်...

ရှမ်းယီက ဝူချန်းဖုံး၏လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်ပြီး...

"ကျုပ်တို့တွေ ပူးပေါင်းပြီး ရန်သူကို သုတ်သင်ပစ်ရအောင်"

ပြောလိုက်၏။

သူ၏တောင်းဆိုမှုအား ဝူချန်းဖုံးက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်တို့ ပူးပေါင်းကြရလိမ့်မယ်"

ပြန်ပြောလိုက်လေသည်။

ပေ့အင်းကလည်း မနေနိုင်တော့ပါ။

သူမကလည်း ဝင်ရောက်၍...

"ကျွန်မကလည်း ပါဝင်ပါ့မယ်ရှင့်၊ ဘာဖြစ်လို့လဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမိခင်ရယ်၊ ရှင်တို့ဖေဖေနှစ်ယောက်ဟာလည်း သစ္စာဖောက် လက်ချက်ကြောင့် မသေဆုံးသင့်ဘဲ သေဆုံးသွားရတာမို့ပါ”

သူမ၏စကားကြောင့် ဂူချန်းဖုံးနှင့် ရှမ်းယီတို့က နားမရှင်းဟန် ဖြစ်သွားပြီး…

“ဘယ်လို…ညီမက ဘယ်လိုပြောလိုက်တယ်”

ပေ့အင်းက တစ်လုံးချင်း ထပ်မံပြောဆိုလိုက်တော့၏။

“အခု ကျွန်မတို့ရဲ့ဂိုဏ်းတွေ ရန်သူရဲ့ဖြိုခွဲတာခံခဲ့ရသလို နှင်းမြူတောင်ရဲ့ ဖခင်တွေဟာ ဘီလူးရဲ့တိုက်က သခင်လေး ရန်ကျူး ထိုက်ရဲ့ ယုတ်မာပက်စက်တဲ့အကြံကြောင့် သေဆုံးခဲ့ရတာပါပဲရှင်”

သူမသည် ယင်းသို့ပြောဆိုလိုက်ပြီးသည်နှင့် အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်လေသည်။

ထို့နောက်…

ရှမ်းယီနှင့် ဂူချန်းဖုံးတို့ထံသို့ လှမ်းပေးလိုက်လေသည်။

ရှမ်းယီသည် စာအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူ၍ ဖတ်လိုက်သည်။

ထိုအခါ…

❋ ✪ ❋



လေသည် တဟူးဟူး တိုက်ခတ်နေ၏။

နှင်းများကလည်း တဖွဲဖွဲ ကျဆင်းနေသည်။

အအေးဓာတ်သည်လည်း ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားနေ၏။

နှင်းမြူတောင်ထိပ်ပေါ်တွင်မူ လူလေးယောက် ရှိနေသည်။

ဤကဲ့သို့ လေတဟူးဟူး တိုက်ခတ်ပြီး အေးစိမ့်နေသော နှင်းမြူတောင်ပေါ်တွင် မည်သည့် အကြောင်းများကြောင့် ထိုလူလေးယောက် ရှိနေသည်။

ဤကဲ့သို့ လေတဟူးဟူးတိုက်ခတ်ပြီး အေးစိမ့်နေသော နှင်းမြူတောင်ပေါ်တွင် မည်သည့်အကြောင်းများကြောင့် ထိုလူလေးယောက်က ရောက်ရှိနေကြပါသနည်း။

❋ ✪ ❋

စင်စစ် ထိုလူလေးယောက်မှာ…

သံမဏိဂေဟာသခင်ကြီး ရှမ်းရိုစင်း။

ရွှေဓားစံအိမ်မှ သခင်ကြီး ရွှေဓားဂူကျန်း။

ခရမ်းရောင်ခြံဝင်းပိုင်ရှင် ခရမ်းရောင်ဒေဝီ ပေ့ပေနီး၊

www.burmeseclassic.com



ဘီလူးရဲတိုက်ပိုင်ရှင် ရန်ကျွေ့ပင်ဖြစ်ကြပါသည်။

သူတို့လေးယောက်သည် သိုင်းလောက၏ နံပါတ်တစ်နေရာကို ယှဉ်ပြိုင်ကြရန်အတွက် ယခုကဲ့သို့ နှင်းမြူတောင်ပေါ်တွင် ရောက်ရှိနေကြခြင်းပင် ဖြစ်ပါသည်။

❋ ✪ ❋

လူလေးယောက်သည် အရှေ့အနောက် တောင်မြောက် လေးနေရာခွဲခြား၍ ထိုင်နေကြသည်။

ခရမ်းရောင်ဒေဝီပေ့ယန်းက အသက်ကို ပြင်းပြင်းရှူလိုက်ပြီး အတွင်းအားများကို ခန္ဓာကိုယ်အတွင်း၌ ညီညွတ်မျှတစွာ လည်ပတ်စေလိုက်လေသည်။

အမှန်တော့ သူတို့လေးယောက်သည် မိမိတို့၏နေရာသည် ငြိမ်သက်စွာ ထိုင်လျက် အတွင်းအား မည်မျှကောင်းမွန်သည်ကို ယှဉ်ပြိုင်နေကြခြင်းပင် ဖြစ်လေတော့သည်။

❋ ✪ ❋

# အကြွေပက်စက်သူ

ဤသို့ဖြင့်…

တစ်ရက်…

နှစ်ရက်…

သုံးရက်မြောက်သောနေ့သို့ ရောက်ရှိလာသောအခါတွင်မူ ငြိမ်သက်စွာထိုင်နေသော ပေ့ယန်းမှာ တစ်စုံတစ်ရာ မှားယွင်းနေပြီဖြစ်ကြောင်း ခံစားသိရှိလိုက်ရသည်။

ထို့ကြောင့်…

ရုတ်တရက် သူမက မျက်လုံးဖွင့်၍ ကြည့်လိုက်လေသည်။

ထိုအခါတွင် ဘီလူးရဲတိုက်ပိုင်ရှင် ရန်ကျွေ့က ရွှေအားစံအိမ်သခင်ကြီး ဝူကျန်းထံသို့ လက်ဝါးတစ်ချက် တွန်းထုတ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com



ရန်ကွေ့နှင့် ဂူကျန်း၊ ရှမ်းရိစင်းတို့သည် နီးကပ်စွာ တည်း နေကြသည်။

ပေ့ယန်းမှာမူ တောင်နှင့်မြောက်ဖြစ်နေသောကြောင့် မျက်နှာ ချင်းဆိုင် တည်ရှိနေသည်။

ရွှေဓားစံအိမ်သခင်ကြီး ရွှေဓားဂူကျန်းက ရန်ကွေ့၏ ယုတ်မာ သောအကြံအစည်ကို မသိပါချေ။

ထို့ကြောင့်လည်း ရန်ကွေ့၏လက်ဝါးချက်က သူ့ဆီရောက် လာသည်နှင့်တစ်ပြိုင်နက်တည်း...

"ဝုန်း"

ဟူသောအသံတစ်ချက် ထွက်ပေါ်လာပြီး...

"အင့်"

ရွှေဓားဂူကျန်းမှာ တစ်ချက်သာညည်းညူပြီး သူ၏ခန္ဓာကိုယ် သည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ထိုအခါမှပင် ပေ့ယန်းက သတိရလာပြီး...

"ရပ်လိုက်"

ဟန့်တားလိုက်သည်။

ရန်ကွေ့က တဟားဟား ရယ်မောလိုက်သည်။



ထိုစဉ်မှာပင် သံမဏိဂဠုန်ပိုင်ရှင် ရှမ်းရိစင်းကလည်း မျက်လုံး ဖွင့်ကြည့်လိုက်သည်။

သူသည် ရန်ကွေ့၏ ကောက်ကျစ်စဉ်းလဲမှုကို တွေ့မြင်လိုက် ရသဖြင့် မကျေမနပ်ဖြင့် လှမ်းကြည့်လိုက်ပြီး...

"ခင်ဗျားက တော်တော်ယုတ်မာပါလားဗျဟင်"

ပြောလိုက်၏။

သို့သော်...

ရန်ကွေ့က ပြုံးလိုက်ပြီး...

"ဟဲ...ဟဲ...ခင်ဗျား ပြောချင်တာသာ ပြောပါဗျာ၊ ကျုပ်က စိတ်မဆိုးပါဘူး၊ ဘာဖြစ်လို့ဆိုတော့ ကင်ဗျားတို့က သေရတော့မှာမို့ပဲ ပေါ့"

ရှမ်းရိစင်းမှာ ဒေါသအမျက်ကြီးစွာ ထွက်သွားသည်။

ထို့ကြောင့် အံကို တစ်ချက်ကြိတ်လိုက်ပြီး...

"အေး...ကျုပ်ကပဲ သေသွားမလား၊ မင်းပဲ အလျင်သေ မလားဆိုတာ ကြည့်ကြသေးတာပေါ့ကွာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ရန်ကွေ့အား သူ၏ရွှေရောင် သံမဏိတုတ်တံဖြင့် တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူ၏တိုက်ခိုက်မှုမှာ လေးလံနှေးကွေးလွန်းရသည်ဟု ပေ့ယန်းက ယူဆလိုက်၏။

ထိုစဉ်မှာပင် ရန်ကွေ့က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်ပြီး

"ဩော် ... မင်းက အလျှင်သေချင်တာကိုး"

ကြိမ်းဝါးလိုက်ပြီး လက်နှစ်ဖက်ကို ရိုက်ထုတ်လိုက်သည်။

ရှမ်းရိစင်းက အသာအယာပင် ရှောင်တိမ်းပေးလိုက်လေသည်။

ရှောင်တိမ်းပေးလိုက်ရင်းမှလည်း ရုတ်တရက် သူ၏ခန္ဓာကိုယ်သည် လေးလံနေသည်ဟု ခံစားလိုက်ရလေသည်။

ထို့ကြောင့် ...

ရန်ကွေ့၏ လက်ဝါးကို လွတ်အောင် ရှောင်တိမ်းခြင်း မပြုနိုင်ခဲ့ပါချေ။

"ဝုန်း ..."

ရန်ကွေ့၏ လက်ဝါးက ရှမ်းရိစင်း၏ ယာဘက်လက်သို့ ရိုက်ချလိုက်သည်။

"အား ..."



ရှမ်းရိစင်းသည် စူးရှစွာအော်လိုက်ပြီး နောက်သို့ဆုတ်သွားရတော့သည်။

ယခုတော့မှ သူ၏လက်ထဲမှ ဝါးလုံးရှည်သည် အဝေးသို့ လွင့်စဉ်သွားပြီဖြစ်လေသည်။

ဤတွင် ရန်ကွေ့က အေးစက်စွာ ပြုံးလိုက်ပြီး ...

"ဘယ့်နှယ်လဲ ... ကျုပ်က သိုင်းလောကရဲ့ နံပါတ်တစ်နေရာကို ရတော့မယ်ဆိုတာ ခင်ဗျား ယုံကြည်လာပြီလား"

ပြောလိုက်လေသည်။

ရန်ကွေ့၏ မုန်းတီးဖွယ်ရာ အပြုအမူကိုကြည့်ပြီး ရှမ်းရိစင်းသည် ဒေါသထွက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ယင်လာသည်။

ထို့နောက် ...

မချိမဆန့်လည်း ပြောလိုက်ရှာပါသည်။

"ကျုပ်အနေနဲ့ စောစောတုန်းကသာ ကောက်ကျစ်တဲ့ မင်းရဲ့စိတ်ထားကို သတိထားခဲ့မယ်ဆိုရင် အခုလိုမျိုး နှင်းဖြူတောင်ထိပ်ပေါ်မှာ မင်းကြိုဖြန့်ထားတဲ့ အဆိပ်တွေ ဘယ်မှာမိနိုင်မှာလဲကွာ"

ထိုစဉ် ...

ရုတ်တရက် သူ၏ခန္ဓာကိုယ်သည် တုန်ခါသွားပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ့ ..."

ပါးစပ်မှ သွေးများအန်ထုတ်လိုက်သည်။

သွေးများလည်း အဆိပ်ကြောင့် ညိုမည်း၍နေသည်ကို သတိပြုမိလိုက်လေသည်။

ရှမ်းရိုစင်း၏ အဖြစ်ကိုကြည့်ပြီး ပေ့ယန်းမှာ ထိတ်လန့်သွားမိသည်။

မိမိမှာလည်း ရန်ကွေ့၏ အဆိပ်များ မိနေလေပြီလော။

သူမသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

သို့သော် ...

သူမ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် လှုပ်ရှား၍မရအောင်ပင် နာကျင်ကိုက်ခဲနေသည်ကို ခံစားလိုက်ရလေသည်။

သူမက ရန်ကွေ့အား မီးထွက်တော့မတတ် မျက်လုံးများဖြင့် ကြည့်၍ ...

"ဟင်း ... ကောက်ကျစ်တဲ့လူကြီး"

ပေ့ယန်းက ဒေါသကြီးစွာ ကြိမ်းမောင်းလိုက်ပြီး ခုန်၍ထလိုက်သည်။

သို့သော် သူမသည် ပြန်၍လဲကျသွားလေသည်။



ပေ့ယန်းက တစ်ဖန် ပြန်လည်ထလိုက်ပြန်သည်။

ရန်ကွေ့က ပြုံးလိုက်သည်။

အေးစက်စွာလည်း ပြောလိုက်၏။

"မင်းကလည်း အဆိပ်မိနေတာတောင် ကျုပ်ကို သတ်ချင်သေးတာကိုး"

ပြောလိုက်ပြီး ပေ့ယန်းထံသို့ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပြန်သည်။

"ဝုန်း ..."

ပေ့ယန်း၏ ရင်ဝတွင် လက်ဝါးတစ်ချက် ရိုက်ချမိလိုက်ပြီး သူမသည် လဲကျသွားတော့၏။

ရန်ကွေ့က ဝမ်းသာအားရ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... သိုင်းလောကရဲ့ နံပါတ်တစ်နေရာ ကို ကျုပ်ရပြီကွ"

ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

ထို့နောက်တွင်မူ နှင်းမြူတောင်တစ်ခုလုံးသည် တိတ်ဆိတ်သွားလေသည်။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ငြိမ်သက်စွာ ထိုင်နေသောကြသော လူလေးယောက်တွင် လူသုံးယောက်ယောက်က မြေပေါ်သို့ လဲလျောင်းနေကြပြီဖြစ်သည်။

ကျန်တစ်ယောက် ရန်ကျွေ့မှာမူ ဂူကျုန်း၏ အနီးသို့ ကပ်သွားသည်။

ရှမ်းရိစင်းမှာလည်း မလှုပ်မယှက် ငြိမ်သက်နေသည်။

ရန်ကျွေ့က သဘောကျစွာ ပြုံးလိုက်ပြီး ပေ့ယန်းအနီးသို့ လျှောက်သွားသည်။

စင်စစ် ...

သူက သိုင်းလောက၏ ထိပ်သီးပုဂ္ဂိုလ်ကြီးများ အမှန်တကယ် သေဆုံးခြင်း ရှိမရှိကို လေ့လာနေခြင်းဖြစ်သည်။

ရန်ကျွေ့က ပေ့ယန်းအား သေချာစွာကြည့်လိုက်ပြီး မျက်နှာကို ရှုံ့မဲ့လိုက်သည်။

တကယ်တော့ ပေ့ယန်းမှာ သေဆုံးခြင်းမရှိသေးပါ။

ထို့ကြောင့် ...

ရန်ကျွေ့သည် ရုတ်တရက် လက်တစ်ဖက်ကို မြှောက်လိုက်ပြီး လက်ဝါးဖြင့် ပေ့ယန်း၏ ရင်သို့ ရိုက်ချရန် ဟန်ပြင်လိုက်သည်။



ထိုတခဏ်အချိန်အတွင်းမှာပင် ပေ့ယန်းသည် လူးလွန့်စွာ အထိုင်လိုက်သည်။

ထို့နောက် အကာအကွယ် ကင်းလွတ်နေသော ရန်ကျွေ့၏ ရင်ဝသို့ ခရမ်းရောင် လက်သည်းသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

လုံးဝ မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသော အဖြစ်အပျက်ကြောင့် ရန်ကျွေ့က အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတော့သည်။

ထို့ကြောင့် ပေ့ယန်း၏ ခရမ်းရောင် လက်ညှိုးသည် သူ၏ ရင်ဝသို့ တည့်တည့်မတ်မတ် ထိုးမိလိုက်လေတော့သည်။

တစ်ဆက်တည်းမှာပင် ရန်ကျွေ့၏ လက်ဝါးကလည်း ပေ့ယန်း၏ ရင်ဝသို့ ရိုက်ချလိုက်မိလေသည်။

"ဝုန်း ..."

ဟူသော အသံနှင့်အတူ ပေ့ယန်းက အဝေးသို့ လွင့်စဉ်သွားတော့၏။

ရန်ကျွေ့မှာလည်း မြေပေါ်သို့ ဒူးညွှတ်ကာ လဲကျသွားလေတော့သည်။

ပေ့ယန်းက အားရပါးရ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာလည်း တစ်လုံးချင်း ပြောလိုက်ပါ၏။

"သိုင်းလောကရဲ့ နံပါတ်တစ် နေရာကို ရှင်က ရသွားတာ ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မရဲ့ ခရမ်းရောင်လက်ညှိုးက ရှင့်ရဲ့ လက်ဝါးလို မဟုတ်ပါဘူး၊ ထိမိလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဘယ်သူ ဘယ်ဝါမဆို အသက်ဆုံးရှုံးသွားရမှာပါပဲ"

သူမသည် ယင်းသို့ ပြောလိုက်၏။

ထို့နောက် ...

သတိလစ်သွားလေတော့သည်။

❋ ✪ ❋

ပေ့ယန်း ပြန်လည်သတိရလာသောအခါ ရန်ကွေ့သည် သူမ၏ အနီးတွင် လဲကျသေဆုံးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယခု ...

သိုင်းလောက၏ နံပါတ်တစ်နေရာသို့ ယှဉ်ပြိုင်ရန် ရောက်ရှိလာကြသော ဂိုဏ်းချုပ်ကြီး လေးယောက်အနက် သုံးယောက်မှာ သေဆုံးပြီးဖြစ်သည်။



ပေ့ယန်းတစ်ယောက်တည်းသာ အသက်ရှင်၍ ကျန်ရစ်နေခဲ့သည်။

သို့သော် ...

သူမသည်လည်း မကြာမီ အချိန်တွင်းမှာပင် သေဆုံးရတော့မည် ဖြစ်ပါသည်။

❋ ✪ ❋

စာကို ဖတ်နေသော ရှမ်းယီ၏အသံသည် တိတ်ဆိတ်သွားသည်။

ဝူချန်းဖုံးက အံကို တင်းတင်းကြိတ်ထားလိုက်သည်။

ရှမ်းချင်းမှာမူ မျက်ရည်များ စီးဆင်း၍ နေသည်။

ထိုအခါ ...

ရှမ်းယီကမူ မျက်ရည်များ စီးဆင်းကျနေသော ရှမ်းချင်းအား နှစ်သိမ့်လိုက်ရင်း မယုံကြည်နိုင်သော အသံဖြင့် ...

"ဒါ ... ဒါဟာ တကယ်ပဲလားဗျ"

မေးလိုက်လေသည်။

ကောင်းစုဟန်က ခေါင်းညိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါတယ်၊ ကျုပ်က နှင်းမြူတောင်ပေါ်ကို ရောက်သွားတဲ့အချိန်မှာ ဒေါ်ဒေါ်ပေ့ယန်းကလွဲလို့ ကျန်တဲ့လူ သုံးယောက်က သေဆုံးနေပါပြီ"

ဂူချန်းဖုံးက ခံပြင်းစွာ ထပြောလိုက်၏။

"ဟင်း ... ကျုပ်ရဲ့ ဖေဖေဟာ မတရားအသတ်ခံခဲ့ရတာပဲ၊ ကျုပ် လက်မခံနိုင်ဘူးဗျ"

ရှမ်းယီကလည်း နာကြည်းစွာဖြင့် ...

"ဟုတ်တယ် ... ဒီလောက် ယုတ်မာပက်စက် ကြံစည်တဲ့ ဘီလူးရဲတိုက်ကို ဖြိုခွဲပစ်ရမယ်"

ပြောလိုက်၏။

ဂူချန်းဖုံး ပြုံးလိုက်သည်။

သူက တက်ကြွစွာဖြင့် ...

"ကျုပ်ရဲ့ ရွှေဓားစံအိမ်ကလည်း ခင်ဗျားတို့ သံမဏိဂေဟာနဲ့ ပူးပေါင်းပြီး တိုက်ခိုက်မယ်ဗျ သိလား"

ပေ့အင်းက ပြုံးလိုက်ပြီး ဝင်ရောက်ပူးပေါင်းရန် ပြောဆိုလိုက်၏။

"ကျွန်မတို့ ခရမ်းရောင်ခြံဝင်းဟာ အခုအချိန်မှာ အတော်လေး လူအင်အားရှိလာပါပြီ၊ ရန်သူကို လက်တွဲပြီး တိုက်ခိုက်ပါ့မယ်လို့ ကတိပေးပါတယ်ရှင်"

ရှမ်းယီနှင့် ဂူချန်းဖုံးတို့က ခေါင်းညိတ်လိုက်လေသည်။

ရုတ်တရက် ဂူချန်းဖုံးက ...

"ကဲ ... မိတ်ဆွေကြီး ရှမ်းယီ ကျုပ်က စံအိမ်ကို ပြန်ပြီး လူစုဦးမယ်၊ လူစုပြီးတာနဲ့ တစ်ပြိုင်နက် ဘီလူးရဲတိုက်ကို သွားပြီး ဖြိုခွဲမယ်"

ရှမ်းယီက ခေါင်းညိတ်ပြလိုက်သည်။

သူ့နှုတ်မှလည်း ...

"ကောင်းတယ် ... ဒီလူယုတ်မာရဲ့ ရဲတိုက်ကို ကျုပ်တို့က အမြန်ဆုံး ဖြိုခွဲပစ်ရမယ်"

သူသည် ယင်းသို့ပြောပြီး သံမဏိဂေဟာမှ သိုင်းသမားများကို လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါတွင် သံမဏိဂေဟာမှ လူများသည် မြင်းကိုယ်စီဖြင့် နေရာခွဲ၍ မောင်းနှင်ထွက်ခွာသွားကြလေသည်။

ပေ့အင်းက ...

"သူတို့က ဘယ်ကိုသွားကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေ့လိုက်လေ၏။

ရှမ်းယီက ရှင်းပြလိုက်သည်။

"သူတို့ကို ကျုပ် တစ်ပြည်လုံးမှာရှိတဲ့ သံမဏိဂေဟာက သိုင်းသမားတွေကို အမြန်ဆုံးလာရောက်ဖို့ ဆင့်ခေါ်နိုင်းလိုက်တာ ပါ"

ပေ့အင်းက ...

"ကောင်းတယ် ... ကျွန်မကလည်း လူပြန်စုလိုက်ဦးမယ်"

ရှမ်းယီဘက်သို့လှည့်၍ ...

"ဒါနဲ့ ဘယ်နေ့ ပြန်ဆုံကြမလဲ"

ရှမ်းဖိန်က အနည်းငယ်စဉ်းစားလိုက်ပြီး အစီအစဉ် ပြောပြလိုက်သည်။

"ဆယ့်ငါးရက်နေ့ည ဘီလူးရဲတိုက်မှာ ဆုံကြမယ်"

ပေ့အင်းနှင့် ဂူချန်းဖုံးတို့က ခေါင်းညိတ်လိုက်ပြီး လမ်းခွဲကြရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ခဏလေး နေကြပါဦး"

ကောင်းစုဟန်က ဟန့်တားလိုက်ခြင်းဖြစ်ပါ၏။



ရှမ်းယီ၊ ဂူချန်းဖုံးနှင့် ပေ့အင်းတို့က နားမလည်နိုင်စွာ သူ့အား လှမ်းပြီးကြည့်မိလိုက်ကြတော့၏။

ပေ့အင်းက မေးလိုက်၏။

"ရှင်က ဘာများပြောချင်လို့လဲ"

ကောင်းစုဟန်က အင်္ကျီအိတ်ထဲမှ စာအုပ်ငယ်ကလေး သုံးအုပ် ထုတ်ယူလိုက်သည်။

ထို့နောက် ...

ရှမ်းယီ၊ ဂူချန်းဖုံးနှင့် ပေ့အင်းတို့ လက်ထဲသို့ လှမ်းပေးလိုက်သည်။

စာအုပ်ကို မြင်သောအခါ ရှမ်းယီ၏ မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။

"ဒါ ... ဒါဟာ ကျုပ်ဖေဖေရဲ့ သံမဏိသိုင်းကျမ်းပါလား"

ကောင်းစုဟန်က ခေါင်းညိတ်လိုက်ပြီး အေးဆေးစွာဖြင့်ည

"မှန်ပါတယ်၊ ဒီပစ္စည်းတွေဟာ ခင်ဗျားတို့ပိုင်တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်ပြန်ပေးတာပါ"

ရှမ်းယီက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ...

"ကျေးဇူးတင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဝူချန်းဖုံးကလည်း သူ့အား လေးစားစွာကြည့်လိုက်ပြီး ...

"ခင်ဗျားရဲ့ ကျေးဇူးကို ကျုပ် တစ်သက်လုံး မှတ်ထားပါ့မယ်"

ပြောလိုက်၏။

ပေ့အင်းကလည်း အနူးအညွတ်ဖြင့် ...

"ရှင့်ကို ကျေးဇူးတင်လို့ မဆုံးပါဘူးရှင်"

ကောင်းစုဟန်က ပြုံးလိုက်၏။

ပြီးနောက် ...

"ကဲ ... ခင်ဗျားတို့ သွားနိုင်ပါပြီဗျာ"

ထိုနောက်တွင်မူ ဝူချန်းဖုံးက လက်ဂုဏ်ယမ်းပြလိုက်ပြီး သူ၏ တပည့်များနှင့်အတူ နှင်းမြူတောင်ခြေမှ တစ်ဟုန်ထိုး ထွက်ခွာသွားကြလေတော့သည်။

ထို့နည်းတူ ...

ပေ့အင်းတို့ လူသိုက်ကလည်း ထွက်ခွာသွားလေသည်။

နောက်ဆုံးတွင် ရှမ်းယီသည် ရှမ်းချင်အား မျက်ရိပ်တစ်ချက်ပြလိုက်ပြီး မြင်းပေါ်သို့ တက်ကာ ထိုနေရာမှ မောင်းနှင်ထွက်ခွာသွားလေတော့သည်။



ရှမ်းချင်က အေးဆေးစွာဖြင့် တစ်လှမ်းချင်းလျှောက်သွားနေသည်။

ကောင်းစုဟန်က မနေနိုင်တော့ပါ။

"ညီမ ..."

ရှမ်းချင်က နားမကြားသည့်အလား ရှေ့သို့သာ ဆက်၍ လျှောက်သတားနေ၏။

ကောင်းစုဟန်က ထပ်ခေါ်လိုက်ပြန်သည်။

"ညီမ ... ရှမ်းချင်"

ရှမ်းချင်က သစ်ပင်တွင် ချည်နှောင်ထားသောမြင်းဇက်ကြိုးကို ဖြုတ်ယူလိုက်သည်။

မကြာမီ ...

ကောင်းစုဟန်က ရှမ်းချင်အနီးသို့ ခုန်ပေါက်ရောက်ရှိသွားသည်။

သူသည် ရှမ်းချင်း၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး မေးမိမေးရာ မေးလိုက်တော့၏။

"ဒီမှာ ရှမ်းချင်း ... ကျုပ်ကကော ဘယ်ကိုသွားရမှာလဲ"

ရှမ်းချင်က မဲ့ပြုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က အဆိပ်ဖြေဆေးသောက်ပြီးပြီ မဟုတ်လား"

ထိုမေးခွန်းကြောင့် ကောင်းစုဟန်က အံ့သြသွားသည်။

"ဟုတ်တယ်လေ … ညီမပဲ တိုက်ခဲ့တာမဟုတ်လား"

ရှမ်းချင်းက နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်ပြီး ပြောလိုက်၏။

"ရှင့်မှာ သွားစရာနေရာမရှိဘူး ဟုတ်လားရှင့်"

ကောင်းစုဟန်က ခေါင်းညိတ်ပြလိုက်သည်။

ရှမ်းချင်းက သူ့အား အဝေးသို့ ညွှန်ပြလိုက်ပြီးနောက် …

"ဟိုးမှာ သွားနေတဲ့ ပေ့အင်းတို့နောက်ကို လိုက်သွားပေါ့ရှင်၊ ဒါမှမဟုတ်ရင်လည်း နှင်းမြူတောင်ပေါ်မှာ သွားပြီးနေပေါ့"

ပြောလိုက်သည်။

ကောင်းစုဟန်က အံကိုတင်းတင်းကြိတ်လိုက်လေသည်။

"ကောင်းပြီလေ … ကျုပ်က ပေ့အင်းနောက်တော့ လိုက်မသွားဘူး၊ နှင်းမြူတောင်ပေါ်မှာပဲ နေတော့မယ်"

သူသည် ပြောပြီးသည်နှင့် နှင်းမြူတောင်ပေါ်သို့တက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ရှမ်းချင်းက ပြုံးလိုက်၏။

ကန့်ကလျှဖြင့် သူ့အား လှည့်ကြည့်၍လည်း …



"ဘာလဲ … ရှင်က တကယ်တက်သွားမှာလား"

"တကယ်ပေါ့ … "

ရှမ်းချင်းက သဘောကျစွာဖြင့် ခစ်ခနဲ ရယ်မောလိုက်သည်။

ကောင်းစုဟန်ကမူ လျှောက်သွားမြဲ လျှောက်သွားနေတော့၏။

ဤတွင် …

ရှမ်းချင်းက ကောင်းစုဟန်အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး …

"ခဏနေဦး"

ပြောလိုက်၏။

ကောင်းစုဟန်က …

"ညီမက ဘာပြောချင်သေးလို့လဲ"

"ရှမ်းချင်းက နှုတ်ခမ်းစူလိုက်ပြီး …

"အခုအခါမှာ ကျွန်မတစ်ယောက်တည်း ပြန်သွားလို့ ရန်သူနဲ့တွေ့ရင် ဒုက္ခရောက်သွားနိုင်တယ်၊ ရှင်က ကျွန်မကို လိုက်ပို့ပြီးမှ ဒီနှင်းမြူတောင်ပေါ်မှာ နေရမယ်"

ပြောလေသည်။

ပေ့အင်းက …

www.burmeseclassic.com

www.burmeseclassic.com



"ညီမက သမင်ဂေဟာက သခင်မလေးပဲ၊ ဘယ်သူကမှ ရန်ဝံ့မှာမဟုတ်ပါဘူး"

ရှမ်းချင်းက ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး ...

"ကျွန်မက သခင်မလေးပဲဖြစ်ဖြစ်၊ သခင်မကြီးပဲ ဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူး၊ ဒါပေမယ့် ကျွန်မသာ တစ်စုံတစ်ခုဖြစ်သွားရင်တော့ ရှင့်အပြစ်ပဲ"

သူမသည် ယင်းသို့ပြောပြီး မြင်းပေါ်သို့ တက်ကာ ထိုနေရာမှ တစ်ဟုန်ထိုး ထွက်ခွာသွားလေတော့သည်။

ထိုအခါ ...

"ဟေ့ကောင် ... ရှမ်းချင်း"

ကောင်းစုဟန်က ဟန့်တားလိုက်သည်။

ပြေးလွှားနေသော မြင်းသည် ရုတ်တရက် ရပ်တန့်သွားလေ၏။

ကောင်းစုဟန်က ...

"အစ်ကိုက ညီမနောက်ကို လိုက်ခဲ့ပါ့မယ်လေ"

ပြောလိုက်သည်။

ရှမ်းချင်းက အေးတိအေးစက်ဖြင့် ...



"ဒါဖြင့် ဘာလုပ်နေတာလဲ၊ ရှင့်ဘေးနားက သစ်ပင်မှာ မြင်းတစ်ကောင် ချည်ထားတာမတွေ့ဘူးလား"

သူမသည် ယင်းသို့ အပြစ်တင်ပြောဆိုလိုက်ပြီး ထိုနေရာမှ တစ်ဖန် ပြေးလွှားထွက်ခွာသွားပြန်လေတော့သည်။

ကောင်းစုဟန်က မနေနိုင်တော့ပါ။

သူသည် အနီးရှိ သစ်ပင်တွင် ချည်နှောင်ထားသော မြင်းကို ဖြုတ်ယူလိုက်ပြီး ရှမ်းချင်းနောက်သို့ ထက်ကြပ်မကွာလိုက်ပါသွားလေတော့သည်။

❋ ❂ ❋

www.burmeseclassic.com

www.burmeseclassic.com

# ငြိုဟ်ဆိုး

ဘီလူးရဲတိုက် ...

ဘီလူးရဲတိုက်သို့ သွားရာလမ်းအတိုင်း လူတစ်စုက တိတ်တဆိတ် ချီတက်နေကြလေသည်။

ထိုလူစုသည် ညအမှောင်ကို အကာအကွယ်ယူ၍ ချီတက်နေကြခြင်း ဖြစ်သည်။

ထို့ကြောင့် ...

သူတို့သည် ဘီလူးရဲတိုက်၏ သွားရာလမ်းဘစ်ဖက်တစ်ချက်မှ ချီတက်လာနေကြသော အခြားလူစုများအား တွေ့မြင်ခြင်း မရှိပါချေ။

သို့သော် ...

သူတို့သည် ဘီလူးရဲတိုက်သို့ ဦးတည်ချီတက်လာနေကြခြင်းသာ ဖြစ်လေသည်။



ယနေ့သည် လဆန်း ဆယ့်ငါးရက်နေ့ညဖြစ်သည်။

တကယ်တော့ တစ်ဆယ့်ငါးရက်နေ့ညသည် ဘီလူးရဲတိုက်အတွက် ကြမ္မာဆိုး ဝင်ရောက်လာမည့်ညပင် ဖြစ်နေသည်မဟုတ်ပါလား။

❋ ⭘ ❋

ည၉နာရီပြီဖြစ်သည်။

ညသည် မှောင်မည်းနေ၏။

ကောင်းကင်ပေါ်တွင် ထွန်းလင်းနေသည့် လမင်းအား တိမ်ညိုတိမ်မည်းများက ဖုံးအုပ်ထားသည်။

ထို့ကြောင့် ...

ဝန်းကျင်တစ်ခုလုံးသည် နက်ရှိုင်းစွာ မည်းမှောင်၍နေလေသည်။

ရုတ်တရက် ...

"ဖောင်း ..."

ဟူသော အသံတစ်ချက် ထွက်ပေါ်လာပြီး အချက်ပြမီးကျည်တစ်ခုသည် ကောင်းကင်ပေါ်သို့ ရောက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပေါ်တွင် မီးကျည်သည် ခပ်မြင့်မြင့်နေရာသို့ ရောက်ရှိသွားပြီးမှ ပေါက်ကွဲသွားလေသည်။

မီးကျည်ပေါက်ကွဲသွားသည်နှင့် ကောင်းကင်တစ်ခုလုံးသည် လင်းထိန်၍သွားလေတော့သည်။

“တက်ကြ … သိုင်းလောကရဲ့ လူယုတ်မာတွေကို သုတ်သင်ကြ”

ဟူသော ကြွေးကြော်သံများနှင့်အတူ ကောင်းကင်တွင် တောက်ပနေသော မီးကျည်၏ အလင်းရောင်ဖြင့် ဘီလူးရဲတိုက်သို့ တိတ်ဆိတ်စွာ ချီတက်လာနေကြသူများက တစ်ဟုန်ထိုး စီးနင်းဝင်ရောက် တိုက်ခိုက်လိုက်ကြလေတော့သည်။

ဘီလူးရဲတိုက်မှ သိုင်းသမားများက ထိတ်လန့်သွားကြသည်။

သူတို့သည် ကပျာကယာပင် ဝင်ရောက်လာကြသော ရန်သူများကို ခုခံတိုက်ခိုက်လိုက်ကြ၏။

ဘီလူးရဲတိုက်သို့ ဝင်ရောက်တိုက်ခိုက်လိုက်ကြသော လူများသည် တစ်စထက်တစ်စ များပြားလာပြီး တဖွဲဖွဲချင်း အုပ်စုများ တစ်စုပြီးတစ်စု ဝင်ရောက်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုအဖြစ်အပျက်ကို အကဲခတ်လိုက်မိသည်နှင့် ရန်ကျားထိုက်က ထိတ်လန့်သွားသည်။



သူသည် ကပျာကယာ ဘီလူးရဲတိုက်အပြင်ဘက်သို့ ပြေးထွက်လိုက်သည်။

အပြင်သို့ရောက်သောအခါ သူသည် တိုက်ခိုက်နေကြသော လူစုများကို တွေ့မိလိုက်သည်နှင့် မျက်လုံးအစုံမှာ ပြူးကျယ်သွားတော့၏။

အမှန်တော့ …

သံမဏိဂေဟာမှ ဂိုဏ်းသားများ၊ ရွှေဓားစံအိမ်မှ လက်ရွေးစင် သိုင်းသမားများနှင့် ခရမ်းရောင်ခြံဝင်းမှ မိန်းကလေးများကလည်း ပါဝင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

သူသည် ထိတ်လန့်တကြားဖြင့် …

“ဒုက္ခပါပဲ၊ ဘယ်လိုဖြစ်ကုန်ပြီလဲ”

ရန်ကျားထိုက်သည် ယင်းသို့ တစ်ချက်ရေရွတ်လိုက်ပြီး တိုက်ပွဲအခြေအနေကို သုံးသပ်လိုက်သည်။

တိုက်ပွဲအနေအထားမှာမူ ဘီလူးရဲတိုက်အတွင်းသို့ ဝင်ရောက်လာသူများမှာ အလွန်ပင် များပြားနေသောကြောင့် ရဲတိုက်အတွင်းမှ သိုင်းသမားများက နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးနေရသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့ပြင် …

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးရဲ့တိုက်မှ သိုင်းသမားများသည် တစ်ယောက်ပြီး တစ်ယောက် ကျဆုံးသွားကြသည်။

ဝင်ရောက်လာသူများကမူ တစ်ယောက်ကျဆုံးသွားလျှင် နှစ်ယောက် ဝင်ရောက်လာကြသည်။

နှစ်ယောက် ကျဆုံးသွားလျှင် သုံးယောက်ဝင်ရောက်လာကြပြန်သည်။

ထိုစဉ်မှာပင် ရန်ကျားထိုက်၏ မျက်လုံးများက ဘီလူးရဲ့တိုက်အတွင်းသို့ စီးနင်းဝင်ရောက်လာကြသူများအကြားမှ ခေါင်းဆောင်လာကြသော ရှမ်းယီနှင့် ဂူချန်ဖုံးနှင့် ပေ့အင်းတို့အား တွေ့မြင်လိုက်ရသည်။

ရန်ကျားထိုက်က ခေါင်းခါယမ်းလိုက်မိရင်းမှ ...

"အင်း ... အခြေအနေက တော်တော့်ကို ဆိုးရွားနေပါလား"

သူသည် ယင်းသို့တွေးလိုက်ပြီး မျက်မှောင်ကြုတ်သွားသည်။

အမှန်တော့ တစ်ယောက်ချင်းအနေဖြင့်မူ သူသည် ရှမ်းယီ၊ ဂူချန်းဖုံးနှင့် ပေ့အင်းတို့အား မမှုပါချေ။

သို့သော် ...

သူတို့သုံးယောက် တိုက်ခိုက်လာလျှင်သာ အနည်းငယ် စိုးရိမ်ဖွယ်ရာရှိသည်။



ရုတ်တရက် သူသည် အကြံတစ်ခုကို ရလာလေသည်။

ထို့ကြောင့် တိုက်ပွဲအတွင်းမှ ရှောင်တိမ်းသွားရန် ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ပြီးပြီးချင်း ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် ...

"ရပ်လိုက်"

ဟူသော အသံနှင့်အတူ လူသုံးယောက်က ရန်ကျားထိုက်အား တွေ့မြင်သွားပြီး ဝန်းရံထားလိုက်ကြသည်။

ရန်ကျားထိုက်က ဝန်းရံထားသော လူများထံသို့ ဘီလူးလက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

ဝန်းရံထားသော လူများက နောက်သို့ ဆုတ်ပေးလိုက်ရလေသည်။

ထိုတဒင်္ဂအချိန်တွင်းမှာပင် ရန်ကျားထိုက်က ဝန်းရံထားသော လူများ ခေါင်းပေါ်မှ ခုန်၍ထွက်လိုက်သည်။

ထို့နောက် ...

အမှောင်ထုအတွင်းသို့ ဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

❋ ◯ ❋

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

တိုက်ပွဲပြီးဆုံးသွားပြီဖြစ်ပါသည်။

ဘီလူးရဲတိုက်မှ သိုင်းသမားများသည် လက်နက်ချ အညံ့ခံလိုက်ကြရပြီဖြစ်သည်။

ထို့ကြောင့် ...

ဘီလူးရဲတိုက်အား စီးနင်းတိုက်ခိုက်လာကြသော လူအများက ဘီလူးရဲတိုက်အား မီးစတင်ရှို့လိုက်ကြလေသည်။

မီးများသည် အရှိန်ပြင်းစွာ လောင်ကျွမ်းကြလေသည်။

မီးများသည် အရှိန်ပြင်းစွာဖြင့် လောင်ကျွမ်းနေ၏။

မီးရောင်များအကြားမှ ဒေါသပြင်းထန်စွာ ထွက်နေသော ဂူချန်းဖုံး၊ ရှမ်းယီနှင့် ပေ့အင်းတို့၏ မျက်နှာကို သေချာစွာ တွေ့မြင်နိုင်လေသည်။

ပေ့အင်းက ...

"သူက လူယုတ်မာပဲ၊ ဒီတော့ သူဟာ အရှက်ထက် အသက်ကို တန်ဖိုးထားတာ ဘာများထူးဆန်းမှာလဲ"

ရှမ်းယီက မရှိပြုံး ပြုံးလိုက်သည်။

သူ၏စိုးရိမ်စိတ်ကိုလည်း ထုတ်ပြောလိုက်၏။



"အင်း ... သူက မသေသေးသရွေ့တော့ ကျုပ်တို့ကို ဒုက္ခပေးနေဦးမှာပဲ"

ဂူချန်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဒါပေမယ့် ဒီတစ်ခါတော့ ကျုပ်တို့တွေ နည်းနည်းကလေးမှ အမှားခံလို့ မဖြစ်ဘူးဗျ၊ အမြဲတမ်း သတိရှိနေရမယ်"

ပေ့အင်းကလည်း ...

"ဟုတ်တယ်"

ဟု ထောက်ခံလိုက်သည်။

ရှမ်းယီက ...

"ကဲ ... ကျုပ်တို့တစ်တွေ ကိုယ့်နေရာ ကိုယ်ပြန်ပြီး အကာအကွယ်တွေ အခိုင်အမာလုပ်ထားရင်ကောင်းမယ်၊ ဒါမှမဟုတ်ရင် ရန်ကျားထိုက်က လူစုပြီး လာတိုက်ခိုက်တာကို ခံနေရဦးမယ်"

ဂူချန်းဖုံးက ပြုံးလိုက်ပြီး ...

"ဒီတစ်ခါ သူက လာဝံ့တယ်လို့ လာရင်တော့ ကျုပ်ကလည်း တွေ့ချင်ပါသေးတယ်ဗျာ"

ပြောလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် အမြဲတမ်း သတိရှိနေတာက ပိုပြီး ကောင်းပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မေ့အင်းက သတိပေးလိုက်၏။

ရှမ်းယီက ...

"ကဲ ... ကျုပ်တို့တစ်တွေ ပြန်ကြမယ်၊ အကြောင်းကြီးငယ် ရှိတဲ့အခါမှာ လူလွှတ်ပြီး တစ်ယောက်ကိုတစ်ယောက် အကြောင်းကြားတာပေါ့ ဟုတ်လား"

သူသည် ယင်းသို့ပြောလိုက်ပြီးသည်နှင့် သူ၏လူစုများဘက်သို့ လက်ဝှေ့ယမ်းပြလိုက်သည်။

သို့ဖြင့် ...

သမဏဂေဟာမှ လူများသည် ရဲတိုက်အတွင်းမှ ပြန်လည်၍ ထွက်ခွာသွားကြလေတော့သည်။

ထို့နောက် ...

မေ့အင်းလည်း သူမ၏ မိန်းကလေး သိုင်းသမားများကို ခေါ်ဆောင်ကာ ထွက်ခွာသွားသည်။

နောက်ဆုံးတွင် ပွချန်းဖုံးက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... ရန်ကျားထိုက် မင်းက ကျုပ်လက်ထဲကို တစ်နေ့ ရောက်လာမှာပေါ့ကွာ"

ကြိမ်းဝါးလိုက်ကာ ရဲတိုက်အတွင်းမှ ပြန်လည် ထွက်ခွာသွားလေတော့သည်။



သူတို့အားလုံး၏ နောက်ဘက်တွင်မူ မီးတောက်မီးလျှံများသည် အရှိန် ပိုမိုပြင်းပြလျက် ရဲတိုက်တစ်ခုလုံးအား ဝါးမျိုလောင်ကျွမ်းနေ၏။

ဘီလူးရဲတိုက်သည် မကြာမီ ပြာပုံဘဝသို့ ရောက်ရှိသွားတော့မည် ဖြစ်သည်။

❋ ✪ ❋

ရန်ကျားထိုက်က အေးစက်စွာဖြင့် ဘီလူးရဲတိုက်အား ကြည့်နေကြ၏။

သူ၏ ဌာနချုပ်ဖြစ်သော အဆောက်အအုံများသည် မီးလောင်ကျွမ်းမှုကြောင့် ပြိုလဲပျက်စီးသွားနေကြသည်။

သူ၏ဖခင်လက်ထက်ကတည်းက နာမည်ကျော်ကြားလာခဲ့ရသော ဘီလူးရဲတိုက်သည် ယခု သူ့လက်ထက်ရောက်မှ ပျက်စီးသွားရတော့မည်လော။

ယခုအချိန်မှာတော့ ဖရိုဖရဲဖြစ်သွားမှုကို ပြန်လည်သည်းညှိမတ်ရန် ရန်ကျားထိုက်က မည်သို့မျှမတတ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘီလူးရဲတိုက်နှင့် မနီးမဝေးတောင်ကုန်းငယ်တစ်ခုမှနေ၍ မီးများ လောင်ကျွမ်းနေသော ဘီလူးရဲတိုက်အား အကဲခတ်ကြည့်နေ၏။

စင်စစ် ဘီလူးရဲတိုက်ကို လောင်ကျွမ်းနေသော မီးများ၏ အပူရှိန်သည် သူ့ရင်ထဲမှ အပူရှိန်လောက် ပြင်းပြမှု ရှိမည်မဟုတ်ဟု သူက ယူဆလိုက်သည်။

ထို့ပြင် ...

သူ၏မျက်နှာသည် မီးရောင်အောက်တွင် ဒေါသဖြင့် နီရဲနေသည်ကို တွေ့မြင်လိုက်ရသည်။

ရန်ကျားထိုက်က အံကို တင်းတင်းကြိတ်လိုက်ပြီး သူ့တစ်ကိုယ်တည်းပင် ...

"သိုင်းလောကရဲ့ နံပါတ်တစ်နေရာကို ကျုပ်ကလွဲပြီး ဘယ်သူမှ မရစေရဘူး"

ကြုံးဝါးလိုက်သည်။

တစ်ဖန် ...

ဘီလူးရဲတိုက်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ရန်ကွေ့ တည်ဆောက်ခဲ့တဲ့ ဘီလူးရဲတိုက်က ပျက်စီးသွားပေမယ့် ရန်ကျားထိုက်ရဲ့ ရဲတိုက်ကတော့ ရှိနေဦးမှာပါပဲ"



တစ်ယောက်တည်း ကျိတ်၍ ရေရွတ်လိုက်လေတော့သည်။

❋ ⚬ ❋

သို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

တစ်နှစ်ဟူသော အချိန်သည် ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သည်။

ထိုတစ်နှစ်ဟူသော အချိန်တွင်း၌ ကောင်းစုဟာန်နှင့် ရှမ်းချင်းတို့သည် ချစ်သူဘဝသို့ ရောက်ရှိခဲ့ကြသည်။

ထို့ကြောင့် ...

ရှမ်းချင်းသည် သံမဏိဂေဟာသို့ မပြန်တော့ဘဲ ကောင်းစုဟာန်နှင့်အတူ ခြေဦးတည့်ရာ လျှောက်သွားနေခဲ့ကြသည်။

ယနေ့ ...

ယနေ့တွင် ကောင်းစုဟာန်က စိတ်ကူးတစ်ခု ပေါ်ပေါက်လာခဲ့သည်။

ထိုစိတ်ကူးထဲတွင် သူ၏ မွေးရပ်မြေသို့ အလည်တစ်ခေါက်ပြန်ရောက်ချင်သော ဆန္ဒများက ဝင်ရောက်လာသောကြောင့် ရှမ်းချင်း၏ လက်ကိုဆွဲကိုင်ပြီး ...

"ရှမ်းချင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းချင်းက သူ့အားကြည့်၍ ...

"ဘာများလဲ အစ်ကို"

ကောင်းစုဟန်က ...

"အစ်ကို တစ်ခုပြောမယ်၊ နားထောင်မလား"

ရှမ်းချင်းက ...

"ဘာပြောချင်လို့လဲ ... ပြောလေ"

ဤတွင် ကောင်းစုဟန်က ပြုံးလိုက်ပြီး ...

"ဘာမှတော့ မဟုတ်ပါဘူး ညီမရယ်၊ အစ်ကိုက အစ်ကို့ရဲ့ ဇာတိမြေကို အလည်တစ်ခေါက်လောက် ပြန်သွားချင်လို့ပါ"

ထိုစကားကြားရသောအခါ ရှမ်းချင်းက ဝမ်းသာအားရဖြင့် ...

"အို ... ဒါ သိပ်ကောင်းတဲ့အကြံပဲ၊ ကျွန်မတို့ တကယ် သွားကြမှာလား"

ရှမ်းချင်း၏ တက်ကြွစွာ မေးလိုက်မှုအား ကောင်းစုဟန်က ခေါင်းညိတ်၍ အဖြေပေးလိုက်ပြီး ...

"သွားမှာပေါ့၊ အစ်ကို့ ဇာတိ မွေးရပ်မြေကို သွားရာလမ်း… ညီမတို့ သံမဏိဂေဟာဌာနချုပ် တည်နေရာနဲ့ မလှမ်းမကမ်းမှာရှိ… ခရီးလမ်းက သွားရမှာပဲ၊ ဒီတော့ ..."

ရှမ်းချင်းက ...



"ကျွန်မ သဘောပေါက်ပါပြီရှင်၊ ရှင်က ကျွန်မတို့ရဲ့ အစ်ကိုကို ဝင်တွေ့ချင်တဲ့ သဘော မဟုတ်လား"

ကောင်းစုဟန်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... သူကလည်း သူ့ညီမလေးကို တွေ့ချင်နေမှာပဲ"

ရှမ်းချင်းက ချစ်စဖွယ် ပြုံးလိုက်ပြီး ...

"အဲဒါဆို မြန်မြန်သွားကြရင် ကောင်းမယ်"

ကောင်းစုဟန်က ခေါင်းညိတ်လိုက်ပြန်သည်။

ထို့နောက် ...

သူတို့နှစ်ယောက်သည် သံမဏိဂေဟာသို့ သွားရာလမ်းအတိုင်း ပြိုင်းနှင်သွားကြလေတော့သည်။

❋ ◎ ❋

မြင်းသည် တစ်ရှိန်ထိုး ပြေးလွှားနေ၏။

မြင်းကို မောင်းနှင်လာသူကတော့ မြင်း၏အရှိန်မှာ နှေးကွေးသည်ဟုပင် ထင်မှတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မြင်းကို မောင်းနှင်နေရင်း ခါးမှဓားကို မကြာခဏ စမ်းကြည့်နေမိသည် မဟုတ်ပါလား။

ရုတ်တရက် အရှိန်ပြင်းစွာ မောင်းနှင်လာသော မြင်း၏ ခြေ လှမ်းများသည် တောအုပ်ငယ်ကလေးအနီးသို့ ရောက်ရှိလာသောအ အရှိန်နှုန်း လျော့ကျသွားသည်။

တကယ်တော့ သံမဏိဂေဟာမှ သခင်လေး ရှမ်းယီထံ လာ သော စာတွင် ရန်ကျားထိုက်အား မိထားပြီး အမြန်ဆုံးလိုက်ခဲ့ ဟု ပါရှိခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ဂူချန်းဖုံးက မနေနိုင်တော့ပါ။

ထိုသတင်းကို ကြားလျှင်ကြားခြင်း သူက မြင်းကို တစ် ထိုး မောင်းနှင်ကာ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်မှာပင် တောအုပ်ကလေး၏ နံဘေးမှ ထွက်ပေါ်လာ သော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့် လျော့ကျသွားသော မြင်း၏အရှိန်နှုန်းသည် လုံးဝ ရပ်တန့်သွားလေသည်။

ထွက်ပေါ်လာသော လူကို သေချာစွာ ကြည့်ပြီးနောက် ဂူချန်း ဖုံးက အံ့သြသင့်သွားတော့၏။

သူသည် ထိုလူအား မယုံကြည်နိုင်စွာဖြင့် ကြည့်ရင်း သူ့ နှုတ်မှ လည်း ...



"ဟင် ... ရန်ကျားထိုက်"

ခေါ်လိုက်မိတော့သည်။

ရန်ကျားထိုက်က ပြုံးလိုက်၏။

"ဩော် ... ခင်ဗျားက ကျုပ်ကို မမှတ်မိသေးဘဲကိုး"

ဂူချန်းဖုံးက ဒေါသထွက်သွားသည်။

သိချင်သော မေးခွန်းတစ်ခုကိုလည်း မေးလိုက်မိ၏။

"မင်း ရှမ်းယီလက်ထဲက ဘယ်လိုလုပ် လွတ်လာတာလဲ"

ထိုအခါ ရန်ကျားထိုက်က သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

သူသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ ...

"ရှမ်းယီက ကျုပ်ကို ဖမ်းနိုင်စွမ်း မရှိပါဘူးဗျာ၊ ခင်ဗျားရတဲ့ စာဟာ ကျုပ်က ခင်ဗျားကို လိုက်လာနိုင်အောင် အကွက်ဆင်ပြီး ရေးလိုက်တဲ့ စာပါ"

ထိုစကားကြားသောအခါ ဂူချန်းဖုံးက ဒေါသအမျက်တခြောင်း ခြောင်း ထွက်သွားသည်။

သူက ရန်ကျားထိုက်၏ မျက်နှာအား စူးစိုက်၍ ကြည့်လိုက် ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ကျုပ်ကို လွယ်လွယ်ကူကူနဲ့ အနိုင်ရနိုင်လိမ့်မယ် ထင်လို့လား"

သူ၏စကားဆုံးသွားသည်နှင့် ရန်ကျားထိုက်က ရယ်မောလိုက်ပြန်သည်။

"အေး ... ဒါကို ခင်ဗျား မကြာခင် သိရစေပါ့မယ်ဗျာ"

သူသည် ယင်းသို့ကြုံးဝါးလိုက်ပြီး ဂူချန်းဖုံးအား တစ်ဟုန်ထိုး တိုက်ခိုက်လိုက်လေတော့သည်။

ဂူချန်းဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သိုင်းကွက် ဆယ်ကွက်မျှ တိုက်ခိုက်လိုက်ပြီးသောအခါ ဂူချန်းဖုံးက စိုးရိမ်လာလေသည်။

မကြာပါချေ။

ဂူချန်းဖုံးမှာ ရန်ကျားထိုက်အား ရှုံးနိမ့်သွားလေတော့သည်။

"ဟား ... ဟား ... ဟား"

ရန်ကျားထိုက်က အားပါးတရ ရယ်မောလိုက်ပြီး ...

"ကဲ ... ခင်ဗျားက ကျုပ်နိုင်းတဲ့အတိုင်း လုပ်မယ်ဆိုရင်တော့ အသက်ချမ်းသာပေးမယ်"

ဂူချန်းဖုံးက အံတင်းတင်းကြိတ်လိုက်သည်။



"ကျုပ်ကိုသာ သတ်ချင်သတ်လိုက် ... မင်းခိုင်းတာ ဘယ်တော့မှ မလုပ်ဘူးကွ"

ရန်ကျားထိုက်က ...

"ခင်ဗျားက သေချင်နေတာကိုး၊ ကောင်းပြီလေ ... ခင်ဗျား ဆန္ဒ ပြည့်ဝစေရမယ်"

သူသည် ပြောပြီး ဂူချန်းဖုံးအား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် မြင်းခွာသံများက ဆူညံစွာ ထွက်ပေါ်လာပြီး မြင်းနှစ်ကောင်သည် လမ်းအတိုင်း အပြေးအလွှား မောင်းနှင်လာနေသည်ကို တွေ့လိုက်ရလေသည်။

မြင်းပေါ်မှ လူများကို သေချာစွာ မြင်ရသောအခါတွင်မူ ဂူချန်း ဖုံးက ဝမ်းသာသွားသည်။

စင်စစ် မြင်းပေါ်မှ စီးနင်းလိုက်ပါလာသူ နှစ်ယောက်မှာ ကောင်းစုဟန်နှင့် ရှမ်းချင်းတို့ပင် မဟုတ်ပါလော။

ရန်ကျားထိုက်ကတော့ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

သူသည် မြင်းနှစ်ကောင် ပြေးလွှားလာနေသည်ကိုသာ သိရှိထားပြီး မြင်းပေါ်မှ ပါလာသူများကို ဂရုမစိုက်ပါချေ။

သို့သော် လူများလာလျှင် ဒုက္ခတွေ့နိုင်သောကြောင့် သူသည်

www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ တောအုပ်လေးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

သူက တောအုပ်ထဲသို့ ဝင်တိုးသွားရင်းမှ ...

"ဂူချန်းဖုံး ... မင်းတစ်နေ့မှာ ကျုပ်လက်ချက်နဲ့ပဲ သေမှာပေါ့ကွာ၊ ပူမနေပါနဲ့"

ကြိမ်းမောင်းပြောဆိုသွားသော သူ၏အသံကိုသာ ခပ်တိုးတိုးကြားလိုက်ရလေတော့သည်။

❋ ◎ ❋

ဂူချန်းဖုံးက ခေါင်းငုံ့ထားလိုက်သည်။

ရှမ်းယီက မျက်မှောင်ကြုတ်လိုက်ပြီး ထပ်မေးလိုက်ပြန်၏။

"ရန်ကျားထိုက်ရဲ့ သိုင်းပညာဟာ တကယ်ပဲ ထက်မြက်နေသလား"

ဂူချန်းဖုံးက ဆက်ခနဲ ခေါင်းမော့လိုက်သည်။

"ဒီမှာ မိတ်ဆွေကြီး ... ကျုပ်ရဲ့ သိုင်းပညာဟာ မိတ်ဆွေကြီးရဲ့ သိုင်းပညာနဲ့ အဆင့်ချင်း သိပ်မကွာလှပါဘူး၊ ဒါပေမယ့် ရန်ကျားထိုက်နဲ့ကျတော့ တော်တော်ကလေးကို ကွာခြားနေတယ်ဗျ"



ဤတွင် ရှမ်းယီက မှတ်ချက်ချလိုက်မိသည်။

"ဒါဆို ဒီလူက တော်တော်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ"

သူတို့ ပြောသမျှ ငြိမ်သက်စွာ နားထောင်နေသော ရှမ်းချင်းအား ယခုမှ သတိရလာသည်။

"ဒါနဲ့ ရှင်တို့ကို သူက မမေ့နိုင်သေးဘူးဆိုရင် ပေ့အင်းကိုတော့ကော သူက မေ့နိုင်ပါ့မလားရှင်"

ထိုအခါ ရှမ်းယီ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားရလေသည်။

"ဟုတ်တယ် ... ညီမလေးပြောတာ မှန်တယ်၊ ကျုပ်တို့ ပေ့အင်းဆီကို အမြန်ဆုံး လိုက်သွားကြမှပြစ်မယ်ဗျ"

ကောင်းစုဟန်ကလည်း ခေါင်းညိတ်လိုက်သည်။

သူ့သဘောထားကိုလည်း ပြောပြလိုက်၏။

"ခုချိန်ဆိုရင် ပေ့အင်း ဒုက္ခတွေ့နေပြီထင်တယ်၊ ကျုပ်တို့ လိုက်သွားကြတာ အကောင်းဆုံးပဲဗျ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ရှမ်းချင်း၏လက်ကိုဆွဲကာ အခန်းတွင်းမှ ပြေးထွက်သွားလေသည်။

ဤတွင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းယီနှင့် ဂူချန်းဖုံးတို့ကလည်း နောက်မှ ပြေးလွှားကာ လိုက်ပါသွားကြလေတော့၏။

❋ ○ ❋

ပေ့အင်း၏ မျက်နှာသည် မည်းမှောင်နေ၏။

သူမ၏ ရှေ့တွင်မူ အဝါရောင် ဝတ်ဆင်ထားသော မိန်းကလေး နှစ်ယောက်မှာ မြေပေါ်သို့လဲကျနေသည်။

ရန်ကျားထိုက်က အေးစက်စွာပြုံးလိုက်ပြီး ပေ့အင်းထံသို့ တစ်လှမ်းချင်း လျှောက်လာနေသည်။

အေးစိမ့်အဘွားအိုက ပေ့အင်းရှေ့မှ အကာအကွယ်ပေးထားသည်။

ရန်ကျားထိုက်က ခေါင်းတစ်ချက်ယမ်းလိုက်ပြီး သူ့နှုတ်မှလည်း တစ်လုံးချင်း ပြောလိုက်၏။

"ခင်ဗျားက သူ့ကို အကာအကွယ်ပေးနေလို့ အပိုပါပဲဗျာ၊ တကယ်ဆို သူ့ကိုယ်သူတောင် ကာကွယ်နိုင်ပါ့မလားပဲဗျ"

အေးစိမ့်အဘွားအိုက ဒေါသကြီးစွာဖြင့် ...



"ဟိတ် ... မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

အော်ဟစ်လိုက်ပြီး လက်ထဲမှ တောင်ဝှေးဖြင့် ရိုက်ချလိုက်သည်။

ရန်ကျားထိုက်က မဲ့ပြုံးပြုံးလိုက်ပြီး သံယပ်တောင်ဖြင့် ခံပေးလိုက်သည်။

"ထန်း ..."

မြည်သံနှင့်အတူ သံသံချင်း ရိုက်ခတ်လိုက်မိသော အသံတစ်ချက် ထွက်ပေါ်လာပြီး အေးစိမ့်အဘွားအိုမှာ ခြေလှမ်းယိမ်းယိုင်စွာဖြင့် နောက်သို့ ဆုတ်သွားရသည်။

ရန်ကျားထိုက်က ခပ်ပြုံးပြုံးဖြင့် ...

"ဘယ့်နှယ်လဲ ကျုပ်မပြောဘူးလား၊ ခင်ဗျားတို့ အကာအကွယ်ပေးလို့ သူ့အတွက် မလုံလောက်ပါဘူးလို့"

အေးစိမ့်အဘွားအိုက ဒေါသထွက်လွန်းသဖြင့် ရှေ့သို့လှမ်းထွက်လိုက်ပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်၏။

ပေ့အင်းက ဟန့်တားလိုက်သည်။

"ရပ်လိုက်ပါ ..."

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



သူမက ရန်ကယားထိုက်အား အေးတိအေးစက် ဖြင့် ကြည့်လိုက်ပြီး ခပ်မဲ့မဲ့ပြုံး၍ ...

"ဒီမှာ ရှင့်ကို ကျွန်မက ကြောက်နေတယ်များထင်လို့လား"

ရန်ကျားထိုက်က သဘောကျစွာလိုက်သည်။

ထို့နောက် ...

သူသည် လက်ထဲမှ သံမဏိယပ်တောင်ဖြင့် ပေအင်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

ပေအင်းကလည်း ပြန်လည်တိုက်ခိုက်လေတော့သည်။

❋ ✪ ❋

ကောင်းစုဟန်၏ ခြေလှမ်းများသည် တုံ့ခနဲ ရပ်တန့်သွားတော့၏။

သူသည် မြေပေါ်၌ လဲကျနေသော အဝါရောင် ဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ယောက်အား ကြည့်လိုက်သည်။

မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိ၏။

ထို့နောက် သူ၏မျက်ဝန်းအစုံတွင် ခံပြင်းသော အရိပ်အယောင်များ ပေါ်လွင်လာလေတော့သည်။



အမှန်တော့ လဲကျသေဆုံးနေသော အဝါရောင်ဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ယောက်မှာ စင်းစင်းနှင့် စင်းလျှံတို့ပင် ဖြစ်နေကြသည် မဟုတ်ပါလား။

ထိုစဉ်မှာပင် ...

အတွင်းမှ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော အသံများကို ကြားလိုက်ရသည်။

ကောင်းစုဟန်က တုံ့ဆိုင်းမနေပါ။

ချက်ချင်းပင် သူက အတွင်းဘက်သို့ ပြေးလွှားသွားသည်။

သူရောက်လာသောအခါတွင်မူ ခရမ်းရောင် ခြံဝင်း၏ အတွင်းဘက် ခန်းမဆောင်၌ လူနှစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

မျက်စိအောက်မှ မြင်ကွင်းကို ကြည့်ပြီး ကောင်းစုဟန်က ထိတ်လန့်သွားသည်။

သူမြင်တွေ့နေရသည်မှာ ပေအင်းသည် ရန်ကျားထိုက်အား ပြန်လည်တိုက်ခိုက်ခြင်း မပြုနိုင်ဘဲ ရန်ကျားထိုက်၏ တိုက်ကွက်များကိုသာ အသေအလဲ ခုခံကာကွယ်နေရသည်ကို တွေ့မြင်လိုက်ရခြင်း ဖြစ်လေသည်။

www.burmeseclassic.com



"ဟိတ် ... ရပ်လိုက်စမ်း"

ကောင်းစုဟန်က အော်ဟစ်ဟန့်တားလိုက်လေသည်။

ရန်ကျားထိုက်သည် တိုက်ခိုက်နေရာမှ နောက်သို့ဆုတ်၍ ဟန့်တားလာသူအား သေသေချာချာ ကြည့်လိုက်သည်။

သူသည် ကောင်းစုဟန်ကို တွေ့မြင်လိုက်ရသည်နှင့် မှင်သက်မိသလို ဖြစ်သွားတော့သည်။

သူ့နှုတ်မှလည်း မယုံကြည်နိုင်စွာဖြင့် ...

"ဟင် ... မင်းကိုး၊ မင်းက မသေသေးဘူး ဟုတ်လား"

သူ့မေးခွန်းကို အရေးလုပ်၍ ဖြေမနေတော့ဘဲ ကောင်းစုဟန်ကမူ ပါးစပ်ပိတ်ထားလိုက်ပြီး ပေ့အင်းထံသို့ လျှောက်သွားသည်။

ကောင်းစုဟန်ကို မြင်သည်နှင့် ပေ့အင်းက အားတက်သွားသည်။

သူမ၏ နှုတ်မှလည်း ဝမ်းသာစွာဖြင့် ...

"အစ်ကိုက အချိန်မီ ရောက်လာခဲ့တာကိုး"

ထိုစဉ်မှာပင် အခန်းတွင်းသို့ ရှမ်းချင်း၊ ရှမ်းယီနှင့် ဂူချန်းဖုံး တို့ကလည်း ဝင်ရောက်လာလေသည်။

ထိုလူစုကို မြင်သည်နှင့် ရန်ကျားထိုက် ထိတ်လန့်သွားရသည်။



သို့သော် ...

ချက်ချင်းပင် မျက်နှာထား တင်းပစ်လိုက်ပြီး ...

"လူစုံတော့လည်း ကျုပ် လိုက်ရှာစရာ မလိုတော့ဘူးပေါ့၊ ခင်ဗျားတို့အားလုံး တစ်ခါတည်း ဝင်ခဲ့ပါ"

သူ၏ အပြောကြီးမှုကြောင့် ရှမ်းယီတို့မှာ ခံပြင်းသွားကြသည်။

ကောင်းစုဟန်က အားလုံးကို ဝေ့ကြည့်လိုက်ပြီး ...

"အားလုံး ကိုယ်စား ကျုပ်ကို သူနဲ့ရင်ဆိုင်ခွင့် ပေးစေချင်တယ်"

ရှမ်းယီတို့အားလုံး တွေဝေသွားပြီးမှ သဘောတူလိုက်ကြသည်။

ရန်ကျားထိုက် ရယ်မောလိုက်၏။

"မင်းက ကျုပ်လက်ချက် မိထားခဲ့ဖူးတယ်ဆိုတာ မေ့သွားပြီလား"

ကောင်းစုဟန် ပြုံးလိုက်သည်။

"အဲဒီအချိန်က ခင်ဗျားတို့ သုံးယောက်ပေါင်း တိုက်ခိုက်မှုကြောင့် သွေးကြောသုံးနေရာ ထိမှန်ပြီး အဆိပ်ဖြေပေးပြီးသား ဖြစ်သွားခဲ့တယ်၊ ဒီအတွက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com



ရန်ကျားထိုက်၏ မျက်နှာကြောက်မက်ဖွယ်ရာကောင်းအောင်ပင် အေးစက်တင်းမာသွားသည်။

"မင်း ဒီတစ်ခါတော့ ကံမကောင်းနိုင်ဘူးဆိုတာ မှတ်ပါ"

စကားဆုံးလျှင် တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လာလေသည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေ၏။

ကောင်းစုဟန်မှာ မပေါ့ဆဝံ့ပါချေ။

ထို့ကြောင့် သူက ပြင်းထန်စွာဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သူက ကျမ်းလေးကျမ်းမှ သိုင်းပညာအား ဆက်တိုက်ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြလျှင် ...

"ဝုန်း ..."

"အား ..."

ရန်ကျားထိုက်မှာ ကြိုးပြတ်သွားသည့် စွန်တစ်ကောင်ပမာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

❋ ○ ❋



မြူတိမ်ကင်းရှင်းနေသည့်မို့ ကောင်းကင်တစ်ခုလုံးသည် နွေးထွေးသော နေရောင်ခြည်များဖြင့် ကြည်လင်နေ၏။

ရာသီဥတုမှာလည်း သာသာယာယာ ရှိလှပေသည်။

ယခုတော့မူ သိုင်းလောက၏ အဓိကရန်သူမှာ ကျဆုံးသွားပြီ ဖြစ်သည်။

မတရား လောဘထွက်၍ မကောင်းကြံသူသည် နောက်ဆုံးတွင် ကျရှုံးသွားကြရမည်သာ ဖြစ်သည်။

အမှန်ဆိုရလျှင် ကောင်းစုဟန်သည် သိုင်းလောက၏ ဘုံထူး ပထမနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့သော် ကောင်းစုဟန်က သိုင်းလောကအား စိတ်မဝင်စားပါ။

ရိုးသားအေးချမ်းသော အညတရ တစ်ယောက်အဖြစ်နှင့်သာ နေထိုင်သွားလိုသည်။

သူ၏ဆန္ဒကို ရှမ်းချင်းကလည်း သဘောတူခဲ့သည်။

သူတို့နှစ်ယောက်သည် သိုင်းလောကအား ကျောခိုင်း၍ အေးချမ်းသာယာသော ဘဝသို့ ဦးတည်သွားကြတော့မည် ဖြစ်သည်။

မုန်တိုင်းပြီးဆုံးသွားသောအခါ ဖြစ်ပေါ်လာသည့် ငြိမ်သ

www.burmeseclassic.com



သာယာမှုမျိုးဖြင့် သိုင်းလောက တစ်ခုလုံးမှာလည်း ပြန်လည်ငြိမ်သက်သွားပြီး နောက်ထပ် မည်သူကမျှ သိုင်းလောက၏ ပထမနေရာကို စဉ်းစားကြတော့မည် မဟုတ်ပါတော့ချေ။

(၃-အုပ်တွဲ ပြီး၏)

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com